
# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး

# ဦးပဏ္ဍိတ




## ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိ ဓမ္မစာစဉ် အမှတ်(၇)


ခန္ဓာကျင့်ခန္ဓာသိတရားတော်

# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး
# ဦးပဏ္ဍိတ



ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာတရားတော်


ဝိသုဒ္ဓိဓမ္မစာစဉ်အမှတ် (၇)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊ (MP-4)များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန်နိုးဆော်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်" ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်" ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# ဝိသုဒ္ဓိမေ့ဓာစဉ်အမှတ်(၇)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | (၂၃.၁၀.၂၀၀၀) (ဈ)ရပ်ကွက်ဓမ္မာရုံ၊ မြောက်ဥက္ကလာပ ရန်ကုန်၊ တရားတော်အမှတ်(၅၁) | ၁ |
| (၂) | (၂၄.၁၀.၂၀၀၀) မယ်လမုဘုရား၊ မြောက်ဥက္ကလာပ ရန်ကုန်၊ တရားတော်အမှတ်(၅၂) | ၁၈ |
| (၃) | (၁၆.၁၂.၂၀၀၀) ရှမ်းလမ်း၊ စမ်းချောင်း ရန်ကုန်၊ တရားတော်အမှတ်(၅၃) | ၃၁ |
| (၄) | (၁၇.၁၂.၂၀၀၀) ရှမ်းလမ်း၊ စမ်းချောင်း ရန်ကုန်၊ တရားတော်အမှတ်(၅၄) | ၄၃ |
| (၅) | (၁၇.၁၂.၂၀၀၀) ဗိုလ်တထောင်ဘုရား ရန်ကုန်၊ တရားတော်အမှတ်(၅၅) | ၅၈ |
| (၆) | (၂၇.၇.၂၀၀၃) ဆူးလေဘုရား ရန်ကုန်၊ တရားတော်အမှတ်(၅၆) | ၇၀ |
| (၇) | (၂၉.၉.၂၀၀၁) ကိုးထပ်ကြီးဘုရား၊ စမ်းချောင်း ရန်ကုန်၊ တရားတော်အမှတ်(၅၇) | ၈၅ |
| (၈) | (၃၀.၉.၂၀၀၁) ဇေယျဝတီစာသင်တိုက်၊ လှိုင်မြို့နယ် ရန်ကုန်၊ တရားတော်အမှတ်(၅၈) | ၉၈ |
| (၉) | (၂၆.၇.၂၀၀၃) သာသနာ့ဗိမာန်၊ ကျောက်တန်း ရန်ကုန်၊ တရားတော်အမှတ်(၅၉) | ၁၁၀ |
| (၁၀) | (၂၅.၉.၂၀၀၄) အမှတ်(၂)စက်လက်နက်ပစ္စည်းတပ်ရင်း မင်္ဂလာဒုံ၊ တရားတော်အမှတ်(၆၀) | ၁၂၆ |

ဝိသုဒ္ဓိဆရာတော်ကြီးဦးပဏ္ဍိတ

# ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ

## ထေရုပ္ပတ္တိ

## သာသနာ မှတ်တမ်းအကျဉ်း

### ငယ်နာမည် ဦးမြမောင်

ဝိသုဒ္ဓိဆရာတော်ကြီးသည် ရောဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချိုးတိုး၊ မယ်တော် ဒေါ်အုံးမေတို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း (၁၃) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ လူဘဝနာမည်မှာ ဦးမြမောင် ဖြစ်သည်။

### ဦးမြမောင် စာမတတ်

မွေးချင်း (၆) ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်း အားလုံး သေဆုံးခဲ့သည်။ ဆရာတော်တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံမူလတန်း (၂) တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမဖတ်တတ်ချေ။ စာမတတ်ပါ။

### ရဲသားဘဝ

အသက် (၁၃) နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြ မြို့သို့ ရောက်ရှိခဲ့ပြီး ကြုံရာကျပန်း ကူလီအလုပ်ဖြင့် အသက်မွေး ခဲ့ရသည်။ (၁၈) နှစ်တွင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသင်္ဘောတွင် သင်္ဘောကြီးချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြနှင့်အိမ်ထောင်ကျ

အသက် (၂၄) နှစ်အရွယ်တွင် ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြင့်နှင့် အိမ်ထောင်ကျခဲ့သည်။ မြောင်းမြမြို့၊ မြို့င်မာလာရပ်ကွက် (၂) လမ်းတွင် နေထိုင်ခဲ့သည်။ သားသမီး (၃) ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝမကောင်းမှုများ ပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝမှ ဆေးပင်စင်နှင့် ထွက်ခဲ့သည်။ ထီပေါက်သောငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်အပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများ ကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်လုပ်ရခြင်းတို့ဖြင့် အသက်မွေးခဲ့ရသည်။ လူ့ဘဝမကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင်၏ ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင် တစ်ယောက်တည်းကို ထားပစ်ခဲ့ကာ သမီးကြီးရှိရာ ရောဝတီတိုင်း၊ လပွတ္တာမြို့သို့ သွားရောက်နေထိုင်ခဲ့သည်။

## သံဝေဂရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရားစတင်လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ်တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး တရားကက်ဆက်ခွေ ဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာခဲ့သည်။ သဲအင်းဂူဆရာတော်ကြီးတောင် ဓားပြတိုက်၊ ဆိုးသွမ်းရာကနေ တရားရအောင် လုပ်နိုင်သေးတယ်။ ငါလည်း ဓားပြတော့ မတိုက်ခဲ့ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက် (၄၅) နှစ်တွင် တောထဲထွက်၍ တရားစတင်ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂) နှစ်ကျော်ကြာ တရားကျင့်ခဲ့သည်။ အသက် (၄၇) နှစ်တွင် ကိုရင်ကြီး ဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆) နှစ်ကျော်ကြာ မြောင်းမြမြို့ ပတ်ဝန်းကျင်တောထဲတွင် တရားကျင့်ခဲ့သည်။ ဆရာတော်ကြီးမှာ သွေးသားလည်း ပြောင်းခဲ့သည်။ စိတ်လည်း ပြောင်းခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက် (၅၄) နှစ်တွင် မြောင်းမြမြို့၊ ပဇ္ဇောတာရုံပါဠိ တက္ကသိုလ်တွင် ဆရာတော်ဦးဝံသပါလ (ယခု ဩစတြေးလျနိုင်ငံ သာသနာပြု) ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်) ဖြစ်သည်။

## ပဋိပတ္တိ ပွင့်လင်းစေခြင်း

ဝိသုဒ္ဓိဆရာတော်ကြီး ပရိယတ္တိမကျွမ်းကျင်သော်လည်း ပဋိပတ္တိဖြင့် ကျင့်ကြံပွားများ အားထုတ်ခဲ့ပြီး ရရှိထားသော ခန္ဓာကျင့် ခန္ဓာသိတရား အကျင့်များဖြင့် ဝေနေယျတို့အား ဟောကြားပြသ ဆိုဆုံးမခဲ့ပါသည်။

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်းတွင် သံဃာအပါး (၈၀) ကျော်၊ သီလရှင်အပါး (၈၀) ကျော်၊ အမြဲနေယောဂီ (၂၀) ကျော်တို့အား စားသောက်ရေး၊ နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ ကျန်းမာရေး အစ တာဝန်ယူကာ မကြောင့်မကြဘဲ တရားဘာဝနာ ပွားများနိုင်ရန် ဆောင်ရွက်ပေးထားတော်မူသည်။

## သာသနာ့အဆောက်အဦများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရပ်ရပ်မှ ဒကာ၊ ဒကာမများကလည်း ဆရာတော်ကြီးအား လာရောက်ဖူးမျှော်ကြည်ညိုခဲ့ကြပြီး တရားဘာဝနာ အားထုတ်ခဲ့ကြသည်။ ဆရာတော်ကြီးမှ ဒကာ ဒကာမများ လှူဒါန်းသော ဝတ္ထုငွေကြေးများဖြင့် ကျောင်း၊ ရေတွင်း၊ ရေကန်များကို သိန်းပေါင်း (၁၀၀၀) ကျော်မျှ ဆောင်ရွက်ပေးထားတော်မူသည်။

## စေတီတော် (၁၉) ဆူ တည်ထားပေးခြင်း

အတိတ်က ပဋ္ဌာန်းဆက်များ၏ တောင်းပန်လျှောက်ထားချက်အရ စေတီတော် (၁၉) ဆူကို ဇမြောင်းမြ၊ ဝါးခယ်မမြို့နယ်များတွင် သိန်းပေါင်း (၂၀၀၀) ကျော်မျှ အကုန်ကျခံကာ တည်ထားပေးခဲ့သည်။ ၎င်းစေတီ (၁၉) ဆူအနက် မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းကျေးရွာရှိ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ် ဘုရားမှာ လွန်ခဲ့သော (၁၈) နှစ်က စတင်တည်ထားခဲ့ပြီး ပြီးစီးနေသည်မှာ (၁၆) နှစ်ကျော်ပြီ ဖြစ်သည်။ ယခုတိုင် ထီးမတင်သေးပေ။ (ဘုရားသမိုင်းအကျယ်ကို အမှတ် (၄၈) မှစ၍ နေလဂ္ဂါနယ်တွင် ဖတ်ရှုနိုင်ပါသည်။) ၎င်းဘုရားနှင့် ဆရာတော်ကြီးမှာ အတိတ်သမိုင်းကြောင်း အကျိုးဆက်ရှိခဲ့သည်။

## ခန္ဓာကျင့်၊ ခန္ဓာသိတရား

ဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့် ခန္ဓာသိတရားကို အနည်းငယ် ဖော်ပြရလျှင်–

ယယ်စဉ်တောင်ကျေးက မိဘက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာမတတ်တဲ့အတွက် ကိုယ်လုပ်နိုင်တဲ့ ဝိပဿနာ ခန္ဓာကျင့်ကို ကျင့်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထားခဲ့သော

ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာ၊ သာသနာ သုံးရပ်မှာ ပရိယတ္တိကို မကျွမ်းကျင်၍ ပဋိပတ္တိအကျင့်ကို ခန္ဓာကို ရင်းပြီး ကျင့်ပါတယ်။ စာကိုမပယ်ပါ။ ဒီလိုကျင့်နိုင်တာ ကလည်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပရိယတ္တိစာတွေရှိလို့ ကျင့်နိုင်တာပါ။ ခန္ဓာကို တကယ်ကျင့်ပြီးသိလို့ ခန္ဓာသိတရား ဟောနိုင်တာပါ။ ဦးပဥ္စင်းကို ကြည်ညိုပါလို့ မပြောလိုဘူး။ ဦးပဥ္စင်း ဟောတဲ့အသိကိုတော့ ယူထားပါ။

အသိတစ်လုံး အမြတ်ဆုံး၊ မရှိတာရှာရင်ရတယ်၊ မသိတာ အခက်ဆုံး။ ဘယ်အသိတွေလဲ ခင်ဗျားတို့တစ်တွေမှာ စက္ခုအာရုံ၊ နားသောတအာရုံဆိုတဲ့ အာရုံငါးပါးကို မနောက အမှတ်နဲ့ယူထား တယ်။ အမှတ်ဆိုတာ ပါဠိလို သညာလို့ခေါ်တယ်။ ဒီအမှတ်နဲ့ ယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေ ဖြစ်ကုန်တာပဲ။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်၊ တဏှာပြတ်မှ မာန်ပြတ်မယ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိပြတ်မှ သံသရာပြတ်မယ်၊ သံသရာလည်စေတာ သူတို့ပဲ။ တရားထိုင်ကြ၊ တရားထိုင်နေတဲ့အချိန် ကာယကံ၊ ဝစီကံ လုံနေပြီ။ မနောကိုသတိ၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေး ကပ် မှတ်ရတယ်။ ထိ၊ သိ သိလို့ မှတ်နေ။ ဆိုလည်း မနေရဘူး။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်းမမြဲဘူး၊ သိတာလည်း မမြဲဘူး၊ အဲဒါ အနတ္တ၊ မမြဲတော့ မစွဲဘူး။ မစွဲတော့ အေးတယ်။ တရားထိုင်ချိန်မှာ မဂ္ဂင်ရှစ်ပါးအကျုံးဝင်နေပြီ။ ကိုယ့်စိတ် ကိုယ်စစ် ပါ။ ဘာနဲ့စစ်မလဲ မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ။ ဒီတရားတွေဟာ ခန္ဓာကျင့်၊ ခန္ဓာအသိတရားတွေ။ ယူတတ်ရင် လိုက်နာတတ်ရင် သိပ်ထူးတာ ပေါ့။ ပစ္စည်းဥစ္စာဆိုတာ ပေးလို့ရတယ်။ အသိကိုတော့ ပေးလို့မရ ဘူး။ ယူတတ်မှ ရတယ်၊ ဒီကဉာဏ်ရထားတော့ ဉာဏ်ရတဲ့သူဆီက အသိကို မိမိနှလုံးသားမှာ အသိဝင်သွားရင် ဉာဏ်မျိုးစေ့ရတာပဲ။ အဲဒါ ပဋိဝေဓခေါ်တယ်၊ ဉာဏ်ရမှ ပေးလို့ရတာ။''

# ခန္ဓာကျင့်ခန္ဓာသိတရားတော်

## ဓမ္မစေတီ

ဆရာတော်ကြီး၏ ခန္ဓာကျင့် ခန္ဓာသိတရားတော်များ ဟောကြားခဲ့သော နေရာများမှာ–

မြောင်းမြရွှေသာလျောင်းဘုရား၊ ပုသိမ် ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်တင်စေတီ၊ ဝါးခယ်မဓမ္မာရုံ၊ မန္တလေးမဟာမြတ်မုနိ ဘုရားကြီး၊ ပဲခူး ရွှေမုဓောဘုရား၊ ပျဉ်းမနား ဈေးကုန်းစာသင်တိုက်၊ မိတ္ထီလာ ဖောင်တော်ဦးဘုရား၊ မုံရွာ ဆုတောင်းပြည့်ဘုရား၊ ပခုက္ကူ ဖောင်တော်ဦးဘုရား၊ ပြည်မြို့ ရွှေလက်လှ ဓမ္မာရုံ၊ ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ မယ်လမုဘုရား၊ ကျိုက်ဝိုင်းဘုရား၊ ကမ္ဘာအေးဘုရား၊ ကျိုက္ကဆံဘုရား (သဃ်န်းကျွန်း)၊ ဇိနတ်မာန်အောင်ဘုရား (သာကေတ)၊ ကိုးထပ်ကြီးဘုရား (စမ်းချောင်း)၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့်ဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ အောင်ဗောဓိဘုရား (တောင်ဒဂုံ)၊ မိုးကောင်းဘုရား၊ ရန်မျိုးအောင်ဘုရား (သဃ်န်းကျွန်း)၊ မဟာသကြ်န် ဘုရားကြီး (ဒလ)၊ သန်လျင်မင်းကျောင်းပထမပြန် စာသင်တိုက်၊ လှိုင်ဇေယျဝတီစာသင်တိုက်၊ ကျိုက္ကလှဲမင်းကျောင်း စာသင်တိုက် (မင်္ဂလာဒုံ)၊ အင်းစိန်ဈေးကုန်းပဋ္ဌိယတ္တိစာသင်တိုက်၊ ရွှေပြည်သာ ပဋ္ဌိယတ္တိစာသင်တိုက်၊ ဘုရားဖြူစာသင်တိုက် (ပုဇွန်တောင်)၊ ကျောက်တန်းသာသနာ့ဗိမာန်တို့တွင် တရားပွဲပေါင်း ၅၀ ကျော် မြန်မာပြည်အနှံ့ ခန္ဓာသိတရား ဟောကြားခဲ့သည်။ တရားပွဲများတွင် ဒကာ၊ ဒကာမများ လှူဒါန်းသော အလှူငွေ စုစုပေါင်း ၅၄ သိန်းကျော်ကိုလည်း သက်ဆိုင်ရာ ဂေါပကနှင့် အဖွဲ့များသို့ ဆရာတော်ကြီးမှ ပြန်လည်လှူဒါန်းခဲ့သည်။

တရားပွဲများတွင် တရားနာပရိသတ်အပေါင်းမှ ဆရာတော်ကြီး၏ ခန္ဓာသိတရားတော်များကို နှစ်သက်ကြည်ညိုကြသည်။ တရားပွဲတစ်ပွဲလျှင် ပရိသတ်ထောင်ကျော်ရှိသည်။ လှူဒါန်းကြသည်မှာ

လည်း ကြိတ်ကြိတ်တိုး လှူဒါန်းကြသည်။ 'ဝတ္ထုငွေကြေးကို ယူတာ မဟုတ်၊ စေတနာကို ယူသွားတာ။ စေတနာကလည်း မှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံပုဂ္ဂိုလ်ကလည်း မှန်ရင် ဆုမတောင်းနဲ့ ခင်ဗျားတို့ မဂ်မျိုးစေ့ရပြီ။ စေတနာ မှန်ဖို့ လိုတယ်။ ပကာသန စေတနာ၊ ဘယာစေတနာ လှူတာနဲ့ အဓိပတိ စေတနာနဲ့ လှူတာမတူဘူး။ လှူတဲ့သူအပေါ် မူတည်တယ်။ ဘုရား လှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာ မျိုးစေ့ရမယ်။ ကံလှူရင် ကံမျိုးစေ့ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။ လှူတတ်ဖို့လိုတယ်' ဟု ဟောကြားခဲ့သည်။

## ရုပ်ကလာပ်တော် ပူဇော်နိုင်ရင် ပြင်ဆင်ထားရှိခြင်း

ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်းအတွင်းတွင် အောင်သစ္စာမဟာ မဂ္ဂင်ခါတ်ပေါင်းချုပ်စေတီတော် တည်ထားခဲ့သည်။ စေတီတော်၏ အသွင်သဏ္ဌာန်မှာ အောက်ခြေတွင် ဂန္ဓာကုဋီတိုက်ဖြစ်၍ အပေါ်တွင် စေတီတည်ထားသည်။ ဂန္ဓကုဋီတိုက်၏ အလယ်တွင် မှန်လုံခန်းထားရှိပြီး မှန်လုံခန်း၏ အလယ်တွင် ဝိသုဒ္ဓိ ဆရာတော်ကြီး ရုပ်ကလာပ်တော်ထားရန် ပလ္လင်တော် ပြုလုပ်ထားသည်။ ပလ္လင်၏ ဘေးတွင်လည်း ရုပ်ကလာပ်တော်ထည့်ရန် မှန်ခေါင်းကို တွေ့ရှိရသည်။ ဆရာတော်ကြီးနှင့် နှစ်ပေါင်းနှစ်ဆယ်ကျော် လက်တွဲ သာသနာပြုခဲ့သူ ဦးအုန်းမြင့်မှ ဆရာတော်ကြီး၏ ကြိုတင်မိန့်မှာထားချက်ကို ရှင်းလင်းပြောပြသည်မှာ ဆရာတော်ကြီး ပျံလွန်တော်မူခဲ့ရင် အလောင်းကို ငှက်ပျောဖက်နှင့် ထုပ်၊ ယင်းလိပ်ပတ်၊ ကြိုးဖြင့် တင်းကြပ်စွာစည်း၊ တစ်နေပြုပြီး အလောင်းကို မှန်ခေါင်းထဲသာ ထည့်ထားလိုက်ပေတော့။ ဦးပဥ္စင်းကြီးအလောင်းက ဆက်ပြီး သာသနာပြုသွားလိမ့်မယ်ဟု ကြိုတင်မိန့်မှာခဲ့ကြောင့် ပြောပြသည်။

## ပြည်ပသာသနာပြု

ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည် ထိုင်ဝမ်သို့ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် ထိုင်ဝမ်သို့ ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် ဟောင်ကောင်သို့ တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအသင်း ပင့်လျှောက်ချက်အရ ဂျပန်နိုင်ငံသို့ တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာပြုခဲ့သည်။

## ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံးပါတယ်

ယခုအခါ ဆရာတော်မှာ သက်တော် (၇၆) နှစ်၊ ဝါတော် (၂၂) ဝါ ရပြီးဖြစ်သည်။ ရောဝတီတိုင်း၊ မြောင်းမြ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးလျှက် ဝေနေယျ သတ္တဝါတို့အား မိမိကျင့်ကြံ ရရှိထားသော ခန္ဓာကျင့် ခန္ဓာသိတရားများကို နာမ်လောကတွင် ရောက်ရှိနေကြသော ဆရာတော်ကြီး၏ ဝေနေယျ ဓါတ်၊ နတ်၊ သိုက်တို့အားလည်းကောင်း၊ လူ့ပြည်လူ့ရွာ ရောက်ရှိနေကြသော လူသားများအားလည်းကောင်း ဓမ္မတရားဖြင့် အေးချမ်းသော နိဗ္ဗာန်သို့ ရောက်ရှိအောင် နည်းပေးလမ်းပြ ဆိုဆုံးမလျှက် ရှိနေပေသည်။

⁂ ⁂ ⁂ ⁂ ⁂

ခန္ဓာကျင့်ခန္ဓာသိတရားတော်

ရောဝတီတိုင်း၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း

# ဝိသုဒ္ဓိဆရာတော်ဦးပဏ္ဍိတ

**(မြောင်းမြပါးကျောင်းဆရာတော်)**

## ဝိသုဒ္ဓိဆရာတော် တရားအနှစ်သာရများ

❖ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေးကအစ သီလရှင်၊ ယောဂီများ၊ တရားနာပရိသတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းမထားလို့ စာမတတ်တာပါ။ စာကို ပယ်တာ မဟုတ်ပါဘူး။ ကိုယ်တတ်တဲ့အသိ လုပ်ပါတယ်။ သဘောလေး ပြောပြပါမယ်။

❖ စာမတတ်တဲ့အတွက် ဝိပဿနာ ခန္ဓာအသိနဲ့ ဟောပါတယ်။

❖ စာတွေက မှန်ပါတယ်ဗျာ။ ကိုယ့်စိတ်မှန်ဘို့ လိုတယ်။

❖ ဦးပဏ္ဍိတ ဘာမှ စာမတတ်ပါဘူး။ အသိထုတ်ပြလို့တော့ မရဘူး။ သဘောလေးနဲ့သာနာ။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်း ဟောပေးမယ်။

❖ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။

❖ ဦးပဏ္ဍိတဟောသွားတဲ့အသိ မယုံနဲ့ဦး။ လေ့လာပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သုံးသပ်ပါ။ လုပ်ကြည့်ပါ။ လုပ်မှ သိမယ်၊ သိမှ ပယ်မယ်။ ပယ်မှ မဂ်ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွားလို့ စာက ရေးထားပါတယ်။

❖ အသိကို ဟောသွားတာပါ။ တစ်ဦးနဲ့တစ်ဦး အသိမတူဘူး။

လင်မယားတောင် အသိမတူဘူး။ အသိချင်းမတူတော့ စေတနာချင်း မတူဘူး။ စေတနာချင်း မတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်း မတူဘူး။

❖ တရားအသိကို ယူကြ၊ သည်းခံကြ၊ စေတနာ မပျက်ကြနဲ့ သမ္မာလေးနဲ့ နေကြ၊ ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလိုနေ။

❖ ညောင်စေ့လောက်လှူရင်လည်း ညောင်ပင်ကြီးလောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက် လှူရင်လည်း ညောင်စေ့လောက် ဖြစ်တယ်။ ပကာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိ စေတနာ တွေရှိတယ်။ လှူတတ်သူပေါ် မူတည်တယ်။

❖ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကလူကို သနားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲနဲ့။

❖ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။

❖ မစွဲနဲ့။ စွဲရင် ကံဖြစ်မယ်။ အစွဲကို သတ်။ မစွဲတော့ အေးတယ်။

❖ အပေါင်းအသင်းကောင်းလို့ တက်တတ်တယ်။ အပေါင်း အသင်း မကောင်းလို့ ပျက်တတ်တယ်။ အပေါင်းအသင်း ကြည့် ပေါင်းရတယ်။

❖ မှော်တွေရှိတဲ့ ရေကန်ထဲ ခဲတစ်လုံးပစ်ချလိုက်တော့ ရေကြည်လေးတော့ တွေ့ပါရဲ့၊ တော်ကြာ မှော်က မြန်အုပ်သွား သလိုဘဲ အခု ခင်ဗျားတို့လည်း တရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံခြောက်ပါး မှော်တွေက ပြန်အုပ်သွားတာပါဘဲ။ ခြင်းကြားနဲ့ ရေယူသလို မဖြစ်စေနဲ့။

❖ အားကိုး မမှားကြနဲ့။ ကိုယ့်ကိုယ်ကို အားကိုးကြ။ ဒါန၊ **သီလ** မကျေနပ်ကြနဲ့။ ဝိပဿနာ အားထုတ်ကြ။

❖ ရခဲတဲ့ လူ့ဘဝရလာကြပြီ။ ဘုရားသာသနာကြီးနဲ့လည်း ကြုံရပြီ၊ သူတော်ကောင်းတရားကိုလည်း နာကြားကြရပြီ၊ အဲဒီတော့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ်ကြအောင် တရားအား ထုတ်ကြ။ အမှောင်ကလာရင် အလင်းပြန်ကြ၊ မိုးရိုးဖလာ အသိတွေ နဲ့ မနေကြနဲ့။

❖ အစွဲဥပဒါန်ကို ဒါနနဲ့လည်း သတ်လို့မရဘူး။ သီလနဲ့လည်း သတ်လို့မရဘူး။ ဝိပဿနာ မဂ်ဉာဏ်နဲ့မှ သတ်လို့ရတယ်၊ အဲဒီတော့ ဝိပဿနာ အားထုတ်ကြ။ ဘယ်နေ့ သေမယ်ဆိုတာ မသိနိုင်ဘူး။ မသေခင် ဉာဏ်ရအောင် အားထုတ်ကြ။

❖ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ၊ မနောကံကစလို့ လည်တယ်၊ မနောကံသတ်ရင် ကာယကံ ဝစီကံပါလိုက်တယ်။

❖ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို သမ္မာလေးနဲ့ သုံးသွား။ သမ္မာဆိုတာ ဩော် .. အေး .. အေး၊ ဩော် .. အေး .. အေး သည်းခံထား၊ စေတနာထား၊ ဘယ်သူပျက်ပျက် မင်း စေတနာ မပျက်နဲ့၊ ဘုရားက စေတနာကို ဟောတာ၊ စိတ်ကို ဟောတာ၊ မနောစင်ကြယ်အောင်နေ။

❖ ခင်ဗျား စိတ်ကလေးက မိစ္ဆာအယူကိုပယ်။ သမ္မာအယူကို ယူထားတော့ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ် ပိပြားပြီး အဝိစိတ္တဖြစ်လာလိမ့်မယ်။

❖ ဧကော၊ ဓမ္မော ဘယ်ကလာသလဲ၊ ရုပ်ပေါ် နာမ်ပေါ်က လာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်၊ သီလမှာ ချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလနဲ့ပ ပရမတ်သီလမှာ ချုပ် တယ်၊ ပညတ်သီလဟာ အပြင်သီလ၊ အကာခေါ်တယ်၊ ကာယကံနဲ့ ဝစီကံဖြစ်တယ်။ ပရမတ်သီလဟာ အတွင်းသီလ၊ အနှစ်ခေါ်တယ်၊ မနောကံဖြစ်တယ်။

❖ ကိုယ်ပြုလုပ်လိုက်တဲ့ ကံက ဘာလဲ၊ သူ့အသက်သတ်တယ်။ သူ့ဥစ္စာခိုးတယ်။ မုသားစကားပြောတယ်။ စတာတွေက ကာယကံ၊ ဝစီကံတွေဖြစ်တယ်။ ကိုယ်မပြုလုပ်လိုက်တဲ့ကံက ဘာလဲ။ သားလေးတစ်ခုခုဖြစ်တယ်။ အမေက ပူတယ်ပဲ။ စွဲလို့ပူတာ။ မနောကံကြောင့် ဖြစ်တယ်။ ဒီအပူကို ကိုယ်ယူထားတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလနဲ့ ဖြတ်လို့မရဘူး။ ဂုဏ်တော်တွေနဲ့လည်း ဖြတ်လို့ မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာ။

❖ တရားထိုင်နေတဲ့အချိန် ကာယ၊ ဝစီ လုံနေပြီ။ မနောကို သတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်ပြီး မှတ်ရတယ်။ ထိ–သိ–သတိ။ သတိလေး ကပ်ထား။ သိ–သိ–သိလို့ မှတ်နေ၊ ဆိုလဲ မနေရဘူး။ ထိတာက ရုပ်၊ သိတာကနာမ်။ ထိတာလဲ မမြဲဘူး။ သိတာလဲ မမြဲဘူး။ အဲဒါ အနတ္တ။

❖ သညာကို ပညာဖြစ်အောင်လုပ်၊ အတ္တကို အနတ္တဖြစ်အောင်လုပ်၊ ကံကို ဉာဏ်ဖြစ်အောင်လုပ်၊ ပညတ်ကို ပရမတ်ဖြစ်အောင်လုပ်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်၊ ကံတရား၊ စျာန်တရားကို ဉာဏ်တရားဖြစ်အောင်လုပ်၊ သီလ၊ သမာဓိကနေ ပညာဖြစ်အောင်လုပ်၊ အနိစ္စ၊ ဒုက္ခကနေ အနတ္တမြင်အောင်ကြည့်။

❖ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်။ အပြင် စင်ကြယ်အောင် သမ္မာလေးနဲ့နေ။ စေတနာထား၊ အပြင်သီလမှန်မှ အတွင်းသမ္မာဓိ ငြိမ်ဝပ်ပိပြားလာလိမ့်မယ်။

❖ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့်တတ်ဖို့ လိုတယ်။

❖ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

❖ ကိုယ့်စိတ်ကို ကိုယ်စစ်၊ သူများစိတ် သွားမစစ်နဲ့၊ သူများ

အကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ။

❖ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်းမတွေးနဲ့၊ ပစ္စုပ္ပန် တည့်တည့်ကြည့်။

❖ ပယ်တာမှန်ဘို့လိုတယ်။ ကျင့်တာမှန်ဘို့လိုတယ်။ သိတာမှန်ဘို့လိုတယ်။ ပယ်ရမဲ့တရား၊ ကျင့်ရမဲ့တရား၊ သိရမဲ့တရားတွေရှိတယ်။ ပယ်ရမဲ့တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကျင့်ရမဲ့တရားက မဂ္ဂင် (၈) ပါး၊ သိရမဲ့တရားက ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ခေါ်တယ်။

❖ ကံတရားရှိတယ်၊ စျာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်၊ မြုပ်တရားရှိတယ်၊ မျောတရားရှိတယ်၊ ပေါ်တရားရှိတယ်၊ ကိုယ့်အပေါ်မူတည်တယ်။

❖ စိတ်၊ စေတသိက်၊ ရုပ်၊ အဲဒီ (၃) ချက်လွတ်ရင် နိဗ္ဗာန်ပဲပေ့ါ။

❖ သမုတိသစ္စာကနေ ဝိရတိသစ္စာ၊ ဝိရတိသစ္စာကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာကနေ အရိယာသစ္စာရအောင်လုပ်။

❖ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲဒီ (၃) ခု အဆီညှစ်ထုတ်တော့ ဇကော ဓမ္မောဖြစ်တယ်။

❖ ဇာတိ မသိတော့ ဇရာမရဏကို မကြောက်တော့ဘူး၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေရှိတယ်။ ဒါတွေက မွေးကတည်းက ဖြစ်လာတဲ့ ဇာတိ စိတ်တွေပဲ၊ ဒါတွေကို သိအောင်လုပ်ရမယ်၊ သိမှ ဇရာမရဏကြောက်မယ်။ သဘောပေါက်မယ်။ ဒီအသိရအောင် တရားထိုင်ကြ။

❖ အရိယာသစ္စာဆိုတာ အာရုံနောက် မနောမလိုက်ဘူးပေ့ါ။ အာရုံပြတ်သွားပြီ။ အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေ့ါ။

တဏှာသိပြီပေါ့။ သွေးသားလဲ ပြောင်းတယ်။ စိတ်လည်း ပြောင်းတယ်။ သွေးသားဟာ ဘာသွေးသားလည်း။ ကိလေသာ သွေးသားတွေပေါ့ကွာ။ ဒီအာရုံကိုလည်း ငါသိပြီ။ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့သာ နာကြပေတော့။

❖ အာရုံတွေကို သညာနဲ့ ယူထားတဲ့အတွက် အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါကို ဒိဋ္ဌိလို့ ခေါ်တယ်။

❖ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေကြတယ်။

❖ ရုပ်နာမ်မသိတော့ အာရုံမထိန်းနိုင်ဘူး။

❖ အာရုံနဲ့ သညာပေါင်းတော့ သခါရဖြစ်သွားတယ်။ စွဲလန်းရင် ဥပဒါန်ဖြစ်တယ်။ ဥပဒါန်ဖြစ်ရင် ကံဖြစ်တယ်။ ကံကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် သံသရာလည်တယ်။

❖ အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန် လွတ်တာ အသွဝက္ခယဉာဏ်ဘဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။

❖ စေတသိက်သတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ မထိချင်တော့ဘူး။ အာရုံငါးပါး ပယ်ပြီ။

❖ အပြင်အာရုံနဲ့ အတွင်းအာရုံ (မနော) ပေါင်းလိုက်တော့ တဏှာဖြစ်သွားတယ်။ ဝတ္ထုကာမနဲ့ ငါ့မှာရှိတာက ကိလေသာကာမ၊ ယှဉ်တွဲလုံးသုံးဆောင်မိပါက၊ အများကြိုက်၏၊ ကိုယ်လည်း ကြိုက်၏။ အရိယာ မကြိုက်ဘူး။

❖ အပြင်သီလ (ကာယကံ၊ ဝစီကံ)၊ အာရုံကို ဉာဏ်နဲ့ ချုပ်ထားလိုက်တော့။ အတွင်းသီလ (မနောကံ) က ဝပ်နေပြီ။ အပြင်သီလ (ကာယကံ၊ ဝစီကံ) လှုပ်စရာ မရှိတော့ဘူး။ အတွင်းဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။

❖ နေတတ်ဘို့လိုတယ်၊ သေတတ်ဘို့လိုတယ်။

## ခန္ဓာကျင့်ခန္ဓာသိတရားတော်

❖ ရုပ်ကအကျိုး၊ ရုပ်အကျိုးတရားမှာ အကြောင်းတရား နာမ်က ခံစားရတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးပေါ်မှာ အကြောင်းဖြစ်တယ်။

❖ သံသရာ ဘယ်ကစသလဲ၊ ခန္ဓာကစတယ်။ သံသရာ ဘယ်က ပြတ်သလဲ၊ ခန္ဓာကပြတ်တယ်။ သံသရာ ပြတ်အောင် မဂ္ဂင် (၈) ပါးနဲ့ သွားကြရမယ်။

❖ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင် ကြိုးစား၊ ကြိုးစားရင် ရမှာဘဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်က နှစ်တောင်ကျင့်၊ ကိုယ့် လုပ်ကိုယ်ရမယ်။

❖ သညာနဲ့မယူနဲ့၊ ပညာနဲ့ယူ၊ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တ နဲ့ နှလုံးသွင်း။

❖ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါစေနဲ့။

❖ မဂ္ဂင် (၈) ပါးနဲ့သွား၊ လမ်းဆုံးတော့ ရှာတွေ့လိမ့်မယ်။

❖ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

❖ ရုပ်နာမ်မသိတာက အဝိဇ္ဇာ၊ ရုပ်နာမ်သိတာက ဝိဇ္ဇာ။

❖ အသိတလုံး အမြတ်ဆုံး။ မရှိတာရှာလို့ ရတယ်။ မသိတာ အခက်ဆုံးဘဲ။

❖ ရုပ်ကအနတ္တ၊ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။

❖ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။

❖ ခန္ဓာက တကယ်သိလို့ လာဟောတာ။

❖ ပညတ်သီလ၊ ပရမတ်သီလ နှစ်ခုချုပ်မှ ရုပ်နာမ်ချုပ်မယ်။ အဲဒီကျမှ စိတ်ကလေးဟာ စင်ကြယ်ပြီး လွတ်မြောက်သွားပြီ။

❖ ဟိုဘက်ကမ်းက အင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ် ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်းပြန်လာရသေးတယ်။

❖ ခန္ဓာကိုယ်ကျင့်ပြီးသိလို့၊ ခန္ဓာသိတရားလာဟောတာ။

ဝိသုဒ္ဓိဆရာတော်ကြီးဦးပဏ္ဍိတ

# စီစဉ်ပူဇော်သူ၏ မိတ်ဆက်

ဝိသုဒ္ဓိဆရာတော်ဘုရားကြီး မိန့်ခဲ့သလို 'ဘုန်းကြီးကို အထင်လည်းမကြီးနဲ့၊ အထင်လည်းမသေးနဲ့ အလယ်က တည့်တည့် သွား' ဟုမိန့်ခဲ့သလို၊ ဆရာတော်ကြီး စာပေကျမ်းဂန်မတတ်ခြင်း၊ လူ့ဘဝဆိုးသွမ်းမိုက်မဲခဲ့ခြင်း၊ ဆင်းရဲခဲ့ခြင်းအကြောင်းတရားများ သည်၊ ဝိသုဒ္ဓိဆရာတော်ကြီးအား၊ အမြင်အမျိုးမျိုး မြင်ခဲ့ကြသည်။

ဆရာတော်ကြီး မိန့်သလို 'ဘုန်းကြီးကို မယုံကြည်ရင် နေပါ။ ဘုန်းကြီးဟောတဲ့ တရားအသိတွေကို လေ့လာပါ၊ စုံစမ်းပါ၊ သုံးသပ်ပါ၊ ဆုံးဖြတ်ပါ၊ မှန်ရင် ဒီအသိယူထားလိုက်ပါ။ ဦးပဏ္ဍိတ အရင်ကအသိနဲ့ အခုအသိ မတူတော့ဘူး၊ အသိပြောင်းသွားပြီ၊ ကိလေသာ သွေးသားကနေ ဓမ္မသွေးသားပြောင်းသွားပြီ၊ ယခင် တုန်းကတော့ ခိုးချင်၊ ဝှက်ချင်၊ လိမ်ချင်တယ်၊ ခုတော့ ဒီစိတ်တွေ မရှိတော့ဘူး၊ အသိပြောင်းသွားပြီ၊ အစွဲပြတ်သွားပြီ။ အင်မတန် အေးတဲ့ တရားပဲ၊ ကိုယ်တိုင်ခံစားရတယ်၊ ဒါကြောင့် ဒီအသိတွေကို ကိုယ်သိသလို သိနိုင်၊ မြင်နိုင်၊ ကျင့်နိုင်ကြပါစေဆိုတဲ့ စေတနာနဲ့ ဒီအသိတရားတွေ ဟောပေးတာပါ' ဟု ဆိုခဲ့သည်။

ဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့်၊ ခန္ဓာသိ ဓမ္မသစ္စာတရားတော်များကို ဓမ္မဒိဋ္ဌန်ကျကျ၊ အလယ်တည့်တည့်က လေ့လာသုံးသပ် ဓမ္မမှတ်ကျောက်တင် ဆုံးဖြတ်၍ တရားအသိ ယူနိုင်၊ ကျင့်နိုင်၊ သိနိုင်ရန်အတွက်၊ ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော ခန္ဓာကျင့်၊ ခန္ဓာသိ ဓမ္မသစ္စာတရားတော် များကို ကက်ဆက်ခွေမှ ကူးယူ၍ ဝိသုဒ္ဓိဓမ္မစာစဉ်အမှတ် (၇) အဖြစ် စီစဉ်ပူဇော်အပ်ပါသည်။

**စီစဉ်ပူဇော်သူ**
**ဗိုလ်မှူးသန်းမြင့်အောင်**
**၁၅-၁၂-၂၀၀၅**

၂၃-၁၀-၂၀၀၀ ရက်နေ့တွင်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်၌

# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ

## ဟောကြားခဲ့သော တရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ စကားပြောတဲ့အခါမှာ စာတတ်လို့ရှိရင် ပြောလို့ကောင်းတာပေ့ါဗျာ။ စာဘာမှ မတတ်ဘူး။ ငယ်စဉ်တောင်ကျေးက အမိအဖက မသင်ခဲ့လို့ မတတ်တာပါ။ စာကို ပယ်တာမဟုတ်ဘူး။ ကိုယ်မတတ်တာပြောတာ။ ကိုယ်ဒီစာတွေ ဝိနည်း၊ သုတ္တန် ဒါတွေကို ကြားတော့ ကြားဖူးတယ်။ မဖတ်တတ်ဘူး။ စာကို ပယ်တာမဟုတ်ဘူး။ ဈာန်တရားတဲ့၊ ဉာဏ်တရားတဲ့ ဒီလိုရေးထားပါတယ်။ လူကြီးတွေ ပြောပြလို့ ဦးဇင်းဒါလေးတွေ သဘောလောက်ပြောပြပါမယ်။

အဲဒီတော့ ဒီကံတရားဟာ ဘုရားဟောသွားတာ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဒါဘာကိုဟောသလဲ ဆိုရင်တော့ အကျိုးနဲ့အကြောင်း။ ကိလေသာနဲ့ တဏှာ၊ ကိလေသာဟာ ရုပ်တရားကိုခေါ်တယ်၊ တဏှာဟာ နာမ်တရားကိုခေါ်တယ်။ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးတို့ ဒါဝိပဿနာရဲ့ သွားမဲ့လမ်း၊ အခု ပယ်အပ်မဲ့တရား၊ ပယ်အပ်မဲ့တရား၊ ကျင့်အပ်မဲ့တရား၊ သိအပ်မဲ့တရားရှိတယ်။ ဘာတွေ ပယ်မလည်း ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌါသဝ၊ အဝိဇ္ဇာသဝ ပယ်မယ်။ အတ္တဆိုတာ အာရုံ (၆) ပါးမှာ၊ ဒါလောကီအာရုံလို့ခေါ်တယ်၊ အနုသယခေါ်တယ်၊ အာရုံနဲ့မနော၊ စက္ခုနဲ့မနော၊ နားသောတနဲ့မနော၊ နှံသာနဲ့မနော၊ ဇိဝါနဲ့မနော၊ ကိုယ်နဲ့မနော ဒါ့အပြင် အာရုံနဲ့အတွင်း၊ အာရုံနဲ့ပေါင်းရင် အတ္တ၊ အာရုံငါးပါးကို

ယူထားတာ၊ အဲဒါ အတ္တလို့ခေါ်တယ်။ အတ္တဆိုတာ အာရုံ (၆) ပါး မလွတ်ဘူး။ အဲဒီအာရုံ (၆) ပါးမှာ အယူမှားထားတယ်။ အမှတ်မှား ထားတယ်၊ အစွဲမှားထားတယ်၊ အဲဒါ ဒိဋ္ဌိ၊ အာရုံကို ယူထားတယ်၊ ဒါဒိဋ္ဌိ၊ ကံတွေခေါ်တယ်။ အာရုံကို မလွတ်ဘူး။ အာရုံလွတ်တာက အာသသိကဉ္စာယညာဏ်ရမှလွတ်မယ်။ အဲဒီအာရုံကို အတ္တလို့ခေါ်တယ်။ လောကီ အာရုံ (၆) ပါးပေါ်မှာ ယူထားတဲ့ အယူက မှားနေတယ်။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ငါလို့ ယူထား တယ်၊ မှတ်ထားတာက သညာ၊ စွဲတာက ဥပါဒါန်၊ တဏှာ၊ အာရုံ (၆) ပါးမှာ ယူထားတဲ့ တဏှာကို သဘောလေး ပြောပြမယ်။

ဈေးသွားဝယ်တယ်ပေါ့ဗျာ။ ဈေးသွားဝယ်တဲ့အခါမှာ ရောင်းသူကနေပြီးတော့ အပုပ်တွေ ကြက်သွန်ပုပ်တွေပေးရင် အဲဒီ အာရုံမှာ ကြည့်လိုက်ရင် စိတ်ထဲမှာ မကောင်းဘူး။ ဥပါဒါန် ဖြစ်နေပြီ၊ ဒါတဏှာခေါ်တယ်။ ဒါ ငြုတ်သီးတို့၊ ကြက်သွန်တို့ ပိုပေးလိုက်တဲ့ အခါမှာ ဝယ်သူက သာယာတယ်၊ အဲဒါ တဏှာခေါ်တယ်။ အာရုံ (၆) ပါး မလွတ်ဘူး။ အဲဒါ အတ္တလို့ခေါ်တယ်။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ အဲဒါ သံသရာလည်တဲ့ (၃၁) ဘုံ မလွတ်တဲ့စိတ်ခေါ်တယ်။ ကံ ခေါ်တယ်။ အင်မတန်မှ ကြောက် မက်ဖွယ်ကောင်းပါတယ်။ အဲဒီဟာကို ဘာကြောင့် မသိသလဲ၊ ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါးကို မသိဘူး။ ရုပ်နာမ်ကို သိချင်လို့ ခန္ဓာ (၅) ပါးနဲ့ရင်းရှာရတယ်။ တဏှာဆိုတာ ကိုယ့်ကို လဘ္ဘက်ရည် လေးတိုက်လိုက်တယ်၊ အင်မတန်မှ စိတ်ချမ်းသာတယ်၊ အာရုံ (၆) ပါးပေါ်မှာ မလွတ်ဘူး၊ သာယာတယ်၊ တဏှာ၊ သူ့ကို နင်ဘဲ ဆေပြောတော့ ဟော စိတ်ဆင်းရဲတယ်၊ မာန်ဖြစ်သွားတယ်၊ ဘယ်ကလည်း မနော။

ဝိသုဒ္ဓိဆိုတာက သီလအမျိုးအစားရှိတယ်။ ဒါက သိ၊ ပယ်၊ ဆိုက်၊ ပွား၊ သိရင် ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်မယ်၊ ဖိုလ်

ဆိုက်မယ်၊ သိ၊ ပယ်၊ ဆိုက်၊ ပွား ဒါတွေဟာ ကံတရားတွေ သံသရာ ဘယ်ကစသလဲ၊ ခန္ဓာကစတယ်၊ သံသရာ ဘယ်ကစလို့ လည်သလဲ၊ ခန္ဓာကစလို့ လည်တယ်။ သံသရာဘယ်ကစလို့ ပြတ်သလဲ၊ ခန္ဓာကစလို့ ပြတ်တယ်၊ ဒါ ကံအကြောင်းပြောတာ၊ ကံကို ပြတ်အောင်လုပ်ချင်တော့ ဘာအခြေခံလဲ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်၊ သိက္ခာသုံးပါး၊ အဲဒီသိက္ခာသုံးပါးကို ကိုယ်က သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စ၊ သစ္စာပေမဲ့ မတူဘူး။ တစ်ခုနဲ့တစ်ခု မတူဘူး။ တူရင် တစ်ခုတည်းရေးထားမယ်။ မတူလို့ ခွဲခြားပြီးတော့ ပြောပြတာ။ သမုတိသစ္စာ၊ အခုနေထိုင်တဲ့အခါမှာ ခင်ဗျား ဘယ်လိုအသိနဲ့ နေရမလည်း။ အခုနေတာ အာရုံ (၆) ပါးပေါ်မှာ နေပြီး၊ ကံတော့ ကံပဲ ဘယ်လိုအသိနဲ့ နေရမလဲ။ သမ္မာအသိနဲ့ နေရမယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ၊ ဒါက သီလမဂ္ဂင်ခေါ်တယ်၊ ဒါအလုပ်စရဏခေါ်တယ်။ ဝိဇ္ဇာစရဏသမ္မာတော၊ ကံတော့ကံပဲ သမ္မာဖြစ်နေတယ်။ အာရုံနဲ့ မနှောမပေါင်းနိုင်အောင် ကိုယ့်စိတ်ကိုယ်စစ်တယ်၊ ပေါင်းရင် မိစ္ဆာအယူတွေဖြစ်တယ်။ မိစ္ဆာဒိဋ္ဌိဖြစ်သွားလိမ့်မယ်။

သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ ဆိုတဲ့ အလုပ်လုပ်တယ်။ အဲဒါ အလုပ်လုပ်တာကို ပါဠိလို စရဏလို့ခေါ်တယ်။ ဒီအလုပ်လုပ်တဲ့အခါမှာ ဘယ်ဒုစရိုက်ကိုသတ်လဲ။ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဝန်တိုမိစ္ဆာရယ်၊ ကုက္ကုစ္စစိတ်ရယ်၊ ဒေါသစိတ်ရယ်၊ လောဘစိတ်ရယ်၊ တဏှာစိတ်ရယ်၊ မာနစိတ်ရယ်၊ ဒိဋ္ဌိစိတ်ရယ်၊ ဒိဋ္ဌိစိတ်ကို သတ်ပစ်တာ၊ အာရုံနဲ့ပေါင်းရင် တဏှာလည်းဖြတ်တတ်တယ်။ အာရုံဆိုတာ ကြက်သွန်ဝယ်တော့ ပိုပိုသာသာတွေ ထည့်ပေးတော့ ဝယ်တဲ့သူက စိတ်ကို ချမ်းသာနေတာ။ အဲဒါတဏှာခေါ်တယ်။ စွဲလန်းတာ ဥပါဒန်။ ကံခေါ်တယ်။ အနုသယ ဒါ (၃၁)

ဘုံ လည်တဲ့ ကံတွေ၊ ဒီကံကိုပြတ်အောင် ကျင့်ရမယ်၊ ကြံရမယ်၊ အားထုတ်ရမယ်၊ ပယ်အပ်တဲ့တရား၊ သိအပ်မဲ့တရား၊ ကျင့်အပ်မဲ့ တရား တွေရှိတယ်။ သိတော့ သဘောပေါက်လာတယ်၊ ဒါတွေ ကျင့်ကြပါ။

ခင်ဗျားတို့လည်း မမြဲဘူး။ ဦးပဏ္ဍိတလည်း မမြဲဘူး။ အခု နေထိုင်တာ အတ္တ၊ အာရုံ (၆) ပါး မလွတ်ဘူး။ မလွတ်တော့ ဘာဖြစ်မလဲ။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ကံဖြစ်မယ်။ စွဲရင် ဉပါဒါန် ခေါ်တယ်။ စာလိုဆိုရင် အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဉပါဒါန်၊ ဉပါဒါန်ကြောင့် ကံ၊ ကံက ခေါ် သမုတ်ပေးလိုက်တာ။ စိတ်ပိုင်းက သွားစွဲတာ။ စွဲရင် ကံပဲတဲ့ ဘယ်ကံလဲတဲ့ မနောကံတဲ့၊ ဘယ်ဟာကို သွားစွဲသလဲ အာရုံ၊ လောကီအာရုံ (၆) ပါးမှာ မင်း ဘာဖြစ်ဖြစ် စွဲမှာပဲတဲ့။ မကောင်းတာလည်း စွဲမယ်။ ကောင်းတာလည်း စွဲမယ်။ မကောင်းတာစွဲရင် မိစ္ဆာဒိဋ္ဌိ၊ ကောင်းတာစွဲရင် သမ္မာဒိဋ္ဌိ၊ ဒိဋ္ဌိ ပါနေတယ်။ အဲဒီအစွဲက တဏှာ။

ခုနက ကြက်သွန်လေး ဝယ်တယ်၊ ငြုတ်သီးလေး ဝယ်တယ်၊ ငှက်ခြောက်လေးဝယ်တယ်၊ ဈေးသည်က ပိုပြီးပေး လိုက်တယ်။ စိတ်ကိုချမ်းသာနေတာ၊ အဲဒါ သာယာတာ တဏှာ ခေါ်တယ်။ အဲဒါ (၃၁) ဘုံ လည်တဲ့ ကံခေါ်တယ်နော်။ ဒါကြောင့် မလို့ ကံပြတ်တရားရှိတယ်၊ ဈာန်တရားရှိတယ်။ ဉာဏ်တရား ရှိတယ်။ ခန္ဓာမှာ ရှိတာ၊ အာရုံမလွတ်ရင် ခံရတတ်တယ်၊ ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါး၊ ဘာဖြစ်လို့ ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါးလည်း၊ ဒီရုပ်နာမ် (၂) ပါးကိုကျင့် ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ၊ ကိလေသာနဲ့ တဏှာ၊ ကိလေသာဟာ ရုပ်၊ တဏှာဟာ နာမ်တရား၊ သဘောလေးပဲ အဲဒါတွေကို ကိုယ့်ဟာကို လက်ပိုက်ပြီးတော့ တာယကံ (၃) ပါး၊ ဝဇီကံ (၄) ပါး၊ မနောကံ (၃) ပါး၊ ဒုစရိုက်

(၁၀) ပါးဟာ ဒါသူကျင့်နေပြီ စိတ်စေတသိတ်ဆိုတဲ့ မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ်၊ စားစိတ်၊ သိစိတ် ဒီစိတ်တွေက လောကီစိတ်တွေ ပယ်ပြီး မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး၊ မနံ့ချင်ဘူး၊ မစားချင်ဘူး၊ မထိချင်ဘူး ဒီစိတ်တွေကိုလည်း ပယ်လိုက်ပြီ။ အဲဒီလောကီအာရုံကို အယူမှား၊ အမှတ်မှား၊ အစွဲမှားတယ်၊ အပြင်အာရုံနဲ့ အတွင်းအာရုံပေါင်းလိုက်တဲ့အတွက် စေတသိတ် ခေါ်တယ်။ အတွင်းက လက်ခံထားတယ်။ အဲဒီကောင်လည်း သတ်ပစ်တယ်။ အဲဒီတော့ မတွေးနိုင်တော့ဘူး၊ မမြင်တော့ဘူး၊ မသိတော့ဘူး၊ မကြားတော့ဘူး စိတ်နဲ့စေတသိတ်ကို သတ်ပစ်တယ်။ ဒါလောကီနယ်ထဲမှာရှိတယ်။

ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်လို့ သတိပဋ္ဌာန်လေးပါးဟောထားတယ်။ အဲဒီတော့ ဘယ်သတိပဋ္ဌာန်ကစလည်း၊ ကာယသတိပဋ္ဌာန်ကစတယ်။ ကာယသတိပဋ္ဌာန်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံလည်း မနောကံ၊ အညာဖြတ်ရင် အသီးတွေ အကုန်ပြုတ်ကျတယ်။ အညာကိုဖြတ်မယ်၊ မဂ်နဲ့ဖြတ်မယ်။ မနောမဂ်နဲ့ဖြတ်မယ်။ စိတ်စေတသိတ်တွေလည်း သူ့မှာတဖြည်းဖြည်းခေါင်းပါးသွားပြီး သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ အဓိသီလ၊ အဓိစိတ္တဟော ဖြစ်လာပြီ။ စိတ်ကလေးငြိမ်ဝပ်လာပြီ၊ စိတ်ကလေးငြိမ်ဝပ်လာရင် ပညာပိုင်းကို ကူးတယ် သညာကို ပယ်မယ်။ ပညာကိုယူမယ်၊ အတ္တကိုပယ်မယ်၊ အနတ္တကိုယူမယ်။ ကိုယ်လုပ်နေတာ အတ္တတွေ၊ တရားလည်းမကျင့်တော့ဘူး၊ အာရုံ (၆) ပါးနဲ့ပျော်မြူးနေတာ၊ တရားကျင့်တော့ အတ္တပယ်တယ်၊ အနတ္တ ယူမယ်။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ်တွေ မမြဲဘူး။

ကာယသတိပဋ္ဌာန်မှာ မနောက ဝင်လေထွက်လေ ဝိဉာဉ်ကို သတိထားတယ်။ ဩော် ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ် တွေ မမြဲပါလား၊ ဒလစင်၊ ဒလစပ် လှုပ်ရှားနေပါလား။ သဘာဝ

သဘောတရားဓါတ်တွေပါလား၊ သညာက ပညာကို ကူးသွားပြီး၊ အတ္တက အနတ္တကို ကူးသွားပြီ ပညတ်ကနေ ပရမတ်ကို သိလာပြီ ပရမတ်ကို သိလာတော့ စိတ်ကနေ ဓါတ်ကူးလာတယ်၊ အဲဒါကို ပရမတ် ခေါ်တယ်။ ရှာတတ်ဖို့ လိုတယ်၊ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ ခုတော့ စားကြတာပဲဗျာ၊ ကိုယ့်အိမ်မှာ ပိုက်ဆံချမ်းသာတာကိုးဗျ၊ စားချင်တာစား၊ အိပ်ချင်တာအိပ်၊ ကိလေသာမှာ တဏှာတွေရှိတယ်၊ ရုပ်မှာ တဏှာတွေရှိတယ်၊ အာရုံမလွတ်ရင် တဏှာကြီးဘဲ တဏှာကြောင့် ဥပါဒါန်ကံတွေ ဖြစ်တာပဲဗျို့။ ဒေါသဖြစ်လိုက်၊ လောဘဖြစ်လိုက်၊ မောဟဖြစ်လိုက်၊ ဘယ်ကာလည်း မနေ၊ အာရုံကြောင့် မနေ၊ အဲဒီတော့ ဒါတွေဟာ သီလတွေပျက်တယ်၊ အတွင်းသီလတွေပျက်တယ်၊ အပြင်မှာ မစင်ကြယ်တော့ ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး၊ ကံဖြစ်တယ်။

ကံဆိုတာ ဥပါဒါန် ကံခေါ်တယ်၊ အစွဲ၊ အတ္တ ကံခေါ်တယ်၊ အတ္တဆိုတာ အာရုံ (၆) ပါး ပေါ်မှာ ယူထားတဲ့ အယူက မှားနေတယ်။ အမှတ်ကလည်း မှားနေတယ်။ အစွဲကလည်း မှားနေတယ်။ အဲဒါသာတွက်ကြည့် အတ္တကိုပယ်တာ ကံကိုပယ်တာ၊ ဒီကံကို ပယ်နိုင်အောင် အပြင်သီလ၊ အတွင်းသမာဓိ ဒါကို မှန်အောင်နေ၊ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သွားတတ်ဖို့လိုတယ်နော် ဒါတွေကို အပြောနဲ့အလုပ် တော်တော်လေး အရေးကြီးတယ်ဗျ။ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝ အဲဒါ စာတွေမှန်တယ်၊ စာကမှန်၏။ ဉာဏ်မမီ၊ ထိအောင်သူမသိ၊ စာတွေ၊ ငါတွေ့အတွေ့ နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်၊ သူက ခံစားရတာကိုးဗျ။ တရားအရသာ ခံစားရတယ်၊ ခံစားရတဲ့လူနဲ့ မခံစားရတဲ့ လူ အဲဒါတော့ တွက်သာကြည့်ပေတော့ဗျို့။ မင်တို့၊ ဖိုလ်တို့၊ ဈာန်တို့ဆိုတာ တကယ်ရှိတာ၊ ကိုယ်က ဒါတွေက ကိုယ်ကြိုးစားရင် လူမျိုး

မရွေး၊ ဘာသာမရွေး ကိုယ်လုပ်ကိုယ်ရမှာပဲ ဘယ်သူဘယ်ဝါလုပ်လုပ် ကိုယ်ကြိုးစားနိုင်ရင် ရမယ်။

ခင်ဗျားတို့ ရေးထားတာပဲ။ ဘုရားသခင်ကိုယ်တော် မြတ်ကြီး မင်းသားဘဝ မယားတွေဘာတွေပစ်၊ သားတွေ သမီးတွေပစ်၊ နန်းတော်တွေပစ်ပြီးတော့ အနော်မာသောင်ကို သွားပြီးတော့ ကျင့်တာပဲဗျ။ အိုး၊ တလုံး၊ ဖျာ တခြမ်း သစ်ပင် အောက်မှာ သွားကျင့်တာပဲ။ အဲဒီလို ကျင့်မှ သိမယ်၊ သိမှ ပယ်မယ်၊ ပယ်မှ မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ် အပြောသမားနဲ့ အလုပ်သမား အလုပ်သမားက ခံစားရတယ်။ တကယ်မှန်ရင် တကယ်ခံစားရတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်အစ်မကြီးလို၊ ဆရာတော်၊ သမားတော်တွေပါလား၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အင်မတန်လေးစားပါတယ်။ စာမတတ်တော့ စကား မပြောတတ်ဘူး။ စာသာတတ်လို့ရှိရင် ပါဠိတွေသိရင် အနက်ပြန် ပေးမယ်၊ အဲဒီအနက်ရဲ့သဘောသဘာဝ သဘောသိရမယ်။ ပါဠိ၊ အနက်အဓိပ္ပါယ်ရှိတယ်၊ အဲဒီတော့ စာမတတ်တော့ သဘော လေးလောက်ပဲ ပြောမယ်။

ဒကာကြီးတွေ၊ ဒကာမကြီးတွေ ဒီရုပ်က အိုလာမယ်၊ နာလာမယ်၊ သေလာမယ် စိတ်ကမအိုဘူး။ စိတ်ကိုပြောသွားတာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ၊ အပြင်မှာစင်ကြယ်ရင် ဘာတွေ စင်ကြယ် ရမလဲ၊ ခင်ဗျားရဲ့စေတနာတွေ ယုတ်အလတ်မရွေးနဲ့ ရပ်ကွက် လူကြီးမင်းများ နိုင်းရင်လုပ်ပေး၊ စေတနာနဲ့လုပ်၊ စေတနာနဲ့ လုပ်ရင် ခင်ဗျားမှာ အကျိုးရှိတယ်၊ ဒီစေတနာက ခင်ဗျားရဲ့နှလုံးသားထဲက မနောစေတနာဟာ နိဗ္ဗာန်သွားလိမ့်မယ်၊ ခင်ဗျားစေတနာ မမှန်ဘူး၊ ပကာသနနဲ့ ကြောက်လို့လုပ်ရတယ်၊ စေတနာတော့ မပါဘူး၊ စေတနာမပါရင် သီလပျက်တယ်၊ အတွင်းသီလ ပျက်တယ်၊ ဒီအတွင်း သီလရမှသာလျှင် ခင်ဗျားမှာ ထူးမယ်။ သီလ ဘယ်နှမျိုးရှိသလဲ၊

ရဟန္တာရဲ့သီလ၊ အနာဂါမ်ရဲ့သီလ၊ သဒ္ဒါဂါမ်ရဲ့သီလ၊ သောတာပန်ရဲ့ သီလ၊ ပုထုဇဥ်ရဲ့ သီလ၊ သီလအမျိုးအစားရှိတယ်။

ရဟန္တာသီလက ဘာလည်း၊ အာရုံကို ဉာဏ်ရသွားတဲ့ အတွက်ကြောင့် အာသဝက္ခယာဉာဏ်လို့ခေါ်တယ်၊ ဂမ္ဘီရဉာဏ် ရသွားတဲ့အတွက် အာသဝက္ခယာဉာဏ်လို့ခေါ်တယ်၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဉဒပါဒိ၊ အာလောကော ဉဒပါဒိ၊ ဉာဏဉဒပါဒိ အဲဒီအာရုံ (၆) ပါးမှာ သိသွားပြီနော်။ အာရုံ (၆) ပါးကို မသိတာ အဝိဇ္ဇာ၊ အာရုံ (၆) ပါးကို သိတာ ဝိဇ္ဇာဉာဏ်လို့ခေါ်တယ်နော်။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ခင်ဗျားတို့ အာရုံ (၆) ပါးလွတ် ပြီလား မလွတ်သေးဘူး။ အဲဒီရုပ်နာမ်ကိုသိမှ သဘောပေါက်မယ်။ ရုပ်နာမ်မသိရင် အဝိဇ္ဇာ၊ ရုပ်နာမ်ကိုသိရင် ဝိဇ္ဇာဉာဏ်၊ အဲဒါကို ကြိုးစား၊ ကိုယ်ဟာကိုသိရမယ်၊ သူများသွားမမေးနဲ့။

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါးကို အဆီ ညှစ်ထုတ်ရင် ဘာကျမလည်း ကောဓမ္မောကျမယ်။ နှလုံးသားမှာ ရေခဲတုံးကြီး ထည့်ထားတယ်။ အပူမဟုတ်ဘူး။ အာရုံနောက် ငါမစွဲ ပါလား။ အာရုံနဲ့ နားသောတမှာ ငါဆဲနေတာ ငါမစွဲပါလား၊ စက္ခုမှာ ငါမစွဲပါလား၊ မနောဘဝင်က အာရုံကို မလိုက်ဘူး။ အဲဒါ အေးတာ ပေါ့ဗျာ။ အခုအေးရင် နောက်အနာဂတ်လည်း အေးမှာပဲ။ အခု ပူရင် အနာဂတ်လည်း ပူမှာပဲ။ စိတ်ပျောသွားတာနော်၊ အခုကတော့ တဏှာနဲ့နေတော့ ကိုယ့်စိတ်မသိတော့၊ ကိုယ့်စိတ်က သာယာတယ်၊ သာယာတော့ ပေါ့ဆဆလုပ်လိုက်တယ်။ တဏှာမှမသိတာ။ ဘုရား ကျိန်းတာ တဏှာကိုကျိန်းတာ။

တဏှာဆိုတာ ဘာလဲ။ ခင်ဗျား ရုပ်ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါး ရုပ်အကျိုးတရားဟာ ဖောက်ပြန်တယ်။ အကြောင်းတရားကို သတ်လိုက်၊ အကျိုးတရားက ဘာလဲ ကိလေ သာ၊ အကြောင်းတရားက ဘာလည်း သညာ၊ သင်္ခါရ၊ ဉပါဒါန်

ဝေဒနာနိရောဓါ၊ တဏှာနိရောဓါ၊ အတွင်းတဏှာကို သတ်လိုက်၊ အတွင်းတဏှာကို ဝေဒနာနဲ့ ရှင်းလိုက်။ သိမှုလေး ဝေဒနာမှာ (အောင်မလေး)[၃] ဆိုပြီးတော့ ခံစားတယ်။ ငါထမင်းဆာတယ်ကွာ ဆိုပြီးတော့ တရားထိုင်ဖြုတ်လိုက်တာ။ အဲဒါ တဏှာပဲ ဝေဒနာမှာ တဏှာပါနေတယ်။ စိတ်ချမ်းသာတယ်။ တရားထိုင်ပြီးပြီ ငါတော့ တရားဆုံးပြီ တဏှာမသေဘူး။ တဏှာလည်းမသိဘူး။ အဲဒီဝေဒနာမှာ တဏှာပါတယ်။ အတွင်းတဏှာ အမြစ်ကိုနှုတ်ပစ်မှ အပြင်တဏှာ ရုပ်သွားလိမ့်မယ်။ အပြင်တဏှာ ကိုယ်သိလိမ့်မယ်။ ဒီရုပ်ကြီးဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်။ ရုပ်မှာတဏှာတွေကြီးပဲ။ ကိလေသာလို့ပြောထားတယ်။ ကိလေသာကြွေးတွေ တင်နေတယ်။ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေ တစ်သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်နေတယ်လို့ စာရေးထားတယ်၊ စာက မှန်နေပြီး အလုပ်မှန်ဘို့လိုတယ်။ အလုပ်မမှန်ကြဘူး။ အာရုံပေါ်မှာ မျောနေကြတယ်၊ အာရုံပေါ်မှာ မြှုပ်နေကြတယ်၊ ပေါ်ကို မပေါ်တော့ဘူးနော်။ ပေါ်အောင် မလုပ်ကြဘူး။ မသိသူကျော်သွား သိတဲ့သူက ဖော်စားတဲ့ ပစ္စုပ္ပန် ဒီဘဝမှာ ဖော်စားတာ။

ဒီကံတွေဟာ ကမ္မဝဋ္ဋ ဘဝဝဋ္ဋ ဝိပါကဝဋ္ဋ ဒါတွေ စာတွေ ကမ္မဝဋ္ဋဆိုတာ ဘာလဲ၊ ငါ့ရဲ့ဘဝ အနန္တရကာ ကံက မပြတ်လို့ ဒီဘဝမှာ လာဆက်ရပါတယ်ဗျာ။ ဒါသိရမယ်။ သိမှ ပယ်မှာကိုးဗျ။ ပယ်မှ မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ အဲဒီတော့ ဒီအစွဲ ဥပါဒါန်ဟာ တယ်ကြောက်ဖို့ ကောင်းတယ်၊ အစွဲ၊ ကိုယ့်စိတ်ကလေးက အာသံ ပေါ်မှာ သွားပြီးတော့ သာယာတယ်၊ အမြင်ပေါ်မှာ သာယာတယ်၊ အနံ့ပေါ်မှာ သာယာတယ်၊ အစားပေါ်မှာ သာယာတယ်၊ အထိပေါ်မှာ သာယာတယ်၊ မသာယာပြန်တော့လည်း အမြင်မှာ မြင်လိုက်တဲ့ အခါမှာ အယူမှား၊ အမှတ်မှား ဒေါသဖြစ်ပြန်၊ ဒါလည်းအစွဲပဲ၊ ဒါသွားစွဲတာ၊ မကောင်းတာလည်း စွဲတယ်၊ ကောင်းတာလည်း

စွဲတယ်၊ ဒါကြောင့်မို့လို့ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိပါနေတယ်၊ အဲဒီဒိဋ္ဌိကို သတ်ပစ်မှ ခင်ဗျားအေးမှာ အဲဒီဒိဋ္ဌိက (၃၁) ဘုံ ကျင်လည် ကျက်စားပြီးတော့ သညာသိခါရ ဥပါဒါန် ဖြစ်နေတယ်။ ဒိဋ္ဌိသတ်တော့ တဏှာကိုသိတာပေါ့ဗျာ၊ အပြင်အာရုံ (၅) ပါးကို မယူတော့ဘူး၊ ဝိပဿနာတရားကျင့်တယ် ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ်မမြဲဘူး။ ဒါအနတ္တ၊ အဲဒီတော့မှ အနတ္တ၊ ပရမတ်ကိုဆိုက်တော့မှ ပညတ်ကို သိတာ။

ခင်ဗျားတို့လာပြီးတော့ ဒါနစစ် ဒါနမှန် ၊ သီလစစ် သီလမှန်၊ ဘာဝနာစစ် ဘာဝနာမှန်၊ ရဟန်းစစ် ရဟန်းမှန်၊ လူစစ် လူမှန် လာပေးတာ၊ ရဟန်းထဲမှာလည်း အစစ်၊ အတုတစ်ထောင်၊ အယောင်ဆောင်တစ်သိန်း၊ အပလီ အနန္တလို့ ရေးထားတယ်၊ သဘောကိုပြောတာ၊ ဘယ်သူတွေမှ မပြောဘူး၊ ဒါအားလုံးရှိကြတယ်၊ ကိုယ့်စိတ်သာကိုယ်စစ်၊ ကိုယ့်စိတ် ဘာနဲ့စစ်မလဲ မဂ္ဂင်နဲ့စစ်။ မဂ္ဂင်နဲ့စစ်မှ ဒုစရိုက် (၁၀) ပါး ငြိမ်းပြီ၊ အဲဒီတော့ အပြင်မှာ စင်ကြယ်တယ်။ ကိုယ့်ထက်ကြီးတဲ့ သူကို ရိုသေတယ်၊ ကိုယ်နဲ့ တန်းတူကို ကြင်နာတယ်။ ကိုယ့်အောက်ကလူကို သနားတယ်။ ကိုယ်ကျင့်တရားထားတယ်။ ဗြဟ္မစိုရ်တရားထားတယ်။ သံဝေဂ တရားထားတယ်၊ ကိုယ့်ကိုကိုယ် မာန်တွေ ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန် မဖြစ်တော့ဘူး။ အပြင်မှာ စင်ကြယ်အောင်နေ သမ္မာလေးနဲ့နေ။ မိစ္ဆာနဲ့ မဟုတ်တော့ဘူး။ သူက အလုပ်လုပ်ထားတာ သမ္မာကိုးဗျ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဒါသီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ရောက်သွားပြီ၊ ဒိဋ္ဌိကိုသိသွားပြီ၊ သမ္မာသင်္ကပ္ပကသိတာ၊ အဲဒီလို ကျင့်မှ သင်္ကပ္ပရောက်တော့ အေးတာ၊ သမ္မာသင်္ကပ္ပက ဒိဋ္ဌိသိပြီ၊ အဲဒါ တစ်သံသရာလုံး ဒိဋ္ဌိက သူမွေတာ၊ အဲဒါ အနုသယ ခေါ်တယ်၊ ကံခေါ်တယ်၊ အာရုံနဲ့မနေ၊ အာရုံတော့ ပယ်ပြီ။

ရုပ်ကဖောက်ပြန်တယ်၊ နာမ်က ခံစားတယ်၊ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးနဲ့အကြောင်း ဖြစ်လိုက်၊ ပျက်လိုက် မမြဲပါလား။ သဘာဝ သဘောတရားတွေပဲ ဒါတွေဟာ ငြိမ်ပြီးတော့ ခါတ်တွေဖြစ်ကုန်တယ်။ အဲဒါ ပရမတ်၊ ခါတ်တွေဖြစ်ကုန်တယ်ဗျို့။ ဝေဒနာမဟုတ်တော့ဘူး။ ဝေဒနာက မကောင်းတာလည်း ခန္ဓာမှာရှိတယ်။ ကောင်းတာလည်း ခန္ဓာမှာရှိတယ်။ အဲဒီခန္ဓာက လွတ်အောင်သာ ရှန်းပြီးပြိုပေါ့ဗျာ၊ အခုရုပ်နာမ် မလွတ်တာ ခင်ဗျားတို့ ကြည့်စမ်း၊ ရုပ်မှာလည်း တဏှာရှိတယ်၊ နာမ်မှာလည်း တဏှာရှိတယ်၊ ကြည့်စမ်း ရုပ် အကျိုးတရားလည်း မသိဘူး၊ အကြောင်းတရားလည်းမသိဘူး အကျိုးတရားမသိလို့ အကြောင်းတရား မပြတ်တာ၊ အဲဒါသံသရာလည်တာ၊ ကံခေါ်တယ်၊ ခင်ဗျားကို အပါယ်ကျတယ် မပြောဘူး၊ နတ်ပြည်ရောက်လည်း မပြောဘူးနော်၊ အာရုံ (၆) ပါးဆိုတာ အတ္တခေါ်တယ်။ ''အ''ဆိုတာ အာရုံ (၆) ပါးခေါ်တယ်။ အဲဒီအာရုံ (၆) ပါးမှာ သွားယူထားတဲ့ အယူက မှားနေတယ်။ လောကီအာရုံတွေသိမှု နာမ်လေးက ဟာ ချမ်းသာနေတာပဲ စီးကရက်သောက်လိုက်၊ လက်ရည်သောက်လိုက် ဟာ တဏှာတွေချည်းပဲ။

ကျင့်တဲ့လူကတွေ့လား သမ္မာဝါစာ၊ သမ္မာကမ္မတ တခါတည်း သုချပြီဗျို့၊ အာရုံနဲ့လည်းမပေါင်းဘူး၊ ဒုစရိုက် (၁၀) ပါး မိစ္ဆာ အယူလည်း ပယ်ပြီ၊ မိစ္ဆာအယူ၊ ပါနာတိပါတာ၊ အဒိန္နဒါနာ၊ ကာမေသုမိစ္ဆာစာရာ ဒါတွေပယ်ကုန်ပြီ၊ သမ္မာကိုယူတယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မတ အဲဒီသီလဟာ နိဗ္ဗာန်သွားမယ့်သီလ အဲဒီဟာ အစစ်အမှန်ပဲ။ လမ်းတိုကိုသွား၊ အဲဒီသမ္မာကနေပြီးသွားတော့ အပြင်မှာ စင်ကြယ်တယ်၊ အတွင်းမှာ စင်ကြယ်တယ်၊ အဓိသီလ၊ အဓိစိတ္တ အဓိပညာ အဲဒါ နိဗ္ဗာန်သွားမယ့် သီလခေါ်တယ်။ လမ်းတို ခန္ဓာမှာ ဉာဏ်ဆိုက်၊ ခန္ဓာမှာ ကံမဆိုက်နဲ့၊ ကံဆိုက်ရင် တဏှာ၊ ဝေဒနာ

နိရောဓါ တဏှာနိရောဓေါ၊ အသေသာချုလိုက်၊ ခင်ဗျားတို့ ကျင့်ရမယ်၊ ကြံရမယ်၊ အားထုတ်ရမယ်၊ အဲဒီတော့ ဒီလူ့ဘဝက ပြန်ကြမှာပဲ၊ ဟောဒီရုပ်က အိုမယ်၊ နာမယ်၊ သေမယ် တဏှာမာန၊ ဒိဋ္ဌိရင်ဝမှာ လုံ့စိုက်နေတယ်၊ ကိလေသာက ငုပ်နေတာ၊ ကိလေသာအကြောင်းပေါ်တော့ ဒုတ်ဆွဲ၊ ဓါးဆွဲ ဖြစ်တယ်၊ အဲဒါ အကြောင်းပေါ်တာ မင်းမအေ သေပြီဟေ့ဆိုရင် ဥပါဒါန်အစွဲက တစ်ခါတည်း မနေနိုင်၊ မထိုင်နိုင် ဖြစ်တယ်။ မိန်းမ နောက်လင်ယူရင် အဲဒါ အစွဲပဲနော် မနေနိုင်တော့ဘူး၊ အဲဒါ ဥပါဒါန်တွေ၊ (၃၁) ဘုံသွားလိမ့်မယ်။ အဲဒါ မြုပ်တရားပဲ၊ ကောင်းတဲ့ ဥပါဒါန်က (၃၁) ဘုံ ဗြဟ္မာတောင် မလွတ်ဘူး၊ နတ်တောင်မလွတ်ဘူး၊ ရုပ်ပြွမ်း (၈) ပါးလည်း မလွတ်တော့ဘူး၊ အပယ်လေးဘုံလည်း မလွတ်ဘူး၊ ဒီဝိပဿနာဟာ နိဗ္ဗာန်သွားတယ်၊ ကိုယ့်ဟာကို သိရမယ်။

ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီမနောကံဟာဆိုတဲ့ ကံတရားက ခြေလက်ရှိတဲ့လူကိုနိုင်းပြီး၊ ဘယ်သူက နိုင်းလည်း သညာက နိုင်းနေတာ။ သညာနိုင်းလို့ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်သွားက လုပ်နေတော့တယ်ဗျို့၊ အာရုံ (၆) ပါးမှာနော် အတ္တနယ်ထဲနှာ အနတ္တနယ်မဟုတ်ဘူး … ပြောတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ယူထားတာက အတ္တ၊ ဟာ ဘယ်လို လုပ်မလည်း … ဒါကြောင့်မို့ အေးကွာ ကောင်းပါတယ်ကွာ၊ ကောင်းပါတယ်၊ သူဌေးရယ် ကောင်းပါတယ်၊ ဆင်းရဲသားရယ် ကောင်းပါတယ်၊ အေးကွာ ကောင်းပါတယ် ဒါပဲ ပြောတတ်တယ် ထုတ်လည်းမပြတတ်ဘူး၊ အေးကွာ ကောင်းပါတယ်၊ သာသနာ (၂၅၀၀) မှာ ဟုတ်ပါတယ်ကွာ၊ ဗွီဒီယို လိုချင်တာတို့ ကက်ဆက်တွေ လိုချင်တာတို့၊ ထမီဝတ်တာတောင် အမျိုးမျိုး ဝတ်တယ်ဗျ၊ ပုဆိုး အမျိုးမျိုးဝတ်တယ် … ဒကာ၊ ဒကာမလေးတွေ စိတ်ကို အလို မလိုက်ပါနဲ့ဗျာ၊ ဒီဘဝဟာ အိုရမယ်၊ နာရမယ်၊ သေရမယ် နှလုံး

သွင်းပြီးတော့ သြော် ဒို့အဖေ၊ အမေတွေရဲ့ စကားနားထောင်မယ်၊ ဒို့အဖေတွေ၊ မအေတွေ မကြိုက်တာမလုပ်ဘူး၊ ဒို့ဒီဟာတွေ မဝတ်ဘူး၊ ဒါတွေမလုပ်ဘူး၊ ဒို့ကုပ်ကုပ်ကလေးနေမယ်၊ ဒို့ နတ်ပြည်တို့၊ ဗြဟ္မာဘုံတို့ရောက်အောင် လုပ်မယ်၊ ဒို့ဟာ လူ့ဘုံမှာ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာကဝဋ်တွေပါလား၊ ဒီကံတွေကို ဒို့ဖြတ်မယ်၊ ဒို့ ဝိပဿနာကျင့်မယ်၊ ကြံမယ်၊ အားထုတ်မယ်၊ နှလုံးသွင်းမယ်၊ ဒါတွေ အင်မတန်မှ ထူးပါတယ်။

ဦးပဏ္ဍိတ ခင်ဗျားတို့ဆီကိုလာပြီးတော့ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီလို သဘောထား ပြောတာပါ။ ခင်ဗျားတို့ ကုပ်ကုပ်ကလေးနေကြ၊ ဒီကပ်တွေဟာ ဆိုက်လိမ့်မယ်၊ ကပ်ကြီး (၃) ပါး၊ ရန်သူမျိုး (၅) ပါး ရှိတယ်။ အဲဒီတော့ ယက်သဲ့ကြား ငါးတင် တင်တဲ့ ငါးကြောင်စား ကျန်တဲ့ငါး ဘုရားကယ်လိမ့်မယ်။ ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါး ရှိတယ်၊ မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး၊ မစားချင်ဘူး၊ မထိချင်ဘူး၊ အာရုံ (၅) ပါးကို ပယ်တာ၊ အဲဒီတော့ မနုဿတ ဘာဝေါ ဒုလ္လဘော လူ့ဘဝကို ခဲယဉ်းစွာ ရအပ်ပေ၏။ ဗုဒ္ဓဘာဝေါ ဘုရားဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏။ ဘုရားဆုပန်သူများ တတောင်ကျင့်ရင် ကိုယ်က နှစ်တောင်ကျင့် ခင်ဗျားဘုရားဆုပန်ထားတာပဲဗျ။ တရားတွေကျင့်ရမယ်၊ အစစ်အမှန်တွေ ရှိပါတယ်။ အဲဒီ တရားစစ်၊ တရားမှန်တွေက ပရိဝေဒက ဖေါ်ကုတ်တာ၊ ပရိပတ္တိက ကျင့်တာ၊ ပရိယတ္တိက လျှောက်ဆဲ၊ အဲဒါပေါ့ဗျာ ပရိယတ္တိ၊ ပရိပတ္တိ၊ ပရိဝေဒ သာသနာသုံးရပ်မှာ ပရိဝေဒ ကဖေါ်ပေးတာ၊ ကံ ကံလမ်းကြောင်းတွေကို ထိုးပြတာ ဉာဏ်လေးနဲ့ ထိုးပြတာ။

ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ အာသဝေါ ဥဒပါဒိ၊ ဉာဏ်ဏ ဥဒပါဒိ အဲဒီတော့ သီလကလည်း အစစ်၊ ဒါနကလည်း

အစစ်၊ ရဟန်းကလည်း အစစ်၊ လူကလည်း အစစ်၊ အဲဒီလူတွေ သွားကြမှာ၊ မင်္ဂမျိုးစေ့တွေ လာချပေးတာ၊ နေပူထဲမှာ ခင်ဗျား အရိပ်မထွက်ဘူးလား၊ အရိပ်က ကိုယ့်နောက်အမြဲပါတယ်၊ မင်္ဂမျိုးစေ့ ပါသွားပြီး၊ နင့်အစား ငါကျင့်ထားတာ အဲဒီ မင်္ဂမျိုးစေ့ကိုလည်း လာပြီးတော့ ပေးတာ၊ နင်က ဒါနဝတ္ထု ကာမလေးနဲ့ ငါ့ကိုပေးတယ်၊ နင်ပေးတဲ့ဝတ္ထုကာမကို ငါက ပိန္နဲကုန်းဘုရား တည်ပေးတယ်၊ ဘုရားတွေလျှောက်တည်တယ်၊ သိုက်ဘုရားတွေ ရှိတယ်၊ ဓါတ်ဘုရားတွေရှိတယ်၊ ဓါတ်ကအောင်လို့ သိုက်တို့ နတ်တို့က သူတို့ (၃၁) ဘုံ လွတ်ချင်တယ်၊ ငါ့ကို အားကိုးလို့ ငါလုပ်တယ်၊ နင်တို့ဝတ္ထုတွေကို ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒေသစေတီ၊ ဓမ္မက လုပ်ပေးတာ၊ ခင်ဗျားတို့မှာ ရုပ်ရှိတယ်၊ နာမ် မသေဘူး၊ ဟိုက ရုပ်မရှိဘူး နာမ်ရှိတယ်၊ အဲဒီကောင်တွေ မိစ္ဆာ အယူတွေ ယူထားတဲ့ကောင်တွေ၊ ဒီကောင်တွေ သောင်းကျန်းနေတာ၊ ခင်ဗျားတို့ ဘာသိလဲ။

ခင်ဗျားတို့ မြေဘုတ်ဘီလူးတို့၊ တောင်ပိုင်းတို့၊ ကွင်းပိုင်တို့၊ တစ္ဆေတို့၊ သရဲတို့၊ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓပပ စာထဲမှာ ရေးထားတယ်၊ ဟုတ်သလားတဲ့၊ ဟုတ်တယ်၊ ဟုတ်ရင် အဲဒါ နင်မြင်သလားတဲ၊ မမြင်ဘူးတဲ့၊ ငါလည်း ထုတ်မပြတတ်တော့ဘူးကွ၊ အဲဒီကောင်တွေက အယူမှားတယ်၊အမှတ်မှားတယ်၊အစွဲမှားတယ်၊ အဲဒီနာမ်ကောင်တွေဟာ သူချွတ်မယ့်သူ ကယ်မဲ့သူ မရှိဘူး၊ ဘယ်ရဟန်းမှလည်း မချွတ်ဘူး၊ စာမတတ်တဲ့ရဟန်းကချွတ်သွားပြီ လမ်းပေါ်က ကျောက်ခဲလည်း ကောက်တယ်၊ မြောင်းထဲက ကျောက်ခဲလည်း ကောက်တယ် ... စာသာမတတ်တယ်၊ သူလုပ်သွားတယ်။

ခင်ဗျားတို့ ရန်ကုန်မြို့ကြီးမှာ မနက်ဖန် တစ်နေ့တော့ ရှိသေးတယ်၊ မယ်လမုဘုရား ပေါ ပြီးပြန်မှာ၊ မြောင်းမြတစ်ခေါက် ပြန်လိုက်သေးတယ်၊ ဘာဖြစ်လို့ မြောင်းမြပြန်သလည်း မြောင်းမြမှာ

သူတည်တဲ့ဘုရားတွေ လိုက်ကြည့်တယ်၊ ပန်းရံ (၁၄) ယောက်ရှိတယ်၊ ဘာတွေလိုအပ်သလည်း၊ လိုအပ်တာတွေလုပ်ပေးပြီး ချက်ချင်း ညဘက်ပြန်တာ၊ ခင်ဗျားတို့ ဒီတရားပွဲကို အမှီလာပေးတာ၊ ဘုန်းကြီး ဘယ်လောက်ပင်ပန်းသလည်း၊ ဘယ်သူသိလည်း၊ သေပ စေတော့၊ ငါ သာသနာနဲ့ပတ်သက်ရင် ကိုယ့်အကျိုးအတွက် မဟုတ်ဘူး၊ သာသနာအကျိုးအတွက် ငါလုပ်မယ်၊ အဲဒီတော့ သာသနာမှာ ခင်ဗျားတို့ ဝတ္ထုငွေကြေးတွေ လှူကြတယ်၊ ပုဇွန်တောင်မှာနေတယ်၊ လာလှူတယ်၊ ဟိုက (၁) သိန်းလှူလိုက်၊ ဟိုက (၅) သောင်းလှူလိုက်၊ ဟိုက (၁) သောင်းလှူလိုက်၊ အားကြီးပဲ အဲဒါတွေ ပြန်ပေးတာ၊ ဟိုမှာ ပန်းရံတွေက ဒီဝတ္ထုငွေကြေးပေးမှ ပန်းရံကလည်း လုပ်လို့ ရမှာ၊ ပန်းရံသမားတွေ ကျွေးရမွေးရတယ်ဗျ၊ သူ့ခင်မျာ တောထဲမှာ နေရတာ၊ ဆန်မရှိ၊ ဘာမရှိ သွားလုပ်ပေးတော့ သူတို့လည်း စိတ်ချမ်း သာတာပေါ့ဗျာ၊ ဘုရားတွေက ဆားမလောက်မှာ တစ်ဆူ၊ ပျဉ်းကတိုး ကုန်းမှာ တစ်ဆူ၊ ဒီအပြင်နေရာမှာ တည်ထားတာ ဘုရား (၁၀) ဆူ လောက်ရှိတယ်၊ ဘယ်ကပိုက်ဆံရသလည်း အဲဒီတော့ ဗမာပြည်မှာ ရှာတယ်၊ ရှာလို့မရရင် ထိုင်ဝမ်သွားတယ်၊ ဟောင်ကောင်သွားတယ်၊ ပိုက်ဆံတွေတပုံကြီးရတယ်၊ ဘယ်လိုရသလည်း၊ ရောဂါတွေ ပျောက်လို့ပေးတာ၊ ခင်ဗျားတို့လာကြ၊ နက်ဖန်ခါကြရင် ကျွန်မ သမီးက သိုက်ကခေါ်ပါတယ်၊ ကျွန်မက ဘယ်ကိုပြန်ရမယ်၊ လာခဲ့၊ သွေးသားနဲ့ ရောဂါရှိတယ်၊ ပယောဂရောဂါရှိတယ်၊ သွေးသားရောဂါ ကတော့ ဦးဇင်းလည်းမတတ်နိုင်ဘူး၊ ပယောဂရောဂါဆိုတာက ကံနိမ့်တော့ မကောင်းဆိုးဝါးတွေ ဝင်ပြီးတော့ ကပ်တာ၊ အဲဒီ မကောင်းဆိုးဝါး တောင်ပိုင်တွေ၊ ကွင်းပိုင်တွေ၊ တစ္ဆေတွေ၊ သရဲတွေ၊ ဘီလူးတေ၊ ယက္ခတွေ အဲဒီကောင်တွေလုပ်ထားတာ။

ဘုန်းကြီးက ကြည့်တယ်၊ ဒီကောင် အရှူး ဘာလုပ်သလည်း၊ အသွေးသားနဲ့ ဖြစ်တဲ့ရောဂါကြတော့ ဆေးရုံသွား၊ ပယောဂ

ကြတော့လာ၊ မြေချက်ချင်းကိုက်တယ်လာခဲ့၊ ရွှေပန်းထဲမှာ မျှော့ဝင်နေတယ် လာခဲ့၊ တခါတည်း ထွက်ကျတယ်၊ စုန်းမတွေ လာခဲ့၊ အောက်လမ်းဆရာတွေ လာခဲ့၊ ဒီလိုလုပ်တာ ဘုန်းကြီးက စာတတ်တာ မဟုတ်ဘူး၊ အဲလိုလုပ်သွားတဲ့ ဘုန်းကြီး ရှမ်းပြည်၊ လားရှိုးမှာ ဟာ ထမင်းမစားဘူး နှင့်ထမင်းကို မစားဘူး၊ အသေခံချတာ၊ ရှမ်းပြည်မှာလည်းချတယ်၊ မူဆယ်မှာလည်းချတယ်၊ မစားဘူး၊ တလုပ်တောင်မစားဘူး၊ ငါးသေပါစေ မင်းတို့ ဖော်ဂနီ၊ ဖော်ဂနက်၊ မောင်လုံး၊ မောင်ပြားတွေ အေး ငါသိတယ်၊ ဒါပေမယ့် ရှမ်းတိုင်းလည်း မဟုတ်ဘူး၊ လူမျိုးတိုင်းလည်း မပြောဘူး၊ သူလုပ်ထားတဲ့ ဆေးတွေရှိတယ်၊ မလုပ်တဲ့ သူတော်ကောင်းတွေရှိတယ်၊ သူယုတ်မာတွေရှိတယ်၊ ဒီက နားလည်တယ်၊ စုန်းမတွေရှိတဲ့ရွာကို ငါ့ခေါ်စမ်း၊ ဒီလိုဘုန်းကြီးမျိုး ခင်ဗျားတို့ မသိလို့၊ ဒါပေမယ့် သူက သွားမှာ ဒါလောကီအကြောင်းတွေ၊ အဲဒါတွေ ရတဲ့ပိုက်ဆံတွေ နဲ့ နာမ်ကောင်တွေ အတွက် ဘုရားတည်ပေးတာ၊ ခင်ဗျားသွားသာကြည့် မိုက်နဲ့အော်ပြီး အလှူခံတာမဟုတ်ဘူး၊ ဖလားထဲမှာ (ဂလိုးဂလောက်)[၂] နဲ့ အလှူခံတာ မလောက်ဘူး၊ ထိုင်နေတာ၊ သူ ဝိသုဒ္ဓိကျောင်းမှာ ထိုင်နေတာ၊ လာလှူတာ ဟိုကလာလှူ၊ ဒီကလာလှူ အဲဒါတွေ ဘုရားတည်တာ သွားပြီးတော့ ဖလားနဲ့ အလှူခံတာ မဟုတ်ဘူး၊ သူတို့ ရောဂါတွေ ပျောက်တော့ (၁) သိန်းပေး၊ (၂) သိန်းပေး အဲဒါ ရတဲ့ငွေနဲ့ ဘုရားတည်တာ။

နိုင်ငံတော်အစိုးရကိုလည်း သွားပြီးတော့ သူ စိတ်ညစ်အောင် သွားမလုပ်ဘူး။ သာသနာနဲ့ ပတ်သက်ပြီး ပစ္စည်းတွေ သွားမလျှောက်ဘူး တစ်ဖက်သား စိတ်ညစ်အောင် မလုပ်ဘူး၊ ကိုယ့်ဟာကို ရှာပြီးလုပ်တယ်၊ ဒီလိုလုပ်သွားတယ်၊ နောက်က လိုက်တဲ့ ဒကာ၊ ဒကာမတွေကလည်း သဒ္ဒါတွေကလည်း ထက်လာတယ်၊ အကျိုးဘယ်လောက်ရှိလည်း၊ ခင်ဗျားတို့ သွားကြည့်၊ ဆားမလောက်

ရွာတို့၊ အေးရွာတို့မှာ ရှိတယ်၊ ဝါးခယ်မတစ်ဖက်ကမ်းမှာ ဇော်ကလွတ်ရွာမှာ ရှိတယ်၊ မြင်းကာဆိပ်နားမှာ ပေါက်တိန်းဘုရားရှိတယ်၊ ဖိုးကောင်းချောင်း ဘုရားရှိတယ်၊ မဲကျော်ဘုရားရှိတယ်၊ ခင်ဗျားတို့ စီပင်စမ်း ဘုရားရှိတယ်၊ ဝိသုဒ္ဓိကျောင်းထဲမှာ သွားကြည့် အစက၊ ဝါးတောကြီး ဒကာ၊ ဒကာမတွေ လှူကြတယ် ကေ (၃) ကေရှိတယ်၊ အဲဒီ (၃) ကေမှာ သူက လှူလိုက်၊ ကိုယ်ကလှူလိုက်၊ တခါတည်း တိုက်တွေ ဘာတွေဖြစ်၊ ရေကန်တွေ ဘာတွေဖြစ်၊ ဘုရားတွေ ဘာတွေဖြစ်ရော။ ဆရာတော်ကြီးလည်း နေ့ရော အဲဒီ ဘုန်းကြီးကျောင်းထိုင်ဖြစ်တာဗျို့၊ သူများကျောင်း ကပ်နေတာမဟုတ်ဘူး၊ ကိုယ့်ဒူးကိုယ်ချွန်ပြီးတော့ ဖြစ်လာတဲ့ ကိစ္စ၊ အဲဒါကို ဘုန်းကြီး အချင်းချင်းက မလိုတဲ့စိတ်တွေ။

အေး ငါကတော့ စာမတတ်တော့ ဘာမှလည်း နားမလည်ဘူး၊ ငါ့ကို ကြည့်တတ်ဖို့ လိုတယ်၊ ရှေးဘုန်းရှေးကံ မင်းပြုံင်လို့ မရတော့ဘူး၊ ရှေးဘုန်းရှေးကံမှန်လို့ ဖြစ်နေပြီ၊ မင်း ငါ့ရုပ်လက္ခဏာ ကြည့်ပြီးဆုံးဖြတ်ရင်တော့ မင်းရှုံးသွားလိမ့်မယ်၊ ပညတ်ပရမတ် ရှိတယ်၊ ပညတ်ကို မင်းသွားပြီးတော့ ယူမိရင် စွဲလိမ့်မယ်၊ စွဲမိရင် မင်းအကျင့်သီလ ပျက်သွားလိမ့်မယ်၊ သဘောလောက် ဟောသွားတာ၊ ငါကပြန်မယ့်လူ၊ ဘာမှလည်း ငါလုပ်တာလည်း မဟုတ်ဘူး၊ အဲဒီတော့ ခင်ဗျားတို့ မဂ်မျိုးစေ့တွေ လာပေးတာ၊ ခင်ဗျားတို့ရဲ့ စေတနာရှိရင် လှူကြတန်းကြ၊ လှူတဲ့ပိုက်ဆံ ဟောဒီမှာ အကုန်ထားပစ်ခဲမယ်၊ မနေ့ကညှ တရားပွဲ ရတဲ့ ဝတ္ထုငွေကြေး အကုန်လုံး ပေးပစ်ခဲ့တယ်၊ ဘယ်နေရာမှာ ဟောဟော အကုန်ပေးပစ်ခဲ့တယ်၊ သာသနာ့ရဲ့ အဆောက်အဦးတွေ လုပ်ကြ၊ ဦးဇင်းက စာမတတ်တော့ ကိုယ့်ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ ခင်ဗျားတို့ဆီမှာ အလှူခံပြီးတော့ အကုန်လုံးပေးပစ်ခဲ့တယ်၊ အဲဒါ လှူချင်တဲ့လူ ရှိရင် လှူကြ။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင်
ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ မယ်လမုဘုရားတွင်
**ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ**
**ဟောကြားခဲ့တော်မူခဲ့သော**
**ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခမ္မသစ္စာ တရားတော်**

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ စာအားကြီး တတ်ချင်တယ်။ ငယ်စဉ်တောင်ကျေးက အမိ၊ အဖက ဆင်းရဲတော့ ကျောင်းမထားနိုင်ဘူး၊ အဲဒီတော့ စာမတတ်ဘူး၊ အသက်ကြီးမှ ဝိပဿနာကျင့်ပါတယ်။ ကိုယ်တတ်တဲ့ အလုပ်ကို ကိုယ်လုပ်ပါတယ်။ စာမတတ်တော့ ပြောမှား၊ ဆိုမှား ရှိရင် အားလုံးက ခွင့်လွှတ်ပါ။ ဦးဇင်းက စာဘာမှ မတတ်ပါဘူး၊ စာတတ်ချင်တယ်၊ စာပယ်တာ မဟုတ်ဘူး၊ ငယ်စဉ်တောင်ကျေးက ရှင်သာမဏေကနေ စာဝါတွေ သင်လာတဲ့ ကျောင်းထိုင်ဆရာတော်ကြီး မဟုတ်ပါဘူး၊ အသက်ကြီးမှ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂ သစ္စာဆိုတဲ့ ဝေဘူဆရာတော် စာအုပ်ကလေးကို အိတ်ထဲ ထည့်ပြီးတော့ တောထဲမှာ ကျင့်တာ။ ကျင့်တဲ့အသိကို ပြောပြပါ့မယ်။ အဲဒီတော့ ဦးဇင်းရဲ့ ခန္ဓာကသိတဲ့ အသိလေးကို ပြောပြပါ့မယ်။ စာနဲ့တိုက်ပြီးတော့ ကြည့်ကြပါ။ အဲဒီတော့ စာကရေးထားတယ်၊ ကာမာဘဝ၊ ဘဝါဘဝ၊ ဒိဋ္ဌိဘဝ၊ အဝိဇ္ဇာဘဝ လေးပါးကို ပယ်ရမယ်။ ပယ်အပ်မဲ့တရား ကျင့်အပ်မဲ့တရား၊ သိအပ်မဲ့တရား အဲဒါ သဘောလေး ဦးဇင်း ပြောပြမယ်။

ဘုရားက ဟောထားတဲ့ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ခန္ဓာမှာ

ရှာပါ။ ကျင့်အပ်မဲ့တရားကို သူ ကျင့်တော့မယ်၊ တောထဲမှာနေပြီးတော့ လူသူလေးပါးနဲ့ အတွေ့မခံတော့ဘူး။ တရားထိုင်တယ်၊ ပယ်အပ်မဲ့ တရားက ကာမာသဝ၊ အဝိဇ္ဇာသဝ အဲဒါ စာ၊ အဲဒီတော့ ခန္ဓာအသိနဲ့ပြောရရင် အဝိဇ္ဇာဆိုတာ အာရုံ (၆) ပါး၊ အပြင် အာရုံနဲ့ အတွင်းအာရုံနဲ့ မပေါင်းနဲ့၊ ပေါင်းရင် ကံဖြစ်သွားလိမ့်မယ်။ ကံဖြစ်ရင် (၃၁) ဘုံ မလွတ်ဘူး၊ သဘောလေးနာ၊ ကံဆိုတာ ဘာလဲ၊ ကံလို့ရေးထားတယ်၊ စိတ်က ဘာဖြစ်သွားလဲ၊ ဉပါဒါန်အစွဲ၊ အာရုံကို ဘာနဲ့ယူထားလို့ စွဲသလဲ၊ အမှတ်နဲ့ယူထားတယ်။ ပါဠိ စကား သညာခေါ်တယ်၊ ဗမာလို အမှတ် ပါဠိလို သညာ၊ အဲဒီတော့ သညာ သင်္ခါရ၊ ဉပါဒါန်လို့ခေါ်တယ်၊ ဉပါဒါန်ဆိုတာ မနော၊ မနောနဲ့ အာရုံနဲ့တိုက်လိုက်တဲ့အခါကြတော့ သင်္ခါရနော်၊ အာရုံ (၆) ပါးထဲမှာ သင်္ခါရတွေဖြစ်နေတယ်၊ ကျက်စားနေတယ်၊ လောဘတွေ၊ ဒေါသ တွေ၊ မောဟတွေ၊ တဏှာတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ ဖြစ်နေကြတယ်၊ တဏှာမာန၊ ဒိဋ္ဌိ၊ သတ္တဝါတိုင်းရှိတယ်၊ ဘုန်းကြီးတွေလည်း ရှိတယ်။ သတ္တဝါလို့ ရေးထားပြီ။ ဒါ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ၊ အဲဒီတော့ တဏှာနဲ့ မာန ဖြစ်အောင် ဘယ်သူကလုပ်လဲ။ ဒိဋ္ဌိက လုပ်တာ။ ဒိဋ္ဌိက ဘယ်အာရုံကို ယူသလဲ၊ အပြင်အာရုံ ငါးပါးကို ယူတယ်။ မနောနဲ့ အာရုံတွေ မှတ်တယ်၊ စွဲတယ်၊ အဲဒါ ကံတရား။

ဒါကြောင့် သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ ဒီသင်္ခါရနယ်ထဲက ထွက်အောင် လုပ်ရမယ်။ ပယ်အပ်မဲ့တရား၊ ကျင့်အပ်မဲ့တရား၊ သိအပ်မဲ့တရားတွေရှိတယ်။ ကံဆိုတာ ခင်ဗျားတို့ သဘောလေးပေါ့ဗျာ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီမနောကံဟာ အာရုံငါးပါးနဲ့ ပေါင်းတဲ့အတွက် သင်္ခါရတွေ ဖြစ်နေတယ်။ အဲဒီတော့ သင်္ခါရ ရပ်တဲ့နေရာကို လုပ်ရတော့မယ်။ အဲဒီတော့ အာရုံပေါ်မှာ မနောက ကျက်စားတယ်။ အာရုံနဲ့မနော ပေါင်းလိုက်တဲ့အတွက်

လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ တွေဖြစ်ကုန်ရော။ ဒါတွေဟာ အစွဲတရားတွေ သံသရာလည်တဲ့ တရားတွေ။ အဲဒါတွေဟာ မိစ္ဆာအယူတွေ ခေါ်တယ်။ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော၊ ခဲယဉ်းစွာရအပ်ပေ၏။ ရမယ်၊ မိစ္ဆာကံလည်းပယ်၊ ဘယ်ကံကို ယူမလဲ၊ သမ္မာကို ယူမယ်။ ကိုယ့်စိတ်ကို စစ်ပါ။

အဲဒီတော့ ကျင့်အပ်မဲ့တရားကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ စတဲ့ မဂ္ဂင်ရှစ်ပါးဘဲ။ အစွန်းနှစ်ပါးအလယ်က သွားတာ သမ္မာဘဲ၊ ဒါတွေဟာ အင်မတန်ထူးမြတ်တဲ့ နိဗ္ဗာန်သွားမယ့် သီလတွေဘဲ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတွေဘဲ ဘုရားတည်တယ်၊ ကုသိုလ်လိုချင်လို့ ဘုရားတည်တာ၊ ကံတွေပေါ့။ အဲဒါကို ပယ်ပစ်လိုက်တာ သူအလယ်က သွားတယ်၊ သမ္မာနဲ့ သွားတယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မှန်တာကို ကျင့်တယ်၊ မှန်တာကို ပြောတယ်၊ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုတယ်။ ဒါ မဂ္ဂင်ကသွားတဲ့လမ်း၊ သမ္မာခေါ်တယ်။ ဒါဘာလည်း သမုတိ သစ္စာနော်၊ အဲဒီတော့ ဒုစရိုက် (၁၀) ပါး ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ အဲဒါ မိစ္ဆာအယူတွေ ပယ်တယ် အာရုံကိုလည်း သူပယ်မယ်၊ အာရုံ (၆) ပါးကိုလည်း ပယ်ပြီး ဒုစရိုက် (၁၀) ပါးကိုလည်း သူပယ်ပြီ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာစိတ် ငါ့မှာ ဖြစ်သလား၊ အာရုံပေါ်မှာ ငါသွားစွဲနေသေးသလား၊ အဲဒီလို သမ္မာနဲ့ ယူတဲ့အခါမှာ ဩော် ဦးပဏ္ဍိတရေ ခင်ဗျား မအေတွေ ဖအေတွေ ကားတိုက်ပြီး သေပြီဆိုရင် ဒီအာရုံကြောင့် ဥပါဒါန်ဖြစ်တဲ့ အတွက်၊ အဲဒီအာရုံကို ပယ်ပြီ။ အဲဒီဗျာပါဒကိုလည်း ပယ်ပစ်လိုက်ပြီ။ ဒိဋ္ဌိကိုသတ်တယ်။

ဒိဋ္ဌိဆိုတာ ဘာလဲ၊ အပြင်အာရုံငါးပါးကိုလည်း ပယ်ထားတယ်။ ဗျာပါဒဖြစ်အောင်လည်းမလုပ်ဘူး။ အဘိဇ္ဈာ ဖြစ်အောင်လည်း

မလုပ်ဘူး။ ဘာမှမလုပ်ဘူး။ ဒုစရိုက် (၁၀) ပါးလည်း မလုပ်တော့ဘူး။ သူများအသက်ကိုလည်း သတ်ခြင်းပြုခြင်း ဒီအာရုံ မရှိပါဘူး။ နှလုံးမသွင်းပါဘူး။ သူဘာကို မနောက နှလုံးသွင်းထားတယ်။ အဲဒီ ဒလစင်၊ ဒလစပ် ဖြစ်နေတဲ့ နှာခေါင်းနှစ်ပေါက်ရဲ့ အာရုံ၊ ဒီအာရုံဟာ သူ့ဟာသူ ဆင်းလိုက်တက်လိုက် လုပ်နေတယ်။ အဲဒီအာရုံကို ဘဝင်စိတ်က ကပ်ထားတယ် ဩော် ထိတာကရုပ်၊ သိတာက နာမ်၊ ဆိုလည်းမနေရဘူး၊ ဒါကို ဘဝင်စိတ်က အဲဒီ အာရုံကိုသိ၊ သိမှတ်နေတယ်ဆိုလည်း မနေဘူး၊ သူ့ဟာသူ အဲဒီ အာရုံမှာ အသိကပ်ထားတယ်၊ နှလုံးသားရဲ့ အသိက အဲဒီမှာ ကပ်ထားတယ်။ ကပ်ထားတဲ့အခါကျတော့ ဗျာပါဒ အာရုံနဲ့လည်း မပေါင်းဘူး၊ ဒုစရိုက်နဲ့လည်းမပေါင်းဘူး။ ထိသိ၊ ထိသိ၊ ထိတာက ရုပ်၊ သိတာကနာမ်၊ အဲဒီရုပ်နာမ် အသိနဲ့ အလယ်က သူသွားနေတာ၊ ဘာနဲ့သွားလဲ သမုတိသစ္စာနဲ့သွားနေတာ၊ သမုတိသစ္စာတွေမှန် လာတယ်။ အပြင်မှာ စင်ကြယ်တယ်၊ အာရုံ (၅) ပါးကို စင်ကြယ် တယ်၊ မနောကလည်း ထိတယ်၊ သိတယ်၊ ရုပ်နာမ်မမြဲဘူး။ မမြဲတာ သိနေတယ်။ အဲတော့ သမုဓိသစ္စာတွေ၊ အပြင်မှာ စင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်လာပြီ။ သမုတိသစ္စာကနေပြီးတော့ တဆင့် တက်လိုက်တယ်။ ဝိရတိသစ္စာ၊ စာမတတ်ဘူး။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။

ကျင့်အပ်မဲ့တရား၊ သိအပ်မဲ့တရား၊ ပယ်အပ်မဲ့တရားတွေ သမုတိသစ္စာကနေ ဝိရတိသစ္စာ၊ ဝိပဿနာလုပ်တာ၊ ဝိဆိုတာ အထူး၊ အသိကို အမြဲတမ်း ကပ်နေတော့ အမြဲတမ်း နှလုံးသား အသိကို ကပ်နေတာ။ ဝိဆိုတာအထူးပဲ။ မနောက အဓိစိတ္တကလေး ဖြစ်အောင်လုပ်၊ သူ့ဟာသူ ကျင့်နေတာ၊ အဲဒီတော့ ဝိရတိသစ္စာတွေ မှန်ရမယ်။ သမုတိသစ္စာလည်း မှန်ရမယ်။ ဝိရတိသစ္စာတွေမှန်ရင် သဘာဝသစ္စာသိလိမ့်မယ်။ ဘယ်မှာလဲ ယောကျ်ား၊ ဘယ်မှာလဲ

မှိန်းမ၊ ပညတ်ကိုလည်း သိပြီ၊ သဘာဝကိုလည်း သိပြီ၊ ပညတ်က အခွံကြီး၊ အနှစ်သွားပြီးတော့ သဘာဝသဘောသိတာ၊ ဩော် သူ့သဘော သူဆောင်နေပါလား။ အဲဒီတော့ သမုတိသစ္စာ၊ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ သဘာဝသစ္စာကို စာလို ပရမတ္ထသစ္စာ ခေါ်တယ်။ အဲဒီ ပရမတ္ထသစ္စာ သိတာနဲ့ ပညတ်ကို ပယ်တော့မယ်၊ ပညတ်သိလို့ ပယ်တာ၊ အခုပညတ်မသိလို့ စွဲနေတာ။ ဥပါဒါန်တွေ ဖြစ်နေတာ၊ အဲဒီတော့ ခင်ဗျားတို့ ရုပ်နာမ်တွေလည်း မမြဲဘူး၊ ဦးပဏ္ဍိတရဲ့ ရုပ်နာမ်လည်း မမြဲဘူး။ အဲဒီတော့ မအိုခင်၊ မနာခင် မသေခင်မှာ ခင်ဗျားတို့ရဲ့ မနောအတွင်းအာရုံဟာ ဘယ်ရောက်တယ် ဆိုတာ သိရမယ်၊ ဈာန်ဖြစ်နေတယ်ဆိုတာ သိရမယ်၊ ဖိုလ်ဖြစ်နေတယ် ဆိုတာ သိရမယ်၊ မဂ်ဉာဏ်ရတယ်ဆိုတာ သိရမယ်။

အဲဒါ သိ၊ ပယ်၊ ဆိုက်၊ ပွားဘဲ၊ အခုတော့ ဘာမှမသိဘူး၊ အပြင်အာရုံ (၅) ပါး မလွတ်တော့ဘူး၊ အဝိဇ္ဇာတွေ၊ အတ္တခေါ်တယ်၊ အနတ္တနယ်မဟုတ်ဘူး။ အနတ္တနယ်ဆိုတာ ကျင့်မှသိမှာ ပျဉ်တစ်ပြားတည်း လွှန်နဲ့ဖေါက်လိုက်တာ ဖေါက်တုံးကတော့ တစ်ပြားတည်း၊ သုံးပြားသွားပေါက်တယ်၊ ခင်ဗျားတို့ ဘယ်လောက် အားကျဖို့ကောင်းလည်း၊ ဒါက ဝိပဿနာသွားတဲ့လမ်း၊ အပြင်မှာ စင်ကြယ်တယ်၊ သမုတိသစ္စာ၊ သမ္မာတွေနဲ့သွားတာ၊ ဘယ်မှ မထဘူး၊ တောထဲမှာနေတယ်၊ အစွန်းနှစ်ပါးကို ပယ်တာ၊ အစွန်းနှစ်ပါးဆိုတာ ဟော စေတနာရဲ့ ကံအစွန်းတွေပယ်တာ၊ ဘုရားတည်အုံးမလား၊ သွားလှူဦးမလား၊ မုန့်ဟင်းခါးတွေ သွားကျွေးဦးမလား၊ ထမင်းတွေ သွားကျွေးဦးမလား၊ ဘာမှ မကျွေးဘူး၊ ဘယ်သူမှလည်း မတွေ့ တော့ဘူး၊ စေတနာကံတွေပယ်တယ်၊ အကုသိုလ်ကံတွေနေတဲ့ ငါးမျှားဦးမလား၊ သူများသားမယား ဖျက်စီးဦးမလား၊ မဟုတ်မမှန် ဘာတွေကို ရပ်ကွက်မှာ ပြောဦးမလား၊ အတင်းပြောဦးမလား၊ ဒါတွေ ဘာမှမပြောဘူး၊ မလုပ်တော့ဘူး အလယ်ကသွားတာ၊ အလယ်က

ဘာလည်း ထိတယ်၊ သိတယ်၊ ရုပ်နာမ်တွေ မမြဲဘူးဆိုတဲ့ ဘဝင်က အသိကပ်တာ အဲဒါ သမုတိသစ္စာခေါ်တယ်။ သမုတိသစ္စာလည်း မှန်လာတယ်။ အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်တော့ ဉာဏ်မှာ စင်ကြယ်တယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာမှ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ အပြင်အာရုံ (၅) ပါး လိုက်နေတာကိုး။ ဘယ်စင်ကြယ်တော့မလည်း၊ နီဝရဏတွေ ဖြစ်ကုန်တယ်။ စိတ်စေတသိတ်ကို သတ်ပစ်ရမယ်။

အဲဒီတော့မှ သမုတိသစ္စာ၊ ဝိရတိဆိုတာ ဝိဆိုတာအထူး ပဿနာရှုနေတာ။ အဲဒီတော့မှ သဘာဝကို သိတာ၊ ဟာ ဓါတ်တွေ ဖောက်နေတာ၊ အဲဒီ ထုံတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ပူတယ်၊ ဒါ ပညတ်၊ ပညတ်ကို နာမည် နံပါတ်တပ်ထားတာ၊ ခင်ဗျား ဆန်စက် နာမည်တပ်ထားတာ ပညတ်တပ်ထားတာ။ ခင်ဗျား ကလေးလေးကို နာမည် တပ်ချင်တယ်၊ အဲဒါ ပညတ်ကို နာမည် ပေးတာဗျ၊ ပညတ်ရုပ်ကြီး၊ ပညတ်ရုပ်ရှိတယ်၊ ပရမတ် သဘော ရှိတယ်၊ အဲဒီတော့မှ ပရမတ်မြင်မှ ပညတ်ကို ပယ်တာ၊ ကိုယ့်ရုပ်ကို မစုံမက်တော့ဘူး၊ သူများရုပ်လည်း မစုံမက်တော့ဘူး၊ စိတ်ကို ပြတ်နေတာ။ အဲဒီတော့ ဒါတွေကိုကျင့်၊ ခင်ဗျားတို့ အခုနေတာ ထိုင်တာဟာ ဝိပဿနာတော့ ကျင့်ပါတယ်၊ လုပ်ပါတယ်၊ အနှစ် (၆၀) လည်း မသိ၊ (၇၀) လည်းမသိ၊ ကိုယ်မှ မမှန်တာကြီး၊ ဒါပေမဲ့ သိပ်ပြီးတော့ ယုံကြည်တယ် ဒီဟာကို သိပ်လုပ်ချင်တယ်၊ ကိုယ်မှန်ဖို့လိုတယ်၊ ကျင့်ပြီးသိတဲ့ ဆရာကောင်းနဲ့ တွေ့ဖို့လိုတယ်။ ဆရာကောင်းပြတာ ကိုယ်က လုပ်တတ်ဖို့ လိုတယ်။ ဆရာက ဒီလမ်းကို သူအစက သွားထားတော့၊ အဆုံးသိတာပေါ့၊ အဲဒီတော့ ဘယ်လိုကျင့်ရမယ်၊ ဘယ်လိုထိုင်ရမယ် ဆိုတာတွေသိတယ်။

ပယ်အပ်မဲ့တရား၊ ကျင့်အပ်မဲ့တရား၊ သိရမယ့်တရား၊

မနေ့က အာရုံနဲ့မပေါင်းတော့ဘူးဗျို့။ ဘာဖြစ်လို့ မပေါင်းလည်း ခပ်တိုတိုပြောကြမယ်ဆိုရင် ဉာဏ်ရတာကိုးဗျ၊ ကံမဟုတ်ဘူး၊ အဲဒီတော့ ဒီဉာဏ်က ဘယ်ကရလည်း မဂ္ဂင်ရှစ်ပါးပေါ်ကရတာ၊ အဲဒါ မဂ်ဉာဏ်ခေါ်တယ်၊ အဲဒီ အနုသယကို တစ်ချက်တည်း ဖြတ်ရတယ်။ နှစ်ခါ၊ သုံးခါ မဖြတ်ရဘူး။ အဲဒီမဂ်ရရင် ဒိဋ္ဌိတွေ သေတယ်ဗျို့။ သံသရာလည်တာ ဒိဋ္ဌိဘဲ၊ ခင်ဗျားတို့ ယူတာ ဒိဋ္ဌိ ကြီးနဲ့၊ သင်္ဘာန်းတွေကပ်လိုက်၊ ထမင်းတွေကျွေးလိုက်၊ ကျောင်းတွေ ဆောက်လိုက် အဲဒါ ဒိဋ္ဌိ တန်းလန်းကြီးနဲ့လှူတယ်။ ဝိပဿနာ အလုပ် လုပ်ပြီးမှ လှူ၊ လုပ်ပြီးမှ လှူတာ အမြတ်ဆုံးဘဲ၊ ခင်ဗျားတို့ ချောက်ထဲ ကျကုန်လိမ့်မယ်။ ဦးဇင်းက သွားမှာ နောက်ဆုံးဘဝ၊ ခင်ဗျားတို့ ဒီနေရာမှာ ဟောပြတာ၊ ကံတရားကို ဟောပြတာ၊ ကံတရားရှိတယ် ဈာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်၊ အဲဒီသုံးခုကို သူဟော လိုက်တာ၊ ကံကိုပယ်တယ်၊ မုန့်ဟင်းခါးလည်းမကျွေးပါဘူးတဲ့။ ထမင်းတွေလည်း မကျွေးပါဘူးတဲ့၊ သင်္ကန်းတွေလည်း ငါသွား မကပ်တော့ဘူးတဲ့၊ ငါမဂ္ဂင်ရှစ်ပါး လုပ်တယ်တဲ့၊ သမ္မာနဲ့သွားတာ၊ အဲဒါ အလယ်ကသွားတာ၊ အစွန်းနှစ်ပါးကို ရှောင်ပြီး အလယ်က သွားတာ၊ သွားတော့မှ သဘောပေါက်လာတယ်။ သဘာဝ သိလာ တယ်။ အဲဒီမှာ ပြောဘ် အေး အေးအေး၊ ပြောဘ် အေး မင်းတို့ ပြောတာတွေ ဟုတ်တယ်။ ငါကတော့ အေးပြီ၊ တကယ်အေးတာ၊ ခင်ဗျားတို့ မြေကြီးကို ကောက်ပြီးတော့ ပြောရဲတယ်။ ခင်ဗျားတို့ သညာ၊ သင်္ခါရ၊ ဥပါဒါန်တွေကို သူက တစ်ချက်တည်းသတ်ပစ် လိုက်တာ။ နှစ်ချက်မသတ်ရဘူး။ အဲဒီ ဉာဏ်ရတော့ ဟိုဘက် နီးနီးလေးပဲ၊ ဘယ်လောက်မှ မဝေးတော့ဘူး။ ကြည့်စမ်း ဒီရုပ်ကြီးက ဒွါရ (၉) ပေါက် ယိုစီးနေတယ်၊ အဲဒီ ရုပ်မှာ တဏှာတွေပဲ၊ တဏှာဆိုရင် ဥပါဒါန်ကံတွေဖြစ်ပြီ၊ (၃၁) ဘုံလွတ်ဖို့ရာ ခင်ဗျား တို့ပေါ်မူတည်တယ်။

ဘုရားကျိန်းသွားတာ တဏှာကို ကျိန်းသွားတာ၊ အဲဒီ တဏှာကို သတ်တာ၊ တဏှာကို ပြတ်တော့မှ သိုက်တို့ ဓါတ်တို့ နတ်တို့ ဦးပဏ္ဍိတ ခေါ်ယူတာ။ ခင်ဗျားတို့ အချုပြချင်တယ်၊ သိုက်တွေကို ပြချင်တယ်၊ နာမ်ကောင်တွေ၊ ခင်ဗျားတို့ ရုပ်နာမ် စာက ရေးထားပြီ။ ရုပ်ရှိရင် နာမ်ရှိတယ်၊ နာမ်ဆိုတာ ဘာလည်း ခင်ဗျား သိသလားတဲ့၊ သိရင် ငါ့ပြောစမ်းတဲ့၊ ဟာ ဘယ်သူမှလည်း မပြော ဘူး၊ အဲဒီ နာမ်က မွေနေတာ၊ ရုပ်ကို မသိလို့ နာမ်က မွေနေတာ၊ ရုပ်ကိုသိရင် ကိလေသာ ရုပ်ကြီးသိရင် ဟောဒီ နာမ်ဟာ မလုပ်ရဲ တော့ဘူး။ နာမ်ဆိုတာ ဥပမာပေါ့ဗျာ ဦးဇင်က စာမတတ်ဘူးနော်၊ သဘောလေးနဲ့ပြောသွားမယ်။ ဥပမာ မျက်စိမြင်တဲ့အခါမှာ သိသွား တယ်။ အဲဒီ အသိကလေးက အမှတ်ကလေးနဲ့ သိတာ၊ သညာ အသိလေးနဲ့ သိတာ၊ မြင်လိုက်တဲ့အခါမှာ သညာအသိလေးနဲ့သိတာ ဦးဇင်း စာမတတ်ဘူး။ သဘောလေးပြောတာ။ အဲဒီတော့ သညာ အမှတ်ကနေ တဏှာဖြစ်တာ၊ ဒါ ငါ့သမီးလေး၊ ဒါ ငါ့မိန်းမ ဟော သညာကမှတ်ပြီ။ တဏှာမလွတ်တော့ဘူး။ တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်။ သမီးလေး သူများပါးရိုက်လို့ မအေက ဥပါဒါန်ဖြစ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ အဲဒါတွေက ကံတရားတွေ၊ သီလ ပျက်တယ်၊ အတွင်းသီလပျက်တယ်။ အပြင်ပညတ်ကိုယူတယ်၊ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ ဒါက သစ္စာနဲ့ ဟောတာ။ အရိယာထသစ္စာနဲ့ကိုင်ပြီး လှုပ်လိုက်တာ။ အာရုံမှာ မြင်လိုက်တဲ့ စိတ်ကလေးဟာ ဘာနဲ့မြင်သလည်းတဲ့ ဟောဒါ ငါ့သား၊ ဟောဒါ ငါ့မိန်းမလို့ မြင်သလားတဲ့၊ အဲဒါ တဏှာပဲတဲ့၊ အဲဒီ သားသမီးကို ခင်ဗျားရှေ့ ရိုက်လို့ရှိရင် ခင်ဗျား ဒေါသ မဖြစ်ဘူး လားတဲ့၊ စေတနာ မပျက်ဘူးလားတဲ့၊ ပျက်ပါတယ်၊ ဒေါသလည်း ဖြစ်တယ်။ အဲဒါပေါ့ဗျာတဲ့ အဲဒါ ဥပါဒါန်ပေါ့ ကံပေါ့ဗျာတဲ့ အဲဒါ (၃၁) ဘုံမလွတ်ဘူး။

အဲဒါ အရိယာက ဟောတဲ့ တရား၊ ဉာဏ်နဲ့ကဟောတာ တရားခေါ်တယ်။ ကံသမားဖြစ်သွားတာကို ဉာဏ်သမားကဟောတာ၊ အဲဒါကို ခင်ဗျားတို့ သိဖို့လိုတယ်။ အထင်လည်းမသေးနဲ့ အထင် လည်း မကြီးနဲ့၊ ခင်ဗျားတို့ မျိုးစေ့လာပေးတာ၊ လှူတာ မလှူတာ အကြောင်းမဟုတ်ဘူး၊ ခင်ဗျားရဲ့နှလုံးသားထဲက ဖြစ်တဲ့စေတနာဟာ နိဗ္ဗာန်ထိ သွားလိမ့်မယ်။ ပက္ကာသန စေတနာရှိတယ်။ အဓိပတိ စေတနာရှိတယ်၊ စေတနာ (၄) မျိုးလောက်ရှိတယ်။ စေတနာကို ထားတတ်ဖို့လိုတယ်။ သဒ္ဓါကို ယုံကြည်ဖို့လိုတယ်။ ကိုယ့်ထက် ကြီးတဲ့သူကို ရှိသေပါ။ လောကီအာရုံ (၅) ပါးမှာ စေတနာထားရမယ်၊ ဟော့ကောင်တွေ လာကြကွာ၊ ဟုတ်ကဲ့ ဦးကြီးရေ ကျွန်တော်တို့ လုပ်ပါမယ်ဗျာ၊ တကယ်နှလုံးသားထဲက စေတနာနဲ့ လုပ်ရမယ်။ ပက္ကာသနစေတနာမလုပ်နဲ့၊ အဓိပတိစေတနာလုပ်လိုက်တာ ခင်ဗျား မှာ အထူးရမယ်၊ ကျန်းမာရေးလာဘ်ရမယ်၊ စီးပွားရေးလာဘ်ရမယ်၊ အပါယ်လေးပါး တံခါးပိတ်မယ်၊ ဘာဖြစ်လို့လည်း ခင်ဗျားစေတနာက ဝိသုဒ္ဓိ ဖြစ်နေတယ်၊ လမ်းတွေဖို့တယ်၊ လမ်းတွေပြင်တယ်၊ ကံက တက်ယူတယ်။ ဒါ စေတနကံက တက်ယူတော့မှ ဝိပဿနာ လုပ်တော့မြန်တယ်ဗျို့။ အဲဒီကံက မြန်တယ် ခဏလေးဘဲ၊ ဦးပဏ္ဍိတက ဒီအသိကို ပြောပြပါတယ်။ ခင်ဗျားတို့ဆီက အလှူခံ ရတဲ့ငွေတွေ အကုန်ထားပစ်ခဲ့တယ်။

ရေပုလင်းက ဆေးဖြစ်တယ်၊ လွှက်ခြောက်က ဆေး ဖြစ်တယ်။ ရောဂါတွေ ပျောက်တယ်။ ဘုရားတွေတည်တယ်၊ ဒါ သိုက်တွေ၊ နာမ်ကောင်တွေ ဦးပဏ္ဍိတရဲ့ ဖအေတွေ၊ မအေတွေ၊ ဘိုးဘွားတွေဟာ မကျွတ်ဘူး ဒို့အတွက် နေရာလေးပေးပါ တောင်းတယ်၊ အစိုးရမင်းများဆီမှာ မြေအလှူခံတယ်၊ မြေပိုင်ရှင်ကို အလှူခံတယ်၊ မြေရတယ်၊ အဲဒီတော့မှ ဒီနေရာမှာ သူ့တို့အတွက် ဘုရား တည်ပေးတယ်။ ဘုရားတစ်ဆူပွင့်ရင် သူတို့ကျွတ်တမ်းဝင်

ကြမယ်။ ဒီနေရာမှာ နာမ်ကောင်တွေ၊ မိစ္ဆာနာမ်ကောင်၊ တောင်ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ၊ သရဲ၊ ယက္ခ၊ ဂုမ္ဘာန် ဆိုတဲ့ နတ်ဘီလူးတွေ နတ်စိမ်းတွေ၊ သူတို့မျက်စိက စကောလောက်ရှိတယ်၊ ဒါတွေကို ခင်ဗျားတို့ သဘောလောက်ပြောတာ။ အဲဒီကောင်တွေ ကျွတ်အောင်၊ အတွင်းကို စစ်တိုက်နေတာ။ ဦးပဏ္ဍိတက အတွင်းနာမ်ကောင်တွေ ကျွတ်မှ အပြင်အေးတာ၊ ဒီကောင်တွေ မွှေနေတာ၊ မိစ္ဆာ နာမ်ကောင်တွေ သိချင်ရင် ခင်ဗျားတို့ ကျင့်တဲ့ဘုန်းကြီးကိုမေး၊ ဘယ်သူမှမလုပ်ဘူး၊ ဦးပဏ္ဍိတလုပ်တယ်၊ လမ်းပေါ်က ကျောက်ခဲ လည်း ကောက်တယ်။ မြောင်းထဲကကျောက်ခဲလည်းကောက်တယ်၊ ခင်ဗျားတို့ ဒီနာမ်ကောင်တွေဟာ မိစ္ဆာနာမ်ကောင်တွေ ဒီကောင်တွေ နှစ်ပေါင်း (၈၀၀) ကျော် ဟိုအနော်ရထာမင်း ခုတ်ကြ၊ ထစ်ကြ သတ်ကြတာ ဒီကောင်တွေ ဘယ်သူမှ ကယ်မသွားဘူး။ ဗိုလ်ခြေ ဘယ်လောက် ကုဋေဘယ်လောက်၊ သင်္ချေဘယ်လောက်၊ ခင်ဗျားတို့ ရေးထားတာပဲ၊ သိတဲ့လူကကယ်သွားတယ်။

ဘုရားတည်တဲ့ အဲဒီ နေရာမှာ တူးလိုက်တယ်။ ရွှေအုတ် ကြီးတွေ တွေ့တယ်။ အလကားတည်တာ မဟုတ်ဘူး။ သူများ တည်တဲ့ဘုရားနဲ့ ဦးပဏ္ဍိတတည်တဲ့ဘုရား မတူဘူး။ သူများတည်တဲ့ ဘုရားက ဘုရား၊ မကျင့်သေးဘူး ဒီက ကျင့်ပြီးမှ လွတ်မြောက်မှ သွားတည်တာ ခင်ဗျားတို့ မြောင်းမြမှာမေး၊ ခင်ဗျားတို့ ရပ်ကွက် လူကြီးတွေမေး၊ ဘယ်သူ့ဆီက အလှူခံသလည်း၊ ဘယ်သူ့ဆီက တောင်းသလည်း၊ ရေပုလင်းက ဆေးဖြစ်တယ်၊ မြွေဟောက် ကိုက်နေတယ် လာခဲ့ ဒါသောက်၊ ဟာ ပျောက်တာဘဲ၊ ဟောဒီ ရွှေပန်းထဲမှာ မျှော့ကြီးဝင်သွားတယ်။ ကျောင်းတက်လာတယ်၊ လာ ရေသောက်လိုက်၊ ငါ့အနားကပ်နေ၊ များမကြာမီ အဲဒီ ရွှေပန်းထဲက မျှော့ကြီးထွက်လာတယ်။ ဒီလို ဘုန်းကြီးနော်၊ ဘုန်းကြီးတော့ သက်နိုးဝတ်တယ်။ အသိမတူဘူး။ စာတော့မတတ်တာအမှန်ပဲ၊

ဘာမှ မသိဘူး။ ဒါကြောင့်မို့လို့ သူ့ဟာသူနေတယ်။ ပယောဂနဲ့ ပတ်သက်တဲ့ရောဂါလာခဲ့၊ ခင်ဗျားစုန်းမတွေလာခဲ့၊ အောက်လမ်းဆရာတွေလာခဲ့ လုပ်စမ်းပါ ဦးပဏ္ဍိတ ပြန်မလုပ်ဘူး၊ သူ ဘာဖြစ်မလည်းဆိုတာ ခင်ဗျားတို့ သိရတာပေါ့၊ အဲဒီစုန်းမတွေနဲ့ ငါနဲ့ ချည်းတုတ်တယ်၊ အဲဒီလို ဘုန်းကြီးမျိုး သူကလည်း မတတ်ဘူး၊ ဝါလည်းမရှိဘူး၊ ကျင့်ထားတဲ့၊ စရဏသူ့မှာရှိတယ်နော်၊ ပညတ်၊ ပရမတ်ကို သိသွားတယ်။

အဲဒီတော့ ဒီဝိပဿနာတွေကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ၊ နောက်ဆုံး ဉာဏ်မပေါက်တောင် ခင်ဗျားရဲ့ အဓိသီလ၊ အဓိစိတ္တ၊ အတ္တဆိုတာ အာရုံ (၆) ပါး မလွတ်ဘူး၊ အာရုံ (၆) ပါး လွတ်တာက ဝိဇ္ဇာဉာဏ်လို့ခေါ်တယ်။ အာရုံ (၆) ပါး မလွတ်တာက အဝိဇ္ဇာလို့ခေါ်တယ်။ ခင်ဗျားတို့ ကျင့်တဲ့ဘုန်းကြီးကိုမေးပါ။ မြောင်းမြမြို့က ဝါးကျောင်း ဦးပဏ္ဍိတ ဘာကောင်လည်းဆိုတာမေး၊ အဲဒီတော့ ခင်ဗျားတို့ လှူထားတဲ့ ဒါနတွေဟာ ဒါနစစ်၊ ဒါနမှန်တွေ သီလစစ်၊ သီလမှန်တွေ၊ ဘာဝနာစစ်၊ ဘာဝနာမှန်တွေ ခင်ဗျားတို့ မင်္ဂမျိုးစေ့ ရသွားအောင် မြောင်းမြကနေလာပေးတာ၊ ပေးတိုင်းလည်း ယူတတ်ဖို့လိုတယ်။ ဦးပဏ္ဍိတ ပေးတိုင်းသာ ရမယ်ဆိုရင် သိပ်ထူးတာပေါ့။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ခင်ဗျားတို့ရဲ့ စေတနာပေါ် မူတည်တယ်။

အဲဒီစေတနာကို ပြောပြဆိုရင် ပြောပြပါ့မယ်၊ စာတော့ မတတ်ဘူး၊ အဲဒီ စေတနာရဲ့ အကြောင်းပြောရရင် ဟိုးရှေးရှေး တုန်းက ဆင်းရဲတော့ သမီးလေးကို အသပြာ (၃၀၀၀) နဲ့ သွားပေါင်တယ်။ သမီးကတော့ အပေါင်ခံရတော့ သူဌေးအိမ်မှာသွား ကျွန်လုပ်နေတယ်၊ အဲဒီတော့ တစ်နှစ်လည်း မရွေးနိုင်၊ နှစ်နှစ်လည်း မရွေးနိုင်၊ သုံးနှစ်လည်း မရွေးနိုင်၊ လေးငါးနှစ် မရွေးနိုင်တော့ ငါ့သမီးတော့ သူဌေးအိမ်မှာ အသပြာ (၃၀၀၀) နဲ့ ပေါင်တယ်၊

ငါလည်း မရွေးနိုင်သေးဘူး။ အဲဒီတော့ ငါကြိုးစားပြီး ရှာမှပဲ ဆိုပြီးတော့ သူ တခွေတမိုး ရှာတော့တာပဲဗျို့၊ အဲဒီလူကြီးက ရှာတဲ့ အခါကျတော့ အဲ သုံးလေးနှစ်ရှာတော့ ပိုက်ဆံက အသပြာ (၃၀၀၀) ရတယ်၊ အသပြာ (၃၀၀၀) ရတဲ့အတွက်ကြောင့် ငါ့သမီးလေး ရွေးမယ် ဆိုပြီးတော့၊ သမီးလေးရှိတဲ့နေရာကို ဖအေက သွားတာ၊ သွားတဲ့အခါမှာ လမ်းခုလတ်မှာ ရဟန်းတစ်ပါးတွေ့တယ်၊ ရဟန်းကြီး ကလည်း အသက်ကြီးပြီးတော့ ဆွမ်းကလည်း စားဖို့အချိန်က နီး နေပြီ၊ အဲဒါနဲ့ မြင်လိုက်တော့ စိတ်မကောင်းဘူးဗျို့။ သြော် ဒီရဟန်း ကြီးဟာ ဒုက္ခပါဘဲ ဘယ်မှလည်း အိမ်ခြေရာခြေကလည်းမရှိ ဘယ်လို လုပ်ပြီးတော့ ဘယ်သူက ဆွမ်းကျွေးမှာလည်း ဒို့လူသားကတော့ မနက်မရရင် ည စားရတယ်၊ ငါဘယ်လို လုပ်ရမလည်းဆိုတာ ကြည့်တယ်၊ ကြည့်လိုက်တဲ့အခါ ထင်းခုတ်တဲ့ လူတွေ တွေ့တယ်၊ ထင်းခုတ်တဲ့ လူတွေ တွေ့တော့ ထင်းခုတ်သမားတွေက အိမ်မပြန် နိုင်ဘူး၊ ထမင်းထုပ်တွေယူလာတယ်၊ ဟာ ငါအကြံရပြီ အဲဒီ ရဟန်းကြီးကို အဲဒီထမင်းထုပ် ဝယ်ပြီးတော့ ငါကပ်မှပဲ ဆိုပြီးတော့ သူစိတ်ကူးရတော့ ဝယ်ရော။ ဝယ်တဲ့အခါကျတော့ ကျွန်တော်တို့ ထင်းလာခုတ်တာ၊ ဒီထမင်းထုပ်ကို ရောင်းလိုက်မယ်ဆိုရင် ကျွန်တော် တို့မှာ အထူးဒုက္ခရောက်သွားလိမ့်မယ်၊ ကျွန်တော်တို့ မရောင်းပါ ရစေနဲ့။ ဟိုလူလည်းပြော မရောင်း။ ဒီလူလည်းပြော မရောင်း၊ ထမင်းထုပ်မရတော့ ဟာ ထမင်းထုပ်တော့မရဘူး။ ငါဘယ်လိုလုပ် ပောဒီမှာ သူကလည်း ပြောပြတယ် ငါ့သမီးကို ရွေးမယ့် အသပြာ (၃၀၀၀) ပါတယ်ကွာ၊ မင်းတို့ အဲဒီ ထမင်းထုပ်နဲ့လဲကွာ။ အဲဒီ တော့မှ သူတို့လဲတယ်။ ဒါဘာလဲဆိုတော့ တဏှာပေါ့ဗျ။ ပိုက်ဆံ အားကြီးရသွားတာကို သညာက သင်ပေးလိုက်တော့ ထမင်း ထုပ်လဲရောဗျို့၊ လဲတဲ့အခါကျတော့ အဲဒီရဟန်းကြီး ဆွမ်းကပ်တာ ဘဲဗျို့၊ ဆွမ်းကပ်တော့မှ ရဟန်းကြီးကလည်း စားပြီးသွားတာ၊

တစ်ချက်က သမီးရွှေးမဲ့ အသပြာ ပိုက်ဆံ စင်ကြယ်တယ်၊ စေတနာကလည်း မှန်တယ်နော်၊ ရဟန်းကလည်း စစ်တယ်နော်၊ အဲဒီသုံးချက် ပြည့်စုံရင် ဆုမတောင်းနဲ့ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

ခင်ဗျားတို့ စေတနာပါရင် ဦးဇင်း အောက်ဆင်းပြီးတော့ သင်္ကန်းပြန်ပြီး အလှူခံမယ်၊ ဒီရတဲ့ငွေတွေကိုလည်း ဟောဒီမှာ အကုန်ပေးပစ်ခဲ့မယ်။ ဦးဇင်း တည်တဲ့ဘုရားအတွက်ကို ယူမသွားပါဘူး။ ဦးဇင်း အခုတည်နေတာ ဂုန်နီစက်ရုံနောက်ဖေးက ပျဉ်းကတိုးကုန်းမှာ တစ်ဆူတည်ထားတယ်။ နောက် မြင်းကာဆိပ် အထက်ဘက်၊ ဆားမလောက်မှာ တစ်ဆူတည်နေတယ်။ ဒါပေမဲ့ ဦးဇင်းက ရန်ကုန်က တရားဟောလို့ရတဲ့ ပိုက်ဆံတွေ အကုန်ထားပစ်ခဲ့မယ်။ ဒီမှာလည်း သာသနာရှိတာပဲ။ ဦးဇင်းရဲ့ ဟိုမှာကတော့ ဦးဇင်းရဲ့ ခုန ရေပုလင်းက ဆေးဖြစ်တယ်။ လဘ္ဘက်ခြောက်ကဆေးဖြစ်တယ်။ နယ်လေးရပ်က လာကြတယ်။ အဲဒီလာတဲ့ ပိုက်ဆံနဲ့ ဦးဇင်း ဒီသာသနာကို ပြုတယ်။ ဒီဘက်လည်းလာပြီးပြုတယ်၊ ခင်ဗျားတို့ စေတနာမှန်မှ ခုနက ဦးဇင်းပြောသွားပြီ၊ ရဟန်းကလည်း စစ်ရမယ်၊ ခင်ဗျားရဲ့စေတနာကလည်း မှန်ရမယ်။ ဝတ္ထုငွေကလည်း စင်ကြယ်ရမယ်၊ ဒါဆိုရင် ဆုမတောင်းနဲ့ လှူချင်ကြရင် ဦးဇင်း အလှူခံပေးမယ်။

၁၆-၁၂-၂၀၀၀ ရက်နေ့တွင်

စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၌

# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ

## ဟောကြားခဲ့သော တရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ ငယ်စဉ် တောင်ကျေးက စာကိုမသင်ခဲ့လို့ မတတ်တာပါ။ စာကို ပယ်တာမဟုတ်ပါဘူး။ ငယ်စဉ်တောင်ကျေးက အမိ၊ အဖက တောမှာနေတော့ စာကို မသင်ခဲ့ရပါဘူး၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာမှာနေတယ်၊ ကျောင်းမထားနိုင်တော့ စာမတတ်ဘူး၊ ခန္ဓာဝန်ရှိတော့ ကမ္မဝဋ်လို့ ခေါ်မှာပေါ့ဗျ။ ဒီကံနဲ့ရတဲ့ ဝဋ်ဒုက္ခကို ဒီဘဝမှာ ခံစားနေရတယ်။ အားလုံးရှိတဲ့ သံဃာတော်အရှင်မြတ်တွေ၊ ရှင်သာမဏေတွေ၊ ဒကာ၊ ဒကာမတွေ၊ (ဂု) ရက်သား၊ (ဂု) ရက်သမီး၊ ဆရာတော်၊ သမားတော်ကြီးတွေ၊ အားလုံး တပည့်တော်က စာပေကျမ်းဂန် မတတ်တဲ့အတွက်ကြောင့် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ စာ မတတ်ပါဘူး၊ ငယ်စဉ်တောင်ကျေးက စာကို မသင်ခဲ့ရတာပါ။ စာကို ပယ်တာမဟုတ်ပါဘူး၊ ဒီစာရှိလို့ ဒီတရားကို ကျင့်လို့ရတာပါ၊ သဘော လေးနဲ့ ပြောသွားပါ့မယ်။

ဒါဖြင့် ကောင်းပြီတဲ့ ဦးဇင်းတို့ရဲ့ ယခုဘဝမှာ ဘယ်ဘုံ မှာရောက်နေလည်း။ ဒါလူ့ဘုံပေါ့ဗျာ။ လူ့ဘုံဆိုတာ ပါဠိလို ပစ္စုပ္ပန် လို့ခေါ်မယ်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်လို့ ခေါ်မယ်။ အဲဒီ ပစ္စုပ္ပန် ဘုံမှာ ဦးဇင်းတို့ ရောက်နေတဲ့အတွက်ကြောင့် သစ္စာထားရမယ်။ ဘယ်လိုသစ္စာတွေ ထားရမလည်း။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာတသစ္စာတဲ့၊ အရိယာသစ္စာဆိုတာ အဆင့်မြင့် သွားပြီ။ ဒီသစ္စာကို အရိယာသံဃာတွေမှ ထိန်းနိုင်တာ။ သမုတိ သစ္စာဆိုတာ သမုတိသံဃာတွေ ထိန်းတဲ့သစ္စာ၊ သမုတိသံဃာဆိုတာ

သိမ်မှာ သမုတ်ထားတယ်။ ဦးဇင်းက ကျောင်းမှာ ရဟန်း တက်တဲ့ အခါကျတော့ ဆရာတော်ကြီးတွေ၊ ကမ္မဝါဆရာတော်ကြီးတွေ ဦးဇင်းကိုမေးတယ်၊ သားမယားနဲ့ ကင်းလွတ်သလား၊ ကင်းလွတ်ပါတယ်ဘုရား။ မင်းမှုထမ်းယောကျ်ားများ လွတ်ကင်းသလား၊ လွတ်ကင်းပါတယ်ဘုရား၊ သူများကြွေးမြီကော လွတ်ကင်းသလား၊ လွတ်ကင်းပါတယ်ဘုရား၊ အကုန်လုံးမေးတယ်၊ ပွေး၊ နူင်း၊ နူင်းခူများရော လွတ်ကင်းသလား၊ မရှိပါဘူးဘုရား၊ ဒါ သမုတိသံဃာ ခေါ်တယ်။

ဒါကြောင့်မို့လို့ သမုတိနတ်ရှိတယ်။ နတ်က (၃၁) ဘုံ မလွတ်သေးဘူး။ ဒါ ဦးဇင်းရဲ့ သဘောလေးပြောတာ။ (၃၁) ဘုံ လွတ်တာဟာ သံသရာကို လွတ်သွားတာဘဲ၊ (၃၁) ဘုံ လွတ်တဲ့ တရားရှိတယ်။ (၃၁) ဘုံ မလွတ်တဲ့တရားရှိတယ်။ သဘောလေးပဲ ဟောလိုက်တာ။ သံသရာ ဘယ်ကစသလဲတဲ့။ ခန္ဓာက စတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာ စာနဲ့ရေးထားတယ်၊ ခေါ် သမုတ်လိုက်တာ။ ဗမာလိုတော့ အစွဲတရားပဲ။ အာရုံနဲ့မနော စက္ခုအာရုံနဲ့မနော၊ ငါးတွေများလိုက်လို့ ရရှိရင် သောမနဿ ဖြစ်တယ်၊ အဲဒါ ကံပဲဗျို့၊ ကာယကံပဲ၊ အဲဒါ သံသရာလည်တဲ့တရား။ (၃၁) ဘုံ မလွတ်တဲ့ တရား။ အဲဒါဘာလဲ မိစ္ဆာအယူ၊ စာလို ဆိုရင်တော့ သူများပစ္စည်းကို ခိုးမယ်၊ လိမ်မယ် ဒါ ကာယနဲ့ သွားပြီးတော့ အာရုံနဲ့မနော ပေါင်းပြီးတော့ ဒါလုပ်တာပဲဗျို့။ ဒါတွေ ဟာ အနုသယ၊ အာရုံနဲ့မနော၊ ကိုယ်နားလေးကြားလိုက်တယ်၊ နှလုံးက သိတယ်။ ကိုယ့်မျက်စိလေးမြင်တယ်၊ နှလုံးက သိတယ်။ ကိုယ့်နှခေါင်းလေး နံတယ်။ နှလုံးက သိတယ်။ ဇိဝါမှာ စားတော့ နှလုံးက သိတယ်။ ကိုယ့်အသားကို လာထိတော့ သိတယ်။ သိတော့လည်း တွေးတယ်။ အဲဒီ (၆) ချက်ပဲ။ အဲဒါ သံသရာ လည်တဲ့ တရားခေါ်တယ်။

သံသရာ ဘယ်ကစလဲ ခန္ဓာကစတာ။ သံသရာ ဘယ်ကပြတ်သလဲ၊ ခန္ဓာကစလို့ ပြတ်တယ်။ သံသရာဘယ်က စလို့လည်သလဲ ခန္ဓာကစလို့ လည်တယ်။ အာရုံမလွတ်လို့ လည်တာ။ အာသဝက္ခယာဉာဏ် ရရမယ်၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကာ ဥဒပါဒိ၊ ဉာဏာဥဒပါဒိ ဘုရားဟော ထားတယ်။ ကံကို ဟောထားတယ်၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တ၊ သဗ္ဗေဆိုတာ (၃၁) ဘုံဟောတာ၊ ကံကို ဟောတာ၊ ကံဆိုတာ ဘာလဲ ခေါ်သမုတ်လိုက်တာ၊ ကိုယ့်စိတ်ကလေးက သွားစွဲတာ၊ သွားစွဲတာ၊ သားကလေး သွားစွဲတာ အဲဒါတဏှာပေါ့ကွာတဲ့၊ မင်းမှာ ရှိတာက ကိလေသာကွာ မင်းရုပ်တရားက ကိလေသာကွ၊ နာမ်တရားက တဏှာကွ။ အဲဒီ ကိလေသာနဲ့ တဏှာကို မင်းသတ်ကွ သတ်ရတော့မယ်။

မိစ္ဆာအယူ၊ သက္ကာယအယူ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ကောင်းမှုကုသိုလ်ကံ ခင်ဗျားတို့ အစွန်းနှစ်ပါးမလွတ်တော့ဘူး။ အလယ်ကသွား၊ အလယ်က သမ္မာနဲ့သွား၊ သမ္မာကံနဲ့သွား ခင်ဗျားတို့ ကောင်းမှုကုသိုလ်ပြုတာမှန်တယ်။ သိပ်မှန်တယ်။ အဲဒီကောင်းမှု ကုသိုလ်ပြုတဲ့ ကံလေးကို ပြတ်အောင်လုပ်၊ ခင်ဗျားတို့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ရှာပေတော့။ ကံဘုန်းကြီးရှိတယ်။ ဉာဏ်ဘုန်းကြီး ရှိတယ် ဖွင့်တော့မပြောဘူး။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်တယ်။ ခင်ဗျားတို့ ဒီဘဝ ခင်ဗျား တို့ သွားမှာပဲ။ ဦးပဏ္ဍိတလည်း သွားမှာပဲ၊ ဟောထားတာက အနတ္တ စိတ်က အတ္တတွေ ဖြစ်နေတယ်။ အစွဲတွေ ဖြစ်နေတယ်။ ကိုယ့်စိတ် ကိုစစ်လိုက်၊ သူများစိတ်မစစ်နဲ့ ကိလေသာ၊ တဏှာ သတ်ရမယ်။ ကိလေသာ သတ်မှ တဏှာ ပြတ်မယ်။ အတွင်းတဏှာကို သတ်မှ အပြင်တဏှာ ရပ်မယ်။ အာရုံပြတ်သွားလိမ့်မယ်၊ အာရုံဟောနေတာ။

အာရုံနဲ့မနော၊ စက္ခု နဲ့မနော၊ နားနဲ့မနော၊ ဒါကံတရားကိုပြောတာ။ ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်၊ ခင်ဗျားတို့ ပေါ်မှာ မူတည်တယ်။

ခင်ဗျားတို့ မနုဿတ ဘာဝေါ ဒုလ္လဘော၊ လူ့ဘဝမှာ ခဲယဉ်းစွာ ရအပ်ပေ၏။ လုပ်တာ၊ မလုပ်တာ ခင်ဗျားတို့ အကြောင်း၊ ဦးပဏ္ဍိတကတော့ လာဟောပြီ၊ ကံတရားရှိတယ်တဲ့၊ ဉာဏ်တရား ရှိတယ်တဲ့၊ အဲဒီ ကံတရားကို ငါသတ်မယ်တဲ့၊ ကိလေသာနဲ့ တဏှာ အတွင်းမှာ ရှိတယ်၊ အဲဒီတဏှာကို သတ်မယ်၊ တရားထိုင်တယ်၊ ကောင်းမှုကုသိုလ်လည်းမလုပ်ဘူး။ မိစ္ဆာအယူ၊ သမ္မာအယူ၊ ဒုစရိုက် (၁၀) ပါး သူဒါကိုမလုပ်တော့ဘူး၊ ဟိုတုန်းက သူလုပ်ခဲ့တယ်။ အခု သိတော့ မလုပ်တော့ဘူး။ သိရင်ပယ်တယ်။ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ် သိ၊ ပယ်၊ ဆိုက်၊ ပွား၊ မဂ်ကအရင်ရထားတာ၊ ဖိုလ်က ခံစားတာ၊ ဦးပဏ္ဍိတ ရတယ်လို့ မပြောဘူး၊ ခင်ဗျားတို့ လမ်းကိုပြလိုက်တာ။ ဒီအာရုံ (၆) ပါး မလွတ်ရင် ရုပ်နာမ်ကို မသိဘူး။ ရုပ်နာမ်မှ မသိရင် အဝိဇ္ဇာပဲ။ ရုပ်နာမ်ကို သိရင် ဝိဇ္ဇာ ဉာဏ်ပဲ။ အဲဒါစာ၊ စိတ်ပိုင်းနဲ့ ပတ်သက်လို့ အာရုံ (၆) ပါးမှာ မျောနေတယ်။ သံသရာ ကျက်စားနေတယ်။

သဗ္ဗေအလုံးစုံသော သံခါရအနိစ္စ၊ ဟာ လောဘတွေ၊ ဒေါသတွေ၊ မောဟဖြစ်ကုန်ရော ခင်ဗျားတို့အတွင်း သီလအပြင် သီလရှိတယ်။ အတွင်းက အနုစ်၊ အပြင်က အကာခေါ်တယ်။ အကာက တကယ်ယူတာ၊ ပညတ်ကို မပယ်ဘူး။ မစွဲဘူး၊ ပညတ်ကနေ တက်ပြီးတော့ သိရတဲ့ အသိခေါ်တယ်။ သူကျင့်တယ်၊ တဏှာကို သူသတ်မယ်။ တဏှာဆိုတာ ရုပ်တရားခေါ်တယ်၊ အကျိုးတရား ခေါ်တယ်။ ကိလေသာကိုသတ်မယ်။ ကိလေသာ သတ်မှ တဏှာကို သိမယ်။ အဲဒီ ကိလေသာကြီးကို သတ်နိုင်အောင် သူ တရားထိုင်မယ်။ ခင်ဗျားတို့ တရားထိုင်တဲ့အခါမှာ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဝန်တို

မိစ္ဆာရယ်၊ ကုက္ကုစ္စ စိတ်ရယ်၊ ဒေါသစိတ်ရယ်၊ လောဘစိတ်ရယ်၊ မောဟစိတ်ရယ်၊ ဘာကြောင့်လဲ အာရုံကြောင့်ဖြစ်တာ ဒါ အနုသယ ကံခေါ်တယ်။ အာရုံကို ဟောသွားတဲ့ ကံခေါ်တယ်။ အတွင်းအာရုံနဲ့ အပြင်အာရုံပေါင်းလိုက်တာ။ အတွင်းအာရုံ (၆) ပါးကို ပိတ်လိုက်ပြီ။ အပြင်အာရုံ (၆) ပါးကို ပိတ်လိုက်ပြီ။ အပြင်အာရုံ (၆) ပါး ပိတ်ရင် ဘယ်အာရုံကျန်လဲ၊ အတွင်းအာရုံ (၆) ပါး ကျန်တယ်။ အတွင်းအာရုံ (၆) ပါးကို ဘယ်လိုပိတ်မလဲ။ နှာသီး၊ နှာဖျားဝမှာ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာက မမြဲဘူး၊ သိတာလည်း မမြဲဘူး၊ အဲဒါ အနတ္တ၊ အဲဒီတော့မှ အတ္တရဲ့ လမ်းကို သိတာ။

အာရုံငါးပါးလည်း ပယ်ပြီ၊ ဒုစရိုက် မိစ္ဆာအယူလည်း ပယ်ပြီ။ ကောင်းမှုကုသိုလ်လည်း ပယ်ပြီ။ ဘာယူလဲ သမ္မာယူထားတယ်။ (၃၁) ဘုံ လွတ်မဲ့ လမ်းကို ရှာတယ်။ မဂ္ဂင်နဲ့ရှာတယ်။ ဒါကြောင့်မို့လို့ မှန်တာပေါ့ဗျာ၊ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်၊ အပြင်မှာ ဘြော် ကိုယ့်ထက်ကြီးတဲ့ သူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့၊ ဗုဒ္ဓေါ မှန်တယ်၊ ဂုဏ်တော်တွေ မှန်တယ်၊ အကုန်မှန်တယ် ဒါ အပြင်ပဲ၊ ကံပဲ၊ စိတ်ပြီးရင် ဓါတ်ရှိတယ်၊ ဓါတ်ကို ပေါက်အောင်၊ မြင်အောင်ရှု၊ စိတ်မှာ တဏှာရှိတယ်၊ စိတ္တာ တဏှာနံ့ ခယ မဖျက စိတ္တရှင်စော ဘုရားဟောတဲ့၊ တခြားဘုန်းကြီးတွေနဲ့ မတူဘူး၊ ဒီက စာမတတ်ဘူး၊ ဘာမတူလည်း၊ ခန္ဓာသိနဲ့ စာသိ အဲဒါကွာနေတယ်၊ မှန်တယ် စာသိ၊ မဂ်ဖိုလ်ချောန်ရှိတယ်။ တရားသမားက ခံစားရတယ်။ ထုတ်တော့

မပြောတတ်ဘူး။ ခင်ဗျားတို့ ယုံကြည်ပါလို့ တလုံးတည်း ပြောထားတယ်။ ယုံကြည်ပါဗျာ။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ယုံကြည်ပါ။ ယုံကြည်တာ သဒ္ဓါခေါ်တယ်။

နိဗ္ဗာန်သည်တဲ့ ခန္ဓာမှာစတယ်၊ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်၊ ချုပ်ထားပြီသီလ၊ ဘယ်သီလတွေ ချုပ်ထားလည်း။ ရုပ်တရား၊ နာမ်တရား၊ အဲဒီသီလတွေ ချုပ်ထားတာ။ အဲဒါ ပညတ်နဲ့ ပရမတ်ကို ချုပ်တာ၊ အစွန်းနှစ်ခု သဘောပေါက်တာ အလယ်က သွားပြီ။ ရေပုလင်းက ဆေးဖြစ်တယ်။ သူတောမှာ နေတယ်။ မနေ့ညက မြွေဟောက်ကိုက်တယ်၊ ဒီလောက် အကောင်ကြီးရှိတယ်။ ကျောင်းကိုလာတယ်။ တွဲပြီးတက်လာတယ်။ သူ့ခေါင်းလေး ကိုင်ပေးလိုက်တယ်။ ပေါင်မုန့်လေး ကျွေးလိုက်တယ် ကျောင်းထဲမှာ အိပ်တယ်။ မင်းအပြင် မထွက်နဲ့တဲ့။ မင်းကျောင်းထဲမှာ အိပ်တဲ့။ ကျောင်းထဲမှာ အိပ်တယ်။ မြို့ပတ်လမ်းကကောင် မြွေအကြီးကြီးပဲ၊ ငါရန်ကုန်သွားရတော့မယ်ကွ။ အဲဒီတော့ ငါ ကိုးနာခွဲသွားတော့မယ်။ မင်း တစ်ချက်တီးမှ ကျောင်းကထွက်၊ အဲဒီလို မှာပစ်ခဲ့တယ်။ ဘုန်းကြီးတစ်ပါးကို အပ်ခဲ့တယ်။ ဘာဆေးမှ မရှိဘူး။ ခင်ဗျားတို့ရဲ့ ကံပဲ၊ ကံဆိုတာ စေတနာခေါ်တယ်၊ အာရောဂျံ ပရမံ လာဘံ ကျန်းမာရေးလာဘ်ရှိတယ်။ ကျန်းမာရေး လာဘ်လို့ စာကရေးထားတယ်၊ ဒီကျန်းမာရေးလာဘ် လိုချင်ရင် ဘာလုပ်ရမလဲ။ နဘယံ ဘေးမရှိဆိုတာ လိုချင်ရင် ဘာလုပ်ရမလဲ။ ဒါခင်ဗျားတို့ ပေါ်မှာ မူတည်တယ်။

တရားထိုင်၊ သမ္မာကသွား မိစ္ဆာအယူ ပယ်ပစ်လိုက်။ အာရုံ ငါးပါးကို လည်းပယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဘယ်ကံသတ်မလဲ၊ ဗျာပါဒသတ်မယ်။ အဘိဇ္ဈာသတ်မယ်။ ကုက္ကုစ စိတ် သတ်မယ်။ ဝန်တိုမိစ္ဆာစိတ် သတ်မယ်။ ဒေါသစိတ် သတ်မယ်။ လောဘစိတ် သတ်မယ်။ မောဟစိတ်သတ်မယ်။ အဲဒါ အာရုံကြောင့်

ဖြစ်တာ မနော။ မနောကံကို ဟောနေတာ (ဩော် အေး အေး အေး)? ဟာ အေးနေတယ်။ ဗိုက်ထဲမှာ ရေခဲတုံးကြီး ထည့်ထားတယ်။ အဲဒီဓါတ်ကို လာပေးတာ။ အဲဒီဓါတ်ကို ဩော် ငါ့အဖေလို၊ ငါ့အမေလို၊ ငါ့အစ်မကြီးလို၊ အဲ နင်တို့ ဒီတဏှာကို မသတ်နိုင်တော့ဘူး။ တဏှာပေါ်မှာ နင်တို့ မျောနေကြပြီ။ အဲဒီတော့ တဏှာပေါ်မှာ သမ္မာနဲ့မျော၊ မိစ္ဆာနဲ့မမျောနဲ့ ငါရဲ့ မျိုးစေ့လေး ပေးပစ်ခဲ့မယ်။ နင်တို့အစား ငါကျင့်ထားတယ်။ ရဟန်းချင်းပေမဲ့ မတူဘူး။ လာပါတဲ့ စစ်ပါတဲ့။ ဘယ်ရဟန်းဖြစ်ဖြစ် စစ်ပါတဲ့။ ခင်ဗျားမေးလိုက်လို့ မဖြေနိုင်ရင်တဲ့ သင်္ကန်းချွတ်ပေးလိုက်မယ်တဲ့။ ပုဆိုး၊ အင်္ကျီ ဝတ်ပြီးတော့ ပြန်သွားမယ်တဲ့။ လူဖြစ်ပြီနော်။ လူဖြစ်တော့ အေးပြီ။ ငါကျင့်ထားတဲ့ အသိကတော့ ငါနှလုံးသားမှာ ရှိတာပေါ့တဲ့၊ ရှိတယ်တဲ့၊ သံဃာတော် အရှင်မြတ်တွေ ဂိုဏ်းပေါင်းစုံက ချွတ်ပစ်လိုက်ပါဆို အခုချွတ်ပစ်လိုက်မယ်။ ပြန်သွားမယ်။ ဒီလိုဘုန်းကြီးမျိုး ဒါပေမယ့် သံဃာအချင်းချင်းတော့ အသိမတူဘူး။

သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်မယ်။ မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ ဒီတရားအသိ ကိုင်ပြလို့တော့ မရဘူးတဲ့ ဒီတရားကို ယုံကြည်ကြပါတဲ့။ အရိယာ သံဃာနဲ့ ပုထုဇဉ် သံဃာ တိုင်းပြည်မှာ ရှိတယ်။ ဒကာ၊ ဒကာမများ သိဖို့လိုတယ်တဲ့။ သဘောလေး ဟောတာ ခန္ဓာက သိသွားတဲ့ တရားတွေ။ စာတော့ တတ်တာ မဟုတ်ဘူး။ တရားအားထုတ်တယ်။ ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါး သိတယ်၊ ကိလေသာနဲ့ တဏှာသတ်တယ်။ ကိလေသာနဲ့ တဏှာဆိုတာ အာရုံမှာရှိတယ်။ မြင်လိုက်တော့ မသိဘူးလား။ သိတာ စိတ်ကလေး အဲဒီစိတ်မှာ တဏှာရှိတယ်။ မင်းယူထားတဲ့ အယူဟာ လောကီအကြောင်း၊ လောကုတ္တရာမဟုတ်ဘူး။ မင်းသေချာပြော ငါ့ကို သစ္စာနဲ့ပြော မင်းကိုလည်း ငါ သစ္စာနဲ့ပြောမယ်။ မင်းအခု နှလုံးသွင်းထားတာ လောကီကြောင်းတွေ၊ (၃၁) ဘုံ လည်တဲ့

အကြောင်းတွေ၊ အဲဒီ (၁၁) ဘုံလည်တဲ့အကြောင်းမှာ မိစ္ဆာနဲ့ သမ္မာ ခွဲလိုက် ဘယ်ကခွဲမလည်း ဟောဒီမဂ္ဂင်ရှစ်ပါးကခွဲတယ်။ ကောင်းမှု ကုသိုလ်ကံ ဟုတ်တာပေါ့။ ကောင်းမှုကုသိုလ်ကံ မင်းသမီးလေး ရေထဲ နစ်သွားရင် မင်းဘယ်လိုနေမလည်း ဟာ ပူတာပေါ့ ဘုရားတဲ့ ဥပါဒါန်ဖြစ်တာပေါ့။ မင်းသမီးလေး မင်းရှေ့မှာ ပါးရိုက်လိုက်တယ်။ မင်းစိတ်ထဲမှာ ဘယ်လိုလည်း ဟာ ဒေါသဖြစ်တာပေါ့ဗျာတဲ့။ အာရုံကြောင့် မနောသီလ ပျက်သွားပြီ။ ခင်ဗျားတို့ အလုပ် စရဏမှ မရှိတာပဲ။ ကောင်းမှုကုသိုလ်ကတော့ ရမယ်။ ကံဘုန်းကြီးဆီက ကံမျိုးစေ့ရမယ်။ ဉာဏ်ဘုန်းကြီးဆီက ဉာဏ်မျိုးစေ့ရမယ်။ ဒါပဲ ခင်ဗျားတို့ ရှာတတ်ဖို့လိုတယ်။

အာရုံ (၆) ပါး မင်းလွတ်သလား၊ အာရုံမေးနေတာ၊ ကိလေသာတဏှာ၊ တဏှာဘာလည်း ဒီကိလေသာကို မကျင့်ရင် တဏှာမလွတ်ဘူး၊ ဘာကြောင့် မလွတ်သလည်း ဦးပဏ္ဍိတ၊ မင်း မွေးရာပါ ဗီဇ မင်းအသိပါလာတယ်။ ဘာအသိလည်း သညာအသိ၊ အမှတ်အသိ ဟောဒါ ခွေး၊ ဟောဒါကြောင်၊ ဟောဒါ ငါ့မိန်းမ၊ ဟောဒါ ငါ့သား၊ သညာက ဒုက္ခပေးတာပဲကွာ။ အဲဒီ သညာမှာ ကိလေသာတဏှာ ရှိတယ်။ ရုပ်မှာ တဏှာရှိတယ်ကွ။ ငါ ဥပမာ ပြောပြမယ်။ ငါ့အဖေက ဦးချိုးတိုး၊ ငါ့အမေက ဒေါ်အုံးမေ တစ်ရွာတစ်ကျေးမှာနေတာ။ ဦးချိုးတိုးကြီးက ဒေါ်အုံးမေကို မြင်လိုက် တယ်။ ရူပကာယကို သာယာတာ၊ တဏှာပေါ့ဗျ။ တဏှာကနေ ပြီးတော့ ဖြစ်ကုန်တာပဲဗျို့၊ ကြက်ကလေးမွေးရင် ကြက်ကလေး ပေါက်တယ်။ ဝက်ကလေးမွေးရင် ဝက်ကလေး ပေါက်တယ်။ ခွေး ကလေးမွေးရင် ခွေးကလေးပေါက်တယ်၊ ကျွဲမွေးရင် ကျွဲပေါက်တယ်၊ မျိုးရိုးဗီဇ ရှိတယ်။ စာရေးထားတယ်။ ဥပါဒါန်တရားတွေ၊ ဒါ ကံပြတ်တရားတွေ၊ နိဗ္ဗာန်သည်တဲ့ ခန္ဓာမှာ စတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလကိုချုပ်တာ။ ပရမတ်ဆိုတာ ဓါတ် သဘောလေးပဲ၊ ဓါတ်ကို

သိသွားပြီ။ ခင်ဗျားတို့ကို လိမ်ရင် ဦးပဏ္ဍိတ အစိစိ ရောက်သွားမယ်။ စားလည်းစားရတာ မဟုတ်ဘူး။

ဒါ ကိုယ့်ဖအေလို၊ မအေလို၊ ကိုယ့်အစ်ကိုကြီးလို အောင်းမေ့တယ်။ ဟောဒီရုပ်က အနတ္တ၊ ခေါင်းက ဆံပင် ဖြူလာပြီ ငယ်ငယ်တုန်းကနဲ့ အခုကြီးလာတာ တူသေးလား၊ မတူဘူး၊ တော်ကြာ အိုမယ်၊ နာမယ်၊ သေမယ်၊ ရုပ်က အနတ္တ၊ စိတ်က အတ္တတွေ ဖြစ်နေတယ်၊ အစွဲတွေ ဖြစ်နေတယ်။ တဏှာတွေ ဖြစ်နေတယ်။ ခင်ဗျားတို့ ယူထားတဲ့ သီလ၊ မှန်တာပေါ့၊ အပြင် သီလတွေ၊ သူများအသတ် မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ သူများသားမယား မဖျက်ဆီးဘူး၊ သေရည်သေရက် မသောက်ဘူး၊ ဝိကာလ ဘောဇနာ မစားဘူး၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန မာလာဂန္ဓ၊ ဝိလေပန၊ တီးမှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မလုပ်ပါဘူး၊ အမယ်ကြီးက အသက် (၇၀) သူဌေးကြီးပဲဗျ။ တိုက်ထဲမှာ နေတယ်၊ ဘာမှ မလုပ်ပါဘူး။ ဒီအမယ်ကြီးက မြေးကျတော့ သွားစွဲနေပါလား။ အဲဒါ ဥပါဒါန် အဲဒါ (၃၁) ဘုံ လည်တဲ့စိတ်ခေါ်တယ်။ မှတ်ထား။ ဒီဥပါဒါန်ကို ဘာနဲ့ဖြတ်မလဲ။ ခင်ဗျားတို့ သီလနဲ့ ဖြတ်လို့ ရသလား။ သမာဓိနဲ့ကော ဖြတ်လို့ရသလား၊ ဥပါဒါန်ကြောင့် ကံဖြစ် သွားတာ အဲဒီ ဥပါဒန် ဘာနဲ့ဖြတ်မလဲ မဂ္ဂင်နဲ့ ဖြတ်မှပြတ်တာ တစ်ချက်တည်းဖြတ်ရတယ်။

အဲဒါကြောင့် ခန္ဓာနဲ့ရင်းရှာ။ ကိလေသာ၊ တဏှာ တွေချည်းပဲ။ မျောတရားရှိတယ်။ မြှုပ်တရားရှိတယ်၊ ပေါ်တရား ရှိတယ်။ ခင်ဗျားတို့ သက္ကာယ ဒိဋ္ဌိတဲ့ သူများအသက်တွေ လျှောက်သတ်တာ ဝက်တွေသတ်လိုက်၊ ကြက်တွေသတ်လိုက်၊ ဘဲတွေ သတ်လိုက်၊ ဆိတ်တွေသတ်လိုက် ပိုက်ဆံချမ်းသာတာပဲ ပိုက်ဆံက ပြနေပြီလေ။ သူ့ကို အမှတ်ကပြနေပြီ ဒါလုပ်ရင် တစ်ထောင်မြတ်မယ်၊ နှစ်ထောင်မြတ်မယ်၊ ကားဝယ်မယ်၊ **တိုက်**

ဝယ်မယ်၊ အိမ်ဝယ်မယ်၊ ကြက်၊ ဝက် သတ်တာတွေကြည့်စမ်း ကိုယ်ကျင့်တရားမရှိဘူး၊ စာနာတဲ့စိတ်မရှိဘူး ဟာ သွားပြီပေါ့၊ အဲဒါ ဘာလည်း မိစ္ဆာအယူတွေ ဒီဘဝ မိုးကျောခိုင်းပြီ၊ ဟောဒါ ငါ့ မိန်းမကွ၊ ဟောဒါ ငါ့သမီးကွ၊ ဟောဒါ ငါ့တိုက်၊ ဟောဒါ ငါ့ကားကွ ဟုတ်တယ်၊ မှန်တယ်၊ သူ့ဘက်ကကြည့် မှန်တယ်၊ အဲဒီကားလေးကို တစ်ယောက်ယောက်က ရိုက်ချိုးရင် ကားကို စွဲတာ တဏှာခေါ်တယ်။ တဏှာကြောင့် ဒေါသဖြစ်တယ်၊ သီလပျက်တယ်။ ဝိသုဒ္ဓိ မစင်ကြယ် တော့ဘူး။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ  မစင်ကြယ်ဘူး၊ အပြင်အာရုံ (၅) ပါးမှာ စင်ကြယ်ရင် ဟော ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်။

ပရိယတ္တိ၊ ပရိပတ္တိ အဲဒီတော့ ပရိပတ္တိက ပဋိဝေဒကို ဖော်ပေးတာ ငုပ်နေတဲ့ တရားတွေ ကံတွေဖေါ်ပေးတာ ဟောဒီ မိစ္ဆာကံတွေကွ။ ခင်ဗျားတို့ ဘုရားခေတ်က မြတ်စွာဘုရားခေတ်က တက္ကတွန်းတွေ၊ တုံးခုန်၊ ဖယ်ခတ်၊ ယူချင်တာယူ၊ လုပ်ချင်တာ လုပ်တယ်။ မင်းတို့ အယူကို ငါမယူဘူးကွတဲ့။ ငါ နှလုံးသွင်းတာ အတ္တပယ်ပြီးတော့ အနတ္တအာရုံပြုနေတာ၊ အနတ္တတွေ့မှ မာန်ပြတ် မယ်၊ မာန်ဘာကြောင့်ပြတ်လည်း တဏှာပြတ်လို့ မာန်ပြတ်တာ။ ဒိဋ္ဌိပယ်ပြီ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဒိဋ္ဌိဆိုတာ အပြင်အာရုံနဲ့ အတွင်းအာရုံနဲ့ မပေါင်းဘူး၊ မယူဘူး၊ အပြင်အာရုံကို ဥပေက္ခာ လိုက်တယ်။ ဒုစရိုက် (၁၀) ပါးလည်း ဥပေက္ခာလိုက်တယ်။ အနတ္တ ကိုယူတာ။ အတ္တကိုပယ်တာ။ ဒါခန္ဓာကဖြစ်နေတဲ့ သဘောတွေ။ စာတတ်တာမဟုတ်ဘူး။ ဥပါဒါန်ဆိုတာ ကိုယ့်စိတ်ကိုစစ်၊ ဥပါဒါန် ဆိုတာ ဥပမာ ဒကာမ တစ်ယောက်က ဦးဇင်းကို (၈) သိန်း လာလှူတယ်။ (၈) သိန်း လာလှူတော့ ဒကာမကတော့ ဘာမှ မသိဘူး။ ဦးပဏ္ဍိတကတော့ ဝတ္ထုကာမပေါ်မှာ သာယာရင်၊ စွဲရင်

ဥပါဒါန်ဘဲ၊ စွဲတယ်၊ မစွဲတယ် သူ့ပေါ်မူတည်တယ်။

ဝဋ္ဋကြကာမနဲ့ ငါ့မှာ ရှိတာက ကိလေသာကာမ၊ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူးတဲ့၊ ကိုယ့်စိတ်ကိုယ်စစ်၊ ဝဋ္ဋကို သာယာတာ ဥပါဒါန်ကံခေါ်တယ်။ ဒီဝိပဿနာတရားတွေ ကျင့်ရမယ်။ ခင်ဗျားတို့ ပညတ်ချုပ်လည်းရှိတယ်။ ပရမတ်ချုပ်လည်း ရှိတယ်။ အဲဒီ နှစ်ခုချုပ်တော့ ဖိုလ်ပေါ့ဗျ။ ပညတ်နဲ့ ပရမတ် ဉာဏ်ကချုပ်တာ၊ ဂတ္တိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဒပါဒ်၊ အာလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိကို စာက ဆိုထားတယ်။ စာနဲ့ ခန္ဓာက တစ်ထပ်တည်း ဖြစ်ရမယ်။

ခင်ဗျာတို့ ဘုန်းကြီးတွေရှိတယ်။ ချွတ်ပါဆို ချွတ်ပေးလိုက်မယ်။ မနက်ဖြန်ခါကျရင် လူဝတ်လဲသွားမယ် ဒါက ကိုယ်ရှာထားတဲ့တရား ကိုယ့်ဖအေတွေ၊ မအေတွေကို မျိုးစေ့လာပေးတာ။ မင်္ဂအောင်တဲ့မျိုးစေ့ လာပေးတာ။ သာသနာ မဆိတ်သုဉ်းသေးဘူး၊ သာသနာ (၂၅၀၀) မှာ မြေလျှောက် ရဟန္တာတွေရှိတယ်။ မရှိဘူးလို့ မပြောနဲ့ သာသနာရှိရင် ရဟန္တာရှိတယ်။ ဒါတွေ လူတွေ မသိဘူး၊ အနားကပ်တဲ့ လူတောင်မသိဘူး၊ ဒီက စာမတတ်လို့ ပြောသွားတာ စားချင်သောက်ချင်လို့ ပြောတာမဟုတ်ဘူး အခု မနက်စာလည်း မစားရဘူး။ ဒါခင်ဗျားတို့ သစ္စာနဲ့ပြောပြီ ဆွမ်းလည်းမစားရဘူး။ နေ့စာလည်း မစားရဘူး။ သိဒ္ဓိဆယ်ပါးရှိတယ်၊ သိဒ္ဓိတွေဟာ ကျွဲကူးရေပါတယ်။

တကယ်ကျင့်ထားတာ တောကြို ချုံကြားထဲမှာ သွားကျင့်ထားတဲ့၊ အဲဒီလို ကျင့်ထားတာ အသိတရားတွေကို ရန်ကုန်မြို့မှာ ဟောတာပဲ။ ဗိုလ်တထောင်ဘုရား လျှောက်ဟောတာ၊ ပုသိမ်မှာလည်း ဟောတာပဲ၊ အဲဒီတော့ ရေပုံးနဲ့ ကြိုး ဒကာ၊ ဒကာမ ဦးဖင်းကပုံး၊ ခန္ဓာဝန်ခေါ်တယ်။ အဲဒီ ပုံးဟာ ရေတွင်းထဲမှာ သွားချရင် ရေမရဘူး။ အဲဒီ ရေမရဘူး။ လက်တဖောင်ပဲရတယ်။ အဲဒီ ရေကို

လိုချင်တယ်။ ငါ့မှာ ပုံးဘဲရှိတယ်။ ငါဘယ်လိုလုပ်ရ ကောင်းမလည်း။ အဲ ဒကာမကြီးက အရှင်ဘုရား ဘာအသုံးအဆောင်လိုလည်း။ ဒကာမကြီးရယ် ကြိုးလေး လိုပါ တယ်ဗျာ။ သူမေးတဲ့ ကြိုးထုတ်ပေးတာ၊ လှူလိုက်တာ၊ အဲဒီပုံးကို ကိုင်းမှာ ကြိုးချည်တာ၊ ကြိုးချည်ပြီးတော့ အဲဒီရေတွင်း (၁၀) တောင်လောက်နက်တဲ့ ရေတွင်း သွားတာ။ အဲဒီ ကြိုးရှိလို့ ပုံးကို လျှောချတာ လျှောချတော့၊ ပုံးနဲ့ ရေနဲ့ထိ မြုပ်ကော။ ဆွဲတင်ရတယ်။ အဲဒီကြိုးဟာ သူပေးလို့ ဒီရေရတာ၊ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဒီဒကာမကြီးတွေ ပြုသွားတာ မမွဖြစ်အောင် ကိုယ်က လုပ်၊ မမွ မဖြစ်ရင် ကျောင်းစွဲတာတို့၊ အိမ်စွဲတာတို့၊ သင်္ကန်းစွဲ တာတို့ ဖြစ်တယ်။ စွဲတော့ ခံတဲ့။ ဒီလောက်ဆို တော်ရောပေါ့ဗျာ။

# ၁၇-၁၂-၂၀၀၀ ရက်နေ့တွင်
## စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းတွင်
# ဝိသုဒ္ဓိ ဆရာတော် ဘုရားရားကြီး ဦးပဏ္ဍိတ
## ဟောကြားခဲ့သော တရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူးဗျာ။ နောက်တစ်ချက်က ငယ်ဖြူ မဟုတ်ပါဘူး။ ကြီးမှ ဝိပဿနာလုပ်ပြီးမှ သာမဏေအဖြစ်နဲ့ နှစ်ဝါ၊ သုံးဝါလောက် နေခဲ့ပါတယ်။ အားလုံးရှိတဲ့ ဒကာ၊ ဒကာမများက ရဟန်းဘောင် တက်ပါဆိုလို့ ဦးဇင်း တက်ပါတယ်။ လက်ဦးသာမဏေ ကိုရင်ကြီးနဲ့ နေခဲ့ပါတယ်။ တောထဲကနေပြီးတော့ မြောင်းမြမြို့ ရောက်လာတယ်။ မြောင်းမြမြို့ စစ်တလင်း၊ ညောင်လေးပင် ရပ်ကွက်မှာ သီတင်းသုံးပါတယ်။ အဲဒီကျောင်းမှာ သူ (၁၇) နှစ်လောက်ကြာပါတယ်။ အားလုံးရှိကြတဲ့ ဒကာ၊ ဒကာမ သံဃာတော်အရှင်မြတ်များ၊ ဆရာတော်၊ သံဃာတော်အားလုံး စကားပြောလိုက်တဲ့အခါမှာ စာပေကျမ်းဂန်မတတ်တော့ မှားယွင်းသွားရင် သည်းခံကြပါ။ စာမတတ်လို့ပါ။ ဦးပဏ္ဍိတက အားလုံးကို ကိုယ့်ဖအေလို၊ မအေလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီမလို အားလုံးကို တောင်းပန်ပါတယ်။ အသိလေးကို ဦးဇင်းပြောပြမယ်။ ဘုရားက ဟောပါတယ်ဗျာ ဘာတွေဟောသလည်း သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ အဲဒါ သိရမယ်။ သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်၊ သိပယ်၊ စိုက်ပွား၊ ဒါ ကိုယ်လုပ်မယ့် အလုပ် အဲဒါ သိရမယ်။

ဒီတွေဟာ ဘယ်တုံ့မှာ နေသလည်း၊ ပစ္စုပ္ပန်ဘုံမှာ နေတယ်၊ လူ့ဘုံမှာနေတယ်။ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စဆိုတာ ဗမာလို ဘာလည်း အဲဒီတော့ ဦးဇင်း အသိနဲ့ ပြောရမယ်ဆိုရင် ဗြဟ္မာဘုံ (၂၀) ရှိတယ်။ ဒါ စာကရေးထားတဲ့ နတ်ဘုံ (၆) ဘုံရှိတယ်။

အပါယ်လေးဘုံ ရှိတယ်။ လူ့ဘုံ (၁) ဘုံ ရှိတယ်။ ပေါင်းလိုက်တော့ (၃၁) ဘုံဗျို့။ အဲဒါ ကံဘုံပ၊ အဲဒါ ကံပဲ၊ အဲဒီကံကို လွတ်အောင် ရှန်းရတော့မယ်ဗျို့။ ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါး ရှိတယ်။ ခန္ဓာ (၅) ပါးဟာ ကိုယ်တွင်းမှာ ရှိတယ်။ အဲဒီ ခန္ဓာ (၅) ပါးကျင့်၊ ရုပ်နာမ် (၂) ပါးကို သိလိမ့်မယ်။ ရုပ်နာမ်ကိုသိချင်လို့ ခန္ဓာ (၅) ပါးနဲ့ ရင်းရှာတာ၊ ကံအကြောင်းပြောတာပါ။ ဒီကံကို ငါ ဖြတ်မယ်။ ငါ ဘာဖြစ်လို့ ဒီကံဖြစ်ရတာလည်း။ သူစဉ်းစားတယ်၊ ကမ္မဝဋ်၊ ဘဝ ဝဋ်၊ ဝိဘာကဝဋ် စာကရေးထားတယ်။ စာက မှန်၏။ ဉာဏ် မမီ၊ ထိအောင် သူမသိ၊ စာတွေ့၊ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ ထက် ငါတွေ့က သာတယ်၊ ငါတွေ့ရှာတယ်ဗျ။

စာမှမတတ်တော့ ရှာတဲ့အခါ ကမ္မဝဋ်၊ ငါ ဘာကြောင့် ဖြစ်ရတာလဲ။ ဒီဘဝမှာ ပစ္စုပ္ပန်တည့်တည့်ကြည့်ရမယ်။ ကိလေသာနဲ့ တဏှာပါလား။ ဒီကိလေသာ အငုတ်ကို ဆွဲနှုတ်မှဘဲ ရုပ်တရားက ကိလေသာ ဒီကိလေသာကို ပယ်ရင် တဏှာက ရုပ်သွားလိမ့်မယ်၊ တဏှာဘာလည်း၊ အာရုံခေါ်တယ်။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝါအာရုံ၊ ကိုယ်အာရုံ၊ ဒီအာရုံဟာ ဦးပဏ္ဍိတလည်းရှိတယ်။ ခင်ဗျားတို့လည်းရှိတယ်။ ငါသည် ဒီအာရုံကို ငါမပယ်နိုင်ပါလား။ ဘာကြောင့် မပယ်နိုင်သလည်း၊ ငါရဲ့ အဖေ၊ အမေ မွေးလာကတည်းက ဇာတိ၊ အမှတ်သညာကြောင့် ငါ့မှာ ဥပါဒါန်တွေ ဖြစ်ပါလား။ ဒီအမှတ်ပဲ ဒီဘဝမှတ်ပြီ ဒါခွေး၊ ဒါကြောင်၊ ဒါဖအေ၊ ဒါမအေ အဲဒီ အမှတ်ကနေပြီးတော့ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ အဲဒီကံနှစ်ကံဟာ အလယ်ကသွားရင် ဘာဖြစ်မလည်း။ ဒီကံနှစ်ကံကို ပယ်မယ်။ ဘာနဲ့ ပယ်မလည်း။ ငါ ဝိပဿနာရဲ့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ အဲဒီတော့ ဒီ ကိလေသာနဲ့ တဏှာကို သူ သတ်တယ်။ တရားထိုင်တယ်။

စာမှ မတတ်တော့ ဩော် ကာယကံ (၃) ပါး၊ ဝစီကံ လေးပါး၊ မနောကံ သုံးပါး ပေါင်းလိုက်တဲ့အခါကျတော့ ဒုစရိုက် (၁၀) ပါး ဒီဒုစရိုက် (၁၀) ပါးတွေဟာ ငါဟာ အာရုံနဲ့ ပေါင်းပြီးတော့ မိစ္ဆာအယူတွေ ငါယူပါလား၊ သက္ကာယ ဒိဋ္ဌိအယူတွေ ငါယူပါလား၊ ငါမှားပြီ။ မဂ္ဂင်သွားမဲ့လမ်းက ဒီတစ်လမ်းပဲရှိတယ်။ ကိလေသာနဲ့ တဏှာ ကိလေသာက ရုပ်တရားကြီး၊ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်းအမှန် တရားကို ဒုက္ခကို သူရှာပြီ၊ ခန္ဓာမှာရှာပြီ၊ ဒါက အပြင်အာရုံ ဘာလည်း ပါဏာတိပါတာ ဝေဒါမဏီ သိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နဒါဏာ ဝေဒါမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ကာမေသုမိစ္ဆာ စာရာ ဝေဒါမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ဒီကံတွေဟာ ဘာကြောင့် သူများပစ္စည်းခိုးသလဲ၊ ဘာကြောင့် သူများအသက် သတ်သလဲ၊ မျက်စိမြင်လိုက်တယ်။ မနောဘဝင်က သိတယ်၊ သိတာက ဘာနဲ့ သိသလဲ အမှတ်နဲ့သိတယ်၊ ဒါ ငါးသလောက်ပဲ၊ ဒါ ငါးကြင်းပဲ အဲဒီတော့မှ ဒီ ငါးရတော့ သာယာတယ်၊ ပါဏာတိပါတာ ကျူးလွန်တော့ သစ္စာဟာ ပျက်သွားပြီ။ သူလုပ်တယ်၊ ဒါ ပစ္စုပ္ပန်တည့်တည့် ပြောတာ။ အာရုံကို ပြောသွားတာ။ အာရုံနဲ့ မနော နားသောတနဲ့ မနော၊ နှံသာနဲ့ မနော၊ ဇိဝှါနဲ့ မနော အာရုံ ငါးပါးနဲ့ မနော၊ မနောနဲ့ အာရုံငါးပါး ပေါင်းတဲ့အခါကြတော့ သောမနဿ၊ ဒေါမနဿ ဒါကံတရားတွေ ဘာကြောင့် ကံဖြစ်သလဲ၊ ဥပါဒါန်ကြောင့် ကံဖြစ်တယ်ဗျို့။

ဥပါဒါန်ဆိုတာ ဘာလည်း ဦးဇင်းက သဘောလေး လောက်ပဲ ပြောသွားမယ်။ ဩော် ဦးပဏ္ဍိတရဲ့ သားလေး သေသွား၊ ဦးပဏ္ဍိတရဲ့ သမီးလေး သေသွားတယ်၊ ဒီအသံကြားတော့ မှတ်တာ။ မိရိုးဖလာအသိ၊ ဘဝအဆက်ဆက်က ပါလာတဲ့ မိရိုးဖလာအသိ၊ သညာက သူ့ကို ဒုက္ခပေးတာ၊ တစ်ခါတည်း ဥပါဒါန် ဖြစ်တာပဲဗျို့။ ငါ့အဖေ ကားတိုက်ပြီး သေပါလား၊ ဒီသတင်းကြားတာနဲ့ စိတ်ထဲမှာ

မကောင်းဘူး၊ မနောဘဝင်မှာ၊ အတွင်းမနောမှာ မကောင်းဘူးဗျို့။ ဥပါဒါန်ဖြစ်သွားတယ်။ ဒီဟာကြားလို့ ဥပါဒါန်ဖြစ်တယ်။ အဲဒါ ဘာလည်း သီလပျက်တယ်။ ဘာလို့ သီလပျက်လည်း အလုပ် လုပ်တဲ့ စရဏမှ မရှိပဲ၊ ခင်ဗျား စာတော့ တတ်နေတယ်၊ မိုးပျံအောင် တတ်နေတယ်။ ဒီ ဥပါဒါန်ဟာ စာလည်း မကယ်နိုင်တော့ဘူး။ ဂုဏ်တော်လည်း မကယ်နိုင်တော့ဘူး။ ဘာမှလည်း မကယ်နိုင် တော့ဘူး။ အဲဒီ ဥပါဒါန် ဘယ်သူက ကယ်သလည်း မဂ်ဉာဏ် ဆုတောင်းရမယ်ဆို ငါလည်း ဆုတောင်းမယ်။ လုပ်မှ သိမယ်။ သိမှ ပယ်မယ်။ ပယ်မှ မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်၊ မဂ်ရရင် ဖိုလ်နဲ့ နီးနေတယ်။

ကိုယ့်ဖအေတွေ၊ ကိုယ့်မအေတွေ၊ ကိုယ့်အစ်မကြီးတွေ ကိုယ့်ရဲ့ ဆရာတော်တွေ လာပြီးတော့ ဦးပဏ္ဍိတက ခန္ဓာက သိတဲ့ အသိတွေ ခင်ဗျားတို့ကို ပြောပြတာ။ ဦးပဏ္ဍိတမှာရှိတာ။ ကိလေသာ တဏှာ၊ ကိလေသာ ရုပ်တရားဟာ ဘာကြောင့် ဖြစ်ရတာလည်း။ ခင်ဗျားတို့ သဘောလေးပဲ။ ဒီကိလေသာရှိရင် တဏှာရှိမယ်။ တဏှာ ဆိုတာ အာရုံ၊ စက္ခုအာရုံ၊ နားသောတအာရုံ၊ အာရုံနဲ့ မနော၊ အပြင်အာရုံနဲ့ အတွင်းအာရုံ ပေါင်းတော့ သင်္ခါရတွေပေါ့ဗျာ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ၊ အနတ္တ ခင်ဗျား အာရုံနဲ့ မနောနဲ့ပေါင်းတာ ဘာအယူကို ယူသလည်း လောကီအာရုံ (၆) ပါးကို ယူတယ်။ လောကီကြောင့် လောကုတ္တရာကြောင့် မဟုတ်ဘူး။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ သဘောလေးပဲ ကိုယ့်စိတ်ကို စစ်လိုက် ဒါပစ္စုပ္ပန်တည့်တည့်လေးပဲ။ ဒါ သစ္စာတရားတွေ။

သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာတသစ္စာ၊ အရိယထသစ္စာကို ဟောပေးလိုက်တာ။ ဒါပေမယ့် ဦးပဏ္ဍိတ အရိယာလို့ မပြောဘူး၊ ရဟန္တာလို့ မပြောဘူး။ အနာဂါမ် လို့ မပြောဘူး၊ သောတာပန်လို့ မပြောဘူး၊ သဒ္ဒါဂန်လို့ မပြောဘူး။

စိတ်ကို ကျင့်တာတဲ့၊ စိတ်က တဏှာနာမ်၊ ခယ၊ မစ္စက စိတ်သာ ရှင်သော ဘုရားဟောတဲ့၊ အခုဘဝမှာ ငါ့စိတ်ကလေးဟာ အလွန် ဒုက္ခတွေ ရောက်တယ်။ ဘာကြောင့် ဒုက္ခရောက်သလည်း၊ ငါက သွားသွားပြီး စွဲတာ၊ ဥပါဒါန်တွေ ဖြစ်ပြီးတော့ ဒုက္ခ၊ အဲဒီ ဒုက္ခကို သူမသိဘူး။ ခန္ဓာမှာ ဖြစ်နေတဲ့ ကမ္မဝဋ်ကို သူမပယ်ဘူး၊ ကမ္မဝဋ်ကို မပယ်ရင် ဗောဓိ ဒီဘဝမှာ မလွတ်ဘူး။ ဗောဓိဘဝ မလွတ်ရင် ဝိပါက ဝဋ်လည်မှာပဲ။ ကမ္မဝဋ်ကိုပယ်ရင် ဗောဓိဘဝမှာ ခင်ဗျား လွတ်မယ်၊ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်။ ဘယ်လို သီလတွေ ချုပ်သွားလည်း၊ ပညတ် သီလနဲ့ ပရမတ်သီလ ချုပ်သွားတာ၊ အတွင်းသီလနဲ့ အပြင်သီလ ချုပ်သွားတာ။ အဲဒါ (၃၁) ဘုံ လွတ်တဲ့တရားခေါ်တယ်။ (၃၁) ဘုံ လွတ်တဲ့ စိတ်ခေါ်တယ်။

ခင်ဗျားတို့ ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ လူ့ဘဝ၊ ကောင်းမှုကုသိုလ်ကံ ခေါ်တယ်။ ငွေရရင် ငွေနဲ့ တင်းတိမ် မနေပါနဲ့။ ငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့ တင်း မတိမ်ပါနဲ့၊ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်။ အဲဒီကျောက်က သယံဇာတ ထွက်လာတဲ့ကျောက် အရည်အသွေးလည်း ကောင်း တယ်။ ကမ္ဘာကကြိုက်တယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ ရွှေ တစ်ကျပ် သား သွားရောင်းရင် ရွှေတစ်ကျပ်သား တန်ဖိုးပေးလိုက်မယ်။ ခင်ဗျား တစ်နှစ်လောက်စား ကုန်တာပဲဗျ။ ငွေလည်း တစ်ကျပ်သား သွားရောင်းရင် ခင်ဗျား တစ်နှစ်လောက်စား ကုန်တာပဲဗျ။ အဲဒီ ကျောက်ကတော့ သယံဇာတ ထွက်တဲ့ကျောက်။ စားလို့ မကုန် တော့ဘူးဗျို့။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ရုပ်နဲ့ ရှာမှ သိမှာ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို သိလိမ့်မယ်၊ အဲဒီ သိတော့မှ နိရောဓ သစ္စာနဲ့ မဂ္ဂသစ္စာကို သိတော့မှ ဟာ ဟုတ်ပါလား။ အဲဒါ သစ္စာ လေးပါးပဲ။ အဲဒါ ဒုက္ခသစ္စာဆိုတာ ကမ္မဝဋ်ကို မသိဘူး။ ကမ္မဝဋ်ကို မသိရင် ဗောဓိဘဝမှာလည်းဘဲ မလွတ်တော့ဘူး။

အာရုံနဲ့ မနောနဲ့ ပေါင်းထားတဲ့အတွက်ကြောင့် ခင်ဗျား တွေးသာ ကြည့်တော့။ ဒါ ကံတရားဟောတာ၊ ဒီကံတရားဟာ ဘုရားဟောထားတဲ့ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝ၊ အဲဒီလေးပါးဟာ အာရုံပေါ်မှာ ကျက်စားနေတယ်။ ဘယ်သူက လုပ်သလည်း။ အာရုံ (၆) ပါးက လုပ်တယ်။ ဒိဋ္ဌိကို မသတ်ဘူး။ အပြင်အာရုံနဲ့ အတွင်းအာရုံ ပေါင်းပြီးတော့ စေတသိတ်ဖြစ်တယ်။ မြင်စိတ်ကလည်း မှတ်ပေးတယ်ဗျို့။ သင်္ခါရတွေ ဖြစ်ပြီးတော့ စိတ် စေတသိတ် ရုပ် သုံးချက်လွတ်ရင် အဲဒါ နိဗ္ဗာန်ပဲ၊ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ နိဗ္ဗာန်နီးနီးလေးပဲ။

ကောဓမ္မာ ဘယ်ကလာသလည်း ရုပ်ပေါ် နာမ်ပေါ်က လာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်။ ဒါကြောင့်မို့ စာက မှန်၏။ ဉာဏ်မမိ ထိအောင် သူမသိဘူး။ ဒီရုပ်ကို ဉာဏ်နဲ့ ကြည့်မှ ဉာဏ်ဖြစ်တော့ အာရုံငါးပါး ပေါ်မှာ သူက နှလုံးသားက သိတယ်။ အာရုံကို ယူတော့ ကံ၊ အခု အာရုံကို မယူတော့ ဉာဏ်၊ အာရုံငါးပါးကို မယူတော့ ဉာဏ်၊ ဟိုတုန်းက အာရုံငါးပါးကို ယူတော့ မနောကံ၊ သံသရာလည်တဲ့ ကံ အခုသိထားတာ ဉာဏ်၊ ဝိဇ္ဇာစရဏ သမ္မာတော၊ အဲဒီအာရုံ ငါးပါးကို မယူတော့ ဉာဏ်၊ ဒီဉာဏ်က နှလုံးသားမှာ ဖြစ်နေတဲ့ အတွက်ကြောင့် အာရုံငါးပါးပေါ်မှာ စေတနာဟာ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး၊ လူမျိုးမရွေးဘူး။ ဘာသာမရွေးဘူး။ ဘယ်သူ့မှ မရွေးတော့ဘူး။ စေတနာဟာ အကုန်လုံး ဖြစ်နေတယ်။ မျက်ရည် တောင် ကျတယ်။ ဒီမျိုးစေ့တွေ လာပေးတာ။ အဲဒီမျိုးစေ့လေး ယူရင် ခင်ဗျားမှာ ထူးပြီပေါ့ဗျာ။ နေပူထဲ ထွက်တော့ အရိပ် ထွက်တယ်။ ဒီအရိပ်ကိုယ့်နောက် အမြဲပါတယ်။ ဒီမျိုးစေ့ ပါသွားပြီ။ တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ သီလ၊ ဝိသုဒ္ဓိဖြစ်အောင်၊ ဝိပဿနာကိုလုပ်။ ခင်ဗျားရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ ဆေးကြော

တယ်။ ဒါနနဲ့ ဆေးကြောတယ်။ ဘာဝနာနဲ့ ဆေးကြောတယ်။ သမ္မာဒါနနဲ့ လှူတယ်။ သမ္မာဘာဝနာနဲ့ ပွားတယ်။ အနတ္တနဲ့ သွားတယ်။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။

အထင်ဉာဏ်က အမြင်ဉာဏ်ကို ပြောင်းလိုက်၊ ထင်ထားတဲ့ အာရုံကနေ အမြင်ဉာဏ် နှလုံးခန္ဓာမှာ ဉာဏ်စိုက်၊ ဒီရုပ်မှာ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားရှိတယ်။ စာလိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနတ္တဆိုတာ ရုပ်ကိုပြောတာ၊ အဲဒီရုပ်ကြီးဟာ အနတ္တ၊ ရုပ်ပေါ်မှာရှိတဲ့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်တွေဟာ အတ္တ ကံတွေဖြစ်နေပြီ။ ဝတ္ထုကာမနှင့် ငါ့မှာရှိတာက ကိလေသာ ကာမနှင့် ယှဉ်တွဲ သုံးသပ်ကြည့်ပါက အများလည်း ကြိုက်တယ်။ ကိုယ်လည်း ကြိုက်တယ်။ အရိယာမကြိုက်ဘူးတဲ့၊ လှူတော့ လက်ခံတယ်၊ မစွဲဘူးတဲ့ မစွဲတော့ ကံပြတ်တာပေါ့။ အေးတာပေါ့ သွားစွဲရင် ပူတယ်။ အဲဒါ ဉာဏ်ရလို့ ဒီသဘောပြောတာ။ မရဘဲနဲ့ ပြောတာ မဟုတ်ဘူး။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ ဒီတရားတွေဟာ ကျင့်ရမယ်၊ အပြင်မှာ စင်ကြယ်အောင်နေ။ အပြင်မှာ စေတနာထားရတော့မယ်။

ဟုတ်ကဲ့ အဘကြီး ကျွန်တော်တို့ လမ်းလေးရှင်းပေးပါ့မယ်၊ ကျွန်တော်တို့ လိုက်ဆောင်ရွက်ပေးပါ့မယ်။ အပြင်မှာ စေတနာမှန်ရင် အတွင်းမှာ ဉာဏ်ပေါက်တယ်။ အဲဒီစိတ်ကိုထား အုန်းတုံးကိုလည်း လျှောက်၊ လက်တန်းကိုလည်းကိုင်၊ ဒီအုန်းတုံးက လူပ်တုတ် လူပ်တုတ်နဲ့ ဒီအုန်းတုံးချည်းပဲ လျှောက်မယ်ဆိုရင် စိုးရိမ်ကြောင့်ကြစရာတွေ၊ ပူပန်စရာတွေရှိတယ်။ လက်တန်းလေးနဲ့ကိုင်လျှောက်၊ လက်တန်းက ဒါန၊ အုန်းတုံးလျှောက်သွားတာက သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ အဲဒါ သီလမဂ္ဂင်၊ အာရုံပေါ်မှာ ခင်ဗျားစိတ်ကို ထိန်းထားတာ ချော် အေး အေး အေး၊ ချော် အေး

အေး အေး၊ ခင်ဗျား သည်းခံပါ။ သူများထိုးလည်း သည်းခံပါ။ ခင်ဗျား စေတနာ မပျက်ပါနဲ့။ ဘယ်သူပဲပျက်ပျက် ကိုယ့်စေတနာ မပျက်ပါနဲ့၊ အဲဒီစေတနာ မပျက်ရင် ခင်ဗျားရဲ့ ကျင့်တဲ့သီလ ဝိသုဒ္ဓိ ဖြစ်တယ်။ အပြင်မှာ စင်ကြယ်လို့ ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ခင်ဗျား ဉာဏ်ရမယ်။

ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိ ဒါ ဘုရားဟောအရ မသိသူ ကျော်သွားတယ်။ သိတဲ့သူက ဖော်သွားတာ၊ ဟောဒီဘဝမှာ (၃၁) ဘုံမှာ ဖော်သွားတာ။ ဟိုက မျှောသွားတာ စာတွေနဲ့ မျှောနေတာ၊ လောကီကြောင်းတွေ။ စာတော့ မတတ်ဘူး။ ဘယ်နှစ်ဝါရှိပြီလည်း တပည့်တော် သုံးဝါပါ ဘုရား။ ဒုလ္လဘပါဘုရား။ အပေါ်စားကြီးပါ ဘုရား၊ သူက ဒီလိုချည်းပဲ ပြောတယ်၊ ဟုတ်ပါတယ်ဘုရား၊ အလကားပါဘဲ ဘုရား၊ ဒီလိုပဲ ကိုက အရှုံးပေးတယ်။ လောကဓံဆိုတဲ့ လောကကို အရှုံးပေး ထားတယ်။ ဒီလိုအရှုံးပေးမှ ခင်ဗျားမှာ တရားတက်မယ်။ ဘုရား တောင်မှ မာန်နတ်ကို ကျေးဇူးတင်တယ်။ သူဖျက်လို့ ဘုရားက တရား တက်တက်သွားတာ၊ အဖျက်ရှိမှ တရားက တက်တာဗျ။ အဲဒီ အဖျက်ကို ကိုယ်က နှလုံးသွင်းတတ်ဖို့လိုတယ်။ သြော် အေး အေး အေး။

အဲဒီတော့ မျှောတရားရှိတယ်။ မြှုပ်တရားရှိတယ်။ ပေါ်တရား။ အဲဒီမှာ (၃၁) ဘုံ ဖော်စားတာ၊ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါး၊ ကိလေသာပြတ်ရင် တဏှာပြတ်မယ်။ ဟောဒီ ကိလေသာ မပြတ်ရင် တဏှာဖြစ်မယ်။ အဲဒီ တဏှာက (၃၁) ဘုံလည်တာ သူပဲ။ သူကပဲစွဲတာ၊ အပြင်သီလ ယူချင်သလောက်ယူ ခင်ဗျားသား သေမယ်၊ သမီးသေမယ်၊ ခင်ဗျားလင် သေမယ်၊ ခင်ဗျား မပူဘူးလား။ အဲဒီအပူဟာ ဥပါဒါန်လည်တာပဲဗျို့။ ခင်ဗျားတို့ ဦးပဏ္ဍိတ ပြောသွား ပြီ။ ရုပ်နာမ်ကို မသိရင် ကြောက်ရတယ်ဗျာ။ ဒီရုပ်နာမ်သိမှ

ဝိဇ္ဇာဉာဏ် ရမယ်။ ရုပ်နာမ်မှ မသိရင် အဝိဇ္ဇာ၊ အဝိဇ္ဇာနဲ့ မျောမယ်။ မြုပ်မယ်။ ကြည့်စမ်း ဘယ်လောက်ကြောက်ဖို့ကောင်းလည်း။ ဒီဌာကို သတ်မှ တဏှာပြတ်မယ်။

ကိလေသာဆိုတာ ရုပ်၊ အဲဒီရုပ် ဘာနဲ့ ရလည်း ဟိုး ဟိုး အတိတ်က ကံက မကုန်လို့ ဦးချိုးတိုးနဲ့ ဒေါ်အုံးမေ တစ်ရွာ တစ်ကျေးမှာ နေကြတယ်။ အဲ ဦးချိုးတိုးကလည်း တစ်ရွာမှာနေ တယ်။ ဒေါ်အုံးမေနဲ့ အပြင်တွေ့ကြတယ်။ ဦးချိုးတိုးက ဩော် ဒေါ်အုံးမေရဲ့ ရူပကာယလေး အလွန်လှပတင့်တယ်ပါလား။ အောင် မလေး ဦးချိုးတိုးက အဲဒီ အပြင်အာရုံငါးပါး မြင်လိုက်တော့ မနောမှာ သာယာတယ်ဗျို့။ အဲဒါနဲ့ ပေါင်းသင်းလာပြီးတော့ မြမောင်မွေးတာ ပဲဗျို့။ မြမောင်ကလည်း အတိတ်က ကံက မပြတ်လို့ ဒီလိုဘဝကံနဲ့ လာရပါတယ်ဗျာ။ အဲဒါတော့ မနုဿဘာဝေါ ဒုံလဘော လူ့ဘဝကို ခဲယဉ်းစွာ ရအပ်လေ၏။ ခဲယဉ်းတာ ရတော့လည်း အသိရဖို့ လွယ်တယ်မထင်နဲ့။ မရှိတာကို ရှာရင် ရတယ်တဲ့။ မသိတာက အခက်ဆုံးတဲ့။ ကံ ရုပ်ကြီးရတဲ့ ကမ္မဝဋ်ကြီးရတဲ့အခါ မသိသေး ဘူးဗျ။

အစက မသိပါဘူးဗျာ။ အဲဒီတော့ ဘာတွေသိသလည်း။ ငါ့ဟာ ဒီပစ္စည်းတွေ ငါစွဲနေသလား။ စားချင်တဲ့ စိတ်ကလေးများ ဖြစ်သေးသလား၊ အိပ်ချင်တဲ့ စိတ်ကလေး ရှိသေးသလား၊ ဟိုနား ဒီနား သွားချင်တဲ့ စိတ်ကလေးရှိသေးသလား။ စိတ်ကလေး အာရုံနဲ့ မနော ဩော် (အေး)[၃] ဒါပဲဗျို့။ ခင်ဗျားတို့ ကိုယ့်ဖအေလို၊ ကိုယ့် မအေလို ကိုယ့်အစ်ကိုလို ဆရာတော်၊ သမားတော်တွေကို မေးပါဗျာ။ တကယ်သိတဲ့ ပုဂ္ဂိုလ်မေးပါ။ ဦးပဏ္ဍိတ ကိုယ်ရေသွေးပြီး ပြောသွား တာ မဟုတ်ပါဘူး။ ဦးပဏ္ဍိတ အနတ္တကြီးပါ။ ဒီရုပ်ကြီးက အိုရ အုံးမယ်၊ နာရအုံးမယ်။ ပါးစပ်ထဲမှာ သွားမရှိတော့ဘူး။ ငယ်စဉ် တောင်ကျေးက သွားတွေရှိတယ်။ ဆံပင်တွေမဖြူဘူး။ အခု အိုလာပြီ

တဖြည်းဖြည်း ဇရာက ထောင်းလာပြီ။ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပါယ်ကိုပြောမှ သဘောပေါက်မှာ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။ တစ်ဦးနဲ့ တစ်ဦးဟာ တစ်ယောက် နဲ့ တစ်ယောက် ဓမ္မသာဝန ဓမ္မဒေသနာဆိုတာ ဆွေးနွေးဖို့ အလွန် ကောင်းပါတယ်။ ဦးပဏ္ဍိတမသိတဲ့ စာတွေလည်း ပြောပြလို့ ရပါတယ်။ ဦးပဏ္ဍိတ ခန္ဓာက သိတာလည်း ပြောပြပါမယ်။ စာ သမားက ဝေဖန်ပါလိမ့်မယ်။ ဓမ္မသာဝန၊ ဓမ္မဒေသနာဆိုတာ ရှိပါ တယ်။ ဒုလ္လဘ ငါးပါးထဲမှာ ရှိပါတယ်။

ကိုယ့်ဖအေလို၊ ကိုယ့်မအေလို အကုန်လုံးဦးချပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ကြီးတဲ့သူကိုလည်း ရိုသေရမယ်။ ကိုယ်နဲ့ တန်းတူကိုလည်း ကြင်နာရမယ်။ ကိုယ့်အောက်က လူကိုလည်း သနားမယ်။ စာတတ်ပြီးတော့၊ မင်း ဘယ်နှဝါရှိပြီလည်း သုံးဝါ ရှိပါတယ် ဘုရား။ ဩော် ဒုလ္လဘကြီးပဲ၊ မှန်ပါ့ဘုရား။ ကိုယ့် တတ်တဲ့ပညာ လျှို့ဝှက်တယ်။ သူ့ကို ပြောလို့ မရတော့ဘူး။ သူ ကျောင်းကြီးကလည်း ဟီးနေတာပဲ။ သိန်းပေါင်း၊ သန်းပေါင်း၊ ကုဋေပေါင်း ချမ်းသာတဲ့ ကျောင်းကြီး ဆောက်ထားတယ်။ ကျောင်းမှာလည်း အဲဒါပေါ့ဗျာ၊ ဝါမှာလည်း အဲဒါပေါ့ဗျာ။ စာမှာ လည်း အဲဒါပေါ့ဗျာ။ လောကီအာရုံတွေ နှစ်သက်ပြီးတော့ မျောနေ တာတွေ တပုံကြီးရှိတယ်ဗျို့။ ရဟန်းတော့ ရဟန်းပဲ။ တစ်နေ့တော့ ဒီလမ်းသွားကြမှာပဲ။ မလွတ်ပါဘူး။ သေခါနီးမှ ဇောသုံးတန် မပြန်ခင် ကိုယ့်ဟာကိုယ် စဉ်းစားဝေဖန်ပြီးတော့ လုပ်ကြ၊ သားတစ်လမ်း၊ သမီးတစ်လမ်း၊ အဇာတသတ်ကြည့် အဇာတသတ်က ဘယ်သူ့ သွားပေါင်းလည်း ဒေဝဒတ်သွားပေါင်းတယ်။ ဖအေက ဘုရား ပေါင်းတယ်။ တစ်ယောက်နဲ့ တစ်ယောက် စေတနာခြင်း မတူဘူး။ အယူဝါဒခြင်းလည်း မတူဘူး။

ကိုယ့်ဟာကို အသာလေးကျင့်ပြီးတော့နေကြ။ အပြင်မှာ စေတနာထား၊ အတွင်းမှာ ဉာဏ်ပေါက်၊ အတွင်းမှာ ကံပေါက်ချင်ရင် အပြင်မှာ စေတနာပျက်တယ်။ ဘာဖြစ်လို့လည်း သညာက မှတ်တာကို၊ ငါ့သမီး ဒီကောင်ရိုက်တာကို။ ဒေါသဖြစ်တယ်၊ ဒေါသဖြစ်ရင် သီလပျက်တယ်။ ဘယ်သီလပျက်လည်း အပြင်အာရုံကို ယူလို့ မနောအတွင်း သီလပျက်တယ်။ အဲဒါ အပါယ်ကို ကျနိုင်တယ်။ အပြင်သီလက အကာ စိတ်မချရဘူး။ အနှစ်သီလမှ ခင်ဗျားမှာ သဘောပေါက်လာမယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီကံရှိတယ်။ အာရုံနဲ့ သွားပေါင်းတာ၊ သွားပေါင်းတော့ ဘာ ပြော် ငါ့သမီးလေး ရိုက်လိုက်ပါလား။ ငါ့သားလေး ထိုးလိုက်ပါလား။ ဖအေ၊ မအေက ဒေါသဖြစ်တယ်ဗျို့။ အံကြိတ်ထားတာပဲ၊ အဲဒီအာရုံသွားယူလိုက်တော့ မနောပေါက်တယ်ဗျို့။ ဘာဖြစ်လို့ ပေါက်တာလည်း မနောက ကံ ဖြစ်နေတယ်။ အဲဒီအာရုံကြောင့် ဉပါဒါန် ကံ ဖြစ်တာ၊ ကိလေသာရဲ့ ကံမျိုးစေ့ကို သူမပြတ်ဘူး။ ကိလေသာရဲ့ ကံမျိုးစေ့ မပြတ်တော့ ဟောဒီတဏှာ မလွတ်ဘူး။ အဲဒါ သမီးလေး သွားစွဲတာ တဏှာ ခေါ်တယ်။ အဲဒါ သီလပျက်တာ၊ သွားတာပဲ၊ မိုးကျောခိုင်းတာပဲဗျို့။ ဒါတွေအများကြီးပဲ။

ဒါကြောင့်မလို့ ခင်ဗျားတို့ မနေ့ကလည်း ဦးပဏ္ဍိတကို ခင်ဗျားတို့ လှူကြတာပဲ။ ဆရာကြီးတွေပဲ ဦးဇင်းကို ငွေငါးသောင်း ပေးပါတယ်။ ဦးဇင်းက ပြန်ပြီး စွန့်ပစ်ခဲ့ပါတယ်။ အခုလည်း ခင်ဗျားတို့ လှူချင်ရင် ဦးပဏ္ဍိတ ဟို့ အောက်ဆင်းပြီးတော့ အလှူခံ ပေးမယ်။ အဲဒီရတဲ့ ပိုက်ဆံတွေလည်း အကုန်ပေးပစ်ခဲ့မယ်။ ဘာမှ မယူဘူး။ ဘယ်မှာ ဟော ဟော၊ ပုသိမ်ဟောလည်း အကုန်ပေး ပစ်ခဲ့တယ်။ ဟိုး လယ်ကွင်းကြီးထဲမှာ ဟောလည်း ရတဲ့ပိုက်ဆံတွေ ပေးဖြစ်ခဲ့တယ်။ ဘာလုပ်မလည်းကွာ ဒီပိုက်ဆံတွေ ဟော့ ဒကာကြီး တွေ၊ ဆေးရုံအုပ်ကြီးသာ ပေးလိုက်ပါကွာ။ အဲဒီတော့ ဆေးရုံမှာ

လူနာတွေရှိတယ်ကွ။ ဆေးမထိုးနိုင်ကြဘူး။ အဲဒီတော့ ဆေးရုံအုပ်ကြီး ပေးပြီးတော့ ဆရာကြီးက အဲဒီလူနာတွေကို ဆေးဝယ်ပြီး ထိုးပေးရင် လူနာတွေ ပျောက်တယ်။ တရားဟောရတဲ့ပိုက်ဆံတချို့ ဘာလုပ်လည်း၊ လူသေရင် ခေါင်းဖိုးမရှိဘူး။ ခေါင်းဖိုးရပ်ကွက်က လူတွေကို ပေးပစ်ခဲ့တယ်။ ဘာမှ မယူသွားဘူး။ ဒီလို စေတနာ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ခင်ဗျားတို့ လှူရင် ခင်ဗျားတို့မှာ ပညတ်သွားရာ ဓါတ်သက်ပါလိမ့်မယ်။ ခင်ဗျားတို့ သိလိမ့်မယ်။

စာက ရေးထားတယ်။ ကုသိုလ်လုပ်တဲ့ကံ၊ ကုသလာနံ၊ ဓမ္မာနံ၊ ဟေတုပစ္စယော၊ ဝေဒနီယဒိဋ္ဌ လက်ငင်းမျက်မှောက် အကျိုးပေးတယ်တဲ့။ အဲဒါ ခင်ဗျား ဆုမတောင်းနဲ့တဲ့။ ဓမ္မကလည်း စစ်ရမယ်။ ခင်ဗျားရဲ့ နှလုံးသားထဲကလည်း စေတနာကလည်း မှန်ရမယ်ဗျို့။ စေတနာမှန်တယ်ဆိုတာ ဦးပဏ္ဍိတ ပြောပြပါမယ်။ ခင်ဗျားတို့ အပါယ်လေး တံခါးပိတ်တဲ့ စေတနာကို နှစ်ခုခွဲပြီး ပြောပြပါ့မယ်၊ မှားရင်လည်း သည်းခံပါဗျာ။

တစ်နေ့သောအခါမှာ အဲဒီလူတစ်ယောက်က သမီးလေးကို ပေါင်ထားတယ်၊ ပေါင်ထားတော့ ဟိုးရှေးတုန်းက အသပြာ (၁၀၀၀) နဲ့ ပေါင်တယ်ဗျာ။ ဟိုးရှေးတုန်းက လူပေါင်လို့ ရတယ်၊ တစ်ခါတည်း အဲဒီအိမ် ပေးပစ်ခဲ့တာပဲဗျို့။ အဲဒီလူကြီးက စားတယ် သောက်တယ်၊ အဲဒါနဲ့ တစ်နှစ်လည်း မရွေးနိုင်၊ နှစ်နှစ်လည်း မရွေးနိုင်၊ သုံးနှစ်လည်း မရွေးနိုင်၊ လေးနှစ်လည်း မရွေးနိုင်၊ အဲဒီလူကြီးက အဲ ကြာလာတော့ သူ သတိရတယ်နဲ့ တူပါတယ်။ ငါ့သမီး ဘယ်အရွယ်လောက်ဖြစ် နေပြီ။ ငါငွေသွားရှာမှပဲ၊ မရှာရင်တော့ ငါ့သမီးက သူများအိမ်မှာ တစ်သက်လုံး ကျွန်ဘဝက လွတ်တော့မှာ မဟုတ်ဘူး။ ဖအေက စဉ်းစားပြီးတော့ ရှာတယ်ဗျို့။ သူများရဲ့ လယ်မှာ လယ်ကူလီ အလုပ် လုပ်တယ်။ ကျွန်တော့ခိုင်းပါ။ ခင်ဗျားရဲ့ လယ်မှာ ကျွန်တော် အလုပ် လုပ်မယ်၊ တစ်နေ့ ဘယ်လောက်ပေးမလဲ။ သူ အလုပ်လုပ်တယ်။

ကောက်စိုက်ချိန်စိုက်၊ ကောက်ရိပ်ချိန်ရိပ်၊ ကောက်လှိုင်းတွေသယ်၊ ကျေပွန်အောင် အလုပ်လုပ်တယ်။ အဲဒီတော့ လယ်ပိုင်ရှင်က သူ့ကို ကျေနပ်လို့ ပေးတယ်။ နောက်ကြတော့ သမီးလေးကို သူရွေးနိုင်တဲ့ ပိုက်ဆံရလာတယ်။ ပိုက်ဆံတွေလည်း ရလာရော လယ်သမားကြီးကို သွားရွေးအုံးမယ်ဗျာဆိုပြီးတော့ ပြန်တာ။ လယ်တောကနေပြီးတော့ သူ့သမီးလေးရှိတဲ့ရွာကို သွားတာ၊ သွားတဲ့အခါမှ လမ်းခုလတ်မှာ ရဟန်းကြီးတစ်ပါးတွေ့တယ်ဗျို့။

အချိန်ကလည်း နောင်းပြီ၊ အဲဒီရဟန်းကြီးကလည်း ဆွမ်း မစားရသေးဘူးဗျို့။ ဩော် သူကတွေ့တော့ ဒီရဟန်းကြီးဟာ စုတ်စုတ်ပြတ်ပြတ်နဲ့ ဆွမ်းလည်း မစားရသေးပါကလား၊ ဒို့ကတော့ အကြောင်းမဟုတ်ဘူး။ သူတို့က ဝိနည်းရှိတယ်၊ မနက်စာ စားတယ်၊ ညစာ မစားရဘူး။ ဒုက္ခပဲဆိုပြီးတော့ လမ်းဘေးမှာ ထင်းခုတ်တဲ့ သူတွေဆီမှာ ထမင်းထုပ်တွေပါလာတယ်။ ပါလာတော့ ကလေး တို့ရယ် မင်းတို့ ထမင်းထုပ်လေး အဘရောင်းပါလား။ ကျွန်တော်တို့ ထင်းလာခုတ်တာ။ ထင်းခုတ်ပြီးရင် ဒီထမင်းထုပ်ကလေး ကျွန်တော် တို့ စားဘို့ ယူလာတာပါ ဆရာကြီးရယ်။ မရောင်းနိုင်ပါဘူး။ သူလည်း မရောင်းဘူး၊ ဟိုလူလည်း မရောင်းဘူး၊ ဒီလူလည်း မရောင်းဘူး၊ မရောင်းဘူးတဲ့။ အဲဒီတော့ ငါတော့ ဝယ်လို့လည်းမရပါလား။ ဘယ်လို လုပ်ရမလည်း အဲဒီတော့ ငါ့သမီးရွေးမယ့် ပိုက်ဆံတွေ အကုန်ပေးရင်တော့ ထမင်းထုပ်ရမှာပဲ စဉ်းစားပြီး ထင်းခုတ်သမား တွေ မင်းတို့ကွာ ဟောဒီပိုက်ဆံအသပြာ (၃၀၀၀) ငါ့မှာ ပါပါတယ်ကွာ။ မင်းတို့ ထမင်းထုပ်ကလေးကို အဘ ပေးပါကွာ။ အဲဒီတော့ ပိုက်ဆံရတော့ ထမင်းထုပ်တွေ ပေးတယ်ဗျို့။ အဲဒီ ဆရာကြီးက အဲဒီဘုန်းကြီးကို ဆွမ်းကပ်တာ။

အဲဒီဆွမ်းကပ်တဲ့အခါကျတော့ အဲဒီဆရာတော်ကြီး ကလည်း ဆွမ်းဘုဉ်းပေးပြီးတော့ သူ့လမ်းသူကြွ၊ သမီးရွေးမယ့်

သူကလည်း သူ့လမ်းသူသွား၊ နောက် စဉ်းစားတယ်။ ဘယ်လို စဉ်းစားလည်းဆိုတော့ ဝေဒနိယဒိဋ္ဌလက်င်း၊ မျက်မှောက်အကျိုး ပေးတာ။ အဲဒီတော့ သူ့စေတနာဟာ မျက်စိကျွံအာရုံ၊ နားသောတ မှာ ဩော် ဗုဒ္ဓ၊ ဓမ္မပါလားဆိုတာ ဂုဏ် (၉) ပါး ရှိပါသလား ဩော် ငါကပ်လိုက်ရတာ မြတ်တာပါပဲ။ ဩော် ငါ့ရဲ့ စေတနာတွေဟာ သမီးရွေးမယ့် ပိုက်ဆံ။ ငါသည် ဒီပိုက်ဆံကို မစွဲပါလား။ ဒါဖြင့် သမီးကို မရွေးပဲနဲ့ အဲဒီကိုယ်တော်ကြီးကပ်လိုက်တာ။ အဲဒီ ဝတ္ထု ကာမကလည်း စင်ကြယ်တယ်ဗျို့။ သမီးရွေးမယ့်ပိုက်ဆံ၊ အဲဒီ ရဟန်းကြီးကို ကပ်တာ ဝတ္ထုကလည်း စင်ကြယ်တယ်ဗျို့။ အဲဒီ လူကြီးကလည်း စေတနာကလည်း အလွန်ကောင်းတယ်ဗျို့။ အလှူခံရတဲ့ရဟန်းကလည်း ဓမ္မအစစ်ဖြစ်နေတယ်ဗျို့။ ခင်ဗျား တွေးကြည့်။ အဲဒါ အပါယ်ပိတ်သွားတဲ့ တရားခေါ်တယ်ဗျ။ အပါယ်ပိတ်တာ ဘာဖြစ်လို့လည်း စေတနာက အလွန်ကောင်းတာ ကိုးဗျ။ ငါ့မှာ ကာမဝတ္ထုကို ငါမစွဲပါဘူးတဲ့။ အဲဒီရဟန်းကြီးကို လှူမယ်ဆိုပြီး ထမင်းထုပ်ကို မရရအောင်ဝယ်ပြီး လှူလိုက်တယ် စေတနာ။ အဲဒီတော့မှ ဒီဆွမ်းကပ်တာ နှလုံးသားကမှန်လို့ အပြင်မှာ သူစင်ကြယ်တာ။ အဲဒီရဟန်းကြီးကလည်း ဓမ္မအစစ်ဖြစ်တယ်။

ဒါကြောင့်မို့လို့ ကုသလာနံ၊ ကုသလာနံ ဓမ္မာနံ ဟောတု ပစ္စယောတဲ့နော်။ ပဏ္ဏာသန စေတနာ ထားလိုက်တော့၊ အခု အဓိ ပတိ စေတနာကို ဟောနေတာ။ အဓိပတိစေတနာက အပါယ်ပိတ် လိမ့်မယ်။ ပကာသနစေတနာက ခင်ဗျားရဲ့ ကောင်းမှု အကျိုးတွေ ပေးလိမ့်မယ်။ ခင်ဗျားတို့ ဥပမာ နတ်ပွဲ တင်တယ်ပေါ့ဗျာ။ အိမ် တင်တယ်ပေါ့ဗျာ။ အဲဒါ ဘာပဲလုပ်လုပ် အဲဒါကို လောကီ အကျိုး ပေးတယ်။ လောကီ အခြားလူတွေလည်းရတယ်။နော်။ ဒါတွေက အခြားလူတွေလည်း ရတယ်။ ဝိပဿနာတရားအစစ် အမှန်ဟာ ကံပြတ်တာ။ အဲဒီတော့ ဒီကံပြတ်ရင် တဏှာရပ်မယ်။ တဏှာရပ်ရင်

ကိလေသာပြတ်တယ်။ ကိလေသာပြတ်လို့ တဏှာရပ်မယ်။ အဲဒီ (၂) ချက် ခင်ဗျားတို့ ကျင့်ကြပါ။ ခင်ဗျား တစ်ချက်ခုတ်ရင် (၂) ချက်ပြတ်တယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

၁၇-၁၂-၂၀၀၁ ရက်နေ့တွင် ရန်ကုန်မြို့
ပိုလ်တထောင်ဘုရားတွင်

# ဝိသုဒ္ဓိ ဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ

## ဟောကြားခဲ့သော တရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ စာမတတ်ပေမဲ့ စာသိပ်မှန်တဲ့ အကြောင်းကို တင်ပြပါမယ်။ ဦးဇင်းက ငယ်စဉ်တောင်ကျေးက အဖေ၊ အမေက ကျောင်းမထားနိုင်လို့ စာမတတ်တာ။ စာပယ်တာ မဟုတ်ဘူး။ ဒီစာရှိလို့ ဒီအသိ ဒီအကျင့် သဘောပေါက်သွားတာ။ အဲဒါကို ပြန်ပြီးတော့ စာနဲ့ ခန္ဓာနဲ့ တထပ်တည်းဖြစ်အောင် သဘောလေး ပြောပြပါမယ်။ ပစ္စုပ္ပန်တည့်တည့်လေး ရှေ့လည်း မမျှော်နဲ့ နောက်လည်း မတွေးနဲ့ တည့်တည့်လေးကို အသိလေး ဟောသွားမယ်။

အဲဒီတော့ စာက ဒိဋ္ဌိနဲ့ တဏှာ သတ်ပါတဲ့။ ဒိဋ္ဌိဆိုတာ ပါဠိစကား၊ တဏှာဆိုတာက အာရုံ (၆) ပါးကို ပယ်ရမယ့်တရား။ စာအရ ဒိဋ္ဌိ တဏှာ၊ အလုပ်သမားက ပြန်ပြီးတော့ ဖော်လိုက်တယ်၊ ဘာဖော်လိုက်လည်း ကိလေသာ၊ တဏှာ၊ ကိလေသာ ဆိုတာ ဘာလည်း ရုပ်တရားခေါ်တယ်။ အဲဒီ ရုပ်ပေါ်က ဉာဏ်ရမှ သဘောပေါက်တယ်။ ကံ၊ ဉာဏ်တဲ့ စာက ရေးထားတယ်။ ကံ၊ ဉာဏ်၊ ဝီရိယလို့ ရေးထားတယ်။

ကံတရား၊ ဉာဏ်တရား၊ ဈာန်တရားရှိတယ်။ အဲဒီ ကံတရား၊ ဈာန်တရား၊ ဉာဏ်တရား ဘယ်ကရှိလည်း။ မနောက ရှိတယ်။ အဲဒါကို သစ္စာပြုရတယ်။ ဘယ်လိုသစ္စာတွေပြုလည်း။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထ သစ္စာ၊ ဒါ ဘုရားဟောအရ။ ဒါကြောင့်မို့လို့ ဘုရားက ဟောတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ

ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ၊ ဒါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ခန္ဓာမှာ ရှာရမယ်။ ခန္ဓာမှာ ဘာနဲ့ ရှာမလည်း။ မဂ္ဂင်နဲ့ ရှာရမယ်၊ အဲဒီတော့ ဝိနည်းပုဂ္ဂိုလ်များက ဘယ်လို သတ်မှတ်လည်း၊ ကံကို ကာယကံ၊ ဝစီကံ၊ မနောကံ မှန်တယ်။ သူသွားမှတ်တာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ မိမိပြုလုပ်တဲ့ ကံရှိသလို မိမိမပြုလုပ်တဲ့ ကံရှိတယ်၊ ဝိနည်းတွေနဲ့ သူတို့ရဲ့ ကာယကံ၊ ဝစီကံကို ထိန်းသိမ်းထားတယ်။ မှန်တယ်။ မနောကံ ဘာနဲ့ ထိန်းရမလည်း။ မဂ်ဉာဏ်ရအောင်ရှာ။ ဒါ အနုသာသနယခေါ်တယ်။ ခုဏာ သစ္စာတွေ ရေးထားတယ်။ အရိယာထသစ္စာတဲ့၊ ဟိုမှာ ရေးထားတယ်၊ သမုတိသစ္စာတဲ့၊ ဟိုသုံးလုံးက ဒါအလုပ်လုပ်တာ၊ ဝိရတိသစ္စာ၊ ဝိပဿနာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ ခန္ဓာက ပရမတ်။ ပရမတ်ဆိုတာ ဘာလည်းခါတ်၊ သဘာဝသဘော သိတဲ့သူက သိတယ်။ ဒါ ခင်ဗျားတို့ကို လိမ်ပြောရင် အဝီစိရောက်သွားမယ်။ မှန်တာပြောရင် ကိုယ့်လမ်းကိုယ်သွားမှာပဲ။

ကျင့်အပ်မဲ့တရား၊ သိအပ်မဲ့တရား၊ မြင်အပ်မဲ့တရား၊ ရရှိမဲ့တရားတွေ၊ သာသနာပြုပေမယ့် ဘုန်းကြီးတွေ အများကြီးရှိတယ်။ သူတို့ ပြုတဲ့ သာသနာ မှန်တယ်။ သာသနာပြုတာခြင်း မတူဘူး။ သာသနာတော့ ပြုကြတာပဲ။ အကြီးအကျယ် ပြုကြတာပဲ။ ဟုတ်တယ်။ သိမ်မှန်တယ်။ ဉာဏ်နဲ့ ပြုတဲ့သာသနာရှိသလို၊ သမထနဲ့ပြုတဲ့ သာသနာရှိတယ်။ မင်းအိမ်မှာ ဘာရှိသလည်း၊ မင်းအမျိုးက ဘာ၊ မင်းဆန်အိုးထဲမှာ ဘာတွေရှိတယ်၊ ဘာလုပ်လိုက် ယတြာချေတာ၊ အဲဒါ ဒိဋ္ဌိ၊ ခင်ဗျားတို့ တွေး၊ ခင်ဗျားတို့ ပညာတတ်တွေပဲ။ တရားနာနေတာ။ လောကီနဲ့ လောကုတ္တရာ၊ ဟော လောကီအကြောင်းက ဝေသန္တရာ မင်းကြီးက ဘယ်လောက်လှူသလည်း။ ခင်ဗျားတို့ တွေးကြည့်၊ သားတွေ၊ သမီးတွေ သူလှူတာပဲ၊ ပုဏ္ဏားက သူ့ရှေ့မှာ ရိုက်တယ်။ ဘာလို့ သန်လျက်ဆွဲသလည်း။ ဒါတဏှာပေါ့။

သူ့သားလေး မျက်စိရှေ့မှာ အမှတ်မှား သွားတယ်။ မှတ်တယ်။ ပညတ်ကို မှတ်သွားတယ်။ မနောက အဲဒီ အာရုံမှာ ဒေါသ ဖြစ်သွားတယ်။ ဒါနဲ့ ဟာ ငါမှားပြီ။ ချက်ခြင်း သူ့အမှားတွေ သူသိတယ်။ ဝေသန္တရာမင်းကြီးလည်း လွတ်သလား၊ ခင်ဗျားတို့ ဇာတ်တော်မှာ ကြည့်။ ဘုရားလောင်း မျောက်မင်းဘဝကော လွတ် သလား၊ ဘုရားလောင်း ဒေါင်းမင်းဘဝကော လွတ်သလား။ ဒီတဏှာ ကို ကိလေသာပေါ်မှာ တဏှာရှိတယ်။

ကိလေသာက ရုပ်၊ တဏှာကိုသတ်ရမယ်။ ဘာသုံးပြီး သတ်မလည်း။ မဂ်နဲ့ သတ်မယ်။ စာက မှန်၏။ ဉာဏ်မမှီ၊ ထိအောင် သူမသိ။ စာတွေ့၊ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်။ ဟော စာထက်သာသွားပြီ။ မဂ်ဖိုလ်ရသွားပြီ၊ ခင်ဗျားတို့ ချွတ်ပါဆို သင်္ကန်းချွတ်ပေးလိုက်မယ်။ အခု လာတာကြည့် မြောင်းမြက (၁၁) နာရီကျော်ကျော်က ထွက်လာတာ။ ဘုန်းကြီးမှာ မောတယ်၊ မချစ်မနှစ်သက်တဲ့ ရုပ်နဲ့ ပေါင်းနေရတယ်။ ဒုက္ခနော် ကြည့်စမ်း။ သိလာတော့ ဒီရုပ်မလိုချင်တော့ဘူး။ မသိခင်တော့ ဒီရုပ် နဲ့ပေါင်းရတာ သိပ်ကောင်းတာပဲ။ ဒီရုပ်က တဏှာရှိတာကိုးဗျ။ ဝေသန္တရာ တွေ့လား၊ မလွတ်ဘူး၊ ဘယ်မှာသွားလွတ်လည်း သိဒ္ဓတ္ထ မင်းသားကျမှ သွားလွတ်တာ။ ခင်ဗျားတို့ ဒီတရားတွေကျင့်။ ဆရာတစ်ယောက် မကောင်းတာနဲ့ တပြုံလုံး ဒုက္ခရောက်တတ်တယ်၊ ဟောဒီရုပ်က မမြဲဘူး။ အနတ္တရုပ်ကြီး၊ စိတ်တွေက အတ္တ အစွဲတွေ ဖြစ်နေတယ်၊ အစွဲမှာ သမ္မာဒိဋ္ဌိ မိစ္ဆာ ဒိဋ္ဌိ ဒိဋ္ဌိပါနေတယ်၊ မလွတ်ဘူး။ ဒိဋ္ဌိကို သက်ပ္ပဖြစ်အောင် လုပ်လိုက် ဘုန်းကြီးကို မစွဲနဲ့၊ ဦးပဏ္ဍိတ မစွဲနဲ့။ ခင်ဗျားတို့ကိုလည်း မစွဲဘူး။ ဒါသစ္စာနဲ့ ဟောလိုက်တာ။ ဒါအစွဲတရားပြုတ်တာ။ ခင်ဗျားတို့ တွေးကြည့်။

ဦးပဏ္ဍိတရဲ့ သမီးတွေ၊ သားတွေဟာ သေကုန်ပြီ။ ကား တိုက်လို့ သေကုန်ပြီ။ ဦးပဏ္ဍိတ နားကြား ဟာ ဖျဉ်းကနဲ ဖြစ်တာ။

သွားစွဲတာ။ မှတ်တော့ သွားစွဲတာ။ သညာကြောင့် ဥပါဒါန် ဖြစ်သွားတာ။ ဥပါဒါန်ကို ဟောနေတာ။ အဲဒီ ဥပါဒါန် ခင်ဗျားတို့ တွေးသာကြည့်။ ပညတ်၊ ပရမတ် အဲဒီအာရုံမှာ အမှတ်မှားတွေ ဖြစ်နေတာ။ ခင်ဗျားတို့ ပြန်မှာ၊ ဦးပဏ္ဍိတ ပြန်မှာ၊ ဦးပဏ္ဍိတက ဟာ ပြန်ချင်လိုက်တာ ဟောဒီဘဝ နောက်ဆုံး ဘဝပဲ၊ တွေ့မယ်။ ကြုံမယ်။ ဆုံမယ်။ ကွဲပြီ။ အနတ္တတရားကိုးဗျ။ ကိုယ်ယူတာက အတ္တတွေ။ သမ္မာဒိဋ္ဌိတဲ့၊ ဒိဋ္ဌိပါနေပြီ။ ခင်ဗျား ကောင်းမှုကုသိုလ် လုပ်တာလည်း ဒိဋ္ဌိပဲ။ မကောင်းမှုအကုသိုလ်လုပ်တာလည်း ဒိဋ္ဌိပဲ။ ဒိဋ္ဌိဆိုတာ ပါဠိစကား ဗမာလို ပြန်လိုက်တယ်။ အာရုံ (၅) ပါးကို ယူထားပြီ။ ယူပြီးတော့ နှလုံးက သွင်းထားပြီ။ ကောင်းလိုက်တာ၊ ဝမ်းသာလိုက်တာ၊ စိတ်ကလေး ချမ်းသာလိုက်တာ၊ (အေးအေး)၂ သမ္မာဒိဋ္ဌိနဲ့ ယူသလား၊ မိစ္ဆာဒိဋ္ဌိနဲ့ ယူသလား၊ ကိုယ့်စိတ်ကိုယ်စစ်၊ သမ္မာဒိဋ္ဌိနဲ့ ယူရင် စေတနာကောင်းမယ်။ စေတနာကိုးဗျ။ အာရုံပေါ်မှာ စေတနာ ကျသွားပြီ။

အေးကွာ မင်း ဘုရား၊ တရား၊ သံဃာကို ယုံကြည်တဲ့ လူငယ်လေးပဲကွာ။ အေး အေး အေး အေး အဘ လေးစားတယ်ကွာ။ ဒါစေတနာ ဟိုမှာ လုပ်နေတဲ့ ဟာကို မှတ်လိုက်တယ်။ တစ်ခုခု ပျက်စီးသွားရင် ဟောဒီက မနောပေါက်တာပဲဗျို့။ သွားယူတာကိုးဗျ။ အာရုံတွေ့လား၊ အာရုံကို သွားယူတော့ ကိုးရိုးကားယားတွေ လုပ်နေပြီ။ ငါ မျက်စိမြင်လိုက်တယ်။ ဒီမှာ မနောပေါက်တာပဲ။ ဟာ သွားပြီ ဆူးပေါ် ဖက်ကျ ဖက်ပေါက်တယ်။ အတွင်းသီလ၊ အပြင်သီလ၊ အပြင်သီလက အကာခေါ်တယ်။ မှန်တယ်။ အပြင်က တက်ယူတဲ့ သီလခေါ်တယ်။ အတွင်းကို ရောက်အောင်လုပ်၊ အင်မတန်မှ ထူးတာ။ ခင်ဗျားတို့ လူ့ဘဝမှာ လာလူဖြစ်တာ တန်ဖိုးမဖြတ်နိုင်ဘူး။ နိုင်ငံခြားမှာ သွားပြီး လူဖြစ်တာ မဟုတ်ဘူး။ အခြားနိုင်ငံမှာ သွားဖြစ်တာမဟုတ်ဘူး။ ဗုဒ္ဓရဲ့ နိုင်ငံမှာ လာဖြစ်တာ။

ခင်ဗျားတို့ လုပ်ချင်ရမယ်။ ဒီလူဘာမှ တတ်တာမဟုတ်ဘူး။ မဂ်တို့ ဖိုလ်တို့ ရှိတယ်၊ ဈာန်ရှိတယ်။ ခုနက မတွေ့ဘူးလား၊ ဘုန်းကြီး သူများအိမ်မှာ ဆန်အိုးတွေ ဘာရှိလည်း မင်းဘာလုပ်တယ်ဆိုတာ မင်း လုပ်တာ ငါနောက်ကနေ အကုန် ငါသိတယ်ကွ။ ဒီလို ဘုန်းကြီး ခင်ဗျားတို့ ရန်ကုန်မှာ ရှိတယ်။ မဖေါ်ဘူး၊ သူလည်း သာသနာပြု တာပဲ။ မတူဘူး၊ သူပြုတဲ့ သာသနာနဲ့ ဒီကပြုတဲ့ သာသနာ မတူဘူး။ သာသနာတော့ ဗုဒ္ဓရဲ့ သာသနာပြုကြတာ။ အမျိုးမျိုး ပရိယတ္တိတွေ နဲ့ ပြုတာ၊ ပညာလိုင်းကျတော့ ကျန်ရစ်ခဲ့တယ်။

မြောင်းမြက ခွေးလေးရွာမှာ အဘိုးအောင်ချမ်းသာ အောင် တော့ အောင်ပါပဲ၊ ချမ်းသာတာ အောင်ချမ်းသာ၊ ဘယ်ကနိုက်လိုက် ပိုက်ဆံတွေ၊ ညာကနိုက်လိုက်လည်း ပိုက်ဆံတွေ၊ ဘုရားမှာ ဒါန လှူပါတယ်။ သူက အိတ်ထဲက နှိုက်တာ ချမ်းသာတာကိုး။ အဘိုး အောင်ချမ်းသာတဲ့၊ ခွေးလေးရွာမှာ ဘုရားတည်တယ်၊ ပုသိမ်မှာ ဘုရား တည်တယ်။ သေတော့ အဲဒီလူ ဘယ်ရောက်သလည်း၊ ဘယ်သူ သိသလဲ၊ ခင်ဗျားတို့ ဘယ်သူသိသလဲ၊ ဒါ ထုတ်ပြလို့ မရဘူး။ ဒါကြောင့်မို့လို့ ကြိုတင်ပြီး လုပ်ကြပါ။ အလုပ်လုပ်ပါ။ ကိုယ်ထက် ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ့်အောက် က လူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂ တရားထားပါ။ အဲဒီလို တရားတွေ ထားရမယ်။ စေတနာ မပြတ်ပါနဲ့။ အာရုံ (၅) ပါးပေါ်မှာ စေတနာ မပြတ်ရင် အဲဒီ ခင်ဗျားကို ဆဲလိုက်တယ်။ တိုင်းလိုက်တယ်။ အဆဲခံရတဲ့ လူ ဘယ်လို နေမလည်း။ ဒေါသဖြစ်တယ်။ စိတ်ကို မထိန်းနိုင်ဘူး။ အဲဒါ အာရုံ ပေါ်မှာ လိုက်သွားတာ။ မနော သီလပျက်တယ်။ အတွင်းသီလ ပျက်တယ်။

အပြင်သီလကို ဝိကာလ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပဏ၊ တီးမှုတ်ခြင်း၊ နံ့သာ

လိမ်းခြင်း၊ မဖွယ်မရာ မလုပ်ပါဘူး။ ခင်ဗျား (၃၁) ဘုံ လွတ်တဲ့ စိတ်ကို မထိန်းနိုင်တော့ဘူး။ ခင်ဗျားသမီးလေး ရေထဲနစ်သွားပြီ။ မအေ ဘယ်လိုနေမလည်း၊ အဲဒါ သွားစွဲတာပေါ့။ အဲဒါ ဥပါဒါန်ပေါ့။ အဲဒါ (၃၁) ဘုံ လည်တဲ့ စိတ်ခေါ်တယ်။ ဘယ်မှာလည်း ကော ဓမ္မော၊ ကော ဓမ္မော ဘယ်ကလာသလည်း။ ရုပ်ပေါ် နာမ်ပေါ်က လာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာ ဆုံးတယ်၊ သီလမှာ ချုပ်တယ်၊ မှတ်ထားဦး။ သီလချုပ်တယ်။ ဘယ်သီလချုပ်လည်း၊ ပညတ်သီလ၊ အပြင်သီလကို ပရမတ်က ချုပ်ထားတယ်။ လုပ်ကြ အချိန်မှီ လုပ်ကြ။ အပြင်မှာ စင်ကြယ်အောင် နေ၊ သြော် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ (အေး အေး အေး)[၄] ကိုယ့်စိတ်ကို စစ်၊ တချို့ကလည်း စိပ်ပုတီးနဲ့ စစ်တယ်။ ဘယ်စိတ်လည်း မနေ။ အာရုံ (၅) ပါး ပယ်လိုက်တယ်။ ဒုစရိုက် (၁၀) ပါး လုံအောင် ထိန်းတယ်။ တဒင်္ဂလေး လုံအောင် ထိန်းလိုက်တယ်။ အမြဲတမ်း လုံအောင် ထိန်းရမယ်။ **အပ္ပမာဒေန သမ္ပာဒေထ** အဲဒီ အသိကို အမြဲတမ်းယူထား ရမယ်။ ကိလေသာ၊ တဏှာ အမြဲတမ်း နှိပ်စက်နေတယ်။ တဏှာက နောက်ကနေပြီးတော့ လိုက်နေတာ။

တဏှာဆိုတာ ခင်ဗျားတို့ တွေးကြည့်။ ဒီတဏှာဟာ ကိလေသာရှိရင် တဏှာရှိမယ်။ ငြင်းလို့မရဘူး ဘုန်းကြီးတွေလည်း ငြင်းလို့ မရဘူး။ ငါကျင့်တာ ကိလေသာ၊ တဏှာကွတဲ့။ ကိုင်း မင်းနဲ့ ငါနဲ့ အမြင်ချင်း တူသလားတဲ့။ မတူဘူးတဲ့။ မတူရင် မင်း ရပ်ထားလိုက်တဲ့။ ငါ့ ဘာမှ မပြောနဲ့တဲ့။ ငါ စာမတတ်ဘူးတဲ့။ မင်း အလုပ်လုပ်တဲ့၊ သွားတဲ့၊ ငါ့လမ်း ငါသွားမယ်။ ငါ့အပြစ် ငါ ခံမယ်ကွတဲ့။ ငါ အခုသွားပြီးတော့ သူများရိုက်ရင် အစိုးရ ငါ့ဖမ်းမှာပေါ့ကွတဲ့။ မှတ်ထားကွတဲ့။ အဲဒါ အရိယာ အစစ်ကွ။ မင်းတို့က ဖြစ်ပြီးမှ သိတာကွတဲ့၊ ဟာ ကျွန်တော်မှားပြီး ကျွန်တော် ဘာဖြစ်လို့ ဈေးသွားရောင်းတာ မှားပြီ။ ဟုတ်တာပေါ့။ အဲဒါ ပူတာပဲဗျို့။

ကြည့်စမ်း၊ ငါးခုံးမ တစ်ကောင်နဲ့ တစ်လှေလုံး ပုပ်တယ်။ စကား ရှိတယ်။ ဟာ ဖအေ သေတယ် ဆိုရင်ပဲ ဟာ အမျိုးတွေကော သမီးတွေကော၊ သားတွေကော၊ မြေးတွေကော၊ အကုန်လျှောက် ပူတော့တာပဲ။ ကြည့်စမ်း၊ တစ်ယောက်နဲ့ တစ်ယောက် သေတာနဲ့ အကုန်ပူတာပဲဗျို့။ စိတ်ဆင်းရဲကုန်တာ။ စိတ်ဆင်းရဲရင် စိတ် မဆင်းရဲတဲ့ နေရာရှိတယ် ရောက်အောင်သွား။ မဂ်ဉာဏ်ရရင် စိတ် မဆင်းရဲဘူး။ ခင်ဗျားပြောင်ကို ပြောပေးလိုက်မယ်။ ခင်ဗျား လုပ်မှ ရမှာ။ မဂ်ဉာဏ်ဘယ်ကလာသလည်း။ ဟာ ခင်ဗျားတွေးကြည့် မဂ္ဂင် (၈) ပါးပေါ်က လာတာ။

အခုဟာ အခုကြည့်စမ်း။ ကိလေသာ၊ တဏှာဖြစ်နေပြီ၊ လူတိုင်းဖြစ်နေတာ။ အတ္တတွေဖြစ်နေတာ။ ဘုန်းကြီး မျက်ရည် ကျတယ်။ သြော် ငါ့လို သိနိုင်ပါစေ၊ မြင်နိုင်ပါစေ၊ ဒီအစွဲသတ်၊ အဲဒီ အစွဲက ငါ့စွဲနေတာ တရားထိုင်၊ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ် မယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒ ပါဒိ၊ ဉာဏ ဥဒပါဒိ ရေးထားတယ်။ အဲဒါ လောကုတ္တရာ ဉာဏ်ရှိတယ်။ လောကုတ္တရာဉာဏ်က စိတ်စေတသိတ်ကို ဖြတ်ပစ် လိုက်တာ။ အဲဒီ နှစ်ခုက လောကီနယ်ထဲမှာ နေတယ်။

မြင်စိတ်၊ တွေးစိတ်၊ မြင်လိုက်တော့ မနောက သိတယ်။ သိတာက ဘာနဲ့ သိလည်း အမှတ်နဲ့ သိတာ။ တွေးကြည့်စမ်း။ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ကံတွေဖြစ်နေတယ်။ သမီးသေတယ်။ သား သေတယ်။ ဒါ သစ္စာနဲ့ ဟောတာ။ ဘယ်သူ့ကိုမှ ပြောတာ မဟုတ်ဘူး။ ခင်ဗျားတို့ စိတ်တွေ နောက် ခင်ဗျားတို့ သိလိမ့်မယ်။ ကိလေသာ လုပ်နေတာ နှိပ်ပေးတာပဲ ရှိမယ်။ အလုပ်လုပ်ရမယ်။ ငါ့လာမနှိပ်ပေးနဲ့ကွတဲ့။ မင်းအလုပ်လုပ်ကွ ဟော့ကောင်ရဲ့။ ဟော တရားထိုင်တယ်။ ဒုစရိုက် (၁၀) ပါး၊ မိစ္ဆာအယူတွေ ကာယကံ

(၃) ပါး၊ ဝစီကံ (၄) ပါး သူများအသက် မသတ်ပါဘူး။ သူများ ပစ္စည်းမခိုးပါဘူး။ သူများ သားမယား မဖျက်ဆီးပါဘူး။ ဝစီကံ ဝစီက မဆဲပါဘူး။ မတိုင်းပါဘူး။ အဲဒါတွေပေါ့ဗျာ။ မနောကံဗျာပါဒ ဘာကြောင့်ဖြစ်ရလည်း။ အဘိဇ္ဈာထားလို့ ဖြစ်ရတာ။ ကုက္ကုစ စိတ်၊ ဘာကြောင့်ဖြစ်ရလည်း။ ဗျာပါဒ ဘာကြောင့် ဖြစ်ရလည်း။ နား ကြောင့် ဖြစ်ရတာ။ မျက်စိကြောင့် ဖြစ်ရတာ။ အာရုံ (၅) ပါး မလွတ်လို့။

ကုက္ကုစ စိတ် ကိုယ့်အိမ်မှာ လာပြီးတော့ ဖြစ်ရတာ။ လူတစ်ယောက်က ဟင်းခွက်တွေ (၁၀) ခွက်လောက်ရှိတယ်၊ စာတော့ မတတ်ဘူးဗျို့။ ဒီခွက် သူမြည်းကြည့်တယ်။ ဇွန်းကြီးအောက်ချ လိုက်တယ်။ ဟိုခွက်မြည်းကြည့်လိုက်တယ်။ ဇွန်းကြီး အောက်ချ လိုက်တယ်။ ဟိုခွက် မြည်းကြည့်လိုက် ဟင်း (၁၀) ခွက်လောက်က လျှောက်မြည်းတော့ အိမ်ရှင်က ဘယ်လိုဖြစ်လာလည်းဆိုတော့ အဲဒီအာရုံမှာ မှတ်ကောဗျ။ ဟော ဒေါသဖြစ်တယ်ဗျို့။ အပြင်ကို ယူလို့ အတွင်းသီလ ပျက်တယ်။ အပါယ်လေးဘုံ သွားမှာပဲ၊ အတွင်း သီလ လုံမှ အပါယ်လေးပါး တံခါးပိတ်မယ်။ သီလပေမယ့် အမျိုး အစား ရှိတယ်၊ သမာဓိတွေလည်း အမျိုးအစားရှိတယ်။ ကဲ ပညာ ပေမယ့် အမျိုးအစားရှိတယ်။ ဟင်းခွက်တွေ လျှောက်စား ကုန်ပြီ၊ ဥပမာပါ ခင်ဗျားတို့ အိမ်ပေါ်မှာ တက်လာတယ်။ ဖင်လှန်ခေါင်းလှန် နဲ့ အဲဒီလူတစ်ယောက် အိမ်ရှင်ဘယ်လိုနေလည်း၊ ဟာ အဲဒါ အာရုံ ပဲ၊ အဲဒီအာရုံ မသတ်တာပဲ။ အာရုံကြောင့် အမှတ်မှား ဖြစ်ပြီးတော့ မနော ဥပါဒါန်တွေ ဖြစ်သွားတယ်။ အတွင်းသီလပျက်တယ်။ အဲဒီ စိတ်ကို ထိန်းပါလို့ ဦးပဏ္ဍိတ ပြောသွားတယ်။

အဲဒါ လမ်းစဉ်ပေးတာ၊ ခင်ဗျားတို့ မေးကြည့်၊ ကြိုက်တဲ့ ဘုန်းကြီးကို အဲ ခဏက ကိုယ်ပြုလုပ်တဲ့ ကံ ရှိသလို၊ ကိုယ်မပြု လုပ်တဲ့ ကံ ဖြစ်နေပြီ။ ငါ့အိမ်ပေါ်မှာ လာပြီးတော့ အရက်သမား၊

ဖင်လုန် ခေါင်းလုန် လုပ်တယ်။ အိမ်ပိုင်ရှင် ဘယ်လိုနေမလည်း။ ဟာ အဲဒီ အာရုံသွားမှတ်တာ။ တကယ်တော့ ဥပါဒါန်ဖြစ်တာပဲဗျို့။ အတွင်းသီလ ပျက်တယ်။ အပြင်မှာ မှတ်လိုက်လို့ အပြင်မှာ ယူလိုက်လို့ အတွင်းပျက်တာ။ အဲဒါကို လာဟောတာ။ ခင်ဗျားတို့ ဆရာကောင်းနဲ့ တွေ့ဖို့လိုတယ်။ ဆရာစစ်၊ ဆရာမှန်နဲ့ တွေ့ဖို့ လိုတယ်။ ခင်ဗျားတို့လည်း မယုံမေးကြည့်၊ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ ဟောဒီရုပ်က အိုမယ်၊ စိတ်က မအိုဘူး၊ စိတ် လာဟောနေတာ။ စိတ္တာ၊ တဏှာနာမ်၊ ခယမဇ္ဈက စိတ္တရှင်စော ဘုရားဟော။ သားအဖချင်းတောင်မှ အဇာတသတ်နဲ့ သူ့အဖေနဲ့ စေတနာခြင်းမတူဘူး။ စေတနာကို ဟောသွားတာ။ စေတနာ ပုပ်စပ်လို့ ဖအေကို သတ်တာပေါ့၊ အဖေကို သတ်ဖို့ ဆရာက သင်ပေးတယ်။ ခင်ဗျားတို့ တွေးသာကြည့် ဆရာမကောင်းတော့ ပျက်တာပေါ့၊ အင်္ဂုလိမာလ၊ မအေကို ပဉ္စယာနန္တိယကံ ထိုက်တော့ မယ်။ ဘုရားကယ်တာ။ အဲဒီတော့မှ မအေ မသတ်ဘူး။ ဘုရား ကယ်လိုက်တာ။ အဲဒီတော့မှ သူလည်း ဒူးထောက်တာ။

ဒီလူ့ဘဝ အင်မတန်မှ ထူးမြတ်တယ်၊ တန်ဖိုးမဖြတ် နိုင်ဘူး။ အလင်းက လာတဲ့သူ လူ့ပြည်မှာ သူဌေးပေါ့ဗျာ။ သိပ်ချမ်း သာတယ်။ အလင်းက လာရင် အမှောင်ပြန်မှာပဲ။ အမှောင်က လာတဲ့သူ အလင်းပြန်မှာပဲ။ ပြန်တတ်ဖို့ လိုတယ်။ ကိုယ့်ကိုကိုယ် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ တဏှာ၊ ခဏက ဝေဿန္တရာက တွေ့လား။ တဏှာကို သတ်လို့ မရဘူး။ သိဒ္ဓသ မင်းသားကျတော့ ရတယ်။ အဲဒါသာ တွက်ကြည့်ပေတော့။ သိဒ္ဓတ္ထမင်းသားက ဒါလုပ်တာ တရားအားထုတ်တာ အာရုံကို သတ်တယ်။ မြင်ချင်လား မမြင်ချင် ဘူး။ ကြားချင်လား မကြားချင်ဘူး။ သိချင်လား မသိချင်ဘူး။ ထိချင်လား မထိချင်ဘူး။ စားချင်လား မစားချင်ဘူး။ ချင် (၆) ချင် ပယ်တာ။ ပယ်အပ်မဲ့တရား၊ သိအပ်မဲ့တရား၊ ကျင့်အပ်မဲ့တရား

ရှိတယ်။ ဒါ ကျင့်ရမယ်။ ဒါလုပ်။ မြင်စိတ်၊ ကြားစိတ်တွေ၊ စိတ်ကျင်မှ အာရုံ (၅) ပါးက ခေါင်းပါးလာမှာ။ မနောက ဘာလည်း ကံလို့ ခေါ်တယ်။ ကံကို ကိုင်ပြလို့မရဘူး။ ခေါ်သမုတ်ထားတာ။ သွားစွဲမှ ကံခေါ်တယ်။ ဒေါသဖြစ်တာ ကံ ခေါ်တယ်။ အဲဒါ မိစ္ဆာကံ၊ ကိုယ့်စိတ်က ဒေါသ ဖြစ်သွားပြီ။ အဲဒါကံ ခေါ်တယ်။ ဟော ကိုယ့်စိတ်က ချမ်းသာတယ်။ အဲဒါ ကံခေါ်တယ်။ ချမ်းသာသွားပြီ။

စိတ်အေးငြိမ်းချင်းဓါတ်၊ နှလုံးသားက အေးငြိမ်းချင်းဓါတ် အဲဒါရအောင်ရှာ၊ ဒါစိတ်ချမ်းသာထားတာ။ တဏှာနဲ့ ပတ်သက်ပြီး စိတ်ချမ်းသာထားတာ။ ခင်ဗျား ဒီနေ့ ထီပေါက်တာပဲဗျ။ သိန်း (၆၀၀) ပေါက်တာ။ ဟာ အိပ်လို့လည်း မရဘူးကွာ။ ဒါနဲ့ ဟိုအိမ်သွား။ ဒီအိမ်သွား တစ်ခါတည်း အိပ်လို့မရဘူး။ စိတ်ကို တခါထဲ မြောက်သွားတာ။ ချမ်းသာသွားတာ။ အဲဒါ တဏှာခေါ်တယ်။ (၃၁) ဘုံ မလွတ်ဘူး။ အဲဒါ လာဟောတာ။ အေး သူက ခန္ဓာက သိတယ်။ စာနဲ့ တထပ်တည်း ဖြစ်နေတယ်။ စာနဲ့ ခန္ဓာနဲ့ တထပ်တည်း ဖြစ်နေတယ်။ လာတဲ့ စာသမား ဆွဲထုတ်လိုက်တဲ့ မင်းခန္ဓာနဲ့ ငါပြောပေးမယ်။ ဒါဖြင့်လို့ စစ်တွေက ရသေ့တောင် ဆရာတော်ကြီးက ဒီပုဂ္ဂိုလ်ကြီးဟာတဲ့။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်း ဖြစ်သွားပြီတဲ့။ ကြည့်စမ်း။ ဒါ ခင်ဗျားတို့ မဂ်မရဘဲ မဂ်ရတယ်။ ဖိုလ်မရဘဲ ဖိုလ်ရတယ်။ ခင်ဗျားတို့ ပိုက်ဆံတွေ လိမ်တောင်း၊ ညာတောင်းရင် အဝီစိကျသွားမယ်။ မဂ်ဆိုတာ ဘာလည်း။ လောကီအာရုံတွေ၊ အနုသယတွေ၊ အတွင်းအာရုံမှာ ငြိမ်နေရမယ်။ မှန်သားလို ဖြစ်နေရမယ်။ အာရုံတွေကို ပြတ်သွားပြီ။ အပြင်အာရုံတွေ မကပ်နိုင်တော့ဘူး၊ မလာနိုင်တော့ဘူး။ အတွင်းအေးသွားပြီ။

ဒီတော့မှ နတ်တွေကို ခေါ်နိုင်းပြီ၊ နတ်တွေ ဘယ်လို ခေါ်နိုင်းလည်း၊ ဟေ့ကောင်တွေလာ၊ သိုက်တွေလာ၊ ရေပုသင်းက ဆေးဖြစ်အောင် လုပ်ပေး။ ရောဂါတွေရှိတယ်။ သွေးလေနဲ့ ပတ်သက်

တဲ့ရောဂါတော့ ငါမလုပ်တတ်ဘူး။ ပယောဂ၊ တောင်ပိုင်ကွင်းပိုင်၊ တစ္ဆေ၊ သရဲ၊ ယက္ခ၊ ဂူမ္ဘာန်၊ ဂန္ဓဗ္ဗ၊ မိစ္ဆာကောင်တွေ လုပ်ထားရင် လာခဲ့။ ဒီကောင်တွေ လက်နက်ချအောင် မာန်ချအောင် လုပ်သွားတာ။ အဲဒီလို ဘုန်းကြီးမျိုး သတ္တိရှိတယ်။ ကိုယ်မှန်ဖို့ လိုတယ်။ ပညတ်၊ ပရမတ်ကို သိရမယ်။ ပညာနဲ့ သိရမယ်။ ပညတ်၊ ပရမတ်ကို သညာနဲ့ သွားမကြည့်နဲ့။ အာရုံမှာ စေတနာထား။ ဪ ဟုတ်ကဲ့၊ ဟုတ်ကဲ့ အဘ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ကျွန်တော် လုပ်ပါမယ်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကိုယ်က လုပ်ရင် စေတနာနဲ့ထား။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ခံမပြောနဲ့။

ခင်ဗျားစိတ်ကလေးကို ထိန်းထား၊ စိတ်ထိန်းထားတာ၊ ဝိသုဒ္ဓိခေါ်တယ်။ အာရုံမှာ ထိန်းထားတာ။ စေတနာ မပျက်နဲ့ ဒီဘဝ တိုတိုလေး၊ ကောင်းရာ သုဂတိဘုံကို ရောက်အောင်သွား။ ဘုရားရေးထားတယ်။ ကမ္မဝဋ် ခင်ဗျားတို့ ရေးထားတာ။ ဘယ်သူမှ ဖျက်လို့ မရဘူး။ ကမ္မဝဋ် သိသလားတဲ့။ မင်းရဲ့ ဟိုးဘဝ အတိတ်ကကံက မပြတ်ခဲ့ဘူးကွတဲ့။ ဒီဘဝမှာ ပစ္စုပ္ပန်မှာ လာပြီးတော့ ဦးချိုတိုးနဲ့ ဒေါ်အုံးမေ သူတို့ နှစ်ယောက်က ကောက်စိုက်စားတယ်။ တွေ့ကြည့်၊ တစ်ယောက်နဲ့ တစ်ယောက် တစ်ရွာတစ်ကျေး ဦးချိုတိုးနဲ့ ဒေါ်အုံးမေ ကောက်စိုက်တော့ အပြင်ကို ကြည့်လိုက်တဲ့၊ ရူပကာယကို ဪ ဦးချိုတိုးက ဒေါ်အုံးမေရဲ့ မျက်လုံးလေးကလည်း အလွန်ကောင်း၊ မျက်တောင်လေးကလည်း ကောင်း၊ အလွန်ကောင်း။ ဒေါ်အုံးမေက ပြောတာဆိုတာလေး အင်မတန်မှ ယဉ်ကျေးတယ်။ ဟာ ဦးချိုတိုးက အာရုံပေါ်မှာ မနောက သာယာနေပြီ။ အဲဒါ တဏှာ၊ ကံဖြစ်နေပြီ။ အာရုံမှာ အမှတ်မှားနဲ့ လုပ်နေပြီ။ ဒေါ်အုံးမေကလည်း ဦးချိုတိုးကို အမယ်လေး ဒီလူက ငါ့လုပ်ကျွေးတော့မှာဘဲ ဟော သူတို့နှစ်ယောက် ဖြစ်ကုန်ရော။ မြမောင်က အတိတ်က သမ္မာကံနဲ့ လာတာ။ မိစ္ဆာကံနဲ့ လာရင် ခွေးဖြစ်မယ်။ ကြောင်ဖြစ်

မယ်။ ကြက်ဖြစ်မယ်။ တိရစ္ဆာန်ဘုံရောက်မယ်။ အဲဒါ ဘာလည်း မိရိုးဖလာတွေ မိဘရဲ့ ဒီလို ဖြစ်ရင် သားကလည်း နောက်ကနေ လိုက်လုပ်တယ်။ ကြည့်စမ်း မိရိုးဖလာတွေ၊ မိရိုးဖလာဖြစ်နေပြီ ဇာတိကိုလည်း မသိဘူး။

ခင်ဗျားတို့ စာကရေးထားတာပဲ။ ဇာတိတဲ့ ဇရာတဲ့။ ကြည့်စမ်း အဲဒီနှစ်ယောက်က ပေါင်းလိုက်တော့ မြမောင်ပေါ့၊ ဟောဒီက မြမောင် ဦးပဏ္ဍိတပဲဗျို့။ အဲ ပဏ္ဍိတကလည်း မှာလိုက်တာဆိုတာ ဝက်သချည်းလန်သွားအောင် လည်တော့တာပဲ။ ခိုးလိုက်တာ၊ အရက်သောက်လိုက်တာ။ ဖဲရိုက်လိုက်တာ၊ ဂျပန်ခေတ်မှာ အစွဲတရားတွေပေါ့ဗျာ။ မကောင်းတာတွေ စွဲတာပေါ့ဗျာ။ သူ့ဟာသူ အာရုံနဲ့ မနေ၊ နားနဲ့ မနေ၊ သူငယ်ချင်းနဲ့ အပေါင်းအသင်းနဲ့ မနေ၊ အကုန်လျှောက်လုပ်တော့ ဒီကံဟာ နိမ့်တော့တာပေါ့။ ဒီ (၈၂) ကျပ် ကလေးပဲ စားရတယ်။ အဖွဲ့ကောင်းတယ် လူမကောင်းဘူး၊ ကြည့်စမ်း လူမကောင်းဘူး၊ ဆရာကမရှိရင် အလစ်လုပ်တော့တာပဲဗျို့။ ဆရာရှေ့ကျတစ်မျိုး၊ ကွယ်ရာကျ တစ်မျိုး၊ ဒါ သစ္စာရှိသလား၊ ဒါကို လာဟောတာ။ ဘယ်သူပဲ ပျက်ပျက် ကိုယ်မပျက်နဲ့၊ သီးခံ၊ စေတနာထား၊ သမ္မာလေးနဲ့နေ။ ကိုယ်စိတ်ကို မဂ္ဂင် (၈) ပါးနဲ့စစ်၊ တရားထိုင်၊ အာရုံ (၅) ပါးကိုပယ်၊ ဒါလောက်ဆို ပြီးရောပေါ့ဗျာ။

၂၇-၇-၂၀၀၃ ရက်နေ့၌ ရန်ကုန်မြို့

ဆူးလေစေတီတော်တွင်

# ဝိသုဒ္ဓိ ဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ

## ဟောကြားခဲ့သော တရားတော်

ဦးဇင်းက မြန်မာစာ မတတ်ဘူး၊ အဲဒီတော့ ငယ်စဉ်တောင်ကျေးက အဖေ၊ အမေက ကျောင်းမထားနိုင်လို့ စာမတတ်တာ။ စာကို ပယ်တာ မဟုတ်ဘူး။ စာရှိလို့ အသိကို ကျင့်လို့ရတာ။ ဦးဇင်းက စာ ငယ်စဉ်က တန်းကျောင်းမှာ မနေခဲ့ရဘူးနော်။ ငယ်ငယ်က တိုင်းပြည် ခေတ်ပျက်တော့ ဟိုရောက်ဒီရောက် စာမသင်နိုင်ခဲ့ကြဘူး။ မသင်နိုင်တော့ စကားများ ပြောလိုက်တဲ့အခါမှာ ပညတ်တရား၊ ပရမတ်တရား ရှိတယ်။ ခေါ်ဖို့ သမုတ်ထားတယ်။ အဲဒီတော့ ပညတ်နေရာမှာ စာပေကျမ်းဂန် မတတ်တဲ့အတွက်ကြောင့် အားလုံး၊ သံဃာတော်အရှင်မြတ်တွေ၊ ဆရာတော်၊ ရှင်သာမဏေတွေ အားလုံး တပည့်တော်က တောင်းပန်တယ်။ တရားနာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေလည်း ဦးပဏ္ဍိတက စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် အားလုံး စကားပြောတဲ့အခါမှာ မှားယွင်းရင် သည်းခံကြပါတဲ့နော်။ ဦးဇင်း စာမတတ်ဘူး။ ငယ်စဉ်တောင်ကျေးက အဖေ၊ အမေက ကျောင်းမထားနိုင်တဲ့အတွက် စာမတတ်ဘူး။ အဲဒီတော့ ခန္ဓာဝန်ဒုက္ခ၊ ခန္ဓာဆိုတာ ဒီရုပ်တရားပါပဲ။ ခန္ဓာဝန် ဒုက္ခကို မသိတော့ ကာမဒုက္ခကိုလည်း မပယ်နိုင်တော့ဘူးဗျို့။ ကံရဲ့ အလုပ်တွေပါပဲ။ အဲဒီတော့ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်လို့ စာပေကျမ်းဂန်က ရေးထားပါတယ်။ ခေါ်ဖို့ သမုတ်ထားပါတယ်။ အဲဒီတော့ ကိလေသာဝဋ်က ဘာလည်း၊ ခန္ဓာဝန် လို့ ခေါ်ပါတယ်။ ကိလေသာဝဋ်၊ ကမ္မဝဋ်ဆိုတာ ကံတရား၊ ဉပါဒါန်ကံတွေ၊

အာရုံကြောင့် ကံတွေဖြစ်တယ်နော်။ အဲဒီ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဆိုတာ ဒီဘဝ ဟောဒီဘဝပဲ။ ဘဝဆိုတာ အဝိဇ္ဇာနဲ့ အာရုံ (၆) ပါးနဲ့ နှစ်မြှောနေကြတယ်နော်။ ဒါ စတ္တ နုပဿနာကို ဟောသွားတာ။ ကာယသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် လေးပါး ရှိတယ်၊ အဲဒီတော့ ဟိုဘက်က လိုင်းက ရေးထားတယ်။ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရားပဲတဲ့၊ ဒါ ဘုရားဟောအရ ကံတရားတွေ ဟောတာ။ ဥပါဒါန် ကံတွေ ဟောတာ။ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရားပဲတဲ့။ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်းမှန်တရားပဲတဲ့။ မြင်လိုက်တဲ့အကြောင်း ကြားလိုက်တဲ့အကြောင်း နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း အဲဒီအကြောင်းက ဘယ်ကလာသလည်း။ အကျိုးပေါ်က လာတယ်။ အကျိုးဆိုတာ ဒုက္ခနော်။ ရုပ်ခေါ်တယ်၊ အကြောင်းက နာမ်ခေါ်တယ်။ အဲဒါ ရုပ်နာမ်၊ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ် ခေါ်တယ်။ အဲဒါ စာ။ ရုပ်နာမ် မသိတာက အဝိဇ္ဇာဉာဏ် ခေါ်တယ်။ အဲဒါဟာ အဝိဇ္ဇာတဲ့။ ဒါကြောင့်မို့လို့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ဒီခန္ဓာငါးပါးကို ဘာကြောင့် ကျင့်ကြံရသလည်း။ ရုပ်နာမ်ကို သိချင်လို့ ရုပ်နာမ်ကိုသိချင်ရင် ကျင့်။ အဲဒီတော့ ခန္ဓာငါးပါးဆိုတာ နာမ်ခန္ဓာရှိတယ်။ အဲဒီတော့ ဝေဒနာရှိတယ်။ သညာရှိတယ်။ သင်္ခါရ ရှိတယ်။ ဥပါဒါန်ရှိတယ်။ ဒါ ဗမာလိုပြောတဲ့ စကားတွေနဲ့ တူပါတယ်နော်။ ဝေဒနာတဲ့။ ရုပ်ရှိရင် ဝေဒနာ။ ဝေဒနာရှိရင် အမှတ်က သညာ၊ အဲ သညာက သင်္ခါရ ပြောင်းလဲတယ်။ စိတ်ကလေးပြောင်းလဲတယ်နော်။ အဲဒီတော့ သင်္ခါရ ဥပါဒါန် ကံလို့ ခေါ်တယ်။ အဲဒါ ဥပါဒါန် ခေါ်တယ် မနော။ ဒါကြောင့်မို့လို့ သံသရာ ဘယ်ကစသလည်းတဲ့ ခန္ဓာက စပါတယ်တဲ့။ သံသရာ ဘယ်ကစလို့ ပြတ်သလည်းတဲ့။ ခန္ဓာကစလို့ ပြတ်ပါတယ်တဲ့။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်တဲ့နော်။

သဘောလေးပဲ။ တရားထိုင်ကြမယ်။ အဲဒီတော့ တရားထိုင်တဲ့ အခါမှာနော် လက်ကလေးပိုက်လို့ ဝေါစဂန်ဆိုတဲ့ ဥတုသပ္ပာယ၊ ဘောဇဉ်သပ္ပာယ၊ သင့်တင့်လျောက်ပတ်သောနေရာ၊ ဆိတ်ငြိမ်သော နေရာ၊ အဲဒီလိုနေရာ မျိုးလေးကို သွားပြီး တော့ လူသူလေးပါး ခေါင်းပါးတဲ့နေရာမှာ ထိုင်ပါ။ တောင်ပို့မှာ ဂယ်ခြောက်ပေါက်ရှိတယ်။ ငါးပေါက်ကို ပိတ်။ ငါးပေါက်ပိတ်တဲ့ အခါကျတော့ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး ကိုယ်တံခါးကို ပိတ်ထားပါ။ ငါးပေါက်ပိတ်တော့ တောင်ပို့အတွင်းထဲမှာ ဖွတ်ရှိတယ်။ ဒီဖွတ်ကို ဖမ်းမယ်နော်။ အဲဒီတော့ ဒီတောင်ပို့မှာ ဂယ်ငါးပေါက်ကို လုံအောင် သာ ပိတ်ထားလိုက်။ နို့မို့ ဒီဖွတ်က ထွက်လိမ့်မယ်။ ဟိုထွက်လိုက်၊ ဒီထွက်လိုက်ဆိုရင် တော်တော်နဲ့ ဖမ်းလို့မရဘူး။ အဲဒီတော့ တောင်ပို့ မှာ ဂယ်ငါးပေါက်ပိတ်လိုက်တယ်။ တစ်ပေါက် ဖွင့်တယ်။ ဘယ် အပေါက် ဖွင့်မလည်း။ အဲဒီတော့ ဖွင့်မဲ့အပေါက်က ဟောဒီနှာခေါင်း နှစ်ပေါက်၊ အာရုံခေါ်တယ်။ ဝင်တယ်၊ ထွက်တယ်၊ ဒလစဉ်၊ ဒလစပ် ဖြစ်နေတယ်။ အိပ်နေတာလည်း ရှိတယ်။ စားနေတာလည်း ရှိတယ်။ သွားနေတာလည်း ရှိတယ်။ ဒီနှစ်ခေါင်း နှစ်ပေါက်ရဲ့ အာရုံတစ်ချို့ သတိမထားကြဘူး။ တစ်ချို့ ဘာကိုလုပ်လည်း အဲဒီ စက္ခုအာရုံနဲ့ မနေ၊ နားသောတနဲ့ မနေ၊ နှံသာနဲ့ မနေ၊ ဇိဝါနဲ့ မနေ၊ ပေါင်းနေတယ်နော်။ ဒါ အနုဿယကံတွေ၊ ဥပါဒါန်ကံတွေ၊ အဲဒီ တော့ ဒီပုဂ္ဂိုလ်ဟာ အာရုံနှစ်ခု၊ ဝင်တယ်၊ ထွက်တယ်၊ အဲဒီ အာရုံလေးကို မနေ့လေးက သွားပြီးတော့ ဒီအာရုံကို သွားသိတာ။ အဲဒါ စိတ်ကလေးပဲ။ အဲဒါ သိစိတ်ကလေးခေါ်တယ်။ ပညာ သိခေါ်တယ်။ အဲဒီစိတ်ကလေးက တစ်ခါတည်း အဲဒီအာရုံပေါ်မှာ မူတည်နေတယ်။ အဲဒီလို တည်နေတဲ့အခါမှာ ဘာဖြစ်လာလည်း။ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ အပြင် ပညတ်တွေ လုံလာပြီနော်။ ပညတ်တွေလုံလာပြီ။ ဘုရား ပညတ်တွေကို သူလုံလာပြီ။ အဲဒီတော့

သူက သူများအသက် မသတ်ဘူး။ သူများပစ္စည်း မခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူးနော်။ သူ ဘာမှမလုပ်ဘူး။ ဝစီကလည်း မဟုတ်မမှန်သော စကားလည်း မပြောဘူး။ သူများရဲ့ အကျိုးပျက်ဆီးလောက်အောင်လည်း မလုပ်ဘူး။ ဘာမှ ဝစီက မပြောတော့ဘူး။ ရေတောင် မသောက်တော့ဘူး။ ဝစီကလည်းပိတ်၊ ကာယကလည်း လုံနေပြီ။ အဲဒီတော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ ဒါ ဉာဏ်စခန်းတွေ၊ ဉာဏ်အလုပ်တွေ ဒီဉာဏ်တွေက ဘာလည်း ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏာဥဒပါဒိတဲ့။ အာသဝက္ခယာ ဉာဏ်ခေါ်တယ်။ အဲဒါ ဉာဏ်နဲ့ လာဟောတဲ့ တရားတွေပဲ။ ကံသမားကို ဟောလိုက်တာ။ ကံဆိုတာ အစွဲ ဥပါဒါန်ပဲနော်။ အဲဒီတော့ ကိုယ့်မှာရှိတာက ကိလေသာနဲ့ တဏှာ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရားတွဲနေတယ်။ ကိလေသာနဲ့ တဏှာတွဲနေတယ်။ တွဲနေတာကို ဂမ္ဘီရဉာဏ်နဲ့ ကြည့်မှ သဘော ပေါက်တယ်။ တဏှာကို သတ်တဲ့ ရဟန်းခေါ်တယ်။ စာတော့ မတတ်ဘူး။ အဲဒီတော့ ဘုရားကျိန်းသွားတယ်။ တဏှာကို ကျိန်းသွားတယ် နော်။ အဲဒီတော့ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ ကိလေသာက ဒုက္ခသစ္စာ၊ နာမ်တရားက သမုဒယသစ္စာ၊ အကြောင်းနဲ့ အကျိုး၊ အတိတ်နဲ့ ပစ္စုပ္ပန် နှစ်မျိုးရှိတယ်။ အတိတ်ကဘာလည်း ရုပ်တရား၊ အကြောင်းက ဟောဒီကပစ္စုပ္ပန်ပဲ။ အာရုံမှာ သွားသွား စွဲတာ။ သွားသွားပြီးတော့စွဲတာ။ အဲ စက္ခုလေးမှာ သာယာတာ တဏှာ၊ ကိုယ့်နားလေးမှာကြားတာ သာယာတာ တဏှာ။ နှသာ မှာနံတာ သာယာတာ တဏှာ၊ ဇိဝှါမှာ သာယာတာ တဏှာ၊ ကိုယ်က ထိတာ သိတာကို သာယာတာ တဏှာ၊ အဲဒီ တဏှာက သံသရာ

လည်တယ်ဗျို့။ ခင်ဗျားတို့စိတ် ခင်ဗျားတို့သာ စစ်ပေတော့။ ဦးပဏ္ဍိတ စိတ်ကိုတော့ စစ်ပြီ။ မဂ္ဂင်ရှစ်ပါးနဲ့ စစ်တယ်။ မဂ္ဂင်ရှစ်ပါး ဆိုတာ သမ္မာဝါစာ၊ သမ္မာ ကမ္မတ၊ သမ္မာအာဇီဝ၊ သမ္မာဆိုတာ မှန်သောအလုပ်၊ ကံတော့ကံပဲ။ သက္ကာယဒိဋ္ဌိ ကံမဟုတ်ဘူး။ မိစ္ဆာ ဒိဋ္ဌိကံ မဟုတ်ဘူး။ အတ္တဒိဋ္ဌိကံမဟုတ်ဘူး။ သမ္မာကံနော်။ လက်က လေး ပိုက်ပြီး ကံတော့ ကံပဲ ကောင်းတဲ့ကံပဲ။ အဲဒီလို ကျင့်တဲ့အခါ ကျတော့ စင်ကြယ်လာတယ်။ အဲဒီတော့ အာရုံ ငါးပါးလည်း မမြင် ချင်တော့ဘူး၊ မကြားချင်တော့ဘူး၊ မသိချင်တော့ဘူး၊ အဲဒီတော့ ဒါတွေကို အာရုံငါးပါးလည်း သဘောလေးပဲ။ အဲဒီတော့ ဘာလို့ မမြင်ချင်လည်း။ ဘာလို့လည်း ဒီအာရုံကို သူယူထားတယ်။ နှာခေါင်း နှစ်ပေါက်ရဲ့ အာရုံ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး၊ ထိသွားတာက 'လေ' လေးက နှာခေါင်းနှစ်ပေါက်ကို မွေးညှင်းကို ထိသွားတာ။ ထိတော့ သိတယ်။ ထိတာက ရုပ်၊ သိတာက နာမ်၊ အဲဒါ ရုပ်နာမ် မမြဲဘူးတဲ့နော်။ မမြဲဘူးတဲ့။ မမြဲတော့ မစွဲဘူးတဲ့။ မစွဲတော့ ကံပြတ်တော့ အေးတာပေါ့ဗျာတဲ့။ အခုအေးတာပဲ။ ဗိုက်ထဲမှာ ရေခဲတုံးကြီး ထည့်ထားတယ်နော်။ အခုဟာ အပူသည်တွေချည်းပဲ။ သားအတွက်နဲ့ သောကပဋိဒေဝ၊ သမီးအတွက်နဲ့ သောကပဋိဒေဝ၊ အမျိုးမျိုး အလုပ် အကိုင်နဲ့ အဆင်မပြေလို့ သောကဖြစ်နေတာ။ ပဋိဒေဝ ဒေါမနဿ တွေဖြစ်နေတာ။ အဲ ဥပါဒါန်တွေ ဖြစ်လို့ ဘယ်ကလည်း မနေ့ ဘာကြောင့်လည်း အာရုံ (၅) ပါး မလွတ်ဘူးနော်။ ဒါကြောင့်မို့ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တ တဲ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ဟော ခန္ဓာမှာ ဉာဏ်ဆိုက် တယ်နော်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာကိုကြည့်။ ခန္ဓာကို ကြည့်တဲ့ အခါကျတော့ ခင်ဗျားတို့ ဥပမာ ပြောကြမယ်။ စာတော့ မတတ် ပါဘူးဗျာ။ ဆေးရုံမှာ သွားကြည့်။ (အောင်မယ်လေး)၂ ကျွန်တော့်မှာ

တိဘီရောဂါကြီးနဲ့ပါလား။ အဆုတ်ရောဂါကြီးနဲ့ပါလား။ ထမင်းလည်း မစားနိုင်။ အောင်မယ်လေး သွေးတိုးရောဂါကြီးနဲ့ပါလား (အောင်မယ်လေး)[၂] ဟာ စိတ်ကလေး ဆင်းရဲနေတယ်နော်။ ရုပ်က ဝေဒနာ ရုပ်ကြီးက ဖောက်ပြန်လာတယ်နော်။ ဝေဒနာကြီးက ဖောက်ပြန်နေတယ်။ ဒါ သဘောလေးနဲ့ ဟောသွားတာ။ ဝေဒနာကြီး ဖောက်ပြန်တော့ စိတ်ကလေး ဆင်းရဲနေတယ်။ ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့။ ရုပ်ဆင်းရဲပါစေတဲ့။ ဟော ဒါ ဘုရားဟောအရ စိတ်ဆင်းရဲတယ် ဆိုတာ သွားစွဲတာ။ သွားစွဲတာ သားလေး ရေနစ်သေရင် မအေက စိတ်ဆင်းရဲတယ်ဗျို့။ ဒီနေ့ ထီတွေပေါက်တယ်ဗျို့။ စိတ်ချမ်းသာတယ်ဗျို့။ အဲဒါ တဏှာတွေဗျနော်။ အနုသရ တဏှာတွေနော်။ စိတ္တာနုပဿနာ စိတ်နဲ့ခါတ်ဖြစ်ပြီးတော့ ဟောတဲ့ တရားတွေခေါ်တယ်။ စိတ်အကြောင်းကို သိသွားပြီနော်။ စိတ်ကလေးရဲ့ အကြောင်းကို သိသွားပြီ။ ဒါကြောင့်မို့ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးရှိတယ်။ ခန္ဓာငါးပါးမှာ ခန္ဓာနဲ့ ရင်းရှာတဲ့ ဓါတ်လေးပါးရှိတယ်၊ သွေး၊ သည်းခြေ၊ လေ၊ သလိပ်၊ ဟိုက စာနဲ့ ရေးတယ်။ ပထဝီ၊ တေဇော အာပေါ၊ ဝါယောနော်။ ဒီခန္ဓာက သိတယ်။ ခန္ဓာမှာ ဟောဒါ ခန္ဓာ။ နာမ်ခန္ဓာ။ အဲဒါ လေးပါးရှိတယ်။ ပေါင်းလိုက်တော့ ငါးပါးခေါ်တယ်။ အဲဒီတော့ သွေး၊ သည်း၊ မြေ၊ လေ၊ သလိပ်က အသက်ကြီးသွားတဲ့အခါကျတော့ သွေးအားနည်းသွားတယ်ဗျို့။ သည်းခြေကလည်း ဂယောင်ခြောက်ခြား ဖြစ်သွားတယ်ဗျို့။ လေနဲ့ သလိပ်က နှိပ်စက်တော့ အသက်ရှူတဲ့ လမ်းကြောင်းကို ပိတ်တော့မယ်နော်။ ဒီကောင်တွေက အဲဒီအကောင် လေးကောင်က အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ အကောင်တွေ။ အဲဒီ အကောင်တွေကို ကျင့်ထားတာ။ ခန္ဓာငါးပါး ကျင့်ထားတဲ့အတွက်ကြောင့် ဩော် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ ဩော် မခံသာမှန်ပါဘိ ဒီတရားခံသာလျှင် သံသရာကြော မျောလိမ့်မယ်။ တရား

ထိုင်တဲ့အခါမှာ အဲ ဝေဒနာတွေကလည်း ဒင်းကြမ်းပေါ်တယ်ဗျို့၊ ဝေဒနာတွေ ဒင်းကြမ်းပေါ်တဲ့အခါမှာ ဩော် ဘုရား၊ ဘုရား၊ ဘုရာ ဩော် ဒီရုပ်ကြောင့် နာမ်ဆင်းရဲပါလား။ ရုပ်ကြောင့် နာမ်ဆင်းရဲ ပါလား။ ကံတွေပါလား။ အတိတ်ရဲ့ ကံဟာ ယခုပစ္စုပ္ပန်ဘဝမှာ ဥပါဒါန် အတိတ်ရဲ့ကံဟာ ဥပါဒါန်ကံဟာ မပြတ်လို့ ဒီဘဝမှာ ပစ္စုပ္ပန် မှာ လာဆက်ပါလား။ လာဆက်လို့ ငါဒီလူလာဖြစ်ပါလား။ မနုဿတ ဘာဝေါ ဒုလ္လဘော။ လူ့ဘဝမှာ ခဲယဉ်းစွာ ရအပ်ပေ၏။ ဟော လူ့ ဘဝတော့ ရပြီ။ သိဖို့ရာ လွယ်တယ်မထင်နဲ့။ မရှိတာကို ရှာရင် ရတယ်။ မသိတာက အခက်ဆုံးဘဲတဲ့။ ဘယ်အသိလည်း၊ ပညတ် အသိ၊ ပရမတ်အသိ၊ အတ္တအသိ၊ အနတ္တအသိ၊ သညာအသိ၊ ပညာအသိနော်၊ ပညတ်အသိ၊ ပရမတ်အသိ ဒါတွေ ခင်ဗျားတို့ အပေါ်မှာ မူတည်တယ်။ အဲဒါ စာတွေပဲ။ အတ္တအသိဆိုတာ စွဲတာ။ အာရုံနဲ့ ပေါင်းပြီးတော့ မနောကံတွေဖြစ်တာ။ ဒါကြောင့်မို့ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တ။ ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တကို မရှုတော့ဘူး။ အာရုံပေါ်မှာ သညာကြောင့် သင်္ခါရတွေဖြစ်ပြီး မျော နေကြတယ်။ လည်နေကြတယ်။ (တစ်ဘဝပြီး တစ်ဘဝ)[၉] နတ် ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ ကြောင်ဖြစ်လိုက်၊ ဝက် ဖြစ်လိုက်၊ ဖြစ်ကြမှာပဲနော်။ နတ်ဖြစ်တယ်ဆိုတာ သမ္မာ၊ သမ္မာအယူကို ယူတာ။ အဲ သမာဓိတွေကောင်း သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာတွေ နတ်တို့၊ ဗြဟ္မာတို့ ဖြစ်နေတာ။ (၃၁) ဘုံတော့ မလွတ်ဘူး။ ခုဏာက ခွေး ဖြစ်တယ်။ ကြောင်ဖြစ်တယ်။ ကြက်ဖြစ်တယ်ဆိုတာကတော့ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ ငါ့အိမ်၊ ငါ့မယား၊ ငါ့သား၊ ငါ့ ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါပိုင်တယ်၊ ငါလို့ အယူမှားတယ်။ ယူထားတယ်။ ငါလို့ ယူထားတယ်။ အဲ အယူယူတဲ့ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ အဲဒါတွေဟာ ငါ့ဝက် ငါသတ်တာ မင်းနဲ့ ဘာဆိုင်

လည်း။ ငါ့ကြက် ငါသတ်တာ မင်းနဲ့ ဘာဆိုင်လည်း။ မှန်တာပေါ့။ အယူမှား၊ အမှတ်မှား၊ အစွဲမှား၊ အဲဒါတွေဟာ မိစ္ဆာဒိဋ္ဌိနော်။ အဲဒီတော့ ဒါဖြင့် ကျွန်တော့် မိစ္ဆာဒိဋ္ဌိတွေ ဘာလို့ မိစ္ဆာဆိုတာ မင်းအခုလုပ်တာကွတဲ့။ ဒိဋ္ဌိဆိုတာက ငါပြောမယ်ကွတဲ့။ သမ္မာမှာလည်း ဒိဋ္ဌိခေါ်တယ်ကွ။ အဲဒီတော့ မိစ္ဆာမှာလည်း ဒိဋ္ဌိခေါ်တယ်ကွ။ အဲဒီ ဒိဋ္ဌိကလေတဲ့ ငါတော့ စာတော့ မတတ်ဘူးကွာဟဲ့။ အဲဒါ ပါဠိစကားတွေကွတဲ့ သမ္မာဒိဋ္ဌိ ဆိုတာ အာရုံမပြတ်သေးဘူးကွတဲ့။ အာရုံနဲ့ မနော မပြတ်သေးဘူးကွတဲ့။ အာရုံကို ယူထားတဲ့အခါမှာ အာရုံဆိုတာ အပြင်ကွတဲ့။ သမ္မာကွတဲ့။ မင်းယူတဲ့ အယူဟာ အာရုံယူတဲ့အတွက် မနောနဲ့ အာရုံနဲ့ ပေါင်းတဲ့အတွက် ဒိဋ္ဌိလို့ ခေါ်တယ်တဲ့။ အာရုံမှာတော့ မင်း လှူတယ်၊ တန်းတယ်၊ မင်း ဘာဖြစ်ဖြစ် အလုပ်လုပ်တယ်။ ကောင်းတာလုပ်တယ် အဲဒါ သမ္မာ၊ အပြင်က သမ္မာကွတဲ့။ ယူတဲ့အယူက ဒိဋ္ဌိကွတဲ့။ ငါမြင်တယ် ဆိုတဲ့ အသိလေး၊ ငါဆိုတဲ့ ဟာလေးပါနေတယ်တဲ့။ အနတ္တ မဟုတ်တော့ဘူးတဲ့။ မင်းအတ္တ ပါနေတယ်ကွဲတဲ့။ သမ္မာတော့ အပြင်ကောင်းရာမွန်ရာ မင်းလုပ်ထားတယ်တဲ့။ မှန်တယ်တဲ့။ ဒိဋ္ဌိ မလွတ်ဘူးတဲ့။ ဒိဋ္ဌိလွတ်တာက မဂ်ဉာဏ်ရမှ လွတ်မယ်နော်။ ခင်ဗျားတို့ သဘောလေးနဲ့ပဲ ဟောနေတာ။ မဂ်ဉာဏ်ဆိုတာက ပညတ်၊ ပရမတ် အစွန်းကို သိသွားပြီ။ ဒါ ပညတ်ပဲ၊ ဒါပရမတ်ပဲ။ ဒါ ဓါတ်ပရမတ် တရားအမှန်အစစ်ပဲ။ ဟိုဟာက တရားတော့ တရားပဲ ပညတ်မှတ်လို့ တရား။ ကံတရားခေါ်တယ်နော်။ ပရမတ်ကတော့ ဟော ဉာဏ်တရားခေါ်တယ်။ အနတ္တခေါ်တယ်နော်။ ဟိုက ကံတရား၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာ ဘာအာရုံကို ယူသလည်း။ ဒါ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ သမုတိ သစ္စာက အင်မတန် ကောင်းတဲ့ ဗုဒ္ဓရဲ့ ယဉ်ကျေးမှုကို သုံးတယ်။ သိပ်မှန်တယ်။ အကာသုံးထားတာ။ ပညတ်ကို အကာ

ခေါ်တယ်။ အင်မတန် ယဉ်ကျေးမှု အင်မတန် ကောင်းတယ်။ မနောမှာတော့ သူ့မနောတော့ သူ့စိတ်သူစစ်၊ မနောကတော့ ဗျာပါဒ ဖြစ်နေတယ် ။ ဖအေ သေမယ်၊ မအေ သေမယ်၊ ညီအစ်ကို မောင်နှမ ဒုက္ခ ရောက်သွားမယ်ဆိုရင် အဲဒါ သွားစွဲတာ။ ဥပါဒါန်ကံ ပေါ့ ကံဖြစ်ပြီဗျို့။ လုပ်တာကတော့ အပြင်မှာ ပကာသနတွေ့ အတွင်းမှာကတော့ ခင်ဗျား မဲနေပြီ။ အတွင်းက ဝိသုဒ္ဓိ၊ ဝိဆိုတာ အထူး၊ သုဒ္ဓိဆိုတာ မနော၊ အာရုံ ငါးပါးပေါ်မှာ စင်ကြယ်ရမယ်။ စေတနာမှန်ရမယ်။ အဓိပတိ စေတနာဖြစ်ရမယ်။ ပကာသန စေတနာမဟုတ်ဘူး။ ဘယာစေတနာ မဟုတ်ဘူး။ အဲဒါအပြင်ကနော်။ အဓိပတိစေတနာဟာ ဒုလ္လဘ ငါးပါးက စေတနာ၊ ဗုဒ္ဓုတ်ဘာဝေါ ဘုရားဖြစ်ခြင်းကို ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ ပဗ္ဗဇိတဘာဝေါ ရသေ့ ရဟန်းအဖြစ် တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏။ သဒ္ဓမ္မသာဝဏာ သူတော်ကောင်းတရား စကားနာကြားရခြင်း ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏။ ဇီဝံ ဒိဝသေ၊ ဒိဝသေ ဘုရား ဒါဟောတာ အဲဒါ ဒုလ္လဘဘ ငါးပါးကို အဲဒါနဲ့ ဟောလိုက် တာနော်။ အဲဒီတော့ ဟိုက ဘုရားဖြစ်ပြီကွတဲ့။ အဲဒီတော့ အဲဒီ ဒုလ္လဘငါးပါးနဲ့ အကြောင်းပြုပြီးတော့ ဟောလိုက်တဲ့တရားတွေနော်။ ဉာဏ်တရားတွေ။ အဲဒီတော့မှ သူတို့ ဩော် ဘုရားဧကန် အမှန် ဟုတ်ပါလားနော်။ အဲဒီတော့မှ ကျွတ်တန်းတွေဝင်ကြတယ်နော်။ ဒါတွေက အပြင်ရဲ့ရှိပါတယ်။ ခင်ဗျား အပြင်မှာဆို ဦးဇင်းက စာမတတ်ဘူး။ ကျား တစ်ကောင်ဟာ အိပ်နေတာ။ သူ့ရှေ့မှာ ဂျီတစ်ကောင် ဖြတ်သွားတယ်။ ဂျီတစ်ကောင် ဖြတ်သွားရင် မျက်စိ ကျားက မြင်တာပဲ။ ဒါ ငါ့အစာဆိုပြီး လိုက်ကိုက်သတ်တာ။ လိုက်ကိုက်သတ်တာ။ တစ်ခါတည်း ဂျီသေတာပဲနော်။ ဒါ တွေးသာ ကြည့်။ ဒါ ဝိသုဒ္ဓိစင်ကြယ်ပါ့မလား။ အာရုံနောက်လိုက်တာ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ မာန၊ ဒိဋ္ဌိ ဟော လောဘစိတ်တွေ

ဒေါသစိတ်တွေ၊ လောဘနဲ့ ဒေါသ အလုပ် လုပ်တယ်၊ မောဟာဆိုတာ မောပြီ။ သူမောနေပြီ။ အဲဒါလည်း မဖြတ်နိုင်ဘူး။

မောပေမယ့် ချမှာပဲ သူကလည်း အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာဆိုတာ ဟော အာရုံပေါ်မှာ သာယာတာ တဏှာ၊ စက္ခုမှာ သာယာတာ တဏှာ၊ နံ့သာမှာ သာယာတာ တဏှာ၊ ဇီဝါမှာ သာယာတာ တဏှာ၊ တဏှာဗျ။ ဒီတဏှာ ဘယ်ကလည်း။ ကိလေသာကလာတာ။ ရုပ်ကလာတာ။ ဟောဒီ နှစ်ခုတွဲနေတာ။ ဒီနှစ်ခုတွဲနေတာ။ ဉာဏ်နဲ့ကြည့်မှ။ ဒီကောင်က ရုပ်တရား၊ ဒီကောင်က နာမ်တရား၊ သေချာလေး၊ ရုပ်ကို သိသွားတာက ဩော် ဒါဓါတ်ပဲ။ ငါမဟုတ်တော့ဘူး။ အနတ္တ တရားကြီးပဲ။ အခု ငါဖြစ်နေတာ ငါ့စိတ်က အတ္တတွေဖြစ်နေပါ ကလား။ ကိုယ့်စိတ် ကိုယ်စစ်လိုက်နော်။ ကိုယ့်စိတ် ကိုယ်စစ်၊ မဂ္ဂင် နဲ့ စစ်လိုက်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါ သီလ မဂ္ဂင်။ သီလမဂ္ဂင်ဆိုတာ သမ္မာနဲ့နေတာ။ ခုန ကံတွေကို အကုန်လုံး ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါး၊ ဒုစရိုက် (၁၀) ပါးက ကံမဖြစ်အောင် သူထိန်းနေတာ။ သက္ကာယဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ အတ္တဒိဋ္ဌိကံ မဖြစ်အောင်လို့ သမ္မာကံလေးဖြစ်အောင်လို့ အလုပ်လုပ်တာ အဲဒီတော့ ယူတာက အာရုံယူတယ်။ ထိတာက ရုပ်၊ သိတာက နာမ်၊ အနတ္တတွေ။ ဩော် မျက်စိနဲ့ နားနဲ့ မပေါင်း တော့ဘူး။ တွေ့လား။ သဘောလေးသာနာ။ အဲဒီလို သီလဟာ အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ် တော့ ဉာဏ်မှာ စင်ကြယ်တယ်။ အဲဒီတော့ ဒီလို သီလတွေ ကံသီလ တွေ လုံခြုံလာတယ်ဗျို့။ အဲဒီတော့ အာရုံဟာ ဆင်းလိုက်၊ တက်လိုက် မမြဲပါလား။ အနတ္တတွေကို ယူတယ်။ အဲဒီတော့ မျက်စိနဲ့ ပေါင်းရင် အတ္တဖြစ်မှာစိုးလို့ အဲဒီတော့ တရားကို ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ကြာလာတဲ့အခါကျတော့ စိတ်နဲ့ စေတသိတ်က ခေါင်းပါး

လာတယ်ဗျို့။ စိတ်ကလည်း မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်တွေကလည်း ခေါင်းပါးလာတယ်။ အဲဒီ သူခေါင်းပါးသလို ဘဝင်ရဲ့ စေတသိတ်က အာရုံကို မယူတဲ့အတွက် စေတသိတ်က အဓိ စိတ္တကလေး တည်ကြည်လာတယ်ဗျို့။ အဓိသီလ၊ အဓိစိတ္တ သူ့မှာဖြစ်လာပြီ။ အဲဒီတော့ ပညာပိုင်းကို တတ်ရတော့မယ်နော်။ သညာကနေပြီးတော့ ပညာကို ချဉ်းတော့မယ်။ သဘောလေးနဲ့နာနော်၊ လာတာ တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်တည်း။ ကိုယ့်နောက် ဘာမှ ပါတာမဟုတ်ဘူးနော်။ သဘောလေးနဲ့ ကိုယ်စွဲလန်းနေတဲ့ ဥပါဒါန်တရားတွေ မနောကအာရုံနဲ့ ဥပါဒါန်ဖြစ်နေတဲ့ သံသရာလည်တဲ့ တရားတွေ ဟာ မသိကြတော့ မှားကြတာပေါ့။ ဦးပဏ္ဍိတလည်း မှားတာပဲ။ ဦးပဏ္ဍိတလည်း ငယ်ငယ်က သူများပစ္စည်းတွေခိုး၊ သူများဟာတွေ လိမ်။ အရက်သောက်လိုက်၊ စာရိတ္တပျက်လိုက်နော်၊ အပေါင်းအသင်းမှားလိုက်၊ ဖြစ်တာပါဗျာ။ ဦးပဏ္ဍိတ (ခေါ်) ဦးမြမောင်ပါ။ မကောင်းပါဘူးနော်။ ဒါကြောင့်မို့လို့ သွေးသားပြောင်းတော့ စိတ်ပြောင်းတယ်တဲ့။ စိတ်ပြောင်းတော့ သွေးသားပြောင်းတယ်တဲ့နော်။ မိရိုးဖလာရဲ့အယူတွေ ပယ်ပြီဗျို့။ ဩော် ငါစွဲလမ်းတာ မိရိုးဖလာရဲ့ ဇာတိ၊ ဇရာ၊ မရဏဆိုတာ မှန်ပါကလား။ (ဘုရား)၂ အဲဒါ စာတွေ၊ ဇာတိကိုလည်း သိရမယ်။ ဇရာကိုလည်း သိရမယ်။ မရဏ ငါ အိုရအုံးမယ်။ နာရအုံးမယ်။ သေရအုံးမယ်ဆိုတော့ သံဝေဂတွေ ရသွားပြီ။ ကိုယ်ကျင့်တရားတွေ ဖြစ်လာပြီ။ ကိုယ်ကျင့်တဲ့အသိတွေ ဖြစ်တုန်ပြီ။ သံဝေဂတရားတွေ ရလာပြီ။ အဲဒီတော့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါပြီ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါပြီ။ ကိုယ့်အောက်ကသူကို သနားပါပြီ၊ အဲဒါတွေပဲဗျို့နော်။ ကိုယ့်စိတ်ကိုယ်စစ်။ လာတာလည်း တစ်ယောက်တည်း။ ပြန်တာလည်း တစ်ယောက်တည်း။ ဒါတွေစွဲတော့ ဥပါဒါန်တွေ၊ အခုဟောနေတာ ဥပါဒါန်တွေကို

ဟောနေတာ။ မနောကံကို ဟောနေတာပါဗျာ။ အဲဒီမနောကံကြီးက ဌကော ဓမ္မောဖြစ်ရမယ်။ ဌကော ဓမ္မော ဘယ်ကလာသလည်း။ ရုပ်ပေါ်နာမ်ပေါ်က လာတယ်၊ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်တဲ့။ ဟော သီလချုပ်ထားပြီနော်။ ပရမတ်က ချုပ်သွားပြီတဲ့၊ ဩော် (အေးအေးအေး)[၇] ခင်ဗျားတို့ ယူတဲ့သီလ မှန်ပါတယ်ဗျာ။ ပညတ် သီလ မှန်ပါတယ်ဗျာ။ ကံ သီလဗျာ အဲဒါနော် ရှစ်ပါးသီလ မှန်တယ်။ ငါးပါးသီလ မှန်တယ်။ (၁၀) ပါး သီလလည်း မှန်တယ်။ ဘာဖြစ်လည်း သီလတော့ ဒီနေ့ စောင့်ထိန်းပါပြီဗျာ။ ဒီနေ့ ကိုယ့်မိန်းမ သေသွားရင် လင်ယောကျ်ား မပူဘူးလား။ ပူမလား၊ အောင်မလေး ပူလိုက်တာ။ ဘာဖြစ်လို့ မင်းပူသလည်း။ မိန်းမကို သွားစွဲတာ။ ဥပါဒါန်ကံ။ အဲဒါ တဏှာပဲ ဗျို့နော်။ ဝေဿန္တရာမင်းကြီးက သားတွေကို လှူလိုက်တယ်။ ပုဏ္ဏားကို လှူလိုက်တယ်။ ပုဏ္ဏားက သားလေးတွေကို ရိုက်လိုက်တယ်။ ဖအေရှေ့မှာ ရိုက်လိုက်တော့ ဖအေက အဲဒီ အာရုံကို မပြတ်တော့ မာန်ဖြစ်ပြီးတော့ သန်လျက်စွဲတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိ။ ဟော လုံ့ သုံးချောင်းစိုက်ထားပြီဗျို့။ ဝေဿန္တရာတောင်နော် ခင်ဗျားတို့ သဘောလေးနဲ့နော။ ကံပြတ်လို့ရှိရင် ထူးပြီဗျို့နော်။ ခင်ဗျားတို့ရဲ့ ပထမစျာန်တို့၊ ဒုတိယစျာန်တို့ စျာန်တွေ အဲဒါ စာနဲ့ ရေးတာ။ ဟုတ်တယ်ဗျာ။ စာက မှန်၏။ ဉာဏ်မမိ၊ ထိအောင် သူမသိ။ စာတွေ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်နော်။ အဲဒီတော့ ဘာဖြစ်ဖြစ် ကိုယ့် စေတနာ မပျက်နဲ့။ ကိုယ့်ရဲ့ အာရုံပေါ်မှာ ငါဆဲတယ်။ ငါ့ကို တိုင်းလိုက်ပါလား။ ငါ့ကို ဆဲလိုက်ပါလား။ ဆဲတဲ့သူ အပေါ်မှာ ခံရတဲ့ သူက စေတနာ မပျက်ပါနဲ့၊ ဩော် ဆဲပါစေကွယ်။ တိုင်းပါစေကွယ် သူမသိလို့ပါကွယ်။ ငါသည် စေတနာမပျက်ပါဘူး။ ငါ့ရဲ့ ကာယကံ လည်း မသောင်းကျန်းပါဘူး။ ဝစီကံလည်း မသောင်းကျန်းပါဘူး။

မနောကံလည်း မသောင်းကျန်းပါဘူး။ ဟော ကံကို ယုံကြည်သွားတာ။ ကံဆိုတာ အစွဲတရားပဲဗျို့။ စာကတော့ ရေးထားတယ် ကံတဲ့၊ တစ်လုံးထဲဘဲနော် ဒါကြောင့်မို့လို့ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိဘာကဝဋ်၊ ဟော ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌိသဝဆိုတာ ဒီဘဝမှာ တဏှာနဲ့နေတော့ မဒိုချင်ဘူး၊ မသေချင်ဘူး၊ ဘဝနှစ်သက်နေပြီ။ ဘဝါသဝ၊ ဒိဋ္ဌါသဝဆိုတာ ဒိဋ္ဌိ ဒိဋ္ဌိဆိုတာ အယူမှားတယ်။ အာရုံနဲ့ မနော ယူထားတယ်။ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့မိန်းမ၊ ငါ့တိုက်၊ ငါ့အိမ်၊ ငါ့ကား၊ ငါ့ပစ္စည်းလို့ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲဒါ ဒိဋ္ဌိ။ ဟော ကြည့်စမ်း အယူမှားတော့ လက်ကလေးပိုက်တယ်။ ပိုက်ပြီးတော့ သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်အောက်လုပ်၊ တရားထိုင်၊ ဒါနကို အခုလုပ်ရင် အခုရတယ်။ သီလရဖို့ မလွယ်ဘူး။ အဲဒီသီလအစစ်အမှန်ရရင် အပယ်ပိတ်တယ်။ သီလဆိုတာ ကိုယ့်စိတ် ကိုယ်စစ်တာ။ မနောကိုစစ်တာ။ အဲဒီတော့ ဒီသီလဟာ ဘာသီလလည်း။ အတ္တသီလလား။ အနတ္တသီလလား။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီတော့ အတ္တသီလက မယားသေရင် ပူတယ်ဗျို့။ သမီးသေရင် ပူတယ်ဗျို့။ အဲ သားသေရင် ပူတယ်ဗျို့။ အလုပ်ရှုပ်ရင် ပူတယ်ဗျို့။ အဲဒါ ဥပါဒါန်ကံတွေ။ တဏှာတွေ သံသရာလည်တဲ့ တရားကြီးပဲနော်။ (၃၁) ဘုံ မလွတ်ဘူး။ (၃၁) ဘုံလွတ်တာက တဏှာပြတ်တဲ့လူမှ (၃၁) ဘုံ လွတ်တယ်။ ဟော တဏှာတော့ မပြတ်ဘူးဗျာနော်။ သမ္မာတော့ရှိတယ်။ သမ္မာတွေ ဒါကြောင့် တော့ဆက်၊ တော့ဆက်မြင်တဲ့အခါ၊ ကြားတဲ့အခါပဲ အဲဒီတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ နားကလည်း အဲ ကြားပြီဗျို့။ မြင်ပြီဗျို့။ အဲ မြင်တော့ သဒ္ဒါတွေကလည်း ယုံကြည်တယ်။ သဒ္ဒါဆိုတာ ယုံကြည်တာ။ စေတနာကလည်း မှန်လာပြီ။ အဲ နောက်တစ်ခါတော့ဆက်ကနေ ချိတ်ဆက်၊ ချိတ်ဆက်က အဲ အနတ္တကိုမြင်သွားပြီ။ ငါ့ရုပ်၊ ငါ့နာမ်တွေ မဟုတ်

ပါလား။ သဘာဝ သဘောတရားတွေပါလား။ ဓါတ်ကြီးလေးပါး ဆောက်လုပ်ထားတဲ့ ရုပ်ကြီးပါလား။ အဲဒီတော့မှ သံဝေဂတရား ရပြီ။ ကိုယ်ကျင့်တဲ့ အသိကလည်း သံဝေဂကိုရနေပြီ။ အဲဒါ ချိတ်ဆက် အဲဒါသွားပြီ ငါမလုပ်တော့ဘူး။ သူပါးရိုက်လည်း ခံတော့မယ်။ သူ ထောင်ထဲထည့်လည်း ခံတော့မယ်။ သူအခုပစ်သတ်လည်း ခံတော့ မယ်။ အဲ သူအကုန်အရှုံးပေးပြီ။ လောကကို အရှုံးပေးသွားပြီနော်။ ဒီလိုအသိမျိုးကို ရအောင်ယူနော်။ သီလဆိုတာ ရဟန္တာသီလနဲ့ သောတာပန်သီလ မတူဘူး။ သောတာပန်သီလနဲ့ သဒ္ဒါဂါနိသီလ မတူဘူး။ ရဟန္တာသီလနဲ့ ဘုရားသီလ မတူဘူး။ သဘောလေးပဲ။ ကိုယ်ကြိုးစားရင် ကြိုးစားသလို ဖြစ်တယ်နော်။ ဝိရိယတွေ၊ သဒ္ဒါ တွေ၊ သီလတွေ၊ သမာဓိတွေ၊ ပညာတွေ၊ ဘုရားကဟောထားတယ်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒ သာသနာ၊ သာသနာ သုံးရပ် ဘုရားထားတာ။ ကိုယ်ကြိုက်တာလုပ်။ ပရိယတ္တိ ကြိုက်ရင် ပရိယတ္တိသွား။ ကိလေသာ တဏှာ ကိုယ့်မှာရှိတဲ့ ငါ့မှာရှိတဲ့ ကိလေသာ၊ တဏှာကို သတ်မယ်။ ကိလေသာက ရုပ်တရား၊ တဏှာဟာ နာမ်တရား။ ရုပ်နာမ်မြင်ရင် ဝိဇ္ဇာဉာဏ်၊ ရုပ်နာမ်မမြင်ရင် အဝိဇ္ဇာနော် အဲဒီတော့ ဒီသီလတွေ ဝိသုဒ္ဓိသီလတွေ စင်ကြယ်အောင် လုပ်ပါနော်။ ဝိ ဆိုတာ အထူး၊ သုဒ္ဓိဆိုတာ မနော။ အဲဒါ ဆင်ခြင်၊ အာရုံပေါ်မှာ မယူတော့ဘူး။ သမ္မာလေးနဲ့ ယူထားတယ်။ စားကြ ပါဗျာ။ သောက်ကြပါဗျာ။ နေကြပါဗျာ။ ဟော ကျွေးကုန်ပြီဗျို့။ အယုတ်အလတ် အမြတ်မရွေးဘူး လူမျိုး မရွေးဘူး၊ ဘာသာ မရွေးဘူး၊ စားပါဗျာ၊ သောက်ပါ၊ အဲဒါ စေတနာပဲဗျ။ အဲ စေတနာက မမှန်ဘူး။ စေတနာမမှန်ရင် ဘာဖြစ်မလည်း။ ဘယာစေတနာ၊ ပကာသနစေတနာ၊ ပကာသန ဆိုတာ အဲ လူကုံထံတွေကို ကျွေးမယ်၊ ဘယာဆိုတာက ငါ့သမီးလေးတွေပါတယ်။ ဟိုကလေးလည်း ပါတယ်၊ ဒီကလေးလည်းပါတယ်၊ မုန့် ကလေးက တစ်ခုထဲ ရှိတယ်၊

ငါ့သမီးလေးကိုသာ များများကျွေးရင် ဟိုကလေးကို ဘယာနော်၊ ဘယာ မကောင်းတတ်လို့ ကျွေးတာ။ ကိုယ့်စိတ် ကိုယ်စစ်လိုက်။ အဲဒီတော့ စားပါစေကွာ။ သမီးလေးတွေ တစ်ဝက်စားပါစေ။ ဟိုကလေးလည်း တစ်ဝက်စားပါစေ။ အဲဒါ သမ္မာ၊ ဒီလောက်ဆို တော်ရောပေါ့ဗျာ။

၂၉-၉-၂၀၀၁ ရက်နေ့က ရန်ကုန်မြို့
စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရားရင်ပြင်တော်၌
မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း

## ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ

### ဟောကြားခဲ့သော တရားတော်

ဦးဖင်းက စာပေကျမ်းဂန်မတတ်ဘူး၊ ငယ်စဉ်တောင်ကျေးက အမိအဖက မူလတန်းကျောင်းကို မထားခဲ့ပါဘူး။ တောမှာနေတယ်။ အင်မတန် ဆင်းရဲ နွမ်းပါးတယ်။ သားသမီးကို ကျောင်းမထားနိုင်ဘူး။ တိုင်းပြည်က ပျက်သွားတယ်။ ပျက်သွားတော့ တောပြေးတွေ ဟိုရောက်ဒီရောက် ဟိုပြေးဒီပြေး တစ်ရွာတစ်ကျေးရောက်ပြီးတော့ ကျောင်းမနေနိုင်တော့ သားအဖတွေ ကူလီထမ်းပြီးစားတယ်။ ဘာဖြစ်လို့ စားသလည်း ခန္ဓာ့ဝန်ရှိတယ်။ ကမ္မဝဋ္ဋ ကံနဲ့ရတဲ့ဝဋ္ဋ၊ ကံဆိုတာ ဥပါဒါန်ခေါ်တယ်၊ ဘယ်ကံလည်း မနောကံ၊ ဘာနဲ့ ပေါင်းလည်း အာရုံ ငါးပါးနဲ့ ပေါင်းတယ်။ ဒါ အနုသယကိုဟောတာ။ အာရုံကို ဟောတာ။ အာသဝက္ခယာဉာဏ်ရမှ ဒီတရားကဟောတာ။ သဘောလေးနဲ့နော်။

ကံတရား၊ ဈာန်တရား၊ ဉာဏ်တရားရှိတယ်။ အဲဒါကြိုက်တာလုပ်ကြပေတော့။ ခင်ဗျားတို့ ပေါ်မှာ မူတည်တယ်။ သီလဆိုတာ (၃၁) ဘုံ လည်တဲ့ သီလရှိတယ်။ (၃၁) ဘုံ မလည်တဲ့သီလ ရှိတယ်။ အဲဒါ ခင်ဗျားတို့ သဘောလေးနဲ့နော်။ (၃၁) ဘုံလည်တဲ့ သီလက ကံ သီလ၊ ခင်ဗျားတို့ ယူတဲ့ သီလကံ၊ ပါဏာတိပါတာ၊ အဒိန္နာဒါဏာ၊ ကာမေသုမိစ္ဆာစာရာ၊ မုသာဝါဒ။ ဝိကာလဘောဇနာ၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿနာ၊ မာလာဂဏ၊ ဝိလေပနဆိုတာ ရှောင်ထားတဲ့ အသိခေါ်တယ်၊ ရှောင်ထားတာ

ဒီနေ့ ဒီရက်၊ ဒီမိနစ်၊ ဒီအချိန်မှာ ရှောင်ထားတယ်။ မှန်တယ်။ ဒါပေမဲ့ သားလေး ရေနစ်သွားတယ်။ သမီးလေး ပျောက်ဆုံးတယ်။ တစ်ခုခုဖြစ်တယ်၊ ဖအေဘယ်လိုနေမလည်း၊ ဟာ ပူတာပေါ့ဘုရား။ ဘာလို့ ပူလည်း သွားစွဲတာ။ စွဲတာ တဏှာကြောင့် ဥပါဒါန်ကံ ခေါ်တယ်။ အဲတော့ (၃၁) ဘုံလည်တဲ့ သီလခေါ်တယ်။ ခင်ဗျား အပယ်ကျတယ် မပြောဘူး။ နတ်ပြည်ရောက်တယ်လည်း မပြောဘူး၊ အဲဒီတော့ သဘောလေးပဲ။

ကံသီလရှိတယ်၊ ဈာန်သီလရှိတယ်၊ ဉာဏ်သီလရှိတယ်၊ အဲဒါ လုပ်တတ်ဖို့လိုတယ်။ ဘုရားကဟောတယ်။ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ အဲဒီတော့ ရုပ်က အနတ္တ၊ စိတ်တွေက အတ္တတွေ ဖြစ်နေတယ်။ အစွဲတွေ ဖြစ်နေတယ်။ အာရုံကို မလွှတ်ဘူး၊ အာရုံလွှတ်တဲ့ ပုဂ္ဂိုလ်ရှားတယ်၊ အာရုံမလွှတ်တဲ့ ပုဂ္ဂိုလ်များတယ်။ သဘောလေးသာနာ အဲဒါ သစ္စာ ဘာသစ္စာလည်း အရိယာ သစ္စာ၊ သမုတိသစ္စာဆိုတာ သမုတိ သံဃာ သမုတ်ထားတာ။ သမုတိသံဃာသိမ်မှာ သမုတ်ထားတာ၊ မင်း သားမယား ရှိလား၊ မရှိပါဘူး၊ မင်းခစားယောက်ျား မဟုတ်ပါဘူး၊ ကြွေးမြီ ကင်းလား၊ မရှိပါဘူး။ ဝဲ၊ ညှင်း၊ တင်းတိတ်ရှိလား၊ မရှိပါဘူး။ ဒါ သမုတိသံဃာ သမုတ်ထားတာ။

အရိယာသံဃာကတော့ ဒါက တစ်မျိုးနော်။ အရိယာသံဃာက ဘာသတ်သွားလည်း။ ကိလေသာနဲ့ တဏှာ သတ်တာ။ ကိလေသာက ရုပ်တရား၊ တဏှာဟာ နာမ်တရား၊ အဲဒါ ရုပ်နာမ် မြင်အောင်ကြည့်၊ ရုပ်နာမ်လွှတ်ရင် ဟောဒီဘဝမှာ အေးပြီ၊ အာရုံမှာ ကျက်မစားတော့ဘူး။ အာရုံမှာ သင်္ခါရ မလုပ်တော့ဘူး။ ဒါကြောင့်မို့ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဘုရားဟောတာ၊ ကံဟောတာ၊

ဘယ်ကံလည်း ကာယကံ၊ ကံလို့ရေးထားတယ်။ ခေါ်ဖို့ သမုတ်ထားတယ်။ ကာယကံ ဒီအဖြစ်ကိုသွားပြုရင် ကံဘဲ။ မကျူးလွန်ရင်တော့ ကံမဖြစ်သေးဘူး။

ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံက သံသရာလည်သလည်း၊ မနောကံက လည်တယ်။ ဘာကြောင့် လည်သလည်း၊ အာရုံငါးပါးနဲ့ အဲ အပြင်အာရုံငါးပါးနဲ့ အတွင်းအာရုံနဲ့ ပေါင်းတာ။ အဲဒီတော့ အတွင်းတဏှာကို မသတ်ဘူး။ အတွင်းတဏှာကို မသတ်ရင် အပြင်တဏှာရပ်ပဲ့မလား၊ အဲ ခင်ဗျားတို့ ကိလေသာတဏှာလို့ လူတိုင်းရှိတယ်။ ဘုန်းကြီးတွေလည်း ရှိတာဘဲ၊ ဦးပဏ္ဍိတလည်း ရှိတာဘဲ၊ လူတိုင်းရှိတယ်။ သတ္တဝါတိုင်းရှိတယ်။ ဘုရားဟောတာ ဒါ ဦးပဏ္ဍိတ စာတွေနဲ့ ဖော်ပေးလိုက်တာ။ မသိတဲ့သူက ကျော်သွားတာ၊ သိတဲ့လူက ဖော်ပေးလိုက်တာ။

ဘာမှ စာတတ်တာမဟုတ်ဘူး။ စာပယ်တာ မဟုတ်ဘူး။ ငယ်စဉ်တောင်ကျေးက မသင်ခဲ့ရဘူး။ တောမှာနေတာ။ အိမ်မဲမြို့နယ်၊ သရက်ကုန်းအပိုင်မှာ နေတာ။ ဖအေက ဦးချိုးတိုး၊ မအေက ဒေါ်အုန်းမေ၊ ခင်ဗျားတို့တွေးကြည့်၊ အဲဒီ ဦးချိုးတိုးနဲ့ ဒေါ်အုန်းမေဟာ တစ်ရွာတစ်ကျေးမှာ နေတယ်။ အပြင်အာရုံ ရူပကာယကြည့်လိုက်တော့ ဦးချိုးတိုးက ဒေါ်အုန်းမေကို ဟာ သာယာတယ်ဗျို့၊ ဟာ ဒီအမျိုးသမီးက တယ်ချောပါလား၊ တယ်လှပါလား၊ အာရုံမှာ ဘာနဲ့ ယူသလည်း၊ ခင်ဗျားရဲ့ မိမွေးတိုင်း၊ ဖမွေးတိုင်း ပါလာတဲ့ သညာနဲ့ ယူတယ်။ အဲဒါ ပါဠိစကား၊ ဗမာလို မှတ်တာ၊ အဲဒီ အမှတ်အာရုံမှာ သွားမှတ်တာ၊ မှတ်တော့၊ ဘာဖြစ်လည်း ဟာ မနောက ကောင်းတာလည်း သူပဲ၊ မကောင်းတာလည်း သူပဲ၊ အဲဒါ မနောကံနော်၊ အဲဒါ (၃၁) ဘုံ လည်တာ၊ အဲဒီတော့ ဦးချိုးတိုးက ဒေါ်အုန်းမေ ရူပကာမြင်လိုက်တော့ ဟာ အဲဒီအာရုံမှာ သွားမှတ်တာ၊ ဘာနဲ့မှတ်လည်း သညာနဲ့မှတ်တယ်၊ ဝိပဿနာရဲ့ ခန္ဓာ

(၅) ပါး၊ ရုပ်နာမ် (၂) ပါးကို မကျင့်ဘူး၊ သညာက လိမ့်တော့ ဟာ သင်္ခါရတွေဖြစ်တော့တာပဲဗျို့၊ အဲဒါ သွားကြိုက်တာပဲ၊ ဒေါ်အုန်းမေကို ကြိုက်ပြီးတော့ အဲဒီ နှစ်ယောက်က ဘာလုပ်လည်း တွေးကြည့်၊ မြမောင်မွေးတာဘဲ။

မြမောင်ကလည်း အတိတ်က ကံက မပြတ်ခဲ့ဘူး၊ ဟောဒီ ပစ္စုပ္ပန်မှာ လာဆက်ရတယ်။ မြမောင် ဘာနဲ့ လာလည်း သမ္မာကံနဲ့ လာတာ၊ မိစ္ဆာနဲ့လာရင် တိရစ္ဆာန်တွေ၊ ဝက်တွေ၊ ကြက်တွေ၊ ခွေးတွေ ဖြစ်မယ်၊ ဟိုဘဝက မကောင်းတာလုပ်လာလို့ ဒီဘဝမှာ တိရစ္ဆာန်လာဖြစ်တာ။ ဟာ ဘယ်လောက်ကြောက်ဖို့ကောင်းလည်း၊ အဲဒီတော့ မြမောင်မွေးတာပေါ့ဗျာ။ လူမွေးတော့လည်း လူပေါ့ဗျ၊ ခွေးလေးမွေးတော့ ခွေးလေးပေါ့၊ ဝက်ကလေးမွေးရင် ဝက်ကလေးပေါ့။ ဒါသစ္စာနဲ့ ဟောတာ။ ကိလေသာ၊ တဏှာနော်၊ ကိလေသာမှ မသိရင် တဏှာဘယ်ပြတ်မလည်း၊ ဒီတဏှာဖြတ်တဲ့အခါ ဘာလုပ်မလည်း၊ ဟာ စာမတတ်တော့ အေး မင်းခုနပြောသွားတယ် မလားတဲ့၊ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ အဲဒါ ကာယကံပဲကွတဲ့။ ဝစီကံ မုသာဝါဒါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပလာပ မဟုတ်တာလည်း မပြောတော့ဘူး၊ အဲ သိမ်ဖျင်းသော စကား၊ ညစ်ညမ်းသောစကား၊ မဖွယ်မရာသောစကား၊ ဘာမှမပြောဘူး၊ ပါးစပ်က ကာယကံလည်း ဘာမှ မလုပ်ဘူး၊ ဘာသတ်လည်း၊ ဒုစရိုက် (၁၀) ပါးမှာ မနောကံသတ်တယ်။ ကျွဲကူး ရေပါတယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။

အပြင်သီလ၊ အတွင်းသမာဓိရှိရမယ်။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်၊ အပြင်ဘာမှ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာ မစင်ကြယ်ရင် ဉာဏ်လည်းမရဘူး၊ ဝိပဿနာ ဉာဏ်စခန်း၊ ဉာဏ်အဓိပတိ အစို တရားမဟုတ်ဘူး၊ အခြောက်တရားကြီး၊

သဘောလေးနဲ့နာ၊ ပြန်ကြမှာ ခင်ဗျားလည်း ပြန်မှာပဲ၊ ဦးပဏ္ဍိတ လည်း ပြန်မှာဘဲ၊ အနတ္တတရားကြီး၊ အနတ္တဆိုတာ ဘာလည်း ရုပ်ကိုပြောတာ၊ အဲဒီရုပ်က အိုမယ်၊ နာမယ်၊ သေမယ်။

ပဌမအရွယ်၊ ကလေးအရွယ် ပဌမ၊ ဒုတိယအရွယ် လူပျိုအရွယ်၊ တတိယအရွယ် လူအိုအရွယ်၊ အဲဒီ ရုပ်တွေက ပြောင်းသွားတယ်၊ ဆံပင်တွေ ဖြူသွားပြီ၊ သွားတွေ ကျိုးလာတယ်၊ အဲဒီ အရွယ်ရောက်မှ တဏှာ၊ မာန၊ ဒိဋ္ဌိ ဟာ လျော့လာပြီ၊ တဏှာ၊ မာန၊ ဒိဋ္ဌိက အာရုံကြောင့် ဖြစ်နေတာ။ အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိက (၃၁) ဘုံ လည်နေတာ၊ မှတ်ထားအုံး၊ မနောကနေပြီး အာရုံနဲ့ ပေါင်းလို့ လည်တာ။ ကိုယ့်ရဲ့ တတ်တဲ့ပညာဟာ ဘာပညာ လည်း တွေးကြည့်၊ လောကီပညာ၊ အာရုံ (၆) ပါး မလွတ်သေးဘူး၊ စိတ်ကိုဟောတာ၊ စိတ္တတဏှာ နာမ်ခယမဇ္ဈက စိတ်သာရှင်စော ဘုရားဟော၊ စိတ်ပြောသွားတာ၊ ဒီလို ဘုရားဟောတဲ့ တရားစာတွေ ရှိလို့ ဒီအသိ သိပြီးတော့ ဒီအသိကျင့်နိုင်တာ၊ စာရှိလို့ ကျင့်လို့ ရတာ။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သိရ မယ်၊ ဒုက္ခသစ္စာဆိုတာ ဘာလည်း၊ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ကြည့် သူများသွားမကြည့်နဲ့ ဒုက္ခသစ္စာနဲ့၊ သမုဒယသစ္စာကို ပယ်မယ်၊ ဘယ်သူက ပယ်မလည်း၊ အဲဒီ နှစ်ခုကို မဂ်ကပယ်တာ၊ မှတ်ထား မဂ်က ပယ်ရင် နိရောဓနဲ့ ဖလသမ္ပတ်ကို ရတယ်။ ဈာန်ဖြစ် နေတယ်၊ ဘယ်သူသိသလည်း။ မနောအာရုံ ဈာန်ဖြစ်နေတယ်။ အပြင်အာရုံ လောကီအာရုံ (၆) ပါးကို ပယ်နေတာ။ အဲဒါတွေကို ခင်ဗျားတို့ အင်မတန်မှ ထူးမြတ်တဲ့တရားတွေ၊ ဖော်မစားဘူး၊ ကျော်သွားတယ်၊ ခင်ဗျားတို့ ငွေရရင် ငွေနဲ့တင်းမတိမ်နဲ့၊ ငွေထက် ကောင်းတာ ရွှေရှိတယ်၊ ရွှေရရင် ရွှေနဲ့ တင်းမတိမ်နဲ့ ရွှေက သွား ရောင်းရင် ဈေးထဲသွားရောင်းရင် ကာလတန်ဖိုးဖြတ်ပစ်လိုက်မှာ၊

တစ်နှစ်လောက်စား ကုန်ရော၊ အဲဒီတော့ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်။ ကျောက်က သယံဇာတက ထွက်တာ၊ အဲဒီ သယံဇာတက ထွက်တဲ့ကျောက်၊ အရည်အသွေးလည်း ကောင်း တယ်၊ သူ့မှာ ရတီကလည်းကောင်းတယ်၊ ကမ္ဘာကကြိုက်တယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ အဲဒါရှာ။

ခင်ဗျားတို့လည်း သေမှာ၊ ဦးပဏ္ဍိတလည်း သေမှာ၊ ဘာနဲ့ သေမလည်း၊ ခင်ဗျားတို့ ဥပါဒါန်ကြီးတွေနဲ့ သေသွားရင် သွားပြီ ပေါ့ဗျ။ ဒီဥပါဒါန်ကို ဘာနဲ့ ဖြတ်မလည်း၊ ခင်ဗျားအဖေ၊ အမေ သေကြည့်ပါလား၊ မယားသေကြည့်ပါလား၊ မယား နောက်လင် ယူသွားကြည့်ပါလား၊ အဲဒီ ယောကျ်ား ဘယ်လိုနေမလည်း၊ ပူတာ ပေါ့၊ အာရုံမှာ သွားမှတ်တာ။ တောက်။ ဒါဥပါဒါန်၊ ဒါမိစ္ဆာအယူတွေ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ ဒါကို ဥပက္ခာရမယ်၊ ဒါတွေပေါ်မှာ နစ်မျောနေကြတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိ မယားကို စွဲတာ တဏှာ၊ နောက်လင်ယူသွားတဲ့ သတင်းကြားတာနဲ့ တစ်ခါ တည်း မယားကို စွဲလန်းတာ တဏှာ၊ တမုဟုတ်ခြင်း ဒေါသ ဖြစ် သွားပြီ။ ဒေါသဖြစ်ရင် မာန်ဖြစ်ရင် သီလရှိပါ့မလား။

ပစ္စုပ္ပန်တည့်တည့်လေး ဟောတာ။ ရှေ့မမျှော်နဲ့၊ နောက် မတွေးနဲ့၊ တည့်တည့်လေး ဟောသွားတာ၊ ဒေါသ ဖြစ်သွားတယ်။ တဏှာကြောင့် မာန်ဖြစ်တယ်။ အဲဒီတဏှာနဲ့ မာန် ဘယ်သူက လုပ်လည်း။ ဒိဋ္ဌိကလုပ်တာ။ ဒိဋ္ဌိဆိုတာ ပါဠိစကား။ အာရုံသွားပြီးတော့ မှတ်ပြီ။ ယူလိုက်တာ၊ အမှတ်မှားတယ်၊ အယူမှားတယ်၊ အစွဲ မှားတယ်၊ ဥပါဒါန်ဖြစ်တာပဲဗျို့။ ကြည့်စမ်း၊ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာ ချုပ်တယ်၊ ဘယ်သီလချုပ်လည်း။ ပညတ်သီလနဲ့ ပရမတ်သီလချုပ်တယ်၊ ပရမတ်သီလဆိုတာ ဓါတ် သဘောတွေ၊ ဓါတ်ချုပ်သွားတာ၊ အဲဒီတော့ ပညတ်သီလက မိစ္ဆာ အယူကို ပယ်တာ၊ သမ္မာအယူကို ယူတာ။

ငါမြင်တယ်ကွ၊ ငါကြားတယ်ကွ၊ ငါ့စက်ဘီးကွ၊ ငါ့ကားကွ၊ ကားလေးထိရင် မခံချိအောင်နာတယ်၊ အဲဒီကားလေးစွဲတာ တဏှာ၊ တဏှာကြောင့် ဉပါဒါန်ဖြစ်တာပဲဗျို့။ ဒေါသဖြစ်တာပဲဗျို့။ ဒီကားလေး တိုက်မိရင် လျော်ပေးရင် လျော်ပေး၊ လျော်မပေးရင် ချမယ်၊ ထိုးမယ် ကြိတ်မယ်၊ အာရုံကြောင့် အမှတ်နဲ့ပေါင်းလိုက်တော့ သခ်ါရဖြစ်တယ်။ ဟာ ဒုက္ခတွေရောက်ကုန်ရော၊ မတော်တဆ ထိတာဘဲ၊ ငါသည်းခံ မယ်၊ မင်းကို အပြစ်မလုပ်ပါဘူးကွာ၊ ရိုရိုသေသေနဲ့ ပြောရင် အဲဒါ သမ္မာ၊ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ သူ့မှာလည်း စိတ်ချမ်းသာတယ်၊ ကိုယ့်မှာလည်း ဉပါဒါန်မဖြစ်ဘူး၊ ဉာဏ်နဲ့သုံး၊ ကံနဲ့သုံးလို့ ခင်ဗျား တို့ တဏှာတွေဖြစ်နေတာ၊ ကံဆိုတာ အဲဒီအာရုံပေါ်မှာ သွားစွဲတာ၊ ကားလေးထိတော့ ဘာဖြစ်လာလည်း၊ ထိတော့ ကံနဲ့မယူနဲ့၊ ဉာဏ်နဲ့ ယူပါ။

အသက်ကို ဉာဏ်စောင့်တယ်၊ ဉစ္စာ ကံစောင့်တယ်။ ယူ တတ်ဖို့လိုတယ်။ ခင်ဗျားတို့ ကိလေသာ ငုပ်နေတာ၊ တကယ် အကြောင်းပေါ်လာကြည့်ပါလား၊ ဒိုင်းကနဲ ဖြစ်တယ်။ ဒီဉပါဒါန်ဟာ မလွတ်ဘူး၊ မျောတရားရှိတယ်၊ မြှုပ်တရားရှိတယ်၊ ပေါ်တရား ရှိတယ်၊ အဲဒီတော့ သဘောလေးပဲ ပြောပြမယ်၊ ဦးပဏ္ဍိတ ဘာ သတ်လည်း ကိလေသာ တဏှာသတ်တယ်။ စာမတတ်ဘူး၊ အဲဒီ တော့ ဘယ်ဟာနဲ့ သတ်သလည်း၊ မဂ္ဂင်ရှစ်ပါးနဲ့ သတ်တယ်။ ဘုရား ဟောအရ အဲဒီမဂ္ဂင်ရှစ်ပါးနဲ့ သတ်တယ်။ ဘုရားဟောအရ အဲဒီ မဂ္ဂင်ရှစ်ပါး၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ မနောကံဟာ ငါ အာရုံနဲ့ ပေါင်းလို့ ဗျာပါဒ ဖြစ်ပါလား၊ ဒေါသဖြစ်ပါလား၊ လောဘဖြစ်ပါလား၊ တဏှာ မာန၊ ဒိဋ္ဌိတွေဖြစ်ပါလား၊ အာရုံကြောင့် ငါဖြစ်နေပါကလား၊ ဒီတော့ အာရုံငါးပါးနဲ့ ငါမပေါင်းဘူး၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကိုလည်း ငါပယ်မယ်၊ ကံတွေအကုန်ပယ်ပြီ။ အဲဒါ ဝိနည်းမဟုတ်ဘူး၊ အဲဒါ

လမ်းတိုက သွားတာ၊ ကိလေသာ၊ တဏှာကို သတ်ချင်လို့၊ ကံကို သတ်ချင်လို့ သွားတာ၊ ကံပြတ်တရား ခေါ်တယ်။

အဲဒီတော့မှ ဘာဖြစ်လာလည်း အတွင်းက အဓိစိတ္တ ဖြစ်လာတယ်၊ အပြင်မှာ စင်ကြယ်လို့ ခန္ဓာမှာ စင်ကြယ်တယ်။ အပြင်မှာ ဘာလည်း အာရုံနောက် မလိုက်ဘူး။ အာရုံ ငါးပါးနောက် မလိုက်ဘူး၊ ကံနောက်လိုက် မလုပ်တော့ဘူး၊ ဆေးလိပ်လည်း မသောက်ဘူး၊ ကွမ်းလည်း မစားဘူး၊ စကားလည်း မပြောဘူး၊ ဒါ ဘာလည်း အာရုံတွေ အကုန်ပိတ်လိုက်တာ။ ဒါ ဝိနည်း မဟုတ်ဘူး၊ နာမ်ကို သိချင်လို့ ရုပ်ကို ကျင့်တာ၊ ရုပ်က ဒုက္ခသစ္စာကြီး၊ ဒုက္ခ သစ္စာ ဆင်းရဲခြင်း အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း အကြောင်း အမှန်တရား၊ ဒါ ဘုရားဟောတာ။

ကိုယ်လုပ်ရင် ကိုယ်ရမယ်၊ မလုပ်တာကတော့ ခင်ဗျားတို့ရဲ့ သဘောပဲ၊ ဒီဘဝ ပြန်ကြရမှာ အလင်းကလာရင် အမှောင်ကို သွားလိမ့်မယ်၊ အမှောင်ကလာရင် အလင်းပြန်လိမ့်မယ်၊ နတ်တွေ သိကြားတွေ၊ ဗြဟ္မာတွေ၊ ဘုမ္မိကပုဂ္ဂိုလ်တွေ ရှိတယ်။ ကြည့်နေ ကြည့်စား၊ ကြည့်သွား၊ ကြည့်လာ၊ ဒီဟာတွေဟာ ကံတရားဆိုတာ ဒီအာရုံတွေမှာ ကိုယ်ရဲ့ မိရိုးဖလာပါလာတဲ့အသိ၊ သညာနဲ့ မှတ်ပြီး တော့ ဉပါဒါန်တွေဖြစ်တယ်ဗျို့။ ကံဖြစ်တယ်၊ အဲဒီကံပေါ်မှာ ငါကံ ဖြစ်ပါလား၊ ဉာဏ်နဲ့ သုံးမှပဲ ဒီဟာတွေလည်း ငါမစွဲတော့ဘူး၊ ဒီဟာ တွေလည်း မမှတ်တော့ဘူး၊ တရားထိုင်မယ်။ ဒါတရားထိုင်တာက ကံကို ဖြတ်တာပဲ။ အာရုံ (၆) ပါးလည်း ပိတ်တာဘဲ၊ ပိတ်မှ ဒီကံ ကို သိမှာ၊ ဒီရုပ်ပေါ်ကနေပြီးတော့ နာမ်တရားသိမယ်။ ကြာလာတဲ့ အခါကြတော့၊ ဝိပဿနာ၊ မဂ္ဂင်ရှစ်ပါးနဲ့ စိတ်ကို စစ်တယ်။ အတွင်း စိတ်နဲ့ အပြင်စိတ်ကို စစ်တယ်။ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ ဒါ ဘုရားဟောအရ သီလမဂ္ဂင်ပဲ။

ဦးဖင်းအသိ ဦးဖင်းပြောရရင် စာတော့ မတတ်ဘူး၊ သမ္မာ

ဆိုတာ ကောင်းသောအလုပ်၊ အခုလုပ်နေတာ၊ အခုပစ္စုပ္ပန် တည့်တည့်လေးလုပ်တာ၊ တရားနှလုံးသွင်းပြီးတော့ လုပ်တာ သမ္မာဘဲ၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ မှန်တာကို ကျင့်ပါတယ်၊ မှန်တာကို ပြောပါတယ်။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါတယ်။ တရားစကျင့်တုန်းက တောထဲမှာနေတယ်။ ကရင်ပေါလုက လာကျွေးတာ။ သပိတ်နဲ့ခံတာမဟုတ်ဘူး။ အဲဒီတုန်းက ငါလည်း ရဟန်း မဟုတ်သေးဘူး။ ကိုရင်လည်း မဟုတ်သေးဘူး။ လူ၊ သူ လာကျွေးတာ၊ ကျွေးတော့ စားတယ်။ ထမင်းချိုင့်လာပို့ရင် စောင့်နေဟော့ကောင် မင်း ငါ့နားစောင့်မနေနဲ့၊ ထမင်းချိုင့်ထားပစ်ခဲ့။ ခင်ဗျား ဘယ်အချိန်စားမလည်း၊ ခါချဉ်တွေ တက်တယ်။ ဟာ တက်တက်ကွာ၊ မင်းလှူရင်ပြီးတာပဲကွ။ သွားဟော့ ကရင်နာမည် ပေါလုတဲ့၊ ပေါလုရဲ့ မိန်းမက သုံးပန်လုတဲ့။ ဘယ်မှာနေလည်း ညောင်ပင်ကြီးမှာ နေတယ်။ အဲဒီမှာကျင့်တာ။

အဲဒီမှာ ကျင့်တဲ့အခါကျတော့ တစ်နေ့လုံး ကျင့်တာဘဲ။ သမ္မာဝါစာ၊ သမ္မကမ္မတ၊ သမ္မာအာဇီဝ မှန်တာကို ကျင့်တယ်၊ မှန်တာကို ပြောတယ်။ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုတယ်။ တရားထိုင်ပြီး ဖြုတ်လိုက်တော့ ဘယ်လို အသိနဲ့ သိသလည်း။ စိတ်စေတသိတ် ငါ့မှာ ရှိသေးသလား၊ စစ်ပြီ။ မျက်စိအာရုံကြောင့် မနောက မြင်ချင်သလား၊ နားသောတကြောင့် မနောက သိချင်သလား၊ ဒီစိတ်တွေ စစ်တယ်၊ မနောက တွေးသေးသလား၊ မဂ္ဂင်နဲ့ စစ်တယ်။ သွားတဲ့အခါ၊ ရေချိုးတဲ့အခါ၊ ရေသောက်တဲ့အခါ ထိတာက ရုပ်၊ သိတာကနာမ်၊ သိ၊ သိ၊ သတိ၊ သတိကို အမြဲတမ်းထားတယ်။ ဘာထိလည်း ခြေဖဝါးက မြေကြီးထိတော့ မသိဘူးလား သိတာက စိတ်၊ ထိတာကရုပ်၊ စကြံန်လျှောက်တဲ့အခါမှာလည်း ကျင့်ထားတဲ့ ထိသိကို အမြဲတမ်း သတိထားတယ်။ အဲဒီ သတိနဲ့ အာရုံကို ထိန်းသွားတယ်။ သိ သိကို သတိနဲ့ ထိန်းသွားတယ်။

အတွင်းအာရုံက မြင်ချင်လား၊ မမြင်ချင်ဘူး၊ တွေးချင်လား၊ မတွေးချင်တော့ဘူး၊ ဘယ်လောက်ကောင်းသလည်းလို့ ဒီလို ကျင့်တဲ့ တရားတွေပါ။ အခုတော့ စားကောင်း၊ သောက်ကောင်းအောင် ဝိပဿနာ တရားတော့ ထိုင်ပါတယ်ဗျာ၊ ထိုင်လည်း ပြီးလည်းပြီးရော မော်တော်ဆိုင်ကယ်စီးပြန်၊ ကားစီးပြန်၊ ဥပါဒါန်သတ်လို့ မရဘူး။ ဥပါဒါန်သတ်တာက မဂ်ဉာဏ်ရမှ သတ်လို့ရတာ၊ ခင်ဗျားတို့ ဘုန်းကြီးတွေမေး၊ တကယ့်တတ်တဲ့ဘုန်းကြီးတွေမေး ဒီကိလေသာ သတ်မှ တဏှာပြတ်တာဗျ။ ကျင့်ရကြံရမဲ့ဟာတွေ ရှိတယ်။ စိတ် စေတသိတ်ကို သတ်ပြီး ရုပ်မှာ တဏှာရှိတယ်ဗျို့။ ကိလေသာမှာ တဏှာရှိတယ်၊ ကိလေသာက ကြာလာတော့ ဝေဒနာပေါ်မယ်၊ ဒီဝေဒနာမှာ တဏှာကကပ်နေတယ်။ သညာကလည်း မှတ်ပေးတယ် ဗျို့။ အဲဒီ ဝေဒနာမှာ တဏှာပါနေတယ်။ သိစိတ်ကလေးထဲမှာ တဏှာပါနေတယ်။ သညာမှ မကုန်သေးတာ၊ ပညာဘက်မကူး နိုင်ဘူး။

မြမောင် အင်္ဂလိပ်ခေတ်ကလည်း မကောင်းဘူး။ ဂျပန် ခေတ်ကလည်း မကောင်းဘူး။ နိုင်ငံတော် ဦးနု အစိုးရရှိတုန်း ကလည်း မကောင်းဘူး။ ဒီခေတ်ကျမှ ဒီအလုပ်လုပ်လို့ ဒီအသိ သိတာ။ ဟိုတုန်းက ဆိုးခဲ့တဲ့ လူတစ်ယောက်၊ အဲဒီဆိုးလာတဲ့ သူသည် အခု ဒီအလုပ်လုပ်တော့ ဒုက္ခဝေဒနာတွေ ခံရတယ်ဗျို့။ ကမ္မဝဋ်တွေ ခံနေရပြီ၊ နောက်နောင်တုန်းက ဂျပန်ခေတ်က မကောင်း တာတွေ လုပ်တာတွေ ခံခဲ့ရပြီ၊ ဟိုး အင်္ဂလိပ်ခေတ်က လုပ်တာတွေ ခံနေရပြီ။ ကမ္မဝဋ် ဒီဘဝမှာ လုပ်တာတွေ ခံခဲ့ရပြီ။ အဲဒီ ဝဋ်ကြွေး တွေ ဆပ်သွားတာ။ ဝေဒနာနဲ့ ဆပ်သွားတာ၊ ဆပ်မှ ဟာ ဘုရား ဘုရား ဘုရား ဘုရား၊ သားကလည်း မကယ်နိုင်ဘူး၊ သမီးကလည်း မကယ်နိုင်ဘူး၊ မယားကလည်း မကယ်နိုင်ဘူး၊ ဘယ်သူမှ မကယ် နိုင်ဘူး၊ ဝေဒနာက ပြောင်းပြောင်းပြောင်းပြောင်း ဖြစ်နေတာ ဘယ်သူ သိမလည်း၊ တဏှာဆိုတာ စိတ်ချမ်းသာတာပေါ့ဗျာ။

အဲဒီ ဖောက်ပြန်တဲ့ဝေဒနာ မရှိတော့ဘူးဆိုရင် စိတ်ကလေးက ချမ်းသာလာတယ်။ အဲဒါ တဏှာတွေဘဲ။ ဩော် ဘုရား ဘုရား ဘုရား အေး ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား သဘောလေးပဲ။ ဒီလိုကျင့်ပြီးမှ ခန္ဓာသိတရားဟောတာပါ။ ငါ ဟိုတုန်းက မိုက်ခဲ့တဲ့အပြစ်တွေ၊ မလှူခဲ့ဘူး မတန်းခဲ့ဘူး၊ ငါ့အဖေတွေလည်း ဦးချီးတိုးလည်း သေကုန်ပြီ။ မအေတွေလည်း သေကုန်ပြီ၊ ညီလေးတွေ၊ အစ်မကြီးတွေလည်း သေကုန်ပြီ။ အားလုံး ဦးချီးတိုးနဲ့ ဒေါ်အုန်းမေ မွေးတာ (၆) ယောက်မွေးတယ်။ ဦးဇင်တစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်။ အကုန်သေကုန်ပြီ သွားမှာဘဲ ဒီလမ်း။ ဘယ်ရောက်တယ်ဆိုတာ သိတဲ့လူက သိတယ်။ မပြောဘူး။ ကံကိုဗျ။ ကံပြတ်တဲ့သူတွေ တပုံကြီး ရှိတယ်၊ အတိတ်ကိုလည်း သိတယ်၊ အနာဂါတ်လည်း သိတယ်၊ ပစ္စုပ္ပန်ကနေသိတာ။

ဘာသိလည်း ဦးပဏ္ဍိတ အေး နင့်အိမ်မှာ ဆန်ဘယ်နှတင်း ရှိလည်းဆိုတာ ငါမသိဘူးကွ၊ ဒါသိတာလောကီဝိဇ္ဇာတွေကွ၊ မင်းအိမ်မှာ ဘာတွေရှိတယ်ဆိုတာလည်း ငါမသိဘူးကွ၊ ငါသိတာ ကံဘဲသိတာကွ၊ ကံ၊ ဉာဏ်၊ ဈာန်၊ အဲဒီ (၃) ခု သိတယ်ကွာ၊ မင်းတို့က သမ္မထလိုင်းတွေကွ၊ အဲဒါတွေနဲ့ ဟောပြောပြီးတော့ မင်းတို့ မာန်ဖြစ်နေတယ်ကွ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ ဉာဏ်ရမှ သတ်လို့ရတာကွ၊ ဉာဏ်ရအောင်ကျင့်။ ဈာန်တရားကလည်း ကောင်းကင်မှာ ဈာန်နဲ့နေပြီးတော့ ရုပ်ကြီးထားပစ်ခဲ့တယ်ကွ၊ အဲဒီဈာန်မှာ တဏှာရှိတယ်ကွ။ ဘာဖြစ်လို့ တဏှာ ရှိသလည်းလို့ ငါပြောမယ် မင်း ရုပ်မှ မကျင့်တာဘဲကွ၊ ကိလေသာရုပ်ကို မင်းသတ်မှ မသတ်တာဘဲကွ၊ သတ်မသွားရင် မင်းဟာမင်း ခံဘဲ။

ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ အာလောကော ဥဒပါဒိဆိုတာ အာရုံသစ်တဲ့၊ ဝိပဿနာ ဉာဏ်ခေါ်

တယ်။ ဖောက်ပြီးတော့ သိတာ၊ ဖောက်တုန်းကတော့ ပျဉ်တပြား တည်း ဖောက်တာ။ တစ်ခါတည်း လွန်က အားကောင်းတော့ သုံးချက်ပေါက်တာပဲ။ အဲဒါ ခင်ဗျားတို့ လုပ်ရမယ်၊ ခင်ဗျားတို့ မလုပ်တာကတော့ ဘာမှ မတတ်နိုင်ဘူး၊ ဦးဇင်းမှာ မယားရှိတယ်၊ သားရှိတယ်၊ သမီးရှိတယ်၊ သူတို့က စွဲတာ၊ ကိုယ်ကစွဲတာ မဟုတ် ဘူး။ ဘယ်လောက်ကောင်းတဲ့ တရားလည်း၊ ဗိုက်ထဲမှာ ရေခဲ တုန်းကြီးထည့်ထားတယ်။ အခု သံဃာတော် အရှင်မြတ်တွေ ရန်ကုန်မြို့မှာရှိတယ်။ မြောင်းမြမှာရှိတယ်။ ပုသိမ်မှာရှိတယ် မကျေနပ်လို့ ချွတ်ပါဆိုလို့ အခုချွတ်ပေးလိုက်မယ်။ သာသနာကို မစော်ကားဘူး၊ စာတော့မတတ်ဘူး၊ ငါ အေးနေပြီကွတဲ့၊ ငါ့ရဲ့ ဖအေတွေ၊ မအေတွေ၊ ငါ့ရဲ့ ညီအစ်ကို မောင်နှမတွေ၊ ဆွေမျိုး သားချင်းတွေ ဘဝ အနန္တက တော်လာတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ သူတို့ကို ဒီသက်နိုးဝတ်ပြီး ကယ်တာကွ။

အာရုံနောက်လိုက်ရင်တော့ ကံဘဲ၊ ကံဆိုရင် (၃၁) ဘုံ လည်မယ်၊ ကံဆိုတာ ဥပါဒါန်ခေါ်တယ်။ ကိုယ့်စိတ်ကလေးက သွားစွဲတာ၊ သွားသာ လာတာ အဲဒါ ဥပါဒါန်ခေါ်တယ်။ အဲဒါလေးတွေ မသိတော့ မကျင့်ဘဲ အမူမဲ့အမှတ်မဲ့နေတော့ အကုန်လုံး မျောကုန် တာပဲဗျို့။ (၃၁) ဘုံ လွတ်တာ ဝိပဿနာ တစ်လမ်းဘဲရှိတယ်။ လွတ်အောင်ရှာ၊ သဒ္ဓါ၊ ဝိရိယ၊ သီလ၊ သမာဓိ၊ ပညာတွေနဲ့ တက်ရင်တော့ ခင်ဗျားအပါယ်ပိတ်တာပေါ့ဗျာ။ ခင်ဗျားယူထားတဲ့ အယူက သမ္မာအယူ၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ သမ္မာ ဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ဒိဋ္ဌိကို ပယ်ပြီ၊ ဒိဋ္ဌိကို သိသွားပြီ၊ သင်္ကပ္ပကူးသွားပြီ၊ သင်္ကပ္ပရောက်ရင် ငါရဲ့ နှလုံးသားက ဘယ်လိုလည်းဆိုတာ သိရမယ်။ စာကတော့ ရေးထားတာ သိပ်မှန်နေတယ်၊ ကိုယ့်နှလုံးသားက မဖြစ်သေးဘူး။ သင်္ကပ္ပ မရောက်သေးဘူး၊ ဘာဖြစ်လို့ မရောက်လည်း၊ ဒိဋ္ဌိမဖြုတ်

နိုင်သေးဘူး၊ ဒိဋ္ဌိဆိုတာ အာရုံမလွတ်သေးဘူး။ အနုသယမပယ်နိုင်သေးဘူး။ အဲဒါ ဘာလည်း အနေအထိုင် မဟုတ်လို့ အနေအထိုင်ဟုတ်ချင်ရင် အာရုံငါးပါး ခင်ဗျား ပယ်ပြီ၊ ကံကိုလည်း ပယ်ပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံတွေလည်း ပယ်ပြီ။

ဗျာပါဒ၊ အဘိဇ္ဈာ၊ ကုက္ကုစစိတ် အဲဒါ ကံတွေပေါ့ အာရုံကြောင့်ဖြစ်တာ။ မနောကဖြစ်တာ၊ မနောကို ပောနေတာ။ မနောချည်းပောနေတာ၊ အဲဒီမြင်လိုက်တဲ့ စက္ခုမှာလည်း မနော၊ နားသောတမှာလည်း မနော၊ ဒီမနောကို ပောတာ၊ မနောက ဧကော ဓမ္မေ ဖြစ်ရမယ်။ မနောက သဒ္ဓိရ မဖြစ်ရဘူးနော်။ ဧကော ဓမ္မော ဘယ်ကလာသလည်း။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်၊ နိဗ္ဗာန်သည် ခန္ဓာမှ စတယ်၊ ခန္ဓာမှာ ဆုံးတယ်၊ သီလမှာ ချုပ်တယ်၊ ဧကော ဓမ္မော ဘယ်ကလာသလည်း အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကလာတယ်။ အဓိသီလ လောဘ၊ ဒေါသ မရှိဘူး။ ဘာလို့မရှိတာလည်း။ မောဟကို သတ်ထားတယ်။ ကိလေသာကို သတ်ထားတယ်။ ဒါကြောင့် မရှိဘူးပြောတာ။ အဲဒီတော့ ဒီမောဟမှမရှိရင် လောဘ၊ ဒေါသ ဖြစ်ပါ့မလား။ မဖြစ်တော့ဘူး၊ တဏှာပြတ်သွားပြီ။ အတွင်းတဏှာကို သတ်တော့၊ အပြင်တဏှာ ရပ်သွားပြီ၊ အဲဒီလောက်ဆိုပြီးရောပေါ့ဗျာ။

## ၃၀-၉-၂၀၀၁ ရက်နေ့တွင် ရန်ကုန်မြို့
## လှိုင်မြို့နယ်၊ ဇေယျဝတီစာသင်တိုက်၌
# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ
## ဟောကြားခဲ့သော တရားတော်

ခန္ဓာသိဆိုတဲ့ သဘောလေးပေ့ါဗျာ။ ပညတ်အသိနဲ့ ပရမတ်အသိ ရှိပါတယ်။ ကိုယ့်စိတ်ကို ကိုယ်စစ်၊ စိတ်ကလေးကို ဟောသွားတာ။ ဒီစိတ်ကလေးက သိစိတ်လို့ ခေါ်တယ်။ မြင်တော့ သိတာပေ့ါ။ ကိုယ့်နားက ကြားတော့ သိတာပေ့ါ။ ဒါသစ္စာခေါ်တယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာတဲ့။ အရိယာ အသိနဲ့ ပုထုဇဉ်အသိ ဒီနေရာမှာ ကိုယ့်စိတ်ကို စစ်။ စစ်ရင်သဘောပေါက်လာလိမ့်မယ်။ ဖြစ်ပျက်သဘောလေးကို ပြောသွားတာ။ မြင်တော့ သိတယ်။ မှတ်တယ်၊ ကြားတော့ သိတယ်၊ မှတ်တယ်။ ဒါ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ဒါဘာကြောင့် မှတ်သလည်း။ ပါဠိလို သညာခေါ်တယ်။ သညာ သခ်ီရ ဥပါဒါန်ကံ ဖြစ်တယ်ဗျို့။ ဒါစိတ္တနုပဿနာ၊ အရိယာက ပြောသွားတာ။ အဲဒါ အရိယာထသစ္စာခေါ်တယ်။ တရားနာတဲ့ ကံမပြတ်တဲ့ ပုဂ္ဂိုလ်များက သမုတိသစ္စာ ခေါ်တယ်။ သစ္စာပေမဲ့ အပိုင်းအခြားတွေ ရှိတယ်၊ သီလလည်း အမျိုးအစားရှိတယ်၊ သမာဓိလည်း အမျိုးအစားရှိတယ်၊ ပညာလည်း အမျိုးအစားရှိတယ်၊ သညာလည်း အမျိုးအစားရှိတယ်၊ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ဒါကြောင့် မို့လို့ ခြောက် (အေး အေး အေး အေး)၂ အေး အေးတဲ့။ စာမှ မတတ် တာကိုး။ အေး အေး အေး အေး ခင်ဗျားတို့ သီလ မှန်တယ်။ အပြင်သီလ သိပ်မှန်တာပေ့ါ။ ပယ်တာ မဟုတ်ဘူး။ ကိုယ်က မစွဲနဲ့။

သူမျှား အသက် မသတ်ပါနဲ့။ သူမျှား ပစ္စည်း မခိုးပါနဲ့။ သူမျှားသားမယား မဖျက်ဆီးပါနဲ့။ အဲဒါ စွဲလို့ လုပ်ကြတာတွေပဲ။ မစွဲတဲ့ လူကတော့ မလုပ်ဘူးပေါ့။ အပြင်သီလက မုသာဝါဒါ မပြောပါနဲ့။ အဲ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သဖ္ဖပလာပ အဲဒါ ကံသီလ၊ သဘောလေးပဲနော၊ အဲဒါ သံသရာလည်မယ်။ ခင်ဗျားတို့ အပယ်ကျတယ် မပြောဘူး၊ နတ်ပြည်ရောက်တယ် မပြောဘူး၊ အဲဒါ ကိုယ့်စိတ် ကိုယ်စစ်၊ ဘာနဲ့ စစ်မလည်း၊ မဂ္ဂင်နဲ့စစ်၊ အဲဒီ မဂ္ဂင်နဲ့ စစ်တဲ့အခါကျတော့ ဘယ်စိတ်တွေဖြစ်လာလည်း။ သမ္မာ စိတ်တွေ ဖြစ်လာပြီ။ မကောင်းတဲ့ ဒုစရိုက်၊ သက္ကာယဒိဋ္ဌိစိတ်တွေ၊ မိစ္ဆာဒိဋ္ဌိ စိတ်တွေ၊ အတ္တဒိဋ္ဌိစိတ်တွေ ပယ်မယ်။ အဲဒါ မဂ္ဂင်က ပယ်မှာ။ အဲ ဘာကို သူနှလုံးသွင်းမလည်း။ အတ္တကိုပယ်မယ်။ အနတ္တကို နှလုံး သွင်းမယ်။ အနတ္တဆိုတာ ဩော် အေး အေး အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဲဒါ အရှုခံတရားတွေ၊ အနိစ္စရဲ့ သဘောဆိုတာ ဘာလည်း၊ ဒုက္ခ ရဲ့ သဘောဆိုတာ ဘာလည်း၊ အနတ္တရဲ့ သဘောဆိုတာ ဘာလည်း၊ သူမျှားသွားမမေးနဲ့ ကိုယ့်ဟာကိုယ်သိရမယ်။ သိရင်ပယ်လိမ့်မယ်။ ပယ်ရင် မင်ဖိုလ်ရလိမ့်မယ်။ ဒီဘဝရမယ်၊ အဲဒါ အေးငြိမ်းခြင်းဓါတ် ခေါ်တယ်။

အပြင်သီလ ယူထားတဲ့ဟာက မှန်တာပေါ့ သူမျှားအသက် မသတ်ပါဘူး။ သူမျှားပစ္စည်း မခိုးပါဘူး၊ သူမျှားသားမယား မဖျက် ဆီးပါဘူး၊ သေရည်သေရက် မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး၊ နစ္စ၊ ဂီတ ဒါ အင်မတန်ထူးတဲ့ သီလ၊ မစွဲနဲ့တဲ့၊ သူက ပြောတယ်။ မဂ္ဂင်ရှစ်ပါးနဲ့ တရားနှလုံးသွင်းတဲ့အခါကြတော့ အာရုံ (၅) ပါးလည်းပယ်တယ်၊ မနောကို သတ်တယ်။ မနောကံ၊ ဒုစရိုက် (၁၀) ပါးရဲ့ အယူမှား အမှတ်မှား အစွဲမှား ဒီကံတွေပယ်တယ်ဗျို့။ သမ္မာနဲ့ယူထားတယ်။ ကံပေမယ့် အမျိုးအစားရှိတယ်။ မဂ္ဂင်နဲ့ မစစ်တော့ ဒီကံတွေ မပယ်နိုင်ဘူး၊ ငါ့အမေဘဲ၊ ငါ့သားပဲ အယူ

မှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ ကံဖြစ်တယ်၊ ယူထားတဲ့ အယူက ငါလို့ ယူထားတယ်၊ ငါမြင်တယ်လို့ ယူထားတယ်။ ဘယ်သူ ဖြစ်ဖြစ် မလွတ်ပါဘူး၊ ငါမြင်တယ်ကွ၊ ငါကြားတယ်ကွ၊ အဲဒါ အရိယာထသစ္စာက အတ္တသစ္စာကို သင်ပေးတာ၊ ဒီလမ်းလျှောက် မလျှောက်တာကတော့ ငါလည်း မတတ်နိုင်ဘူးတဲ့၊ သီလကွတဲ့၊ သီလပြည့်စုံအောင် ဆောက်တည်ကြ၊ သီလပြည့်စုံလျှင် အခုလည်း ချမ်းသာမယ်၊ နောင်လည်း ချမ်းသာမယ်၊ မဂ္ဂင်လမ်းကနေ အေးငြိမ်း ခြင်းဓါတ်ရတာ။ အေးသွားပြီ တွေ့လား၊ စိတ်ကိုစစ်တာ စိတ်စစ်တဲ့ အခါကျတော့ အာရုံ (၅) ပါးနဲ့လည်း မပေါင်းဘူး၊ ကံကိုလည်း သူပယ်မယ်၊ ဘယ်ကံတွေ ပယ်မလည်း ဗျာပါဒ အဘိစ္ဈာဒိဋ္ဌိ၊ ဒိဋ္ဌိ ကိုလည်း မပေါင်းဘူး၊ အာရုံနဲ့မနော မပေါင်းဘူး၊ ဒါ အေးငြိမ်းခြင်း ဓါတ်၊ အခု ကိုယ်ခံစားရတဲ့ သီလ၊ ဒါ အစွဲသတ်နေတာ၊ အဲဒီလို သီလမျိုးကို ခင်ဗျားတို့ ယူကြပါ၊ အမြင်သီလမှန်တာပေါ့၊ ရှောင် ထားတဲ့ သီလ၊ ဒီကဆောင်ထားတဲ့သီလ၊ သီလပေမဲ့ အမျိုးအစား ရှိတယ်။ ဒါလေးတွေကို ဦးပဏ္ဍိတက စာတော့ မတတ်ဘူးကွ၊ ငါ့ရဲ့ ခန္ဓာသိကို ပြောတာပါ။

ပြောတဲ့အခါကြတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်းအမှန်တရား၊ မြင်လိုက်တဲ့ အကြောင်း၊ ကြားလိုက်တဲ့အကြောင့်၊ နာလိုက်တဲ့အကြောင့်၊ ဒီ အကြောင်းကို မသတ်ဘူး၊ ဘာဖြစ်လို့ မသတ်လည်း ဒုက္ခသစ္စာကို မသိဘူး၊ မြင်ပြီမို့လားတဲ့ မြင်ပါတယ် ဘုရားတဲ့၊ မြင်တော့ မသိဘူး လားတဲ့၊ သိပါတယ်။ အဲဒါ သိစိတ်မဲ့တဲ့ မှတ်ထားတဲ့ အဲဒါ သိစိတ် ဘဲ၊ နင်မစွဲဘူးလားတဲ့ စွဲပါတယ် ဘုရားတဲ့၊ စွဲတာ အဲဒါ ဥပါဒါန်ကံ၊ သွားစွဲရင် ကံကြောင့် မင်းစိတ်ကလေးဟာ ဒုက္ခဖြစ်ပြီတဲ့၊ ငါ စိတ်ဟောတာတဲ့ အခုမြင်လိုက်တယ်မို့လား၊ ပေါ်လာတဲ့ အသိလေးက အဲဒါ သွားစွဲတာ၊ စွဲရင် အဲဒါကံ ကံကြောင့် နင့် စိတ်ဒုက္ခဖြစ်ပြီတဲ့။

အရိယာက ဟောသွားတာ၊ ခင်ဗျားတို့တွေးကြည့်၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ၊ အရိယာထသစ္စာက ဘာတွေကို ကျင့်သလည်း၊ သမုတိသစ္စာမှာ မှန်အောင်လုပ်တယ်။ အပြင်မှာ စင်ကြယ်အောင်နေတယ်။ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်ရင် စင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ ဒါဝိပဿနာဉာဏ်စခန်း၊ ကံမဟုတ်ဘူး၊ ကံဆိုတာ အစွဲ၊ ဉာဏ်ဆိုတာ ကံကိုဖြတ်တာ၊ မဂ်ဉာဏ်နဲ့ ဖြတ်လိုက်တာ၊ ဘယ်သူသိမလည်း သမုတိသစ္စာနယ်က တက်တာ၊ သမုတိသစ္စာလုပ်တော့ ဝိရတိသစ္စာ၊ ဝိပဿနာအလုပ် လုပ်တာ၊ ဝိရတိသစ္စာမှန်တော့ သဘာဝသစ္စာ၊ သဘာဝကို သိပြီ၊ ပရမတ္ထသစ္စာ ဟော အရိယာထကူးပြီ။ ဒါကျင့်တဲ့လူပဲ သိတယ်။ အဲဒါ လာဟောတာ၊ ခင်ဗျားတို့ ကိုယ့်ဖအေလို ကိုယ့်မအေလို ခင်ဗျားတို့ အတိတ်ရဲ့ကံက မကုန်ခဲ့လို့ မပြတ်ခဲ့လို့ ပစ္စုပ္ပန်မှာ လာပြီးတော့ ကံဖြစ်ရတယ်ဗျို့။ အနာဂတ်သွားမှာပဲ၊ ဖြတ်တတ်ဖို့ လိုတယ်။ (ဟေးလားဝါးလားနဲ့)[၂] အချိန်ဖြုန်းပြီးတော့ ခင်ဗျားတို့တွေ ဒုက္ခတွေရောက်ကုန်ပြီ၊ သွားစွဲတာ ကံကြောင့် ဒုက္ခရောက်တာ။ ဘယ်ကံလည်း မနော၊ ဘာကိုသွားစွဲသလည်း၊ အာရုံမှာသွားစွဲတယ်။ ဘာနဲ့ယူသလည်း အမှတ်နဲ့ယူတယ်။ အမှတ်နဲ့ ယူတော့ ဘာဖြစ်သလည်း၊ သင်္ခါရဖြစ်တယ်။ ဘုရားဟောတာ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တတဲ့ ဟုတ်သလားတဲ့၊ စာသမားကို မေးတယ်၊ မှန်ပါတယ်ဘုရားတဲ့၊ မှန်ရင် မင်းသိသလားတဲ့၊ ခန္ဓာအသိ သိသလားတဲ့ စာတော့ သိနေတယ်။ ခန္ဓာအသိက မေးတယ်။ အနတ္တက မေးပြီ အတ္တကို မေးတာ၊ အဲဒါတွေးသာကြည့်ပေတော့ ဗျို့။ လာတော့လည်း တစ်ယောက်တည်းပဲ ပြန်တော့လည်း တစ်ယောက်တည်းပဲ၊ ကိုယ့်အလုပ်ကိုလုပ်၊ ကိုယ့်စိတ်ကိုယ်စစ်၊ စိတ်

စစ်တတ်ဖို့ လိုတယ်။

အပြင်မှာ စင်ကြယ်ရင် ခန္ဓာစင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂ တရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ ပယ်ပါ။ အဲဒါတွေ အကုန် ပယ်၊ မစွဲနဲ့တဲ့၊ မှန်တယ်၊ မင်းမစွဲနဲ့လုပ်ပေးလိုက်၊ မင်း စေတနာ ကောင်းကောင်းနဲ့ လုပ်ပေးလိုက်၊ တစ်အိမ်ယောက်ထွက်၊ မင်း ရှေ့တန်းကထွက်၊ အလုပ်လုပ်ပေးပါ၊ စေတနာကောင်းကောင်းနဲ့ လုပ်ပေးပါ။ ရပ်ကွက်ကလူကြီးခိုင်းရင် လုပ်ပေးပါ။ စေတနာနဲ့ လုပ်ပေးပါ။ မင်းရဲ့ နှလုံးသားထဲက စေတနာ အပြင်မှာမြင်တယ်။ မှတ်တယ်၊ မင်းအဲဒီအယူအဝါဒတွေ မယူနဲ့ မင်းစေတနာပျက်သွားလိမ့်မယ်၊ လူကြီးက မင်းကို ဆဲရင် မင်းစေတနာပျက်တတ်တယ်။ ဆဲတာလည်း မမြဲပါလား၊ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား၊ မမြဲတော့ မစွဲဘူး၊ မစွဲတော့ ဘာဖြစ်လာသလည်း၊ စိတ်ထဲက ဘဝင်ထဲက အေးငြိမ်းခြင်းဓါတ်ဖြစ်တယ်။ ဒါ မဂ္ဂင်က သွားတဲ့လမ်း၊ အေးငြိမ်းခြင်းဓါတ်ကို သုံးတတ်ဖို့ လိုပါတယ်။

မရှိတာကို ရှာရင်ရပါတယ်။ မသိတာ အခက်ဆုံး၊ မသိလို့ လာပြောတာ၊ သီလဆိုတာ မှန်ပါတယ်။ အကာသီလ မပယ်ပါဘူး၊ ငါလည်း အကာသီလနဲ့ လာပါတယ်။ မစွဲဘူး၊ ဟော စွဲရင် ကံဖြစ်မယ်လေ၊ ကိုယ့်စိတ် ကိုစစ်တယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာ အာဇီဝ၊ အဲဒါ ပါဠိစကားတွေ ဩော် သမ္မာဆိုတာ ကောင်းသော အလုပ် ဝါယမဆိုတာ မပြတ်တမ်း လုပ်လို့ ဝါယမလို့ ခေါ်တာ၊ သမ္မာဝါစာ၊ သမ္မာဝါယမ၊ ဘုရားဟောတာ၊ စိတ်ကို စစ်ရမယ်၊

မဂ္ဂင် (၈) ပါးခေါ်တယ်၊ နိဗ္ဗာန်ကို သွားမယ်၊ အဲဒီ ပုဂ္ဂိုလ်က နိဗ္ဗာန်သွားမှာ အာရုံကို ပယ်တယ်၊ စက္ခုအာရုံနဲ့ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား၊ အာရုံ (၅) ပါး ပယ်ပြီ မယူတော့ဘူး၊ အယူမှားတယ်၊ အမှတ် မှားတယ်၊ အစွဲမှားတယ်၊ ပယ်ပြီကွာ၊ သက္ကာယဒိဋ္ဌိတွေ ယူတယ်၊ မိစ္ဆာဒိဋ္ဌိအယူတွေယူတယ်၊ အတ္တဒိဋ္ဌိအယူတွေ ယူတယ်၊ သမ္မာအယူ မယူဘူး၊ ကိုယ့်စိတ်ကိုစစ်၊ အပူမီးမွေးတာ ဘယ်သူကမှ မွေးတာ မဟုတ်ဘူး၊ တဏှာကမွေးတာ ဘာဖြစ်လို့ တဏှာက မွေးလည်း ကိလေသာမသိဘူး၊ ရုပ်နာမ်ကို မသိဘူး။

ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်၊ ရုပ်နာမ်မသိတာ အဝိဇ္ဇာခေါ်တယ်၊ သေချာလေးပြောပေးလိုက်မယ်၊ ဒါ ပြန်တာလည်း တစ်ယောက်တည်းပဲ၊ လာတာလည်း တစ်ယောက်တည်းပဲ၊ အဲဒါ စွဲနေတာ၊ စွဲရင်ကံဘဲ၊ မကောင်းတာလည်း စွဲပါတယ်ဗျာ၊ ကောင်းတာလည်း စွဲပါတယ်ဗျာ၊ တွေးကြည့် အစွန်းနှစ်ပါး မလွတ်တော့ဘူး၊ ဘုရားတည်တယ်ပေါ့၊ ဘိလပ်မြေတွေ သဲတွေ၊ အုတ်တွေ၊ လှူလိုက်တယ်၊ ဘေးပတ်ဝန်းကျင်က သူ့ကို သွားပြီးတော့ အစ်ကိုကြီး ဒီဟာတွေ သူတို့နောက်ပါက်ကနေ အကုန်အချောင် ရောင်းစား တယ်ဗျ။ ဟုတ်လားကွ၊ ဟော လှူတဲ့ကံ ကလေးက အကုသိုလ် ကံဖြစ်တယ်ဗျို့။ ပြောင်းသွားတာ သခါရ၊ ယူပါစေကွာ၊ ယူရင် ကုန်ရင် နောက်ထပ် ငါလုပ်မယ်ကွာ၊ အဲဒါ စေတနာတွေပေါ့၊ နိုးတာနဲ့ သူ့စေတနာပျက်သွားပြီ၊ ပညတ်သွားစွဲတာကိုးဗျ၊ အစွဲကို ဥပါဒါန် ကြောင့် ကံဖြစ်နေတာ။

သံသရာ ဘယ်ကစသလည်း၊ ခန္ဓာကစတယ်၊ သံသရာ ဘယ်ကလည်သလည်း၊ ခန္ဓာကစလို့လည်တယ်။ သံသရာဘယ်က ပြတ်သလည်း ခန္ဓာကစလို့ ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊

ခန္ဓာမှာ စတယ်၊ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်၊ ပြောသွားပြီလေ၊ အရိယာကပြောတာ ပုထုဇဉ်ရှိတယ်၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာတွေရှိတယ်၊ သူကျင့်ပြီးပြီလေ၊ ခင်ဗျားတို့ ကိုယ်ပိုင်အိမ်ကို လာပြီးတော့ ဟောတာ၊ ခန္ဓာဝန် မချသေးဘူး၊ လောကီနယ်က လောကုတ္တရာအာရုံနဲ့ သာသနာပြုပေးတာ သူ့အပေါင်းအသင်းက ဘယ်သူလည်း ဗိုလ်ဘဲ၊ ဗိုလ်ကို ဘာကြောင့်ရသလည်း၊ မဂ်ဉာဏ်ရလို့၊ မဂ်ဉာဏ်ဆိုတာ လောကီအကြောင်းတွေ ပြတ်ကုန်ပြီ။ စွဲတော့ဘူး၊ အဲဒါ မဂ်ဉာဏ်ပဲ တစ်ချက်ပဲ သတ်ရတယ်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်စစ်နဲ့ တွေ့ရပြန်တယ်။ နောင်လည်း တွေ့ရအုံးမှာပဲ။ ခင်ဗျားတို့ရဲ့ သဒ္ဓါဗိုလ်တွေ ခင်ဗျားတို့ရဲ့ ဝီရိယဗိုလ်တွေ၊ ခင်ဗျားတို့ရဲ့ သီလတွေ၊ ခင်ဗျားတို့ရဲ့ သမာဓိဗိုလ်တွေ၊ ခင်ဗျားတို့ရဲ့ ပညာဗိုလ်တွေ၊ ဗိုလ်တွေနဲ့တက်၊ ဝိပဿနာလုပ် အချိန်မဖြုန်းနဲ့။

ဉာဏ်သမားက ထူးလိမ့်မယ်၊ ကံသမားက ရှူးလိမ့်မယ်၊ (၃၁) ဘုံ မလွတ်ဘူး၊ ခင်ဗျားတို့ အေးအေး မနေနဲ့ တရားခန္ဓာမှာ ရှိတယ်၊ ခင်ဗျားစိတ် ခင်ဗျားစစ်၊ မဂ်ဉာဏ်ရရင် ခင်ဗျား ထူးပြီ။ ခင်ဗျားရဲ့အတွင်း သဒ္ဓါဟာ ခိုင်သွားပြီ။ အပြင်သဒ္ဓါဟာ စိတ်မချရဘူး။ ဒါ အရိယာက သင်ပေးတာ၊ ပုထုဇဉ်ရဲ့ စိတ်က တော့ဆက်၊ တော့ဆက်ကြားတုံး၊ နာတုံးပဲ၊ အရိယာရဲ့စိတ်က ချိတ်ဆက်၊ ချိတ်ဆက် လောကုတ္တရာ အာရုံချိတ်ထားပြီ။ လောကီနယ်မှာ မင်းပါးရိုက်ရိုက်၊ ထောင်ကျကျ သဃ်န်းချွတ်လိုက် ချွတ်ပေးမယ်၊ ထွက်ပါဆို ထွက်ပေးမယ်၊ သွားပြီ တို့ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ ဆေးကြောမယ်။ ဒါနနဲ့ ဆေးကြော တယ်။ ဦးပဏ္ဍိတလည်း အဝိဇ္ဇာပဲ။ သူက ဆေးကြောတတ်တယ်။ ခင်ဗျားတို့ မဆေးကြောတတ်တဲ့လူကို သင်ပေးတာ၊ လုပ်ပါတဲ့၊ ခင်ဗျား ဒါနစစ်၊ ဒါနမှန်နဲ့ ဆေးကြောတယ်။ သီလစစ်၊ သီလမှန်နဲ့ ခင်ဗျားရဲ့ စိတ်ကလေးကို ဆေးကြောတယ်။ ဘာဝနာစစ် ဘာဝနာ မှန်ကို ပွားများတယ်။

ဩော် အတိတ်က (ဘဝတွေ)၂ အရိုးတောင်လိုပုံပါလား။ ငါရဲ့ ရုပ်တရား နာမ်တရားတွေက ဖြစ်လာရင် ပျက်တယ်၊ ရုပ်နာမ် မမြဲတာသိရင် ခင်ဗျားမှာ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် ပြုတ်မယ်။ ဒါတွေ ဝင်စားနေတာ၊ တဏှာကို သတ်တာ၊ တဏှာသတ်တော့ အနုဘာဝမှာ ရာဇမာန်၊ ခနမှန်၊ ပစ္စည်းမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန် မစွဲတော့ဘူး။ မာန်ကို အားကိုးနေတာ။ အဲဒီ မာန်က သုညတနိဗ္ဗာန်ကို ပိတ်ထားလိုက်တာ။ ကိုယ်ကိုကိုယ် မသိဘူး။ လောကီကို အားကိုးမှားနေတယ်။ သေတ္တာထဲမှာ ငွေဘယ်လောက် ရှိလဲ၊ လက်ကောက် ဘယ်နှရံရှိတယ်၊ ဆွဲကြိုးဘယ်နှကုံးရှိတယ်၊ ငွေဘယ်လောက်ရှိတာ အဲဒါတွေ သွားမက်တယ်။ ကြည့်စမ်း၊ လောကီအာရုံသွားစွဲနေတာ။ အစွဲမှားတယ်၊ အယူမှားတယ်၊ အမှတ်မှားတယ်၊ ဘာတွေယူလည်း လောကီကြောင်းတွေ ယူတယ်။ သံသရာ လည်ပြန်ရော။

မစွဲရင် ဉာဏ် ဟော စွဲရင်ကံ၊ ဉာဏ်က ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိ ဟော အာရုံမှာ ဖြစ်သွားပြီ။ ခင်ဗျားတို့ အာရုံမှာ အမှတ်မှားပြီးတော့ ကံတွေဖြစ်နေတယ်။ လည်တာက (၃၁) ဘုံ သတိလေးထား။ ကိုယ့်မအေလို၊ ကိုယ့်ဖအေလို ပြောသွားတာ၊ စိတ်နဲ့ပတ်သက်တဲ့ အခုဖြစ်ပေါ်နေတဲ့ စိတ်တွေ ဟောသွားတာ။ အဲဒီ စိတ်ကလေးပဲ မကောင်းတာလေးပြောတော့ ကိုယ်ကမှတ်ပြီ။ ယူလိုက်ပြီ၊ စိတ် ဆင်းရဲတယ်။ အယူမှား၊ အမှတ်မှား၊ အစွဲမှားတာ။ စိတ်ကလေးကို ဟောတာ။ မကောင်းတာလည်း စွဲတယ်၊ ကောင်းတာလည်း စွဲတယ်၊ စွဲတဲ့ ဥပါဒါန်ကြောင့် ကံကြောင့် မင်းဒုက္ခပဲတဲ့၊ အဲဒါ ဒုက္ခသစ္စာ၊ အကြောင်းမသတ်တတ်လို့ စွဲတာ၊ ဘာဖြစ်လို့ ဒီအကြောင်း မသတ် တတ်သလည်း၊ မင်းဘာဖြစ်လို့ စွဲသလည်း၊ မကောင်းတာလည်း စွဲတယ်၊ ကောင်းတာလည်းစွဲတယ်၊ မင်းကို ဆဲလိုက်တယ်၊ မင်းစိတ်

ထဲမှာ ဘယ်လိုနေလည်း၊ ဆင်းရဲတာပေါ့၊ စွဲလို့ ဥပါဒါန်ကြောင့် ကံဖြစ်တာ။ စိတ်ဆင်းရဲသွားပြီ။ အကြောင်းကို မသတ်တတ်ဘူး။ အကြောင်းဘာလို့ မသတ်တတ်သလည်း အကျိုးတရားကို မသိဘူး၊ အကျိုးတရားက ရုပ်တရား၊ အကြောင်းတရားက နာမ်တရား၊ ရုပ်တရား၊ နာမ်တရားကို မသိတာ အဝိဇ္ဇာခေါ်တယ်။ ရုပ်တရား၊ နာမ်တရားကို သိတာက ဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲဒါ အရိယာခေါ်တယ်။ စာရေးထားတယ်။ သမုတိသစ္စာတဲ့၊ ဝိရတိသစ္စာတဲ့၊ သဘာဝသစ္စာတဲ့၊ ပရမတ္ထသစ္စာတဲ့။ ဟိုမှာ အရိယာထသစ္စာတဲ့။ သမုတိသစ္စာကတတ်တာ။ အခြေခံ အောက်ခြေက တတ်တာ အပေါ်စီးက တတ်တာမဟုတ်ဘူး။ အောက်ခြေကနေပြီး စိတ်ကို စစ်ပြီး တက်သွားတာ။ ဘာနဲ့စစ်လည်း၊ မဂ္ဂင်နဲ့စစ်သွားတယ်။

အပါယ်လေးဘုံ၊ ခင်ဗျားတို့ ကြားတော့ ကြားဖူးတယ်၊ ကျင့်တဲ့လူက သိတယ်။ မြင်တယ်။ ကြောက်တယ်၊ ကုတ်နေတယ်၊ အစက မကြောက်ဘူး၊ ဦးပဏ္ဍိတခေါ် ဦးမြမောင် အစက လူဆိုး၊ သူစွဲတာပေါ့၊ စွဲတာ ဥပါဒါန် ကံတွေပဲ။ ကံကြောင့် ဒုက္ခဖြစ်တာ။ သူများပစ္စည်းသွားခိုးတာ။ အဲဒါ စွဲလို့ ခိုးတာ။ မကောင်းတဲ့ ကံတွေဘဲ၊ ဒီကံက အကျိုးမပေးဘူး၊ အဲဒါတွေ နားလည်ဖို့လိုပါတယ်။

ခင်ဗျားတို့ စာတတ်တွေပဲ၊ စာကို မိုးပျံအောင် တတ်ထားတာပဲ၊ စာကမှန်၏။ ဉာဏ်မမိ ထိအောင်သူမသိ၊ ဉာဏ်အရာတွေ ဝိပဿနာဉာဏ်စခန်းတွေ ဉာဏ်နဲ့ လာဟောတာ၊ စာကမှန်၏။ ဉာဏ်မမိ ထိအောင် သူမသိ စာတွေ၊ ငါတွေ့ အတွေ့နှစ်လီ ရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်။ ဟော ကိုယ်တွေ့က သာသွားပြီ၊ ဘာဖြစ်လို့လည်း မဂ်ဖိုလ်တို့ ဈာန်တို့ဆိုတာ သိသွားပြီ။ ခုတော့ အာရုံပေါ်မှာ မျောနေတယ်။ အာရုံနောက်လိုက်နေတယ်။ ကိုယ့်စိတ် ကိုယ်စစ်၊ ဒီအကျိုးတရားပေါ်မှာ အကြောင်းတရားတွေ ရှိတယ်။ ခန္ဓာမှာ ခန္ဓာ (၅) ပါးရှိတယ်။ ခန္ဓာ (၅) ပါးကို ကျင့်လို့ သိရင်

ရုပ်နာမ်ကိုသိမယ်။ ခန္ဓာ (၅) ပါးမှာ နာမ်ခန္ဓာ (၄) ပါးက ရုပ်မှာ မှီနေတာ၊ ပေါင်းလိုက်တော့ (၅) ခု၊ ဝေဒနာ သညာ၊ သင်္ခါရ၊ ဥပါဒါန် အဲဒီတော့ အဲဒီ ဥပါဒါန်မှာ ကံပါနေတယ်။ ခင်ဗျားတို့ နှိပ်စက်ခံနေရတယ်။ အတွင်းနှိပ်စက်နေတယ်။ ဒါမို့လို့ အောင်ပြီဟေ့ အောင်ပြီဟေ့ အောင်ပြီဟေ့ ဆိုတာ အတွင်းအောင်သွားတာ၊ ပညာဉာဏ် ရသွားပြီ။

ခန္ဓာက သညာ၊ သင်္ခါရ၊ ဥပါဒါန်ဆိုတဲ့ ဒီအသိကို စွဲမလုပ်ချင်ဘူး၊ ဒီအသိစွဲလုပ်မှ ဟိုဟာကို သိမှာ။ အဲ အာရုံ (၅) ပါးကို သိအောင်လုပ်။ ခင်ဗျားတို့ စားကောင်း၊ သောက်ကောင်းအောင် လုပ်နေတာ။ ဟာ ပြောလို့တော့ မကောင်းပါဘူးဗျာ။ မှန်တာပေါ့။ မှန်တယ်။ ခင်ဗျားတို့ အခုလုပ်နေတာတွေ တဏှာတော့ မပြတ်ဘူးဗျို့။ တဏှာပြတ်မှ သုညတ နိဗ္ဗာန်ရောက်မှာ ကျင့်ကြပါ ကြံကြပါ။ ဦးပဏ္ဍိတက စာပေကျမ်းဂန် တတ်တဲ့ ရဟန်းမဟုတ်ဘူး၊ ခန္ဓာသိကို လာပြောတာ။ အများ ပင့်လည်း အေး ကောင်းပါတယ်ကွာ၊ သိုက်ကပင့်လည်း ကောင်းပါတယ်ကွာ၊ နတ်ကပင့်လည်း ကောင်းပါတယ်ကွာ။ သူကဓါတ်ပိုင်နေတာကိုး၊ အဲ ဓါတ်ပိုင်တော့ ခေါင်းကိုင်ဗျို့။ ပညတ်သွားရာ ဓါတ်သတ်ပါ၊ ခင်ဗျားတို့ စာရေးထားတာပဲ၊ ငါလိုဖြစ်ပါစေ၊ ငါ့လိုသိပါစေ၊ မင်းတို့ရှိတဲ့ ဓါတ်က ကိလေသာဓါတ်၊ ငါ့မှာရှိတာက ဓမ္မဓါတ်၊ အဲဒီတော့ ကိုယ့်တိုင်းပြည်ရဲ့ အေးချမ်းသာယာဖွံ့ဖြိုးဖို့ ကြံစည်ပြီးတော့ အားပေးကြပါ။ ကိုယ့်ကိုလည်း သမ္မာနဲ့ သုံးကြပါ။

လုပ်ရကိုင်ရတဲ့ လူတွေက အင်မတန် သနားဖို့ ကောင်းတယ်။ ကိုယ်ကျင့်တရားထားဖို့ ကောင်းတယ်။ သူများ အကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့၊ အားပေးပါ။ ဒီခေတ် သာသနာ (၂၅၀၀) ခေတ်၊ အခုကာလ ကောင်းတဲ့လူရှိတယ်။ မကောင်းတဲ့ လူရှိတယ်။ ကြည့်ပေါင်း။ အဇာတသတ်က သူ့ဖအေက ဗိမ္ဗိသာရ

အဇာတသတ် ဘယ်သူ့သွားပေါင်းလည်း၊ ဒေဝဒတ်သွားပေါင်းတယ်၊ ဒေဝဒတ်သွားပေါင်းတော့ ဖအေကို သတ်လိုက်တယ်၊ အဇာတသတ် ဘုရားနဲ့တွေ့မှ ကြောက်လိုက်တာ၊ ကယ်ပါတဲ့၊ မင်းကံ မင်းခံပေတော့၊ မင်းအစွဲ ဥပါဒါန်ကံမို့လာတဲ့၊ မင်းဘာလို့ လုပ်သလည်းတဲ့၊ မင်း စွဲလို့လုပ်တာပေါ့။ အဲဒါ ကံပဲတဲ့ ကံကြောင့် မင်းဒုက္ခဖြစ်ပြီတဲ့။ အဲဒီကံ မင်းလုပ်လိုက်တဲ့။ ကာယကံ၊ ဝစီကံ၊ မနောကံ လွန်ကျူး သွားပြီ ငါကယ်လို့ မရတော့ဘူးတဲ့၊ မင်းဖအေက သောတာပန်ကြီး ဖြစ်နေပြီကွတဲ့။

အကျိုးပေါ်က အကြောင်းတွေသတ်၊ ခန္ဓာမှာ ဉာဏ်နဲ့ သတ်မှ အေးမယ်။ ခန္ဓာကိုကျင့်၊ သမုတိသစ္စာ မှန်အောင်လုပ်၊ ဝိနည်းနဲ့ စိတ်နဲ့စစ်၊ ဝိနည်းနဲ့စစ်ပေတော့၊ အဲဒါ ပရိယတ္တိသာသနာ ခေါ်တယ်။ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာ၊ သာသနာသုံးရပ် ဘုရားထားတာ။ မင်းတို့ထားတာ မဟုတ်ဘူး၊ ချွတ်ဆိုရင် ငါချွတ် ပေးလိုက်မယ်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးထားတာ။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဒါ ဘုရားထားပစ်ခဲ့တာ။ ငါ စာမတတ်ဘူး။ စာမတတ်လို့ရှိရင် စာတတ် တဲ့ ဘုန်းကြီးက သင်ပေးရတယ်။ လာကွ၊ ဦးပဏ္ဍိတရေ ဘယ်လို က ဘယ်ကြောင့် ဟော သင်မပေးတဲ့အပြင် ဘယ်လိုဖြစ်လာလည်း ဆိုတော့ ဂိုဏ်းကွဲကုန်ရောဗျို့။ ဒီကောင်က ညစာတွေစားတယ်။ နေ့စာတွေ စားတယ်။ သူပေါက်နေတာတော့ မသိဘူး။ သူပေါက် သွားပြီ။ ဦးပဏ္ဍိတ သူနိုင်းကြည့်ပါလား မင်းတို့ ရှေ့တင် ငါပြမယ်။ သူပေါက်သွားတာ ပေါက်တာကို မသိဘူး၊ ပညတ်မှာ လိုက်ပြီးတော့ ဝေဖန်ပြီးတော့ နေကြတာ။ သူပေါက်သွားပြီ ဒါကြောင့်မို့ ချွတ်ပါတဲ့၊ သွားမယ်တဲ့၊ ငါတောထဲကို ငါနေတတ်ပါပြီကွာ၊ သေတတ်ပါပြီကွာ။ ကဲ မင်းတို့သာ နေရစ်ခဲ့ပေတော့တဲ့ သူက ဒီလို သက်နိုးဝတ်တာက ခင်ဗျားတို့ကို ဒါနနဲ့ ကယ်သွားတာ။

သီလဆိုတာ စိတ်၊ ခင်ဗျားစိတ်ထိန်းမှ သီလဖြစ်မှာ၊ ဒါန ဆိုတာ ခင်ဗျားစေတနာမှန်ရင် ထူးပြီ။ ပကာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိစေတနာ အဲဒါ စာသမားတွေ မေးကြည့်၊ စာတော့ မတတ်ဘူး၊ ဒါကြောင့်မို့လို့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က လူကို သနားပါ။ ကိုယ်ကျင့်တရားထားပါး။ ဗြဟ္မစိုရ် တရားထားပါ။ သံဝေဂ တရားထားပါ။ ခင်ဗျားရေးထားတာပဲ။ တဏှာ မာန၊ ဒိဋ္ဌိ အဲဒီ သုံးခုကို သတ်ရင်ပြီးပြီ။ အခုဟာက ဘာဖြစ်လည်း မာန်ဖြစ်တယ်။ မှန်ပါတယ်။ ခင်ဗျားတို့ သိပ်မှန်တယ်။ ဉာဏ်လေးနဲ့ သုံးတတ်ဖို့ လိုတယ်။ မာန်လေးကို ငါနဲ့သုံးထားတယ်။ မာန်လေးကို သညာနဲ့ သုံးထားတယ်။ မာန်လေးကို ပညာနဲ့ သုံးတတ်ဖို့လိုတယ်။ တဏှာ ကိုလည်း ပညာနဲ့ သုံးတတ်ဖို့ လိုတယ်။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

## ၂၆-၇-၂၀၀၃ ရက်နေ့တွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်၌

# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ

## ဟောကြားခဲ့သော တရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်တော့ စာပယ်တာ မဟုတ်ဘူး။ ငယ်စဉ်တောင်ကျေးက အဖေ၊ အမေက ကျောင်း မထားနိုင်လို့ ကျောင်းမနေရဘူး။ အိမ်မဲမြို့နယ်၊ သရက်ကုန်း ကျေးရွာမှာ နေပါတယ်။ ဦးဇင်းရဲ့ ဖအေက ဦးချီးတိုး၊ မအေက ဒေါ်အုံးမေ။ ဦးဇင်းရဲ့ ထေရုပ္ပတ္တိအကြောင်းလေးပေါ့ဗျာ။ ကံ အကြောင်းလေးပေါ့။ ပညတ်အကြောင်းလေးပေါ့ဗျာ။ ဒါလေးကို သဘောလေးလောက် ပြောပြပါမယ်။ စာမတတ်တော့ ပညတ် နယ်ထဲမှာ စကားပြောလိုက်တဲ့အခါမှာ စာပေမတတ်တော့ မှားယွင်း သွားရင် ဆရာတော်ကြီးတွေ သံဃာတော်မြတ်တွေ၊ ကိုရင်လေးတွေ တပည့်တော်က တောင်းပန်ပါတယ်။ စာမတတ်လို့ပါတဲ့၊ စာပယ်တာ မဟုတ်ပါဘူးတဲ့။ စာရှိလို့ ဒီအသိတွေ သိရပါတယ်တဲ့။ တပည့် တော်က ကျောင်းစာတွေ မသင်ခဲ့လို့ မတတ်ပါဘူးတဲ့။

ဒကာ၊ ဒကာမတွေများလည်း ယခုလို တရားအသိလေးနဲ့ နာကြားတဲ့အခါမှာလည်း ဦးပဏ္ဍိတက စာပေကျမ်းဂန် မတတ်တော့ ဦးပဏ္ဍိတက ဒီအသိတရားလေး ပြောလိုက်လို့ရှိရင် ပညတ်တပ် မှားသွားရင် သီးခံကြပါတဲ့။ ဦးဇင်း ပဏ္ဍိတက တောင်းပန်ပါတယ်။ ဘုရားဟောတဲ့ အသိတရားပေါ့ဗျာ။ သဗ္ဗေအလုံးစုံသော သင်္ခါရ အနစ္စတဲ့၊ သဗ္ဗေ သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ ဒါပါဠိလို ရွတ်လိုက်တာပါပဲ။ မြန်မာလို ခန္ဓာသိက် ပြောမယ်ဆိုရင် သဗ္ဗေဆိုတာ သတ္တဝါခေါ်တယ်။ သင်္ခါရဆိုတာ သညာကြောင့် သင်္ခါရတွေဖြစ်နေတာ။ သညာဆိုတာ ပါဠိစကားပါ။

ဗမာလို မှတ်တာပေါ့။ ဟောဒါယောက်ျား၊ ဒါမိန်းမ၊ ဒါဖအေ၊ ဒါမအေ မှတ်တာ။ အဲဒါကို သညာလို့ခေါ်တယ်။ သညာကြောင့် သင်္ခါရဖြစ်တယ်၊ အာရုံနဲ့ မနော၊ အဲဒီတော့ ဒါလေးဟာ အင်မတန် နုတယ်၊ ဘဝင်စိတ်ကလေးကို ဟောတာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ မနောစိတ်ကလေးကို ပြောပြနေတာ။ ဒီမနောစိတ်ကလေးက ဧကောဓမ္မောမဟုတ်တော့ဘူး၊ သင်္ခါရတွေဖြစ်နေကြတာ၊ ကိလေသာ နဲ့ တဏှာတဲ့၊ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား၊ သဘောလေးပဲ အဲဒါ စာတွေနဲ့ ရေးလိုက်တာ၊ ကိလေသာ ရုပ်တရား မှာ တဏှာရှိတယ်တဲ့၊ ဘုရားပညတ်တာ၊ တဏှာကို ပညတ်သွား တယ်။ တဏှာရှိတယ်၊ ဒီတဏှာကို သတ်ပါတဲ့၊ ဒီတဏှာကို မြင်အောင် ကြည့်ပါတဲ့။ ဒါ ကိုယ်နဲ့ရင်းရှာရမယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဒါ သစ္စာလေးပါး၊ ဟိုသစ္စာက သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထ သစ္စာနော် သဘောလေးပဲ၊ ဒါစာနဲ့ဆိုပြတာ ဒီသစ္စာတွေဟာ ဘယ်လိုလည်း၊ အရိယာထသစ္စာ၊ သမုတိသစ္စာက ဘယ်လို၊ အရိယာထသစ္စာကဘယ်လို၊ ဒါ သစ္စာမှန်မှ မေတ္တာတွေ အောင်မယ် ဗျို့၊ ကိလေသာတဏှာဆိုတာက အားလုံးသတ္တဝါတိုင်းရှိတာနော်။ သတ္တဝါတိုင်းရှိတယ်။

ကျားတစ်ကောင်က သူ့ဟာသူ ထိုင်နေတယ်။ ရှေ့မှာ ကျီတစ်ကောင်ဖြတ်သွားရင် ဟောဒါ ငါ့အစာပဲဆိုပြီး လိုက်သတ်တာ ပဲနော်။ အဲဒါကြောင့် ဘာလဲဆိုတော့ တွေးသာကြည့်ပေါ့၊ အကြောင်းသတ်လို့ မလွယ်တော့ဘူး၊ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ ထိလိုက်တဲ့အကြောင်း ဒီကြောင်း သတ်လို့မရရင်ဘဲ ခင်ဗျား သံသရာ အနာဂတ်ကော လွတ်ပါ့မလားတဲ့။ အဲဒီတော့

ပစ္စုပ္ပန်ဘုံကနေပြီးတော့ အဲဒါလေးတွေ သွားပြီး အကြောင်းသတ်ရမယ်ပေါ့ဗျ၊ အကျိုးပေါ်မှာ အကြောင်းရှိတယ်နော်။ ဒါနိဗ္ဗာန်သွားမယ့်လမ်းတွေကို သဘောလေးနဲ့ ပြောပြတာပါနော်။ ဒါကြောင့် အကြောင်းသတ်တော့မယ်တဲ့၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားက တရားအားထုတ်တယ်တဲ့၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်တဲ့ လက်ကလေးပိုက်တယ်တဲ့ တောထဲမှာ စိတ်ငြိမ်တဲ့နေရာမှာ သွားပြီးတော့ အာရုံကို နှလုံးသွင်းပြီတဲ့နော်၊ အဲဒီတော့ တောထဲမှာ တရားထိုင်ပြီးတော့ ဒီနှာခေါင်းနှစ်ပေါက်ရဲ့ (ဝင်လေထွက်လေ)[၂] မှတ်တယ်၊ အမှုမဲ့ အမှတ်မဲ့ နေကြတော့ မျက်စိနဲ့ မနောနဲ့ပေါင်း ကိုယ့်နားနဲ့ မနောနဲ့ပေါင်း နေတယ်၊ ဒီနှာခေါင်း နှစ်ပေါက်ကို သတိမထားကြဘူး။

အဲဒီနှာခေါင်းနှစ်ပေါက်က ဝင်လေထွက်လေ သူ့ဟာ ဒလစင်ဒလစပ် အိပ်လည်းရှိတယ်၊ စားလည်းရှိတယ်၊ သွားလည်း ရှိတယ်၊ လျောင်းလည်းရှိတယ်၊ အဲဒီအာရုံလေးကို ဘဝင်က သိထားရတယ်။ အဲဒီတော့မှ သိတော့မှ စိတ်ခေါ်ပါတယ်။ သိစိတ်ခေါ်တယ်၊ အဲဒီသိစိတ်ကလေးဟာ ဘဝင်စိတ်ကလေးဟာ ဒီအာရုံလေး သတိလေးကပ်ထားတဲ့အခါကျတော့ သူဘာလဲ ခုနက ဒုစရိုက် ဝိစိကိစ္ဆ ဈေးမရောင်းတော့ဘူး၊ ကျောင်းမတက်တော့ဘူး၊ ဘာမှ မလုပ်တော့ဘူး၊ အထွေထွေတွေ ဘာမှ သူမလုပ်တော့ ဘူး၊ အာရုံ (၅) ပါးကို သူပယ်ပြီတဲ့နော်၊ စက္ခုအာရုံ နားသောတ ဒီအာရုံတွေ သူပယ်သွားပြီ၊ ပယ်တဲ့အခါကျတော့ ဘုရားရဲ့ ကျင့်တဲ့ အသိတရားတွေကို သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေတဲ့ ဗိုလ်တွေနဲ့တတ်တယ်၊ သဒ္ဓါဆိုတာ ယုံကြည်တယ်၊ ငါလုပ်မယ်ကွာ၊ အဲဒီတော့ လုပ်တဲ့အခါမှာ ဝီရိယ လည်း အလွန်ကောင်းတဲ့အခါကျတော့ ဝိစိကိစ္ဆအားလုံး ကျောင်းတက်ခြင်း၊ ရုံးတက်ခြင်း အားလုံး ဘာမှမလုပ်တော့ဘူး။ တင်

ပလ္လင်လေး ခွေပြီးတော့ အဲဒီအာရုံကို တစိုက်မတ်မတ် လုပ်တယ်။ သိတာ ဘဝင်စိတ်လို့ခေါ်တယ်။ ဒါလေးကို သိသွားပြီ။ သိသွားတဲ့အခါမှာ ဒီစိတ်ကလေးက ဘဝင်စိတ်ကလေးက တည်လာတယ်။ အာရုံငါးပါးမှာ ပယ်ထားတဲ့ ကံတွေပေါ့ဗျာ။ အပြင်မှာ စင်ကြယ်တယ်။ အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်တော့ ဉာဏ်မှာ စင်ကြယ် တယ်၊ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး၊ သဘောလေးနဲ့နော၊ သဘော လေးပဲ၊ တရားက ကိုယ်မှာရှိတယ်၊ အဲဒီတော့ အပြင်မှာ ဘာတွေ စင်ကြယ်လဲ၊ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ဒုစရိုက် (၁၀) ပါး ရဲ့ အနုသယကံတွေကို သူ ဘာမှ မလုပ်တော့ဘူး။ သူ ဘာလုပ်လဲ။ ထိတယ်၊ သိတယ်၊ ထိတာက ရုပ်၊ သိတာက နာမ်၊ အနတ္တတရားကို ဆုထောင်တယ်နော်။ လွတ်အောင် ရုန်းနေပြီနော်၊ ဒါသဘောလေးနဲ့နော။ စာမတတ်ဘူးနော်။ သဘောလေးနဲ့ ကိုယ့်ဟာကိုယ် တရား အားထုတ်။ အဲဒီတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကြာလာတဲ့ အခါကျတော့ အသိလေးက ဘဝင်အသိလေးက ငြိမ်လာတယ်။

အဲဒါ အဓိစိတ္တ ခေါ်တယ်။ အဲဒီတော့ လောဘနဲ့ ဒေါသ ခေါင်းပါးတယ်။ မောဟဆိုတာ လောဘကြောင့်၊ ဒေါသကြောင့် မှောဟ မောမောပန်းပန်းနဲ့ ရှာတဲ့ဟာကို သူမရှာတော့ဘူး။ အမော မခံဘူး။ ရုပ်အကျိုး၊ နာမ်အကြောင်း အဲ နာမ်ကြောင့် ရုပ်ဒုက္ခ ရောက်နေတယ်၊ ဘယ်လိုရောက်သလဲ၊ ရုပ်ဒုက္ခ ဘယ်လို ရောက်သလဲ။ တရားအားထုတ်တယ်။ မခံသာ မှန်ပါဘိဒီတရား။ ခံသာလျှင် သံသရာကြာ မျောလိမ့်မယ်။ တရားထိုင်တဲ့အခါကျတော့ ဓအောင် မှုလေး ဝေဒနာတွေ ဒင်းကြမ်းပေါ်တယ်ဗျို့နော်။ ဝေဒနာတွေ ဒင်းကြမ်းပေါ်တဲ့အခါကျတော့ အဲဒီတော့မှ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဥပါဒါန်ကံ၊ တဏှာဖြစ်သွားလိမ့်မယ်။ အဲဒီပေါ်မှာ ဝေဒနာတွေ

ပေါ်တော့ သညာက မှတ်ပေးတယ်ဗျို့။ အာ ဖျက်ပစ်လိုက်၊ နာတယ်ကွာ၊ မင်းစိတ်ကလေး ဆင်းရဲနေပြီကွာ။ ရုပ်ကြောင့် စိတ်ဆင်းရဲတယ်။ ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့။ ရုပ်ဆင်းရဲပါစေတဲ့။ ဒါဘုရားဟောအရ ကိုယ့်မှာ စိတ်ဆင်းရဲနေတယ်။ အဲ စိတ်ကလေးက ဒီဝေဒနာကို ခံစားနေရတယ်နော်။ ဝေဒနာတွေ ခံစားတော့ စိတ်ဆင်းရဲ၊ စိတ်ညစ်နေတယ်။ စိတ်ဆင်းရဲနေတယ်။ အဲ ဖျက်ပစ်လိုက်တယ်။ ဝေဒနာကို အဆုံးမလိုက်နိုင်တော့ဘူး။ ဒီလိုနဲ့နေတော့ သြော် ဘုရား ဘုရား ဘုရား ဒုက္ခသစ္စာမှန်ပါကလား။ ဒုက္ခ သြော် အတိတ်ရဲ့ ဘဝ အနန္တရက ငါဟာ ကံပဲတဲ့။ ဥပါဒါန်မပြတ်လို့ ဒီဘဝမှာ မနုဿတဘာဝေါ ဒုလ္လဘော လူ့ဘဝမှာ ခဲယဉ်းစွာ ငါရတယ်တဲ့။ သမ္မလေးနဲ့ ရတယ်တဲ့။ မိစ္ဆာနဲ့ရတာကတော့ သတ္တဝါတွေပဲတဲ့။ သမ္မာလေးနဲ့ ငါဗုဒ္ဓဘာသာလူမျိုး၊ ငါဒီအလုပ်တွေ မလုပ်လို့သာ ငါမသိတာ။ အင်မတန်မှ ထူးပါတယ်။ မနုဿတဘာဝေါ ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ စာမတတ်လို့နော်။

ဦးဇင်းတတ်သလို ဆိုပေးလိုက်တယ်။ သဒ္ဓါသမ္ပတ္တိရတနာသုံးတန် ကံ၊ ကံ၏အကျိုး၊ ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း၊ ဒုလ္လဘော ခဲယဉ်းတာကို ရအပ်ပေ၏တဲ့။ ဟော ရသေ့၊ ရဟန်းအဖြစ်တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ သတ္တမ သာဝဏံ သူတော်ကောင်းတရားစကား နာကြားရခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဒုလ္လဘငါးပါးကို အမြဲတမ်း ဟောတာဗျာ။ အဲဒါဖြင့် ဒီပြင် ကံက ဘယ်လိုလဲ၊ ဒုလ္လဘငါးပါးအပြင် ကံတွေက ဘယာစေတနာကံတွေ၊ ပကာသနစေတနာကံတွေနော် ဒါက အဓိပတိ စေတနာကံခေါ်တယ်နော်။ ကံမြင့်တော့ ကံပေမဲ့ ကံခြင်းမတူဘူး၊ ဘယာကံတွေ၊ ပကာသန ဂုဏ်တင်ပြီး လှူတဲ့ အလှူတွေ၊ ကံတွေနော်။ ပကာသနကံတွေနော်။ အဲဒါတွေ တွေးကြည့်။ ဘုရားလက်သည်း

ပေါ်က သဲနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ခြေဖဝါး နင်းထား ထဲသဲ ဘယ်သူကများလဲ ခြေဖဝါးကများတယ်။ အဲဒါ ဒုလ္လဘ ငါးပါးပဲနော်။ အပ္ပမာဒေန သမ္ပာဒေထတဲ့ ဘုရားပြောထားပြီ။ ပညတ်နဲ့ ပရမတ်ရှိတယ်။ ပညတ်လည်း မပယ်ဘူး။ ပညတ် သသနာရှိတယ်။ ကံ သာသနာရှိတယ်နော် ပညတ်သာသနာက ကံသာသနာ၊ ပရမတ် သာသနာက အနတ္တ သာသနာခေါ်တယ်။ ပရိဝေဒနော် သေချာလေးမှတ်ထား ပညတ်ရဲ့ သာသနာ့ ကံ သာသနာခေါ်တယ်။ ပညတ်စွဲတာကိုးဗျ။ ဘုရားပညတ်တာ သမ္မာနဲ့စွဲတော့ ဘာဖြစ်လဲ၊ နတ်ပြည်ရောက်မယ်။ ဗြဟ္မာဘုံ ရောက်မယ်။ ဟာ ကောင်းရာမွန်ရာ ရောက်မယ်။ မိစ္ဆာဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ၊ အတ္တဒိဋ္ဌိနဲ့ သွားရင်တော့ ဒါ မင်းအပေါ်မူတည်တယ်နော်။

အဲဒီတော့ ငွေရရင် ငွေနဲ့တင်းမတိမ်နဲ့၊ ငွေထက် ကောင်းတာ ရွှေရှိတယ်။ ရွှေရှိရင် ရွှေနဲ့ တင်းမတိမ်နဲ့၊ ရွှေထက် ကောင်းတာ ကျောက်ရှိတယ်။ ကျောက်ကတော့ သယံဇာတ မြေကြီး ကထွက်လာတာ။ အဲ အရည်အသွေးကလဲ ကောင်းတယ်။ ဂေါ်ကြီး ကလည်း ကောင်းတယ်။ သူ့ကို ဟာ ခင်ဗျား ကမ္ဘာက ကြိုက်တယ် ဗျို့။ အဲဒီတော့ သီလနဲ့ တင်းမတိမ်နဲ့၊ သမာဓိနဲ့ တင်းမတိမ်နဲ့၊ ပညာရအောင် ရှာပေတော့၊ ပညာဆိုတာ ဉာဏ်ပဲ၊ လောကကို သိတယ်နော်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဘုံ သုံးပါးကို သိတဲ့ ရဟန်းခေါ်တယ်။ အဲဒါ ပညာပဲ။ ခင်ဗျားတို့ မေးချင်တာမေးနော်။ ဒါ ဦးပဏ္ဍိတက ခင်ဗျားတို့ကို ဖအေလို၊ မအေလို၊ အစ်ကိုလို ဟာ အကုန်လုံးပဲ အင်မတန်မှ ညီကို မောင်နှမနော်၊ ဆွေတော်ပေါင်း၊ မျိုးတော်ပေါင်းတွေဘဲ၊ ဆွေတော်မျိုးတော်ပေါင်းဆိုတာ အတိတ်နဲ့ ပစ္စုပ္ပန်နော်။ အတိတ်ရဲ့ ဘဝအနန္တရ အရှိးတောင်လိုပုံတဲ့၊ တောင်ပိုင်းတွေ၊ ကွင်းပိုင်တွေ၊ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ ဘယ်သူမှ ချတ်သွားတာ မဟုတ်ဘူး။ ပဏ္ဍိတက ချတ်တယ်။ ချတ်ရတဲ့လူကို

ချွတ်တယ်။ ချွတ်လို့မရတဲ့လူကို မချွတ်ဘူး။ လူမှာလည်း ချွတ်လို့ရတဲ့ လူကို ချွတ်တယ်။ ချွတ်လို့မရတဲ့လူ မချွတ်ဘူး၊ အနားကပ်နေတဲ့ ဦးပဏ္ဍိတ မိန်းမတို့၊ သားတို့ သမီးတို့ သူ့စေတနာက မမှန်ဘူး။ ဦးပဏ္ဍိတရလာတဲ့ ပစ္စည်းကိုတော့ စားမယ်၊ ဒါဖေါ့ဗျ၊ ငါ့လူဆိုတော့ ပေးရတာပေါ့နော်။ ကိုယ်က မစွဲတာ။ သူက စွဲတာ။ သူက အတ္တ၊ ကိုယ်က အနတ္တ၊ ဘယ်သူသိလဲ၊ ဒီနှလုံးသားက ဘယ်သူသိလဲနော်။ ဒါကြောင့်မို့လို့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်တဲ့။ သံသရာ ဘယ်ကစလဲတဲ့။ ခန္ဓာက စတယ်တဲ့။ သံသရာ ဘယ်က ပြတ်သလဲတဲ့။ ခန္ဓာက စလို့ ပြတ်တယ်။ နိဗ္ဗာသည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်။ အခုရသွားပြီ။ အပူသည် မဟုတ်ဘူး၊ အအေးသည် ခင်ဗျားတို့မှာ ကြည့်မယ်ဆိုရင် သားအတွက်နဲ့ သောက ပဋိဒေဝ၊ လင့်အတွက်နဲ့ သောက ပဋိဒေဝ၊ သမီးအတွက်နဲ့ သောက ပဋိဒေဝ ပူတာပူတာ သွားစွဲတာကိုးဗျ။ အဲ အဲဒါတွေကတော့ သွားစွဲတာကိုး။ စွဲရင် ကံကြောင့်၊ တဏှာကြောင့်၊ ကံဖြစ်တာဗျို့။ ဟော တဏှာကြောင့် ကံဖြစ်တယ်ဆိုတာကို ခင်ဗျားတို့ကြည့် ဝေဿန္တရာမင်းကြီးက သူ့သားတွေ၊ သမီးတွေကို လှူလိုက်တယ်။ ပုဏ္ဏားလှူလိုက်တော့ ပုဏ္ဏားက ဖအေ့ရှေ့မှာ ရိုက်တယ်ဗျို့၊ ဟာ ရိုက်လိုက်တာ အကြီးအကျယ်၊ ဖအေက မြင်လိုက်တော့ ဟာ စိတ်ထဲမှာ မကောင်းဘူး၊ သန်လျှက်စွဲတယ်။

အဲဒါ ဘာလဲ တဏှာကြောင့် မာန်ဖြစ်တာပေါ့ဗျ။ အဲ အဲဒီမာန်က သူညတ နိဗ္ဗာန်ကို ပိတ်ထားတယ်နော်။ ဒီမာန်ပဲ၊ အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်၊ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကသူကို သနားပါ၊ ကိုယ်ကျင့်တရားထားပါ။ ပြဟ္မစိုရ်တရားထားပါ။ သံဝေဂ

တရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ မစွဲနဲ့။ ခင်ဗျားတို့ မလုပ်နဲ့လို့ မပြောဘူး။ မစွဲနဲ့၊ စွဲရင် ကံဖြစ်သွား လိမ့်မယ်နော်။ မစွဲဘူးဆိုရင်တော့ ပြီးပြီပေါ့ဗျာ၊ အပူသည့်တွေ လင့်ကြောင့် ပူရတာတစ်မျိုး၊ သောကပဋိဒေဝ အဲ ဗျာပါဒတွေ ဖြစ်လို့၊ အဲ ဇာတိမရဏတဲ့၊ ဇရာတဲ့ စာကရေးထားတယ်။ ဇာတိ ဆိုတာ အဲဒီတော့ စာ ပါဠိလို ရေးတယ်။ ဗမာလို အဓိပ္ပာယ် ပေါက်မပေါက်တော့ မပြောတတ်ဘူး။ ဇာတိ၊ မရဏ ဆိုတဲ့ အကြောင်း သုံးကြောင်းရှိတယ်။ ဦးဇင်းက စာမတတ်ဘူး၊ ခင်ဗျား ဟိုကဆိုပေးရင် ဒီကပြန်ပေးမယ်။ ခန္ဓာသိက ပြောလိုက်တာ။ အဲဒီ စာမတတ်တော့ လက်တန်းလောက်ပဲ ဆိုတတ်တယ်။ စာက ခင်ဗျား စာအုပ်ယူလာပြီးတော့ ထုတ်ပြီးတော့ မေးလိုက်။ ဒီက ဗမာလို ပြောပေးမယ်။ ပါဠိ၊ အနက်၊ အဓိပ္ပာယ်ရှိတယ်။ ပါဠိဆိုတာ ဘန္တေ အဲဒါ ပါဠိစကားတွေ၊ ဟေတုပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရ ပစ္စယော၊ ဝိပရုတ္တပစ္စယော၊ ဟုတ်တယ်ဗျို့။

သိပ်မှန်တာပဲတဲ့ စာ၊ ဒါပါဠိစကားတွေ၊ အနက်က အဲဒီ စာကို သိပ်သဘောကျတာ၊ ထောက်ခံတယ်၊ ဒါကြောင့်မို့လို့ အေးကွာတဲ့၊ ကရင်မတစ်ယောက်က အဲဒီတော့ ဆရာတော်ကြီးက ဟောတဲ့။ အဲ ပဋ္ဌာန်းရွတ်ကြတယ်။ ကရင်မတော့ ဘာမှမသိဘူး။ သဒ္ဓါယုံယုံကြည်ကြည်နဲ့ လျှတာပေါ့ဗျာတဲ့၊ အကယ်၍ သိတယ်ဆိုရင် သူ ဒီဟာကို ရှောင်တတ်တာပေါ့ဗျာတဲ့။ မသိတော့လည်း မရှောင်တတ်ဘူးဗျာတဲ့။ တဏှာကို ရှောင်တတ်တာပေါ့ဗျာတဲ့။ မသိတော့လည်း မရှောင်တတ်ဘူးဗျာတဲ့။ ကြည့်စမ်း ကိလေသာ တဏှာ ဟောဒီကိလေသာမှာ တဏှာရှိတယ်တဲ့နော်။ ဟောဒီ ရုပ်တရားမှာ တဏှာရှိတယ်။ အဲဒီတော့ စက္ခုအာရုံ မျက်စိမြင်တော့ သိတာပေါ့ဗျာ၊ သိတာက စိတ်၊ ဟော အဲဒီ စိတ်ကလေးက အဲဒီ မြင်တဲ့ အရာဝတ္ထုကို မမှတ်ဘူးလားထဲ့။ မှတ်ပါတယ်ဘုရားတဲ့၊

အဲ မှတ်လိုက်တာဗျို့၊ ဟောဒါ ယောက်ျားလေးပဲဗျာ၊ ဟောဒါ မိန်းကလေးပဲဗျာ၊ မှန်တယ်ကွာ၊ ခင်ဗျားပြောတာ သိပ်မှန်တယ်ပေါ့ဗျာ၊ အဲဒီအမှတ်ကြောင့် သင်္ခါရ ဉပါဒါန်ကံတွေ ဖြစ်တာ သံသရာ လည်တာ သူ့ပဲဗျို့တဲ့၊ အဲဒါ သညာအသိ၊ ပညာအသိ သဘောပေါက်သွားပြီ၊ ဟိုက အတ္တအသိ၊ ဒီက အနတ္တအသိ၊ ဟိုက ပညတ်၊ ဒီက ပရမတ်နော်၊ ပညတ်ကို မပယ်ဘူး၊ ပညတ်သာသနာရှိတယ်၊ ပရမတ်ရဲ့ သာသနာလည်းရှိတာပဲ၊ အတ္တရဲ့ သာသနာလည်း ရှိတာပဲ၊ အနတ္တရဲ့ သာသနာလည်း ရှိတာပဲ၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ရှာရမယ်၊ ခန္ဓာငါးပါးဆိုတာ သဘောလေးပဲ၊ ခန္ဓာဆိုတာ ရုပ်တရား၊ ခန္ဓာဆိုတာ မနောအသိ၊ ဟော ဝေဒနာ၊ သညာ၊ သင်္ခါရ ဉပါဒါန်ကံ၊ ဒါ ခင်ဗျားတို့ ဟောလိုက်တာ။ အဲဒီတော့ အဲဒီငါးပါးကို ကိုယ်က အမြဲတမ်း တရားနှလုံးသွင်းပြီးတော့ ဒီခန္ဓာငါးပါးကို ငါ မသိလို့ အဝိဇ္ဇာတွေဖြစ်နေပါကလား၊ ခန္ဓာငါးပါးသိရင် ဝိဇ္ဇာဉာဏ် ဖြစ်မယ်၊ ရုပ်နာမ်ကိုလည်း ငါသိမယ်၊ ရုပ်နာမ်သိချင်လို့ ခန္ဓာငါးပါး နဲ့ ရင်းရှာရတယ်။ အဲဒီလို ခန္ဓာငါးပါးနဲ့ ရင်းရှာတဲ့ အခါမှာ အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်တော့ ဉာဏ်မှာ စင်ကြယ်တယ်။ ဘာဖြစ်လို့လည်း သူ့လောဘ၊ ဒေါသ ခေါင်းပါးသွားပြီ ကြည့်စမ်း ဘာမှ ရေလည်းမသောက်တော့ဘူး။ ဘယ်မှလဲ ဟိုနား၊ ဒီနား မသွားတော့ဘူး၊ တင်ပုလ္လင်ခွေနေတာ။ သူ့နှလုံးသွင်းနေပြီ၊ အဲဒီတော့ ကာယကံ (၃) ပါးကလည်း ငြိမ်ပြီ၊ ဝစီကံ (၄) ပါးကလည်း ဆေးလိပ်တောင်၊ ရေတောင် မသောက်ဘူး၊ ဟော ဝစီကလည်း ပိတ်ထားပြီ။ နှာခေါင်းနှစ်ပေါက်ရဲ့ ဝင်လေ ထွက်လေရဲ့ အာရုံကို သိထားတော့ ဩော် ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး၊ တစိုက်မတ်တပ် မနေဘူး၊ သူ့အမြဲတမ်း လှုပ်ရှားမှုရှိနေပါလား၊ ဩော် မမြဲတာ အနိစ္စပါလား၊ မမြဲတဲ့အာရုံက အနိစ္စပါလား၊ ဩော် မမြဲတာကို

ငါမြဲတယ်လို့ သွားစွဲတာ ငါဒုက္ခပါလား၊ သွားစွဲပြီလေ၊ အဲဒါ သွားပြီ အာရုံကို သွားစွဲရော ကံကြောင့် ဒုက္ခပါလား၊ ဩော် ဒုက္ခ သစ္စာပါကလား၊ ဩော် အနတ္တဆိုတာ ခန္ဓာငါးပါးရဲ့ ဒိုးလိုမွှေ ရေလိုနှောက်တော့၊ အဲဒီတော့ သွေးသည်းခြေ၊ လေ၊ သလိပ်က ပထဝီ၊ တေဇော၊ အာပော၊ ဝါယော ဓါတ်လေးပါးက ငါ့ကို သတ်မဲ့ အကောင်ကြီးပါးလား။ ဟာ ဟောဒါ ပညတ်၊ ဟောဒါ ပရမတ်၊ ဓါတ် ပရမတ် အဲဒီတော့ ဦးဇင်းက မပြောတတ်ဘူး၊ စိတ္တ နုပဿနာ ခေါ်တယ်၊ အဲဒီ စိတ်တွ နုပဿနာကိုရောထ်ရင် ဓမ္မာနုပဿနာက နီးနီးလေးပဲ၊ ဟာ ခင်ဗျားတို့ ကိုယ်နဲ့ရင်းရှာနော်၊ မှန်အောင်လည်းလုပ်၊ အဲဒီတော့ သစ္စာကိုလည်းထား။ သမုတိ သစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္တသစ္စာ၊ အရိယာထသစ္စာ၊ ဒါ ဘုရားဟောအရ အဲဒီ သစ္စာနဲ့ မိမိရဲ့ နှလုံးသားအသိနဲ့ တစ်ထပ် တည်း ဖြစ်ပါစေ။ အဲဒီတော့ ကံတရားဟာ အစွဲတရား၊ အဲဒီ အစွဲ တရားရှိရင် မစွဲတဲ့ နေရာရှိတယ်။ အဲဒီ အစွဲတရားက ဘာနဲ့ ခင်ဗျားတက်ရမလဲ၊ သမ္မာနဲ့ တက်ရမယ်နော်။ ကံတော့ ကံပဲ၊ သမ္မာလေးနဲ့ သမ္မာအသိလေးနဲ့ ကံကို ယူတယ်။ မိစ္ဆာအသိ၊ သက္ကာ အသိ၊ ဒိဋ္ဌိအသိတွေနဲ့ မယူဘူး၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာ အာဇီဝ ဆိုတဲ့ ဘုရားဟော၊ မဂ္ဂင်ရှစ်ပါးနဲ့ မိမိရဲ့ နှလုံးအသိနဲ့ တစ်ထပ်တည်းထား။ သမ္မာဆိုတာ ဘာလဲ၊ မှန်သောအယူပဲ။

ဒဲ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ သမ္မာ အာဇီဝဆိုတာ သူထိုင်နေတာ။ ခင်ဗျားလာကျွေးတာ၊ လာပေးတာ သူတောင်းစားတာလည်း မဟုတ်ဘူး၊ သူသွားပြီးလုပ်တာလည်း မဟုတ်ဘူး၊ သူ့ကို စေတနာရှိလို့ လာကျွေးတယ်၊ အဲဒါ သမ္မာအာဇီဝ၊ သမ္မာကမ္မန္တဆိုတာက ဒီကံတွေကိုနော် စာတော့ မတတ်ဘူး။ မှားရင် သည်းခံပါ။ သမ္မာဝါစာဆိုတာအလုပ်၊ မိစ္ဆာကံတွေ မဖြစ်အောင် သမ္မာကမ္မန္တ ထည့်ထားတယ်။ အဲဒီကံတွေကို မိစ္ဆာကံတွေ

မဖြစ်အောင် ကိုယ်ကနေပြီးတော့ သတိအမြဲတမ်းထားပြီး တော့ သမ္မာကံနဲ့ တက်တက်သွားတယ်နော်။ အင်မတန်ကောင်းတဲ့ သမ္မာကံလေးနဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာ ဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ သမာဓိ နှစ်လုံးနော် တည်ကြည် ရမယ်။ အဲဒါ သမာဓိပဲ။ စိတ်နဲ့ စေတသိတ်ကို သတ်ပြီဗျို့။ မြင်စိတ် ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ အဲဒီနောက် မနှောနဲ့ မပေါင်းဘူး၊ စေတသိတ်လည်း မဖြစ်တော့ဘူး။ လောကီကြောင်းတွေ တစ်ခုမှ မပေါ်တော့ဘူး။ အဲဒါ ခင်ဗျားတရားထိုင်တဲ့ နိဝရဏတွေ၊ ဟိုဟာပေါ်လိုက်၊ ဒီဟာပေါ်လိုက်၊ လောကီအနုသယတွေ ပေါ်နေတယ်။ အဲဒါ ကံပဲ။ ကံ သီလခေါ်တယ်။ (၃၁) ဘုံ မလွတ်သေးဘူး၊ အစွဲဥပါဒါန် မပြတ် သေးဘူး၊ အဲဒီတော့မှ စိတ် စေတသိတ် ငြိမ်သွားပြီ၊ လာပြီးတော့ မနှောင့်ယှက်တော့ဘူး၊ အဲဒီတော့မှ ရုပ်မှာရှိတဲ့ တဏှာကို ပြန် သတ်တယ်။ အဲဒါကြောင့်မို့ စိတ်စေတသိတ်၊ ရုပ်လွတ်သွားရင် နိဗ္ဗာန်ဘဲ၊ နီးနီးလေးဘဲ အဲဒီတော့ အကျိုးတရားက ဒုက္ခသစ္စာ အကြောင်း တရားက သမုဒယသစ္စာ သတ်တော့ သေရော၊ သေတော့ အေးတာ ပဲဗျို့၊ အေးတော့ အပူသည်တွေက လာတော့တာပဲ ချဲပေါက်ချင်တဲ့ လူနဲ့ ထီပေါက် ချင်တဲ့လူနဲ့ အာ ကလေးရေနစ်လို့ ဖြစ်တဲ့လူနဲ့ ဗေဒင်ဆရာကြီး ဖြစ်တာဘဲဗျို့။

ဦးပဏ္ဍိတက ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်ဗျာ၊ ရတဲ့ အသေပြာတွေကို ဘုရားတွေ လျှောက်တည်တာ၊ သူ ဟိုတုန်းက လူဆိုးတစ်ယောက်နော်၊ သူများဟာတွေ လိမ်ခိုး၊ သူများ ပစ္စည်း အလစ်သုတ်၊ သိမှမသိတာကိုးဗျ။ အဲဒီတော့ ငါးတွေရှာ အကုန်သတ်၊ အကုန်လုပ် နားမှမလည်တာကိုးဗျ။ အဲဒါ အတ္တကြီးပေါ့၊ အစွဲ တရားကြီးပေါ့၊ လူလမိုင်းလို့ ခေါ်ပါတယ်နော်။ ဘယ်သူ ပြောပြော ဘယ်သူဆိုဆို မရတော့ အဲဒီတော့မှ လောကီကို အားကိုးစရာ

မရှိဘူး။ သမီးကလည်း ဖအေကို ပြစ်ပယ်ပြီ၊ မိန်းမကလည်း လင်ကို ပြစ်ပယ်ပြီ၊ အကုန်ပစ်ပယ်တာ၊ ဘာလို့လည်း ဖအေမှ မကောင်းတာ ကိုး‌ဗျ၊ အရက်မူးလိုက် ကလေးတွေရိုက်လိုက်၊ မူးလာရင် မိန်းမဆဲလိုက်၊ လင်ဆိုးမယား တဖားဖား၊ သားဆိုးမအေ တ တွေတွေ၊ ဒါတွေပေါ့ဗျာ၊ ရှေးလူကြီးတွေ စကားပုံရှိပါတယ်၊ ဦးဇင်းက အဲဒီလိုဆိုတော့ အိမ်တောင် အနားမကပ်တော့ ငါ့အဖေ ဦးမြမောင်ဆိုတာ သူတို့ မပြောဘူး။ ဖအေမှ မကောင်းတာ။

ဦးပဏ္ဍိတ မကောင်းဘူး၊ အဲဒီတော့မှ တရားအားထုတ်တယ်၊ လောကီမှာ အားကိုးစရာ မရှိဘူး၊ စာကလည်း မတတ်၊ အဲဒီတော့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ငါ့ရာမှပဲ ဆိုပြီးတော့ အဲဒီတော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်၊ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်၊ ဒါကြောင့်မို့လို့ ခင်ဗျားတို့ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီမလို အားလုံး ဆွေတော်ပေါင်း၊ မျိုးတော်ပေါင်း ဒီဘဝ နောက်ဆုံးဘဝ ပြန့်ကြရမှာ။ အနတ္တတရား ဟောဒီရုပ်က အိုရမယ်၊ ဟောဒီရုပ်က အိုရအုံးမယ်၊ ဟောဒီရုပ်က နာရအုံးမယ်၊ ဟောဒီရုပ်က သေရအုံးမယ်နော်၊ ခင်ဗျားတို့ ရုပ်ကတော့ အိုမယ်၊ စိတ်ကတော့ မအိုဘူးဗျို့။ အဲဒီ စိတ်ကလေးက ဘာဖြစ်ဖြစ် သာယာတာကို ခံစားတာ တဏှာ အဲဒီတော့ ဇိဝှါမှာ အရသာသိတာလေး ခံစားတာတဏှာ၊ ဒီ တဏှာတွေဟာ ခင်ဗျားတို့ တွေးသာကြည့်ဗျာ။ အဲဒီတဏှာတွေဟာ ဪ အေး အေး အေး ငါးသလောက်ကလေး ချက်စား၊ ငါးသလောက်လေးနုပ်ကလေး စားလိုက်၊ ကြက်သားလေးစားလိုက်၊ ကြည့်စမ်း၊ အဲဒီတော့ ဒါတွေဟာ တွေး တွေးကြည့်ပေါ့ဗျာ။ အဲဒါ တဏှာကို သတ်တာပါ။ ကိလေသာပေါ်မှာရှိတဲ့ တဏှာတွေ သတ်တာ။ ဪ အဲဒီတော့ စိတ်ကလေးက ခံစားတယ်။ အရသာ ဘာလဲ ခံစားတယ်။ စက္ခုမှာလည်း ခံစားတယ်၊ နားသောတမှာ

လည်း ခံစားတယ်။ နံ့သာမှာလည်း ခံစားတယ်။ ဇိဝါမှာလည်း ခံစားတယ်။ အကုန်ခံစားတယ်။ (၃၁) ဘုံ ဘယ်လွတ်တော့မလဲ။ အဲဒီတော့ လောဘတွေကလဲ ဖြစ်ကုန်ပြီ။ ဒေါသတွေကလည်း ဖြစ်ကုန်ပြီ။ မောဟ မောမော ပန်းပန်းနဲ့ ရှာတယ် ကိုယ့်ကိုယ်ကို မသိတော့ဘူး။ မောမှန်းလည်း မသိတော့ဘူး။ ရှာကြပြီ။ သေရမှာ မကြောက်တော့ဘူး။ အဲ ပိုက်ဆံရရင်လုပ်မယ်။ ဘာဖြစ်ဖြစ် လုပ်တော့ မယ်နော်။ ဘယ်လောက် ကြောက်ဖို့ကောင်းလဲလို့နော်။ ဒါကြောင့်မို့လို့ ခင်ဗျားတို့ တရားကို နှလုံးသွင်းကြပါ။ အဲဒီတော့ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီး ဟာ သီလနဲ့ ဆေးကြောပါ။ ဒါနနဲ့ ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့ ဝိဇ္ဇာတုံးကြီးဟာ အဓိသီလနဲ့ ဆေးကြောတယ်။ အဓိစတ္တနဲ့ ဆေးကြောတယ်။ အဓိပညာနဲ့ ဆေးကြောတယ်တဲ့နော်။ နောက်ဆုံးဘာဝပဲ။ ခင်ဗျားတို့ ပြန်ရမှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာ။ အဲဒီတော့ မပြန်ခင်မှာ မရဏသေမင်း လက်ကို လွတ်အောင် ဉာဏ်လေးနဲ့ ပြန်။ အဲဒီတော့ ကံလေးနဲ့ ပြန်ရင်တော့ မရဏ သေမင်းကတော့ ခင်ဗျားတို့ ကံနဲ့ ပြန်ရင်တော့ သူဦးမှာပဲ။ ဉာဏ်နဲ့ပြန်ရင်တော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊ ဉာဏ်ဆိုတာ အာရုံ။ အဲ အာသဝက္ခယာဉာဏ်ရတော့ အာရုံသိသွားပြီ။ အဲဒီ အာရုံမသိတာက ကံ။ အာရုံသိတာက ဉာဏ်၊ သဘောလေးပဲနော။ အင်မတန်နုတယ်။ နော်။ ဒါကြောင့်မို့လို့ ဘာပဲဖြစ်ဖြစ် ကျင့်ကြပါ၊ ကြံကြပါ။ လူများများနဲ့ စကားသွားမပြောနဲ့။ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်၊ ကိုယ်စိတ်ကိုသာ ကိုယ်စစ်၊ သူများစိတ်ကို သွားမစစ်နဲ့။ သူများ အကြောင်းကို ကိုယ့်အကြောင်းမလုပ်နဲ့၊ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ ကိုယ့်စိတ် ကိုယ်စစ်နော်။

ပြော်၊ သီလဆိုတဲ့ အုတ်ပန္တက်ရိုက်တယ်၊ သီလဆိုတာ ဘာလဲ အဲဒီတော့ အရိယသီလက လောဘနဲ့ ဒေါသ ခေါင်းပါးတယ်၊ မစွဲဘူး၊ အဲ ပုထုဇဉ် သီလကတော့ အဲဒီတော့ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါး၊ အဲဒါတွေကို သူများအသက်မသတ်ပါဘူး၊ သူများပစ္စည်း မခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ သေရည်၊ သေရက် မသောက်ပါဘူး၊ ဝိကာလ ဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ သိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း မဖွယ်မရာ မလုပ်ပါဘူး။ ဟောဒါတွေကကော မလုပ်ဘူး။ ကဲ မလုပ်ရင် ကဲ ခင်ဗျား မေးပြီတဲ့၊ ခင်ဗျားသမီးလေးနဲ့ သားလေးသေတော့ ခင်ဗျားဘယ်လို နေမလဲ။ အဲဒီ ခင်ဗျားယူထားတဲ့ အဲဒီ ပညတ်သီလ၊ ခင်ဗျား အဲဒါ ဘုရားပညတ်တဲ့ သီလ။ ခင်ဗျားယူထားပြီတဲ့။ ပရမတ် သီလ မဟုတ်တော့ဘူးတဲ့၊ ခင်ဗျား သားတွေ၊ သမီးတွေ သေရင် ခင်ဗျား ဘယ်လိုနေမလဲ၊ အာ ဘုန်းဘုန်းရယ် ပူတာပေါ့ဗျာတဲ့။ အဲ ခုဏ ယူထားတဲ့ သီလ ကယ်နိုင်ပါ့မလားတဲ့။ ခင်ဗျားစိတ် ခင်ဗျားပူနေပြီတဲ့။ အဲ ပူရင် နောက်လည်း ပူမှာပဲတဲ့ ခင်ဗျား။ သားစွဲ၊ သမီး စွဲ ပူနေရင် သောက ပဋိဒေဝ ပေါ့ဗျတဲ့။

အဲဒါ လည်တာပေါ့ဗျတဲ့ သံသရာလည်တာ (၃၁) ဘုံ မလွတ်ဘူးတဲ့၊ အဲဒီတော့ ဒါကြောင့်မို့လို့ လွတ်အောင်လုပ်၊ ငွေရရင် ငွေနဲ့ တင်းမတိမ်နဲ့၊ ငွေထက်ကောင်းတာ ရွှေ ရှိတယ်။ ရွှေရရင် ရွှေနဲ့ တင်းမတိမ်နဲ့။ ရွှေထက်ကောင်းတာ ကျောက် ရှိတယ်။ သမုဒယတွေဖြစ်တာ သူပဲ။ မဂ်ဉာဏ်ရအောင်လုပ်၊ ဒီမဂ်ဉာဏ်ရရင် ခင်ဗျားသွားပြီနော်။ ဒီမဂ်ဉာဏ်ရဖို့ အရေးကြီးပါတယ်။ အဲဒီ အတ္တကိုဖြတ်ပြီ။ အဲဒီတော့ အနတ္တကို မြင်သွားပြီ။ ပြော် သဘာဝ သဘောတရား အနတ္တ ငါ့ရုပ်မဟုတ်ပါလား။ ငါ အငှားကြီးပါလား။ ကိုယ့်ဟာကိုယ် ဉာဏ်နဲ့ ကြည့်။ အဲဒီတော့ ဦးဇင်းကနေပြီးတော့

မြောင်းမြက လာပါတယ်ဗျာ။ အဲဒီတော့ ဒီမှာရှိတဲ့ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီလို့ စာကရေးထားတယ်။ ဦးဇင်းအလှူခံပေးမယ်။ လှူလိုက်တဲ့ရဟန်း ဦးပဏ္ဍိတက သစ္စာမှန်ရမယ်၊ အပ်ပေါက်ထဲမှာ အပ်ကြိုး ထိုးပေးလိုက်မယ် ဦးဇင်း။ ခင်ဗျားတို့ရဲ့ စေတနာရှိရင် တစ်ပြားလှူလှူ နှစ်ပြားလှူလှူ ဘာလှူလှူ ပန်းလှူလှူ ရေလှူလှူ ခင်ဗျားတို့မှာရှိတာ ဦးဇင်း အလှူခံမယ်၊ အဲဒီဒါနနဲ့ ဦးဇင်းက လုပ်ပေးတာ။ သီလကတော့ ခင်ဗျား စိတ်ကို ခင်ဗျားစစ်၊ ခင်ဗျား စိတ်ကလေးကို ခင်ဗျား သီလဖြစ်အောင်လုပ်၊ အဲဒီတော့ တိုင်းပြည်ကြီးမှာလည်း နေကြထိုင်ကြတဲ့အခါ သစ်တပင်ကောင်းရင် ငှက်တစ်သောင်း နားတယ် ဗျနော်။ သူတို့ရဲ့ လုပ်နေတဲ့ လုပ်ငန်းတွေကလည်း အင်မတန် တာဝန်ကြီးတယ်။ အဲဒီတော့ ဘာဖြစ်ဖြစ် ဒီပုဂ္ဂိုလ်တွေနဲ့ ကိုယ်က စေတနာမှန်ဖို့လိုတယ်၊ အဲ လူကြီးမင်းများရပ်ကွက်က လာခိုင်းတယ်။ ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော်လုပ်ပေးမယ်။ အဲဒီ လုပ်တဲ့ သဒ္ဒါ သမ္မတ္တိဆိုတဲ့ လုပ်ငန်းလည်း ခင်ဗျားတို့ မင်္ဂတွေ့ရှိပါတယ်။ စေတနာ မှန်အောင် လုပ်ပေးပါ။ စေတနာ ဩော် တို့အိမ်မှာကြီးပဲ။ ခဏ ခဏ လာခေါ်တယ်ကွာ။ တို့အိမ်မှာကြီးပဲ လာခေါ်တယ်။ ခင်ဗျား မနေ့က ဖောက်ပြီနော်။ စေတနာ ပျက်သွားပြီ။ စေတနာ ပျက်သွားပြီ၊ ခင်ဗျား ဘာလုပ်လဲ၊ သီလ ဝိသုဒ္ဓိ မစင်ကြယ်တော့ဘူး။ သီလ ဝိသုဒ္ဓိစင်ကြယ်မှ (၃၁) ဘုံလွတ်မယ်။ သီလဝိသုဒ္ဓိ မစင် ကြယ်တော့ အာရုံကြောင့် မစင်ကြယ်တဲ့အတွက် (၃၁) ဘုံ ခင်ဗျားပေါ်မှာ မူတည်တယ်။ ဒါပေမဲ့ လူကြီးမင်းများက သူ့ရဲ့ အလကား။ ခင်ဗျားတို့ကို ခိုင်းတာမဟုတ်ဘူး။ တိုင်းပြည် ကောင်းကျိုး ရှိအောင် အားလုံးနောက်လူ၊ နောက်သားကလေးတွေ မြင်နိုင်အောင် အစုကနေ အပင်ကို ရေလောင်းနေတာ။ ဒါကြောင့်မို့လို့ သစ်တစ်ပင် ကောင်းရင် ငှက်တစ်သောင်းနားတယ်။ သစ်ပင်ကိုသာ မှီခိုပြီးတော့

အားပြုကြတဲ့ ခင်ဗျားတို့ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဟိုက ကျွန်းပင်ကြီး သွားမှီခိုကြတဲ့။ ကိုယ်အသိတရား မှန်ဖို့လိုတယ်။ ကိုယ်စေတနာ မှန်ဖို့လိုတယ်တဲ့။ သူ ဘာပဲပြောပြော ကိုယ့်စေတနာ မပျက်ပါနဲ့တဲ့၊ သူတစ်ပါးပေါ်မှာ မပျက်ပါနဲ့တဲ့၊ တရားနဲ့ရှာတဲ့အလုပ် တရားမှာလည်း စေတနာလည်း ရတယ်။ အလုပ်လဲ ဖြစ်တယ်။ ခင်ဗျားမှာ သီလလဲမှန်တယ်နော်။ ဝိသုဒ္ဓိသီလခေါ်တယ်။ နိဗ္ဗာန်ကူးမဲ့ သီလတွေ၊ အတွင်းသီလတွေ၊ အပြင်ကို သွားပြီးတော့ ဟာ ဒီလူကြီး က ငါ့ ခဏ ခဏ ခိုင်းတာပဲ ဆိုတော့ ဟော မနောပေါက်သွားပြီ။ စိတ္တဝိသုဒ္ဓိ မဖြစ်တော့ဘူးနော်။ သီလဆိုတာ အမျိုးမျိုး ဘုရားသီလ ရှိတယ်။ ရဟန္တာသီလရှိတယ်။ သဒ္ဒါဂါန်သီလရှိတယ်၊ သောတာပန် သီလရှိတယ်နော်။ အနာဂါ သီလရှိတယ်။ ဒီလိုသီလမျိုးတွေကို နှလုံးသွင်းတတ်ဖို့ အပ္ပမာဒေန သမ္ပာဒေထဟဲ့ ပြော် မမြဲပါကလား။ သူလဲ မမြဲပါလား။ ငါလဲ မမြဲပါလား။ ဒါ ကောင်းမှုကုသိုလ် စေတနာတွေပဲတဲ့။ တို့ လုပ်ပေးမယ်။ ဟော စေတနာနဲ့လုပ်ပြီ။ မြောင်းတွေသန့်ရှင်းအောင် လုပ်ပေးတယ်။ မြက်တွေ ရှင်းပေးတယ်၊ ဟော အလုပ်ပြီးတယ်၊ ကိုယ့်အိမ်မှာ ကိုယ်လုပ်တယ်၊ ရှိတာ၊ မရှိတာ ကိုယ့်ကံပဲဗျို့နော်။ အကျိုးတ်ရဲ့ ရေးဘုန်းရှိကံ အားနည်းချက် နည်းသွားရင်တော့ ပစ္စုပ္ပန်ရဲ့ကံလေး စေတနာရဲ့ ကံလေးတော့ ထမင်းတစ်လုပ်တော့ လှလှစားရတယ်ဗျို့။ စေတနာသာ မှန်ပါစေ။ အဲဒီတော့ ဦးဇင်းက ခင်ဗျားတို့ လှူတဲ့အခါမှာ စေတနာလေးနဲ့ လှူကြ၊ အဲဒီတော့ ဦးပဏ္ဍိတက ခင်ဗျားတို့ ဝတ္ထုတွေကို စွဲရင် ဦးပဏ္ဍိတ အောက်ရောက်သွားမယ်နော်၊ ဦးဇင်းက ဉာဏ်လေးနဲ့ အလှူခံတဲ့အတွက် ဟောဒီ ဉာဏ်မျိုး စေ့တွေ၊ မဂ်မျိုးစေ့တွေ ခင်ဗျားတို့လာပေးတာ။ အဲဒါ ခင်ဗျားတို့ ယူတတ်ဖို့လိုတယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

## ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်
## အမှတ် (၂) စစ်လက်နက်ပစ္စည်းတပ်ရင်း၊ မင်္ဂလာဒုံတွင်
# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ
## ဟောကြားခဲ့သော တရားတော်

ဒကာကြီးတို့၊ ဒကာမကြီးတို့ လူ့ဘုံမှာ၊ အဲဒီ လူ့ဘုံမှာ သီလမဂ္ဂင်ရှိတယ်။ သမာဓိမဂ္ဂင်ရှိတယ်၊ ပညာမဂ္ဂင်ရှိတယ်၊ သိက္ခာ (၃) ပါးရှိတယ်၊ သိက္ခာ (၃) ပါးကို အဆီတွေညှစ်ထုတ်လိုက်လို့ ရှိရင် ဘာအဆီကျမလဲ။ ကော၊ ဓမ္မာ အေးသွားပြီနော်။ ကော ဓမ္မာ၊ စာလေးနဲ့ သူရေးထားတယ်၊ ကောဓမ္မာ ဘယ်က လာ သလဲတဲ့။ ရုပ်ပေါ်နာမ်ပေါ်က လာတယ်။ အခုဘဝ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်တဲ့။ ဒါက ရင်းရှာတာ။ ခန္ဓာနဲ့ စစ်ပြီးတော့ရှာတယ်၊ စာကမှန်၏။ ဉာဏ်မမီ၊ ထိအောင် သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဘာတွေသာသလဲတဲ့ဆိုတော့ ဦးဇင်းက စာမတတ်ဘူးနော်။ ပစ္စုပ္ပန်တည့်တည့်လေးပဲ မြင်တာကို သိတယ်။ ကိုယ်နားကြားတာကိုသိတယ်။ အဲဒီ အသိလေး ပြောတာ ပေါ့ဗျာ။ ဒါက အဲဒီတော့ ဘာတွေ တရားကိုခံစားကြရမလဲတဲ့ဆိုတော့ မင်္ဂလာနဲ့ပေါ့ဗျာ။ ဒါဦးဇင်း စာမတတ်ဘူး။ ရတယ် မပြောဘူး။ ပစ္စုပ္ပန်မှာ အခု ဒကာကြီးတို့ ဒကာမကြီးတို့ ဦးပဏ္ဍိတတို့ နေထိုင်ကြတဲ့ ဘုံ အမှန်ကတော့ ရုပ်က အိုမယ်၊ ရုပ်က နာမယ်၊ ရုပ်က သေမယ်၊ ရုပ်က အနိစ္စ၊ ရုပ်က ဒုက္ခ၊ ရုပ်က အနတ္တ၊ ဒီလို ရေးထားတယ်။ အဲဒီတော့ ဘာတွေ သူခံစားရမလဲ။ သူကြိုးစားလို့ သူအောင် မြင်တယ်၊ သူစာမတတ်ဘူး။ ငယ်စဉ်တောင်ကျေး အမိ မွေးကတည်း က သူ့မှာ ကျောင်းမနေနိုင်ဘူး။ ဆင်းရဲတဲ့ ပုဂ္ဂိုလ်တစ်ယောက် ခေါ်တယ်။ တောမှာ နေတယ်။ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာ

အဲဒီမှာ နေတယ်။ သူ့နာမည်က လူနာမည်က မြမောင် ရဟန်း အမည် ပဏ္ဍိတတဲ့၊ ဒါပညတ်အနေနဲ့ သဘောလေးခေါ် သမုတ်လိုက်တာ၊ ပရမတ်ကို သိရမယ်၊ ပညတ် ဆိုတာလဲ စာပဲ။ စာကို ခန္ဓာသိနဲ့ ပြောပြမယ်။ အဲဒီတော့ စာက မှန်နေပြီနော်။ ခန္ဓာကလည်း မှန်ရမယ်။ အဲဒီတော့ ခုထာက ဒကာ၊ ဒကာမများ ဟောသွားတယ်။ ပြောသွားတယ်။ ကာယကံတဲ့၊ ဝစီကံ တဲ့၊ မနောကံတဲ့။ ကံဆိုတာ စာခေါ်တယ်၊ သမုတ်လိုက်တယ်။ ကံဆိုတာ မိမိပြုလုပ်တဲ့ ကံရှိတယ်။ ကံဆိုတာ ဗမာလို ပြန်မယ် ဆိုရင် ဟိုက ပါဠိလို ရေးထားတယ်။ အဲဒါ အနက်နဲ့ ပြန်ပေးမယ်။ ကံဆိုတာ စွဲတာပဲ။ အစွဲတရားကို ကံလို့ခေါ်တယ်နော်။ ဘာဖြစ်ဖြစ် စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ် အာရုံ ဒါလေးတွေ ရှိတယ်။ ကိုယ်ကမြင်လိုက်တော့ သိတာ။ မြင်တော့ သိတာပေါ့။ သိတာ စိတ်ပဲတဲ့။ အဲဒီစိတ်ကလေးက သညာနဲ့ မြင် သလား၊ ပညာနဲ့ မြင်သလား၊ ခင်ဗျားတို့ပေါ် မူတည်တယ်။ အဲဒါ ပါဠိစကား၊ ဗမာလို အမှတ်နဲ့ သညာ သိသလား၊ သင်သိသလား။ အဲဒါ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ အဲဒီအမှတ်ဆိုတာ ပါဠိလို သညာခေါ်တယ်။ အမှတ်၊ သညာကို ပညာက ရှင်းလိမ့်မယ်။ သဘောလေးနဲ့နာနော်။ ဒီဘဝ နောက်ဆုံးဘဝပဲ။ နောက်ဆုံးပဲ။ အဲဒီတော့ ခုထာ ရေးထားတယ်။ သီလမဂ္ဂင်၊ သမာဓိ မဂ္ဂင်၊ ပညာမဂ္ဂင်၊ သိက္ခာ (၃) ပါး ခေါ်တယ်။ ဒါ ဒီဘဝမှာ ပစ္စုပ္ပန် တည့်တည့်လေးမှာ သီလဆိုတာက ပါဠိစကားခေါ်တယ်။ အဲဒါ ပါဠိ ပါဠိသိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ် သဘော ပေါက်လိမ့်မယ်။ သူ သဘောပေါက်တယ်။ သဘောပေါက်အောင် ခန္ဓာသိက ပြောပေးတာ။ အဲဒီတော့ စာသိဆိုတာက ပညတ်သိ ခေါ်တယ်။ ခန္ဓာက သိတာက ပရမတ် အသိခေါ်တယ်။ သဘော လေးနာနော်။ ဒါ ဦးဇင်းက စာမတတ်ဘူး။ ကိုယ့်ဖအေတွေ၊ ကိုယ့်

မအေတွေ၊ ကိုယ့်အစ်ကိုကြီးတွေ ကိုယ့်ညီမတွေ နောက်ဆုံး ဦးပဏ္ဍိတ ပြန်ရမှာ။ ခင်ဗျားတို့လည်း ပြန်ရမှာ။ ဘာဖြစ်လို့ ပြန်ရမလဲ။

ရုပ်က အိုခြင်းတရား၊ ဟောဒီရုပ်ကို ဟောနေတာ။ ရုပ်က ကိုယ့်ရုပ်က အိုရမယ်၊ နာရအုံးမယ်၊ သေရအုံးမယ်၊ အဲဒီတော့ စိတ်ကလေးကို ဟောတာ။ ရုပ်ပေါ်မှာရှိတဲ့ မြင်စိတ်၊ ကြားစိတ်၊ သိစိတ်ကလေးကို ဟောတာ။ အသိတစ်လုံး အမြတ်ဆုံးတဲ့။ နောက်ဆုံးဘဝပါ။ အဲဒီတော့ သီလမဂ္ဂင်ဆိုတာ ပါဠိလို ရေးတာ။ မြန်မာလို ကိုယ်စိတ်ကို ထိန်းတာ။ ဪ (အေး အေး အေး)[၃] အေးတယ်ဆိုတာ နှလုံးသားအေးသွားတာ။ အာရုံကို မယူဘူးနော်။ အဲဒီတော့ အမိပ္ပါယ်ကောက်တတ်ဖို့ လိုတယ်။ ဪ (အေး အေး အေး)[၃] ဘဝင်က အေးသွားပြီနော်။ ရေခဲတုံးကြီး ဖိုက်ထဲထည့်ထားတာ။ ဒကာ၊ ဒကာမများက လှူကြတယ်၊ တန်းကြတယ်၊ ဝတ္ထုကာမ ဒါစာလိုရေးတာ ဝတ္ထုကာမဆိုတာ ငါ့မှာ ရှိတာက ကိလေသာ ကာမတဲ့။ ဟော စာက ရေးထားတယ်။ ဝတ္ထုကာမနှင့် ငါ့မှာရှိတဲ့ ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်ကြည့်ပါက အများကြိုက်တယ်။ ကိုယ်လည်း ကြိုက်တယ်။ အရိယာ မကြိုက်ဘူးတဲ့။ ပါဠိကနော်၊ အဲဒါက တော်တော် အရေးကြီးပါတယ်။ ဒါ ဦးဇင်းက ကိုယ့် ဒကာ၊ ဒကာမတွေ၊ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီလေးတွေလို၊ ကိုယ့်ညီမလေးတွေလို နောက်ဆုံးဘဝတွေ ပြောသွားတာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ကံကိုဗျ။ ခုဏက ရုပ်ပြစ် (၈) ပါး။ ဒါတွေကို အပယ်လေးဘုံ၊ ကံကသွားမှာ။

အစွဲဥပါဒါန်ကြောင့် ကံဖြစ်တယ်။ ဒါ ဦးပဏ္ဍိတ ပြောနေတဲ့ အသိတရားပဲဗျ။ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာလို့ ခေါ်တယ်။ အဲဒါ သစ္စာလေးပါး၊ ကံကို ဟောတာ။ ခန္ဓာအသိက ကံကိုဟောတာ။ ဥပါဒါန်အစွဲကို

ဟောတာ။ အဲဒီတော့ စက္ခုအာရုံမှာ သာယာတယ်။ နားသောတမှာ သာယာ တယ်။ နံ့သာမှာ သာယာတယ်။ ဇိဝှါမှာ သာယာတယ်။ ဝတ္ထုကာမမှာ သာယာတယ်။ ဒါတွေကို ထိန်းရမယ်။ အဲဒီတော့ မိမိရဲ့ စိတ်ကလေးက ဘာတွေကို ထိန်းမလဲ၊ အရိယာထ သစ္စာတဲ့၊ ဟော အရိယာထ သစ္စာဖြစ်သွားပြီ။ ဘယ်ကနေဖြစ်လဲ။ သမုတိ သစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထ သစ္စာတဲ့၊ ဟော စာရေးပြီ။ စာက မှန်၏။ ဉာဏ်မမိ၊ ဉာဏ်ဆိုတာ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏ ဥဒပါဒိတဲ့။ အဲဒီပုဂ္ဂိုလ်က ဉာဏ်မရသေးလို့ သူစိတ်ကို သူထိန်းနေရတာ။ သူ့စိတ်ကို ထိန်းနေတော့ အင်မတန်ယုံကြည်တဲ့ ပုဂ္ဂိုလ်ကြီး။ သဒ္ဓါဗိုလ်တွေ၊ ဝိရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ၊ သူ့စိတ်ကို ထိန်းနေတာ။ အဲဒါ ချော် အေး အေး အေး အဲဒါ ငါယူမိရင် ကံဖြစ်လိမ့်မယ်။ ယူမိရင် ကံဖြစ်ပြီးတော့ သံသရာလည်လိမ့်မယ်။ (၃၁) ဘုံ ငါ မလွတ်သေး ပါလား။ ကိုယ့်စိတ်ကို စစ်လိုက်။ ငါ သွားစွဲပါလား။ ငါသွားပြီးတော့ ဒေါသဖြစ်လိုက်ပါလား။ ငါသွားပြီးတော့ လောဘတွေ ဖြစ်လိုက် ပါလား။ ဘယ်ကလဲ မနော၊

စိတ္တာနုပဿနာ လူဘုံမှာ ရှိတယ်။ ဓမ္မာနုပဿနာက လောကုတ္တရာ၊ သဘောလေး ဟောသွားတာ။ ပါဠိရှိရင် အနက် ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပာယ်ပေါက်အောင် သဘောရောက်အောင် ပြောသွားတဲ့ အသိ တရားတွေရှိတယ်။ ခန္ဓာသိတွေရှိတယ်နော်။ ခင်ဗျားတို့က ကာယကံ၊ ဝစီကံ၊ မနောကံ ဟုတ်တယ်။ အဲဒါ ပညတ်အယူရဲ့ အယူတွေ၊ ကာယကံ၊ ဝစီကံ၊ မနောကံ မှန်တာပေါ့ဗျာ။ အဲဒီတော့ စာကရေးတယ်။ ကာယကံ ဘာတွေလဲ။ သူများအသက် မသတ်ပါနဲ့။ သူများပစ္စည်း မခိုးပါနဲ့။ သူများသားမယား မဖျက်ဆီးပါနဲ့နော်။ သူများသားမယား ပါနေ တယ်နော်။ လင်ရှိမယား မဖျက်ဆီးပါနဲ့တဲ့။ ဒါ ဦးဇင်း အသိ။

ဝစီကံ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပလာပ လေးချက်။ ကဲ ဒါ သတ်မှတ်ထားတာ။ ပညတ်ကို သတ်မှတ်ထားတာ၊ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဟော ဒိဋ္ဌိကို သတ်လိုက်၊ ဒိဋ္ဌိကို သတ်လိုက်တော့ တဏှာ ပြတ်လိမ့်မယ်။ ဒိဋ္ဌိနဲ့ တဏှာ၊ ဒိဋ္ဌိကို အရင်သတ်၊ အဲဒီတော့ တဏှာကို မင်းမြင်လိမ့်မယ်။ ငါ့မှာရှိတာက ကိလေသာနဲ့တဏှာ ရှိတယ်။ ကိလေသာဆိုတာ ရုပ်တရား၊ တဏှာဆိုတာ နာမ်တရား၊ ရုပ်နာမ်ကိုသိရင် သူ့သဘော ပေါက်လာလိမ့်မယ်နော်။ ဘယ်လို သဘောပေါက်မလဲ။ ရုပ်၏ ဝေဒနာ၊ နာမ်၏အာရုံမှာ ခံစားတာ။ ဟော သဘောလေး။ အဲ ရုပ်ရဲ့ ဝေဒနာ တွေက အောင်မယ်လေး အိုအို ဘုရား ဘုရား အဲဒီတော့ ဥပမာ ပေါ့ဗျာ စာတော့ မတတ်ဘူး။ ခေါင်းကိုက်တယ်။ ရောဂါဖြစ်ရင်အောင်မယ်လေး စိတ်ဆင်းရဲပါလား။ ရုပ်ကြောင့် စိတ်ဆင်းရဲပါလား။ ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့။ ခင်ဗျားစိတ် ကလေး မဆင်းရဲပါစေနဲ့တဲ့။ ရုပ်ဆင်းရဲပါစေ။ ဘုရားဟောအရ စိတ်ဆင်းရဲရင် ကံဖြစ်လိမ့်မယ်။ သွားစွဲတာကိုး။ ရုပ်အကျိုး၊ နာမ် အကြောင်း အကျိုးနဲ့အကြောင်း လာဖြစ်တယ်။ ဖြစ်လဲ ဒုက္ခ၊ ပျက်လဲ ဒုက္ခ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ရှုတာက မဂ္ဂသစ္စာ ဟော မဂ္ဂင် သစ္စာနဲ့ရှုနော်။ ဒါက ဖြစ်ကြမှာပဲ။ ဦးပဏ္ဍိတလည်း ဖြစ်တာပဲ။ ခင်ဗျားတို့လည်း ဖြစ်ကြမှာပဲ။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဟောဒီ ရုပ်မှာ ဝေဒနာရှိတယ်။ ဝေဒနာရှိရင် အဲဒါပေါ့ဗျာ တဏှာဖြစ်နေ တော့ သညာသင်္ခါရ ဥပါဒါန်ပဲ။ အဲဒါ စာပဲ။ အဲဒီတော့ စိတ်ကလေး ရဲ့ အေးငြိမ်းခြင်းဓါတ်ရအောင် မဂ္ဂင် (၈) ပါးနဲ့ ကိုယ့်စိတ်ကို ကိုယ်စစ်။ မိမိစိတ်ကိုစစ်။ သြော် ငါဒီနေ့တော့ အလုပ်အား တယ်ကွာ ငါ့စိတ်ငါစစ်မယ်။ မနောစစ်တော့မယ်။ မနောစစ်ရင် ကျွဲကူး ရေပါတယ်။ ကာယကံ (၃) ပါးလည်း ဘာမှ ဝိစိကိစ္ဆာတွေ မလုပ်တော့ဘူး။ အဲဒီတော့ သူနှာခေါင်းနှစ်ပေါက်ရဲ့ ဟောဒီ နှာခေါင်း

နှစ်ပေါက်ရဲ့ ဝင်တယ်၊ ထွက်တယ်၊ ဝင်တာလည်း သိရမယ်၊ ထွက်တာလည်း သိရမယ်။ ကိုယ့်မနောရဲ့ အပူတွေက ဒီနှာသီး နှာဖျားဝမှာ အသိလေး ကပ်ထား၊ ထိ၊ သိ၊ သတိ ထိတာကရုပ်၊ သိတာက နာမ်၊ ကံအစွဲကို ဖြတ်နေတာ၊ အစွဲကို ဖြတ်နေတာ။ မနောကို ဖြတ်နေတာ။ ဒါကြောင့် အသီးတရာ အညှာတစ်ခု၊ အညှာကို ဖြတ်လိုက်ရင် အသီးတွေ အကုန်ပြုတ် ကျတယ်။ အခု အသီးတွေ တစ်လုံးစီ ခူးနေတော့ ကြာတာပေါ့ဗျာ။ အဲဒီတော့ ထိတာက ရုပ်၊ သိတာက နာမ်၊ ဩော် ရုပ်နာမ်သည် မမြဲပါလား၊ ရုပ်တရား နာမ်တရားမမြဲပါလား၊ မမြဲတော့ မစွဲဘူး၊ မစွဲရင် ဉပါဒါန် ကံ မဖြစ်တော့ဘူး။ ဟော ကံကို သတ်နေတာ။ ကံကို သတ်နေတာ။ အစွဲကို သတ်နေတာ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ဟော တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်။ ဒီ ဉပါဒါန်ကို ဖြတ်တာ ကာယ၊ ဝစီကို ပညတ်တော့ လုံနေတယ်ဗျို့။ ပညတ်က လုံနေပြီ၊ ဘုရားပညတ်ထားတာတွေ လုံနေပြီ၊ အဲဒါ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာတော့ မပေါက်သေးဘူးပေါ့ဗျာ။ သညာကပ်နေ တာကိုး။ သညာဆိုတာ အမှတ်ကပ်နေတာ။ စက္ကူအာရုံမှာ ဟောဒါက ဒကာမလေး၊ ဟောဒါက ဒကာတွေ အဲဒီလို ခွဲခြားပြီး သိတာ။ ပညာအသိခေါ်တယ်။ ဩော် (အေး အေး အေး)[၃] ဟော သူအေးပြီ ပညာရသွားတာကိုး။ လုပ်ကြပါ။ ကိုင်ကြပါ။ မှန်ပါတယ်။ သိပ်ထူးပါတယ်။ ကိုယ့်ဖအေလို အောင့်မေ့ပါတယ်။ ကိုယ့်မအေလို အောင့်မေ့ပါတယ်။ ကြိုးစား။ ခင်ဗျားတို့ ပညာမရရင်တောင် ဒီသီလမဂ္ဂင်နဲ့ သမာဓိမဂ္ဂင်ရရင် ခင်ဗျားတို့ အထက်ကို တက်ပြီးနေဉ်။ အောက် မဆင်းတော့ဘူး။ အောက်ဆင်းတာက သဗ္ဗေအလုံးစုံသော သခ်ီရအနိစ္စ၊ သဗ္ဗေအလုံးစုံသော သခ်ီရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သခ်ီရ အနတ္တတဲ့။ ဒါက အောက်ဆင်းတာ သခ်ီရပါနေတယ်။ သဗ္ဗေဆိုတာ သတ္တဝါ ဒါကြောင့်မို့လို့ ပါဠိလို ရေးထားတယ်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဒါ လူ့ဘုံ၊ လူတွေဖြစ်နေတယ်တဲ့၊ သတ္တဝါတွေ ဖြစ်နေတယ်တဲ့၊ သတ္တလောက၊ သတ္တဝါတွေ ဟောဒါ နောက်သင်္ခါရလောက သတ္တလောက မသိတော့ သင်္ခါရလောက မြူးနေပြီ။ ဟော ဩကာသလောက ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်းမသိတော့ဘူး၊ အဲဒီတော့ ဒုလ္လဘငါးပါးထဲက ဗုဒ္ဓဆိုတဲ့ အယူဝါဒ ဗုဒ္ဓဝါဒ ဆိုတဲ့ အယူပေါ့ဗျာ ဦးဇင်းက စာမတတ်ဘူး။ အဲဒီတော့ သဒ္ဓါ၊ သမ္ပတ္တိ ရတနာသုံးတန်၊ ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလဲ ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ ရသေ့ရဟန်းအဖြစ်တို့ကိုလည်း ခဲယဉ်းတယ်။ အဲ သူတော်ကောင်းတရား နာကြားရခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ ဇဝံ ဒိဝသေ ဒိဝသေ ဘုရားဟောပါတယ်၊ ဒုလ္လဘငါးပါး အဲဒီတော့ ဘုရားဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ ခဲယဉ်းတာကို ရမယ်တဲ့၊ မနုဿတဘာဝေါ လူ့ဘဝ ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ ဟော သူရှုပြီ အပြင်ကတော့ ကြည့်ပေါ့ဗျာ။ ပကာသနစေတနာတွေ၊ ဘယာ စေတနာတွေမထားနဲ့၊ အဲဒီ ဒုလ္လဘငါးပါးထဲက စေတနာက အဓိပတိ စေတနာတွေ၊ နှလုံးသားထဲက စေတနာတွေ။ ဟာ အဲဒီစေတနာက သူအထက်ကို သွားလိမ့်မယ် နော်။ ဒါကြောင့်မို့လို့ အဲဒီတော့ ခုနက ဘယာစေတနာ၊ ပကာသန စေတနာဆိုတာ ဘယ်လိုလဲ ဘုရားတဲ့။ အေးကွာ မင်းမြင်တဲ့အခါ ကျတော့ မင်းရဲ့ စေတနာက လှူပြီပေါ့ကွာ။ လှူလိုက်တဲ့ အခါ ကျတော့ အဲဒီတော့ လူကုံထံတွေ ပကာသနဆိုတာ မင်း ယခုဘဝမှာရှိတယ်၊ အင်မတန် ဆင်းရဲတဲ့ဟာတွေကို အယုတ်အလတ် သူခွဲခြားလိုက်ပြီတဲ့။ မင်းစေတနာပါပါ့မလားတဲ့။ သူငယ်ချင်း၊ မင်း စေတနာမှန်ဖို့ လိုတယ်ကွာတဲ့။ အတူတူကျွေးလိုက်ပါတဲ့၊ သူတို့လဲ သူတို့အခြေအနေ မှာ သတ်သတ်ကျွေး၊ မင်းစေတနာမှန်ဖို့လိုတယ် မင်းဒါနတွေ

မင်းနှလုံးသားထဲက စေတနာတွေမှန်မှ ဒါနစစ် ဒါနမှန် ရမှာ ပေါ့ကွာတဲ့။ ဒါ အရိယာက ပြန်ပြောလိုက်တာ။ မင်း လှူတတ်ဖို့ လိုတယ်ကွာတဲ့။ ပကာသနနဲ့ လှူတာက သူများယောင်လို့ ကိုယ်ယောင်ပြီး လှူလိုက်တာပါတဲ့။ အဓိပ္ပာယ်မသိဘူး။ အဓိပ္ပာယ် ပေါက်မှ သဘောရောက်မယ်။ ပါဠိ၊ အနက်၊ အဓိပ္ပာယ်ရှိတယ်။ ပါဠိစကားတွေက ဘန္တေ အဲဒါ ပါဠိစကား။ နောက် အနက်က ဗမာ လို ပြန်တော့ အရှင်ဘုရား။ ဘန္တေ အရှင်ဘုရား မယံ တပည့်တော်၊ တပည့်တော်မ တို့သည် သံသရာဝဋ်ဆင်းရဲ ပျောက်သွားတာ။ အဲဒါ ပါဠိနဲ့ အနက်နဲ့ ပျောက်သွားတာ။ သီလဆိုတာ ခင်ဗျားတို့ နှလုံးသား ထဲမှာ ရှိတယ်။ သမာဓိတွေ ခင်ဗျားတို့ နှလုံးသားထဲမှာရှိတယ်။ အာရုံငါးပါးနဲ့ မနောနဲ့ ပေါင်းတာ။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံလို့ ရေးထားတယ်။ မနောကံဟာ ဘဝင်စိတ်၊ ဘဝင် အသိခေါ်တယ်။ အာရုံကိုသွားသိတာ။ အာရုံကို သိလိုက်တာ ဘဝင်အသိခေါ်တယ်။ ဩော် အေး အေး အေး အေး အဲဒီတော့ အာရုံမှာ သူ့ကလေးကို ရိုက်တယ်။ ဘယ်သူက ရိုက်လဲ၊ ပုဏ္ဏားက ရိုက်တယ်။ လှူတာက ဘယ်သူလဲဆိုတော့ ဟို ဘုရင်ပေါ့ဗျာ။ ဝေဿန္တရာကြီးပေါ့။ လှူလိုက်တာ ကလေးကို လှူလိုက်တာ။ ဟိုက ဆင်းရိုက်တယ်။ ဆင်းရိုက်တော့ ဖအေရှေ့မှာ သားလေးစွဲတာ၊ သားလေးကို သွားပြီးတော့ စွဲလိုက်တာ တဏှာ၊ တဏှာကြောင့် မာန်ဖြစ်တာ။ ဘာဖြစ်လို့လဲ ဒိဋ္ဌိမသိလို့။ ဒါကြောင့်မို့လို့ တဏှာ၊ မာန၊ ဒိဋ္ဌိ စာက မှန်နေတယ်။ စာမှန်ရင် စိတ်မှန်ရမယ်။ မနော မှန်နေရမယ်။

(ဩော် အေး အေး အေး အေး)၂ အဲဒါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရတယ်ဆိုရမယ်။ အေး အေး အေး အေး ဆိုတာ ဒါ့ကြောင့် မို့လို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က မဂ္ဂင်ရှစ်ပါးမှာ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ မလုပ်ကြလို့၊ ဝိရိယနဲ့တယ်၊

သဒ္ဒါနဲ့တယ်။ ဒါတွေ နဲ့လို့ပါ။ ဝိရိယကောင်းရမယ်။ သဒ္ဒါ ကောင်းရမယ်။ သဒ္ဒါဗိုလ်တွေ ဝိရိယဗိုလ်တွေ၊ ဒီဗိုလ်တွေ ကောင်းနေရင် ခင်ဗျားသိလဖြစ်လာမှာပဲ။ ဒါမဂ္ဂင်က သွားတဲ့ အသိတွေပါပဲ။ နိဗ္ဗာန်ရောက်တာ ဒီမဂ္ဂင်တစ်လမ်း ဘဲရှိတယ်။ ဘာဖြစ်လို့လဲ ဒီမဂ္ဂင်က ကိုယ့်မနောကို စစ်တာနော်

ပညတ်က အကာခေါ်တယ်။ အာရုံ ငါးပါးခေါ်တယ်နော်။ အာရုံငါးပါးက သွားစွဲမယ်။ မကောင်းတာလဲ စွဲမယ်။ ကောင်းတာ လည်းစွဲမယ်။ အဲဒါ ကံ၊ သစ္စာပျက်တယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္တသစ္စာ၊ အရိယထသစ္စာ၊ ဩော် အာရုံငါးပါး (ဩော် အေး အေး အေး အေး)[၇] သူအေးပြီပေါ။ မနော သွားစဲရင် အဲဒီ ဝတ္ထုကာမတွေကို သွားစွဲရင် သူ ပူလိမ့်မယ်။ သဃ်န်းတွေကပ်၊ သိန်း (၁၀၀) လောက်လှူတယ်။ သိန်း (၂၀၀) လောက်လှူတယ်၊ သိန်း (၅၀) လောက် လှူတယ်။ ဘုန်းကြီးကို ပျော်နေတာပဲ မနော။ အဲဒါ စိတ်ချမ်းသာတာ။ ဘာဖြစ်လို့ စိတ်ချမ်းသာတာလဲ၊ အဲဒါ ဝတ္ထုကာမ၊ တဏှာခေါ်တယ်။ ကိုယ့်မှာရှိတာက ကိလေသာ ကာမ၊ အဲဒီ အခု ဒီလိုစွဲနေတာ လှူတဲ့သမားကလည်း မသိဘူး။ ဒကာ ကလည်း မသိဘူး၊ ဘုန်းကြီးကတော့ ပျော်နေတာပဲ၊ မပြတ်ဘူး။ သိပ်နုတဲ့ အနုသယနော် အင်မတန် နုတယ်၊ ပိုးဖလံမျိုး မီးကိုတိုး တဲ့။ မီးမှန်းသိရဲ့သားနဲ့ တိုးတယ်နော်။ အဲဒါ ကိုယ်က ဩော် လက်ကလေးတင်ပြီးတော့ ဩော် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ငါ့ရဲ့ ဒုက္ခ အိုရမယ်ကွ၊ နာရအုံးမယ်ကွ၊ သေရအုံးမယ်၊ ဆေးရုံမှာရောက်နေတဲ့ လူနာတွေ ကံနိမ့်လို့ ခံရတာပေါ့ဗျာ။ ကံနိမ့်လို့ခံရတာ လူ့ပြည်မှာ မကောင်းတဲ့ ဒုစရိုက်တွေကို လုပ်လာတဲ့ အတိတ်ကာလည်း လုပ်လာ တဲ့ ကံတွေကို ခံနေရတာ။

အဲဒါကြောင့်မို့ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိဘာကဝဋ်တွေ၊ ကာမဝဋ်ဆိုတာ ကံကို မဖြတ်ဘူး။ ကံကိုစွဲတယ်။ ဟောဒီဘဝမှာ ဝဋ်တွေ ခံနေရပြီ။ ကံကြောင့် ဒုက္ခဖြစ်နေပြီ။ အဲဒီတော့ အနာ

ဂုဏ်လည်း သူမလွတ်ဘူး။ ဟော အဲဒါ စာနဲ့တော့ ရေးတာပဲဗျ။ အဲဒါလေးကို မဂ္ဂင်နဲ့ စိတ်ကလေးကိုစစ်၊ အဲဒီ တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမာဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့။ သမ္မာသင်္ကပ္ပ ရောက်သွားတော့ ဒိဋ္ဌိမြင်သွားပြီ၊ သမ္မာဝါစာ၊ သမ္မာဆိုတာ ကောင်းသောအလုပ် လုပ်တယ်။ ကောင်းသောတရားကို နှလုံးသွင်းတယ်။ အဲဒါသမ္မာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မအာဇီဝ ဒါတွေ သမ္မာအာဇီဝဆိုတာ အဲဒါ တစ်ခါတလေပေးရင် စားတယ်။ မပေးရင် မစားဘူး။ သမ္မာကမ္မန္တ၊ ခုဏာကဆိုထားတယ်နော်။ ဦးဇင်းပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ကြပါ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ ကမ္မန္တတဲ့ ရေးထားတယ်။ စာကရေးထားတယ်။ စာက မှန်နေပြီနော်။ သမ္မာကမ္မန္တဆိုတဲ့ မိမိရဲ့ အယူမှား အမှတ်မှား ကံတွေ ဘာတွေ ယူလဲ၊ သက္ကာယဒိဋ္ဌိ ကံတွေယူတယ်။ မိစ္ဆာဒိဋ္ဌိကံတွေ ယူတွေ။ အတ္တဒိဋ္ဌိကံတွေယူတယ်။ သမ္မာဆိုတဲ့ ကံလေးကို နှလုံးသွင်းပါ။ ကိုယ်က သွင်းတတ်ဖို့လိုတယ်။ ဩော် ငါလုပ်တာ ကောင်းမှုကုသိုလ်တွေ ကံပါလားနော်။ ယူတာလည်း သမ္မာကံတွေ ပါလား။ ငါယူတာလည်း ကိုယ့်စိတ်ကိုယ် မနောစစ်။ ငါ လှူတာလည်း ညောင်စေ့လောက် လှူတယ်၊ သမ္မာကံနဲ့ လှူတော့ ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ဟော ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ သမ္မာဝါစာ၊ သမ္မကမ္မန္တ ဆိုတာကတော့ ကံပေါ့ဗျာ။ အဲဒီကံတွေ၊ မိစ္ဆာဒိဋ္ဌိကံတွေ၊ အတ္တဒိဋ္ဌိ ကံတွေ ဒီကံတွေကို မယူနဲ့ ဩော် (အေး အေး အေး အေး)[၂] ကွာ တို့ ဒီအဖွဲ့ကြီးကို တို့ ထင်းစည်းလို စည်းကြတာပေါ့ကွာ။ အားလုံး ဒီအဖွဲ့ကြီးဟာ ထင်းစည်း အစည်းမပြေပါစေနဲ့၊ ဘယ်သူပဲပျက်ပျက် ကိုယ် မပျက်ပါနဲ့နော်။ အပေါင်းအသင်းမကောင်းလို့ ပျက်တယ်။ အဲဒါ အပေါင်းအသင်းပေါ်မှာလည်း ဩော် ကောင်းတဲ့ပုဂ္ဂိုလ်က တရားအကြောင်း၊ ဘုရားအကြောင်း ပြောတယ်။ အင်မတန်ထူးတဲ့

ပုဂ္ဂိုလ်ကြီးပဲတဲ့။ အင်မတန်မှ ထူးပါတယ်ဗျာ။ အဲဒီတော့ အပေါင်း အသင်းကောင်းလို့ တက်တယ်နော်။ ခင်ဗျားတို့ ပြန်ရမှာ။ ဦးဇင်းလဲ ပြန်ရမှာပဲ။ မရဏ သေမင်းလက်ကို ရောက်ကြကုန်မှာစိုးလို့ပါ။

မရဏသေမင်းလက်ကို ရောက်ကြလိမ့်မယ်တဲ့။ ကံနဲ့ မပြန်နဲ့ တဲ့နော် အဲဒီတော့ ကံနဲ့ ပြန်ရင်တော့ မင်းအပေါ်မူတည်တယ်။ သေမင်းက မင်းနားကပ်နေတာကွတဲ့။ သမ္မာလေးနဲ့ ပြန်ကွတဲ့။ သက္ကာယဒိဋ္ဌိကံတွေ၊ မိစ္ဆာဒိဋ္ဌိကံတွေ၊ အတ္တဒိဋ္ဌိကံတွေ မင်းလုပ်တာ တွေတဲ့။ အဲဒီတော့ သမ္မာလေးနဲ့ ပြန်။ အဲ ပြန်တတ်ဖို့လိုတယ်နော်။ ပျံလေတဲ့ ငှက်ခါးနားမှ သိလိမ့်မယ်။ မင်းတော့ အခုနေတော့ ငှက်က ပျံနေပြီ။ မင်းသိပ်ဝမ်းသာနေတယ်။ သေခါနီး တော့ ဇောသုံးတန်နဲ့ ပြန်လိမ့်မယ်။ အဲဒီတော့မှ မင်း မတတ်နိုင်တော့ဘူး။

ဘောသမားများလိုပဲ ရက်ပေါင်းလပေါင်း လေ့ကျင့်ပြီး တော့မှ နိုင်ငံခြား ကန်ရတာပေါ့။ ဘာမှ မလေ့ကျင့်ဘဲနဲ့ နိုင်ငံခြား သွားကန်လို့ ဖြစ်ပါ့မလား။ ဝိပဿနာကိုလည်း ကြိုကြား ကြိုကြား လုပ်ရမယ်။ မလုပ်လို့ရှိရင် ကိုယ့်စိတ်ကိုယ်စစ်။ မနောစစ်။ မနော ကို အဲဒီတော့ မဂ္ဂင်ရှစ်ပါးနဲ့စစ်။ အဲဒီတော့ စစ်လာတဲ့အခါမှာ မှန်လာရင် ခင်ဗျားမှာ သမ္မာအယူတွေ ဖြစ်လာမယ်။ ဉာဏ် အယူတွေဖြစ်လာလိမ့်မယ်။ လောကီမှာလည်း ဉာဏ်ရှိတယ်။ လောကုတ္တရာမှာလည်း ဉာဏ်ရှိတယ်။ လောကုတ္တရာဉာဏ်က အာသဝက္ခယဉာဏ်၊ အာရုံကို ကံမဟုတ်တော့ဘူး။ ဉာဏ်ဖြစ် သွားပြီ။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိတဲ့၊ ရေးထားတယ်နော်။ အဲဒီတော့ ကိုယ့် ဒကာ၊ ဒကာမများက စစ်ကြတယ်။ အင်မတန် သနားဖို့ ကောင်းပါတယ်။ ဦးဇင်းလည်း အသိတစ်လုံး အမြွတ်ဆုံးဆိုတာ လောကီအသိနဲ့ ကောကုတ္တရာအသိ၊ အတ္တအသိနဲ့ အနတ္တအသိ အတ္တအသိကနေပြီး အနတ္တအသိကို ပြောင်းလို့ရတယ်။ ဘာဖြစ်လို့

ရလဲ အင်္ဂုလိမာလကြည့်ပေါ့။ မသိတုန်းကတော့ မိုက်တာပေါ့။ လျှောက်သတ်တာပဲ။ ဒီဘုရားအယူပဲ။ မဂ္ဂင်မှန်းလဲသိရော တစ်ခါတည်း ရပ်တာပဲ။ ခုဏက ဘုရင့်အနားမှာနေတဲ့ စားတော်ကဲ ကြီးလဲ လူသတ်တာပဲ။ လခရတာကိုးဗျ။ လခရတော့ သတ်တာပေါ့။ သူ စားရေးသောက်ရေး မပြေလည်တော့ လခလိုချင်တော့ လူသတ်တာပေါ့။ တမင်တကာ စိတ်ပါပြီး လူသတ်တာ မဟုတ်ဘူး သူက သူ့ရဲ့ မပြေလည်လို့ လူ့ဘဝမှာ ဒီအလုပ်အကိုင်ကို လုပ်ပြီးမှ သူများခိုင်းတာကို လုပ်ရတာ။ ခိုင်းတာမကောင်းဘူးဆိုတာ သိတယ်။ သိပေမဲ့ သူလုပ်ရတယ်။ အဲ အဲဒီအယူနဲ့ တရားရတာပဲ နော်။ အဲဒါ သူ့ပေါ်မူတည်တယ်နော်။ ဒါ အင်မတန်မှ ဒီ မဂ္ဂင်ဟာ အင်မတန် ထူးပါတယ်နော်။ ခင်ဗျားတို့ ခုဏက ပဉ္စဏံဒိယကံဆိုတာကတော့ တကယ့် ဘုရားတို့၊ တရားတို့၊ မအေတို့၊ မွေးမိခင်တို့ ဘာတို့ အဲဒီဟာကြီးတွေက ဒီကံကြီးတွေက ထိုက်တယ်ဗျနော်။ ခုဏက အင်္ဂုလိမာလပေါ့ဗျာ။ ဘုရားမှာနေတဲ့ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလန်တို့ ရဟန္တာတော့ ဖြစ်တယ်။ ဟိုးနောက်နောင်က အတိတ်က ဝဋ်ကြွေးက လိုက်တယ်။ အဲဒါကတော့ ရှိတယ်။ ပစ္စုပ္ပန်မှာ ကိုယ်ကြိုးစားတဲ့ သဒ္ဓါဗိုလ်တွေ၊ ဝိရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ အဲဒါ ကိုယ်လုပ်ရမှာ၊ သီလဆိုတာ စိတ်ပဲ။ မိမိစိတ်ကလေးကို သူများမနာလို၊ ကိုယ်အကျိုးမလုပ်ရဘူး၊ ဗျာပါဒဆိုတာက ခုဏက သားတွေဘာတွေ စွဲတယ်။ သမီးတွေ၊ သားတွေ သေမယ်၊ သမီးလေးတွေ သေသွားမယ်ဆိုရင် ဖအေ၊ မအေက ပူတာပဲ။ စွဲတာကိုးဗျ။ အဲဒါကံခေါ်တယ်။ အဲဒါ မနောကံ၊ အဲတော့ သံသရာလည်တာ။ အဲဒီတော့ သမ္မာလေးနဲ့စွဲ။ သက္ကာယဒိဋ္ဌိနဲ့ သွားမစွဲနဲ့၊ မိစ္ဆာဒိဋ္ဌိနဲ့ သွားမစွဲနဲ့။ အတ္တဒိဋ္ဌိနဲ့ မစွဲနဲ့။ သမ္မာလေးနဲ့စွဲ။ ဟာ သိပ်ထူးတာပဲ။ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

## စီစဉ်ပူဇော်ခဲ့ပြီးသော ဝိသုဒ္ဓိဓမ္မစာစဉ်များ

ဝိသုဒ္ဓိဓမ္မစာစဉ်အမှတ် (၆)

(၁) ၂၂–၇–၂၀၀၀ ရက်နေ့ ဗိုလ်တထောင်ဘုရား တရားပွဲ
(၂) ၂၃–၇–၂၀၀၀ ရက်နေ့ ဗိုလ်တထောင်ဘုရား တရားပွဲ
(၃) ၉–၉–၂၀၀၁ ရက်နေ့ မဟာမြတ်မုနိဘုရား၊ မန္တလေး တရားပွဲ
(၄) ၁၆–၁၀–၂၀၀၀ ရက်နေ့ ကျိုက္ကဆံဘုရား၊ သဃ်န်းကျွန်း တရားပွဲ
(၅) ၂၀–၁၀–၂၀၀၀ ရက်နေ့ မယ်လမုဘုရား၊ မြောက်ဥက္ကလာပ တရားပွဲ
(၆) ၂၅–၁၀–၂၀၀၁ ရက်နေ့ ရောင်တော်ဖွင့်တန်ဆောင်း ရွှေတိဂုံဘုရား အင်္ဂါထောင့် တရားပွဲ
(၇) ၁၈–၁၀–၂၀၀၀ ရက်နေ့ ကျော်သူလမ်း ဓမ္မာရုံ၊ တောင်ဥက္ကလာပ တရားပွဲ
(၈) ၁၉–၁၀–၂၀၀၀ ရက်နေ့ ကျော်သူလမ်း ဓမ္မာရုံ၊ တောင်ဥက္ကလာပ တရားပွဲ
(၉) ၁၉–၁၂–၂၀၀၀ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်း တရားပွဲ

ဝိသုဒ္ဓိဓမ္မစာစဉ်အမှတ် (၇)

(၁) ၂၃–၁၀–၂၀၀၀ ရက်နေ့ (၈၅) ရပ်ကွက်ဓမ္မာရုံ၊ မြောက်ဥက္ကလာပ တရားပွဲ
(၂) ၂၄–၁၀–၂၀၀၀ ရက်နေ့ မယ်လမုဘုရား၊ မြောက်ဥက္ကလာပ တရားပွဲ
(၃) ၁၆–၁၂–၂၀၀၀ ရက်နေ့ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ် တရားပွဲ

# စီစဉ်ပူဇော်ခဲ့ပြီးသော ဝိသုဒ္ဓိမဂ္ဂစာစဉ်များ

## ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ် (၁)

(၁) ၃–၄–၂၀၀၀ ရက်နေ့ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ သစ်လုပ်ငန်း

## ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ် (၂)

(၁) ၅–၁–၂၀၀၁ ရက်နေ့ ကမ္ဘာအေးဘုရားတရားပွဲ
(၂) ၆–၁–၂၀၀၁ ရက်နေ့ ကမ္ဘာအေးဘုရားတရားပွဲ
(၃) ၇–၁–၂၀၀၁ ရက်နေ့ ကမ္ဘာအေးဘုရားတရားပွဲ

## ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ် (၃)

(၁) ၂၇–၁၀–၁၉၉၁ ရက်နေ့ ရွှေသာလျောင်းဘုရား၊ မြောင်းမြမြို့ တရားပွဲ
(၂) ၂၈–၁၀–၁၉၉၁ ရက်နေ့ ရွှေသာလျောင်းဘုရား၊ မြောင်းမြမြို့ တရားပွဲ

## ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ် (၄)

(၁) ၁–၉–၂၀၀၂ ရက်နေ့ ဇေယျဝတီစာသင်တိုက်၊ လှိုင်မြို့နယ်၊ တရားပွဲ
(၂) ၁–၂–၂၀၀၂ ရက်နေ့ သာကေတ (ဂ) ရပ်ကွက်၊ ဓမ္မာရုံ တရားပွဲ

## ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ် (၅)

(၁) ၂၈–၂–၂၀၀၄ ရက်နေ့ ရန်မျိုးအောင်ဘုရားကြီးစာသင်တိုက် သယ်န်းကျွန်းမြို့ တရားပွဲ
(၂) ၁၃–၃–၂၀၀၄ ရက်နေ့ ကြေးသွန်းဘုရားကြီး၊ ဗဟန်းတရားပွဲ

- ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေ ရှိတယ်၊ ဒါပေမယ့် ကိုယ်ကမသိနိုင်ဘူး။
- ဦးပဏ္ဍိတ၊ ကိလေသာနဲ့ တဏှာ သတ်သွားတာ။
- ဥပါဒါန်အစွဲကို မဂ်ဉာဏ်ရမှပြတ်တယ်။ အစွဲပြတ်ရင် (၃၁)ဘုံလွတ်ပြီ။
- သညာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ကံဖြစ်တယ်။
- သိုက်တွေကလည်းလှူပြီ၊ ဓာတ်တွေလည်းပွင့်ပြီ၊ နတ်တွေလဲကူပြီ၊ မဂ်အောင်တဲ့ ရဟန်းနဲ့ပေါင်းတော့ လေးကျွန်းသာသနာခေါ်တယ်။
- လောကီနယ်ထဲမှာ စိတ်၊ လောကုတ္တရာနယ်မှာ ဓာတ်၊ ဓာတ်ကို ပရမတ်ခေါ်တယ်။
- မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တွေ ရှိတယ်။ ဘယ်သူသိလဲ။
- ဉာဏ်ရသွားတော့ လောကီအာရုံတွေ ပြတ်သွားပြီ။ အရိယာသစ္စာ ခေါ်တယ်။
- ဒီကပညာ၊ သူကသညာ၊ ဟိုကအတ္တ၊ ဒီကအနတ္တ၊ ဟိုကပညတ် ဒီကပရမတ်။
- ဝိမုတ္တိယုဂခေတ်၊ သာသနာ (၂၅၀၀)မှာ လာဟောတာပါ။
- ခန္ဓာသိနဲ့ဉာဏ်သိ၊ ပညာသိနဲ့သညာသိ၊ အတ္တသိနဲ့အနတ္တသိ မတူဘူး။
- အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ။ (၃၁)ဘုံ လည်တာဘဲ။
- ဆရာတော်တွေ မေးပါ။ ခန္ဓာသိနဲ့ဖြေမယ်။ မေးလို့ မဖြေနိုင်ရင် သင်္ကန်းချွတ်ပေးပါမယ်။ ဦးဇင်းကလည်း ပြန်မေးမယ်။ ဖြေဘို့သာ အဆင်သင့်ပြင်ထား။ မဖြေနိုင်ရင် ဦးဇင်းပြုတဲ့ ပဋိဝေဓသာသနာ ဝင်မရှုတ်နဲ့။